
# ရွှေသွေး ဂျာနယ်

## ပေါင်းချုပ်

အတွဲ-၂၊ အမှတ် ၁ မှ ၂၆




စနေနေ့တိုင်း ထုတ်ဝေသည်။
အတွဲ ၂၊ အမှတ် ၁၊
၃-၁-၇၀



# ဖိုးဖိုး အခွင်း


• ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း-ဂယဂါဒီ


မေး — မား မား
မေမေတို့ ရွာထဲမှာလဲ ဂျပန်တွေ တပ်စွဲထားတယ်။ သူတို့က လိုချင်တာရှိယင် လုယူတာဘဲ၊ တော်လှန်ရေး သမားရှိတယ်ထင်ယင် တရွာလုံး မီးရှို့သတ်တယ်။
...လက်နက်ကတော့ မိုးကုတ်ရွာက တော်လှန်ရေးစခန်း ကရနိုင်တယ်- ဒါပေမဲ့ ဘယ်သူလုပ်ပြီး ဘယ်လိုသွားယူမလဲ
ငါသွားယူမယ်... သေယင်လဲ သေပေါ့ကွ
တညကျတော့ လူတစုဟာ တိတ်တိတ်ကလေး ကိုင်းတောထဲမှာ ဂျပန်တော်လှန်ဖို့ တိုင်ပင်ကြသတဲ့၊ မင်းတို့ဖိုးဖိုးလဲ ပါတာပေါ့ ...
နောက်တနေ့တော့ မင်းတို့ဖိုးဖိုးဟာ ...
မာစတာ — ဈေးသွားရောင်း မလို့ပါ
ဟုတ်ပါတယ်- မာစတာ စားဖို့ အဲဥတွေ ယူပါ
အင်း ...... တော်ပါသေးရဲ့- တထစ်တော့ အောင်သွားပြီ
တော်လှန်သမားများရွာသို့ရောက်တဲ့အခါ ...
ကျနော်တို့ရွာမှာ ဂျပန်တွေ သိပ်
...လက်နက်တွေကို ဝှက်ပြီးပေးလိုက်မယ်-
စိတ်ချပါများ
ဒိုင် ဒိုင် ဒိုင် ...


ရပ်
ဘယ်သွားမလဲ- ဘာတွေလဲ- မှန်မှန်ပြော.....
ဘဲဥ- အုန်းသီး- သွားရောင်းတယ်၊ ဈေးရောင်းရလို့ ပြန်လာတာပါ...
အင်း- မယုံဘူး ဆိုယင်တော့ ပစ်ရတော့မှာဘဲ- သေယင် လဲသေပေါ့လေ
မင်းဖိုးဖိုး လက်ထဲမှာ လက်ပစ်ဗုံးတလုံး ဆုပ်ကိုင်ထားတယ်.
ကဲ- သွား သွား ကောင်း ကောင်း သွား
အေးပါ
အချိန်မှန် နော်
ဒိုင်း
အား
ဒိုင်း
ဒိုင်း
ဒိုင်း
ညဘက်မှာ အတွင်းအပြင်ညှပ်တိုက်ကြလို့ -
ဟင်- ဒီလိုဆိုယင်- ဖိုးဖိုး က သတ္တိခဲဘဲ.... လွတ်လပ်ရေး တိုက်ပွဲဝင်ပေါ့ နော်
အေး-... ဒါကြောင့် ဖိုးဖိုး ကို တွေ့ကရာတွေ လျှောက် မပြောရဘူး ကွဲ့...



မေမေရေ-ဖိုးကျော် အလည်ရောက်လာတယ်
အေး- ကောင်းသားကွ
ဟုတ်ကဲ့ မေမေ-





ညမှောင်ရင် တကယ့်ကြောက်စရာကောင်းမှာပဲနော်
ဟိုမှောင်ကောင်းမှာရှိတဲ့အိမ် ကုပ်ကုပ်ကလေးမှာ အဲဒီအဖိုးကြီး နေတယ်၊ သူ့နဲ့အတူ တခြားအဖိုးကြီး တစ်ယောက်လည်း ရှိတယ်၊
အဲဒီအဖိုးကြီး ငယ်ငယ်တုန်းက သူ့မိန်းမနဲ့အတူနေခဲ့တာ၊ သူ့မိန်းမသေသွားပြီး၊ သူ့တပည့်နဲ့ ဆက်နေတာကတဲ့၊
သာကိချောက်တယ်ဆိုရင်၊ အဲဒီအဖိုးကြီး တွေ့တခေါက်ကြည့်ရအောင် မကြောက်ကြနဲ့၊
အဲဒါတော့ ငါလည်းမသိဘူး၊ ဒီနားကကလေးတွေတော့ အိုးချုပ်ရင်ဒီဖက်ကို မလာကြဘူးတဲ့၊
ငါတော့ ဒီအဖိုးကြီး နှမ်းပေါက်ကို မသင်္ကာဘူးကွာ၊ သာကိချောက်တာကိုလဲ ငါလိုက်စုံစမ်းချင်တယ်၊
အေးလေ- ဒီနေ့ပြန်ကြတော့မယ်၊ ညကျမှပဲ ပြေးလာပြီး ဒီဖက်ကို ခေါင်းကြည့်ကြတာပေါ့၊ ချောက်ချင် ချောက်မှာကွ၊
အေးလေ - မင်းပြောတာလဲ အိုးချုပ်မခံနိုင်ဘူး၊ မှာလိုက်တယ်ဆိုတာ ဟုတ်လား၊ ကဲ- သွားကြတော့မယ်၊
ဒီအတိုင်းဆိုရင်တော့၊ ကြောက်စရာကြီးဖြစ်နေတာပေါ့၊ ချောက်ရင်လည်းချောက်မှာပဲ ချောက်တယ်တဲ့လဲ၊
မျက်လုံးနှစ်လုံးကဝင်းဝင်း- ဝင်းဝင်းတောက်နေတယ်တဲ့ကွ၊ ကြီး နှစ်ချောင်းလည်းပါတယ်ဆိုကိုး၊ အပေါ်ထပ်ပြတင်းပေါက်ကထွက်လာမှတယ်တဲ့ဗျ၊

ဆက်ရန်


ဆန်တစေ့၏ခရီးစဉ်
ရေးသူ ကြယ်ဖြူ
သရုပ်ဖော် ကဆွ
ထမင်းကို ဘာနဲ့ချက်သလဲ။ ဆန်နဲ့ချက်တယ်၊
ဆန်ကို ဘယ်ကရသလဲ။ စပါးကရတယ်။
စပါးကနေပြီး ဆန်ဘယ်လိုဖြစ်လာတာလဲ။
ရေမတွက်နိုင်အောင် များပြားလှတဲ့ စပါးခရီးသည်တွေကို လယ်ကွင်းတွေ ရှိတဲ့နေရာက လှည်းတွေ၊ လှေတွေနဲ့ တင်ဆောင် လာခဲ့ကြတယ်။ တနေရာကို ရောက်တော့ စပါးခရီးသည်တွေကို စုပုံ ထားလိုက်ကြတယ်။ ကောင်းကောင်း မွန်မွန် စည်ခံထားကြတယ်။ အဲဒီနေရာဟာ စပါးတွေ စုပေါင်းထားတဲ့ စပါးအဝယ်ဒိုင်ပေါ့။
စပါးအဝယ်ဒိုင်
စပါးတွေကို အဲဒီနေရာကနေပြီး ဆန်စက်လို့ခေါ်တဲ့ အထူး တည်ဆောက်ထားတဲ့ စက်ရုံကြီးဆီကို ပို့ကြပြန်တယ်။ ဆန်စက်ရဲ့အလယ်မှာ မြင့်မားတဲ့ ခေါင်းတိုင်ကြီး တခုရှိတယ်။ ခေါင်းတိုင်က မီးခိုးတွေ ထွက်နေတယ်။ ဆန်စက်ထဲမှာ အခန်းတွေ အများကြီးရှိတယ်။
စပါးတွေကို အခန်းကြီးတခန်းထဲ ထဲ့လိုက် တယ်။ ဆန်စက်တခုလုံးဟာ ဆူညံပြီးနေတယ်။ စပါးတွေဟာ အခန်းတခုကနေ တခုကို ကူးသွားကြတယ်။ နောက်ဆုံး ဖြူဖြူဖွေးဖွေး ဆန်တွေအဖြစ် ထွက်လာကြတယ်။ တခြား အပေါက်က စပါးခွံတွေထွက်လာတယ်။
ဆန်

ရှေးတုန်းက စပါးကနေဆန်ဖြစ်အောင် ဆုံထဲထဲ့ပြီး လက်နဲ့ဖွပ်ကြရတယ်။ အဲဒီကနေပြီး ခြေထောက်နဲ့ ထောင်းတဲ့မောင်းကို တီထွင် လာကြတယ်။ ပြီးတော့ ကြိတ်ဆုံကို တီထွင်ကြပြန်တယ်။ ကြိတ်ဆုံဆိုတာ ကျောက်နဲ့လုပ်တဲ့ လက်လှည့်စက်တမျိုးဘဲ။ ကြိတ်ဆုံထဲက ဆန်နဲ့ စပါးခွံတွေရောပြီး ထွက်လာတယ်။ စပါးခွံတွေကို ဆန်ကောနဲ့ ပြာထုတ်လိုက်တယ်။





တချို့ဒေသတွေမှာ ရေအားကို အသုံးပြုတဲ့ ကြိတ်ဆုံတွေ၊ မောင်းတွေရှိတယ်။ ဒါပေမဲ့ ကြိတ်ဆုံတွေ၊ မောင်းတွေက ထွက်တဲ့ဆန်ဟာ တတိုင်းပြည်လုံးက လူတွေအတွက် မလုံ လောက် ဘူး။ ဒါကြောင့် စက်အားနဲ့လည်တဲ့ ဆန်စက်ကြီးတွေကို ဖန်တီး ဆောက် လာကြရတယ်။

ဆန်စက်ထဲက ထွက်လာတဲ့ဆန်တွေကို ဂုံအိတ်နဲ့ထဲ့ပြီး ပြည်သူ့ဆိုင်ကို ပို့ပေးတယ်။ ဒီလိုနဲ့ဘဲ ဆန်ဟာ ဈေးဆိုင်ကနေပြီး သင်တို့ရဲ့အိမ်ကထမင်းအိုးထဲကို ရောက်လာတယ်။ အဲဒီဆန်ကို ဆေးကြောပြီး ချက်ပြုတ်လိုက်တဲ့အခါကျတော့ ဖြူဖွေးတဲ့ထမင်းအဖြစ်နဲ့ သင်တို့စားဖို့ ရကြတာပေါ့။





ဒီတော့ စပါးဖြစ်အောင်စိုက်ပျိုးတဲ့လယ်သမားကြီးတွေ၊ ဆန်စက် အလုပ်သမားကြီးတွေနဲ့ သယ်ယူ ပို့ဆောင် ပေးတဲ့ အလုပ်သမားကြီးတွေကို သင်တို့ အမြဲတစေ ကျေးဇူးတင်ဖို့ မကောင်းဘူးလား။





ဝင့်ကြော:မောင်
ရှိလွှန်းက
ငါသာလျှင် ခွန်အား အကြီးဆုံး
ကမ္ဘာလောကကြီး မှာ ငါ့အင်အား ကို ဘယ်သူမှ မတုပြိုင် နိုင်ဘူးဟေ့
အား
ဟား ဟား ဟား တယ်လဲ ခွန်အားကြီး တဲ့ ငါပါလား


ကဲဟေ့....
ဒါဟော်ကိုလဲ မာနတောင်လွှဲမနေပါနဲ့လေ..
အရှေ့တောစပ်က ကျွန်းပင်ကြီးက သင့်ထက်ခွန်အားကြီးပါတယ်.. အဲဒါကိုလဲအောင်လွဲနိုင်ပါ့မလား..
သက်ရှိသတ္တဝါတွေကိုတောင်မမှုတာ.. ဒီဘာမဟုတ်တဲ့ကျွန်းပင်ခြောက်ကို ဘာလုပ်မလွဲနိုင်ရမှာလဲ..
ကျွန်းပင်ကြီးရေ လဲဘို့သာပြင်တော့
အားစိုက်ကာ တစ်ခါတွန်းလိုက်မယ်.. ချက်ချင်းပြန်လှဲလဲရောဟယ်


ခေါင့်ကာ ကန်လိုက်မယ်
မှောက်မြန်ကလဲလေရော
အင်း - ဘယ်လို
လုပ်လို့မှ မလဲပါ
ကလား.. ကွယ်တို့..
အဝေးက အရှိန်နဲ့
ပြေးဆောင့်မယ်
ဒင်း..ဘာခံနိုင်
မလဲ...လာရော့....
ဒုံး
ဟာနဝေါင်းလွှမ်း
ယင်ခေါက်ဆိုး
ခြိလို ဥက္ကတွေ
ရခဲမဲ့ဘဲ..




အခက်အခဲ ကျော်ပြေးပွဲကို ခက်ရာခက်ဆစ် ပြိုင်ပွဲဟုလည်း ခေါ်၏။ ဤပြိုင်ပွဲတွင် အမျိုးသားများသာ ယှဉ်ပြိုင်ရသည်။

အရွယ်ရောက်ပြီးသူများ အတွက် တာဝေး ၂ မိုင်နှင့် မီတာ ၃,၀၀၀ ဟူ၍ အခက်အခဲကျော်ပြေးပွဲနှစ်မျိုးရှိသည်။ သက်ငယ်တန်းအတွက်မူ ၄ ဖာလုံမှ ၆ ဖာလုံအထိ ပြုလုပ်ပေးသည်။


ပြေးလမ်း တလျှောက်တွင် တန်းနှင့် ရေအိုင်များ ပြုလုပ်ထား၍ ယင်း အခက်အခဲများကို ယှဉ်ပြိုင်သူများက လွတ်အောင် ခုန်ကျော် ပြေးကြရသည်။ ပန်းတိုင်သို့လည်း သူထက်ငါသာ စော၍ ရောက်အောင်ပြေးရလေသည်။

မူလက အင်္ဂလန်နိုင်ငံ၌ မြင်းစီးပြိုင်ပွဲတမျိုးတွင် မြို့နယ်များကို ဖြတ်သန်း၍ ခရီးစဉ်အကြားရှိ တုံးမြောင်းများ၊ ခြံစည်းရိုးများကို ကျော်လွှားစီးနင်းရလေသည်။ ယင်းကို အတုယူ၍ နောင်အခါ ပြေးခုန်ပစ် ပြိုင်ပွဲများတွင် အခက်အခဲ ကျော်ပြေးပွဲကို တီထွင် ထည့်သွင်း ပြုလုပ်ခဲ့ကြလေသည်။

အခက်အခဲ ကျော်ပြေးပွဲ၏ ရည်ရွယ်ချက်မှာ အနှောင့် အရှက် အတားအဆီးများကို ရင်ဆိုင် ဖြေရှင်းလိုသော ဇွဲသတ္တိ မွေးမြူ ကိန်းအောင်းစေရန် ဖြစ်သည်။

မြန်မာနိုင်ငံ၌ အခက်အခဲ ကျော်ပြေးပွဲကို ၁၉၅၇ ခုနှစ်တွင် ထည့်သွင်း ကျင်းပနိုင်ခဲ့သည်။

မက္ကဆီကို ကမ္ဘာ့ အိုလံပစ် ပြိုင်ပွဲတွင် ကင်းညာ နိုင်ငံမှ "အေ မို့စ် ကစ် ဝါဘော့" ဆိုသူက ပထမ ရွှေတံဆိပ်ဆုရရှိခဲ့လေသည်။



ဝါ၊ နီ၊ ပြာ၊ စိမ်း အရောင်များဖြင့် ချယ်ပါ



ကျွန်တော်လေးတန်းရောက်ပါပြီ။

ကျွန်တော်တို့ အတန်းပိုင်ဆရာသည် ဆရာဦးစိန်ဝင်းဖြစ်ပါသည်။ မျက်စိ စောင်းစောင်း၊ လူပုံကပုကွကွနှင့် အလွန်အသင်အပြကောင်းပါသည်။ ဦးစိန်ဝင်းသည် ထားဝယ်ကြိမ်ကို ကိုင်သော်လည်း ကျောင်းသားများကို ဘယ်တော့မှ မရိုက်ပါ။ ဆရာ့အသက်မငယ်တော့ပါ။ လေးဆယ်ကျော်ပါပြီ။ ဆရာသည် ကျောင်းသို့ ကိုးနာရီတွင် အမြဲရောက်ပါသည်။ ဆရာသည် ယောင်ထုံးကို ပုဝါပေါင်းထားပါသည်။ ချယ်ရီသားနှင့် လုပ်သော ထီးရိုးကောက်နှင့် ထီးကိုလည်ပင်း တွင် အမြဲ ချိတ်၍ ထီးကို ရှေ့တွင် တွဲလောင်းချလာပါသည်။ ကိုးနာရီခွဲမှ တက်သည့် ကျောင်းသို့ ကိုးနာရီရောက်အောင်လာသည့် ဆရာ့အကြောင်းကို ကျွန်တော်နားမလည်ခဲ့ပါ။ ယခု ကျွန်တော်နားလည်ပါပြီ။ ဆရာသည် အလွန် ဝီရိယရှိပါသည်။

ဆရာ စောစောလာသည်ကို သိသော ကျွန်တော်တို့ လေးတန်း ကျောင်းသူကျောင်းသားတို့မှာ ဆရာ့ အလျင်ကြိုတင်ရောက်အောင် သူထက်ငါ လာကြပါသည်။ ဆရာကျောင်းဝင်းအဝင်တခါးဝသို့ အရောက်တွင် ကျွန် တော် တို့ ကျောင်း သူကျောင်းသားတို့ ဆရာ့ကို ပြေးကြိုပြီး ဆရာ့လည်ပင်းမှ ဆရာဖြုတ်ပေးသော ထီးကို သူထက်ငါဦးအောင် ယူကြပါသည်။ ဆရာ့ထီးကို ရသော သူသည် အလွန်ဂုဏ်ယူပါသည်။ ထိုအထဲတွင် ဆရာ့ထီးကို အရယူဆုံးသူမှာ ကျွန်တော် ဖြစ်ပါသည်။

ကျွန်တော် နေ့စဉ် လို လို ဆရာ့ ထီးရနေသည်ကို အချို့အတန်းသားတွေက သဘောမကျကြပါ။ သူတို့သည် ဆရာက ကျွန်တော့်ကို မျက်နှာသာပိုပေးသည်ဟုလည်း ထင်နေကြပါသည်။ သို့ရာတွင် ဆရာသည် သူတို့ထင်သလို ကျွန်တော့်ကို မျက်နှာသာ မပေးပါ။

တနေ့တွင် ကျွန်တော်တို့ မုံ့စားဆင်းချိန် တိုင်၍ ဂလိုင် ခေါက် ပါသည်။ ထို့ကြောင့် အခြားအတန်းမှ ကျောင်းသားတွေက ထွက်၍ မုံ့စားရုံဆီသို့ သူထက်ငါ အပြေးအလွှားသွားကြသည်မှာ ပျော်စရာကောင်းလှပါသည်။ ကျွန်တော်တို့ အတန်းမှာ ဂဏန်း တွက်နေရပါသည်။ တွက်ပြီး၍ အမှန်ရသောသူများကို ဆရာက မုံ့စားလွှတ်ပါသည်။ ကျွန်တော့်မှာ အတွက်တွက်မပြီးသေးပါ။ တပိုင်းတန်းလန်းတွက်ရင်းဗိုက်ကလည်းဆာလှပြီ။ မုံ့စားဆင်းသည့် အခြားကျောင်းသားများကို ငေးကြည့်ရင်း ကျွန်တော့်မှာ မုံ့စားဆင်းချင်သည့် စိတ်သာ စောနေပါသည်။ ဂဏန်းတွက်ရန် လုံးဝစိတ်မပါတော့ပါ။

ကျွန်တော်နှင့် အတူ ယှဉ်ထိုင်နေသော ဂျာဘာခေါ် ဇမာ

မှတ်ဆလင် ကလေးသည် သူတွက်သောဂဏန်းကိုဆရာ့ပြပြီး အမှန်ရ၍ ကျွန်တော့်ထံသို့ ခပ်ကြွားကြွား ပြန်လာပြီး ကျွန်တော့်ကို မုန့်စားဆင်းရန် ခေါ်ပါသည်။ ကျွန်တော်လည်း မုန့်စားဆင်းချင်လှပြီဖြစ်၍ တွက်လက်စကို ဆက်မတွက်ပဲ ဂျာဘာ့ စာအုပ်ထဲမှ အဖြေမှန်ကို ကူးလိုက်ပါသည်။ အမှန်မှာ ကျွန်တော် ဂျာဘာ့စာအုပ်ထဲမှ အဖြေကို ခိုးချခြင်းဖြစ်ပါသည်။ ကျွန်တော် ခိုးချချိန်တွင် ဆရာသည် အခြားကျောင်းသားတို့၏ စာအုပ်များကို စစ်ဆေးနေသဖြင့် ကျွန်တော့်ကို မမြင်ပါ။

ကျွန်တော်သည် တွက်ပြီးစာအုပ်ကို ဆရာ့ထံ ကမန်းကတမ်း ပြေးပြပါသည်။ ဆရာက အဖြေကိုကြည့် အမှန်ပေးပြီး မုန့်စားလွှတ်လိမ့်မည် ထင်ပါသည်။ သို့ရာတွင် ကျွန်တော်ထင်သလို ဖြစ်မလာပါ။ ဆရာသည် ကျွန်တော့်တွက်နည်းကို အတန်ငယ်ကြည့်ပြီး ဘယ်သူကိုမှ မရိုက်ဘူးသည့် ထားဝယ်ကြိမ်ဖြင့် ကျွန်တော့် ကျောပြင်ကို သုံးလေးချက် ဆင့်ရိုက်ပါသည်။ ကျွန်တော့်မှာ နာလှသဖြင့် ကျောကော့ပြီး မျက်ရည် ဝဲသွားပါသည်။ ထို့နောက်ဆရာက ကျွန်တော့်ကို အဖြေမှန် ရအောင် တွက်ခိုင်းပါသည်။ ကျွန်တော်လည်း ကြိုးစားတွက်၍ အဖြေမှန် ရပါသည်။ ကျွန်တော့်ကို မျက်နှာထားဆိုးနှင့် ကြည့်နေသောဆရာသည် ကျွန်တော့်အဖြေကို ကြည့်ပြီး ချက်ချင်းပြုံးလာပါသည်။

ဤတွင် ကျွန်တော်သည် ကျွန်တော့်ကို ဆရာမျက်နှာသာ မပေးမှန်း သိရသလို ကျွန်တော့်အပေါ် အထင်လွဲနေကြသော အတန်းသားတို့လည်း အမြင်မှန် ရသွားကြပါသည်။

"မြင့်သိန်း –မင်း ကိုယ်တိုင် တွက်လို့ရတဲ့ပုစ္ဆာကို မင်းဂျာဘာ့ဆီက ခိုးချ လာတယ် မဟုတ်လား။ ဒါ ကောင်းတဲ့ အကျင့်မဟုတ်ဘူး။ မင်းဒီအကျင့်ဆိုးကို ကနေ့ကစပြင်ပါ။ မင်းဒီအကျင့်ဆိုး မပြင်ယင် မင်းတသက်မှာ လူစဉ် မမှီနိုင်တော့ဘူး ဆိုတာ မင်းမြဲမြဲမှတ်။ သွား –မင်းမုန့်စားဆင်းတော့"

ဆရာ့စကားကို ကျွန်တော် ယနေ့အထိ မှတ်သားခဲ့ပါသည်။ ထိုနေ့မှစ၍ ကျွန်တော့်ကိုယ်ကိုသာ ကျွန်တော်အားကိုးပြီး လုပ်စရာရှိသမျှ လုပ်ခဲ့ပါသည်။ သူများကို အားကိုးချင်စိတ်လည်း ကျွန်တော့်တွင် ယနေ့အထိကင်းခဲ့ပါသည်။ မိမိ ကိုယ်သာ မိမိ အားကိုးခြင်းသည် အကောင်းဆုံးဖြစ်သည်ကို ညီ ညီမတို့လည်း စွဲမြဲစွာ မှတ်သားကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

## လွတ်လပ်ရေး

နှစ်ပေါင်းများစွာ ကျွန်ဘဝနဲ့၊
နေလာရတဲ့ တို့တတွေ။

တို့တိုင်းပြည်ကို တို့ပြန်ရဖို့၊
လုံ့လဇွဲနဲ့ ကြံဆောင်ပေ။

ဗိုလ်ချုပ်ဇာနည် ညီအောင်ပြုလို့၊
ပြည်ထောင်စုရဲ့ သားချင်းတွေ။

သွေးစည်းညီညာ အသက်ပေးလို့၊
လွတ်လပ်ရေးတွက် တာဝန်ကြေ။

တထောင့်ကိုးရာ လေးဆယ့်ရှစ်တဲ့၊
ထိုနှစ်ကိုတော့ မမေ့ပေ။

ဇန်နဝါရီ လေးရက်ဆန်းတော့၊
လွတ်လပ်ရေးပန်း ဖြာဖြာဝေ။

ပွင့်လန်းနေ - တင့်ဆန်းပေ။ ။

တက္ကသိုလ်ကြည်မာ



R. 517

# ဝံပုလွေ




ပီးရူးပြည်မှ ကလေးကစားနည်း ဖြစ်သည်။ ခြောက်ယောက်နှင့် အထက် ပါဝင်ကစားနိုင်သည်။ ဝံပုလွေလုပ်သူကို ကျန်လူများက အလယ်တွင် ဝိုင်းထားရသည်။

ဝိုင်းထားသူများက ''အို ဝံပုလွေကြီး-အသင့်ဖြစ်ပြီလား'' ဟု မေးရသည်။ ဝံပုလွေလုပ်သူက ''အသင့် မဖြစ်သေးဘူး - ခြေစွပ်ဝတ်အုံးမယ်'' ဟု ခြေစွပ်ဝတ်ဟန်လုပ်ပြ၍ ဖြေရသည်။ ထပ်၍မေးရသည်။ဝံပုလွေက ''ဖိနပ်စီးအုံးမယ်'' ဟု ဖိနပ်စီးဟန် လုပ်ပြ၍ ဖြေပြန်သည်။ ဤသို့ဖြင့် ''ဦးထုပ် ဆောင်းအုံးမယ်'' ''အင်္ကျီ ဝတ်အုံးမယ်'' စသည်ဖြင့် အမူအရာ လုပ်ပြ၍ ဖြေရသည်။

တချိန်တွင် ဝံပုလွေက ''အသင့်ဖြစ်ပြီဟေ့'' ဟု ရုတ်တရက် အော်ပြောပြီး လိုက်ဖမ်းရသည်။ ထိုအခါ ဝိုင်းထားသူများက သတ်မှတ်ထားသော လွတ်မြောက်ရာ နယ်အရောက် ပြေးကြရသည်။ ခြံစည်းရိုး၊ အိမ်နံရံ တခုခုကို လွတ်မြောက်သော နယ်အဖြစ် သတ်မှတ် နိုင်သည်။ လွတ်မြောက်သော နယ်သို့မရောက်မီမိသွားသူသည်ဝံပုလွေ လုပ်ရပြီး ဆက်လက်ကစားရသည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၇၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

ရွှေသွေး ဂျာနယ်
စနေနေ့တိုင်း ထုတ်ဝေသည်။
အတွဲ-၂၊ အမှတ်-၂၊ ၁၀-၁-၇၀

# အံ့ဩဖွယ် ကြေးဒင်္ဂါးလေး

ဇာတ်ညွှန်း- ဝေသည်
သရုပ်ဖော်- ကဗျ




ကျေးဇူးတင်ပါတယ်ကွယ် ရော့မင်းသုံးစွဲဖို့
တနေ့ရာတွင်ခရီးသည်က သူငယ်တဦးထံမှ ရေတောင်းသောက်ပြီး ကြေးဒင်္ဂါးကိုပေးခဲ့သည်။
ဟယ်၊ ကြေးဒင်္ဂါးလေးက အသစ်လေးပါလား၊ ကောင်းကောင်း သိမ်းထားသားရဲ့
သူငယ်လေးသည် မိခင်အား ပြသရာ မိခင်က ကောင်းစွာ သိမ်းထားစေသည်။
တနေ့တွင်
ဦးရှိးတော် လာတယ် မေမေ
ဦးရှီးတော် စစ်မိုလ်မှူးကြီးသည် အိမ်သို့ အလည်အပတ် ရောက်ရှိလာသည်။
ကြေးဒင်္ဂါးအသစ်လေးတပြား ကျနော်ရထားပါတယ်၊ ဦးရှိးကြီး ကြည့်ပါအုံး
ဦးရှီးသည် ဘုရင့်ဘဏ္ဍာထဲမှ ကြေးဒင်္ဂါးမှန်း သိသဖြင့် ဘဏ္ဍာတိုက်သို့ ပြန်ပို့နိုင်ရန် တူက လေးထံမှ ငွေဒင်္ဂါးဖြင့် လဲယူလိုက်သည်၊
အမိန့်တော်ပါပါတယ်
အမိန့်တော်ပါပါတယ်
ဘုရင်က ခြေမြန် လွှတ်၍ ခေါ်သဖြင့်
တပ်တော် - ချီတက်
စစ်မြေပြင်သို့ ထွက်ခွာခဲ့ရလေသည်။


ရွှီ ရွှီ ရွှီ
ရန်သူများကို နှိမ်နင်းလျက်ရှိစဉ် —
ရွှီ — ဒေါက်
ရန်သူ၏ မြားတစင်း ရင်ဘတ်တွင် လာမှန်၏။
ဟင်
သို့သော် အိတ်ကပ်ထဲမှ ကြေးဒင်္ဂါး ခံနေ၍ မြားချော်ထွက်သွားလေသည်။
သံတော်ဦးတင်စေ ဗိုလ်မှူးကြီး
စစ်ပွဲအောင်မြင်ခဲ့ပါပြီ အရှင်မင်းကြီး
အလို၊ ဗိုလ်မှူးကြီး ကကြေးဒင်္ဂါးလေး လည်ပင်းမှာအမြတ်တနိုး ဆွဲလိုပါလား ကြေးဒင်္ဂါးလေးကဘာများထူးခြားလို့လဲ
မှန်ပါ--
ဒီကြေးဒင်္ဂါးလေးဟာ ဆိုယင်ဖြင့် —
ဗိုလ်မှူးကြီးက ကြေးဒင်္ဂါးရခဲ့ပုံမှ မိမိအသက်ကယ်ခဲ့ပုံကို ပြောပြသောအခါ —
အလွန်နေ့ရာကျတဲ့ကြေးဒင်္ဂါး ပါလား၊ ကျုပ်လဲစမ်းကြည့်ဦးမယ်
ဘုရင်က ကြေးဒင်္ဂါးလေးကို တောင်းယူပြီး လည်ပင်းတွင် ဆွဲထားလိုက်လေသည်။


တခါသော်
ဘုရင်က ယမကာဖလားကို လှမ်းယူလိုက်စဉ် ကြေးဒင်္ဂါးသည် မတော်တဆ ဖလားထဲသို့ ကျသွားလေသည်။
အလိုတယ်လဲ ထူးဆန်းလှပါကလား
ထိုအခါ ယမကာမှာ ဆူပွက်ပြီး အစိမ်းရောင်သို့ ပြောင်းသွားသဖြင့် သမားတော်ကြီးကို ခေါ်၍ ပြသရာ....
အဆိပ်တွေ ခပ်ထားကြောင်းပါ
အင်း၊ဒီကြေးဒင်္ဂါးလေးအသက် ကယ်ခဲ့တာဆိုယင် ကျုပ်ပါ နှစ်ဦး ရှိသွားဖို့ဗိုလ်မှူးကြီးရဲ့
ဘုရင်သည် ကြေးဒင်္ဂါးကလေးကို ရွှေဖြင့် ကုံးပြီး ထာဝစဉ် ဆွဲထားလေတော့၏။
ရွှေဒင်္ဂါးပြားလေး မှာဖူး~~~
ခရီးသည်ကြီးက အိမ်ရောက်သောအခါ မြေထဲ တနေရာတွင် မြှုပ်ထားလိုက်သဖြင့် –
ခရီးသည်ကြီး သေဆုံးသွားသောအခါ ယနေ့တိုင် မည်သူမျှ မသိနိုင်တော့ပေ။


သားတို့ စောစောအိပ်ကြတော့နော်
ဟုတ်ကဲ့ မေမေ





# လှေ

ရေးသူ - စိုးမြင့်

သရုပ်ဖော် - ကျော်ကျော်





ရှေးက လူတို့သည် ရေကူး၍ မသွားနိုင်သော ရေကြောင်းခရီးကို ပထမဦးစွာ သစ်တုံးပေါ်၌ ခွထိုင်ပြီးလျှင် လက်နှစ်ဖက်ဖြင့် ယက်၍သွားခဲ့ကြပေလိမ့်မည်။

ထိုနောက် နှစ်ရာပေါင်းများစွာ ကြာသော အခါ သစ်ထွင်း လှေကို ပြုလုပ်လာကြပြီးလျှင် လှော်တက်များကို အသုံးပြုလာကြသည်။

တစတစ တိုးတက် တီထွင်လာနိုင်သော အခါ လှေများသည် ပိုမိုကောင်းမွန်လာသည်။

အချို့က ကျူရွက်များကို အထပ်ထပ်ချည်နှောင်၍ လှေပြုလုပ် ယူကြသည်။

အချို့က လှေများကို ကြိမ်ဖြင့် ရေဖလားပုံ ပြုလုပ်ပြီး အပေါ်မှ သားရေဖုံးအုပ်ထားသည်။

အချို့က သစ်သားဘောင်ခံပြီး သစ်ခေါက်များဖြင့် ဖုံးအုပ်ထားသော လှေမျိုးကို ပြုလုပ်ကြသည်။

နှောင်သော် ပျဉ်များဖြင့် စပ်ထားသော လှေများကို ပြုလုပ်လာကြသည်။

အချို့ လှေများတွင် လှော်တက်ကို အသုံးပြု၍ အချို့လှေများတွင် ခတ်တက်ကို အသုံးပြုကြသည်။



ရွက်လှေများကိုလည်း ပြုလုပ်လာကြရာမှ ရေနွေးတဆင့်တက်၍ စက်လှေများကိုလည်း ပြုလုပ်လာကြသည်။

လှေများကို လူစီးလှေ၊ ကုန်တင်လှေ၊ တံငါလှေ၊ တိုက်လှေ၊ ပြိုင်လှေ၊ အပျော်စီးလှေ၊ အသက်ကယ်လှေ စသည်ဖြင့် အမျိုးမျိုး ခွဲခြားနိုင်ပေသည်။


မြန်မာနိုင်ငံ အရပ်ရပ်၌ ဘောက်တူ ခေါ် လှေငယ်မျိုးကို တွေ့နိုင်ပေသည်။

မြစ်ဆိပ်ကူးတို့များ၌ သမ္ဗာန်ကို အတွေ့ရများသည်။

ဧရာဝတီ မြစ်ကြောင်းတလျှောက်၌ ပိန်းကောကို တွေ့ရလေ့ ရှိသည်။

ပင်လယ် ကမ်းခြေ တလျှောက်၌ ကတ္တူ၊နှင့် စက်တပ်ထားသော စက်လှေများကို တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံ အင်းလေးဒေသ၌ လှေကို ခြေထောက်ဖြင့် လှော်ခတ်ခြင်းမှာ ထူးခြားပေသည်။





နေကြာစေ့
တစေ့
အလို. နေကြာစေ့ တစေ့ပါလား
ဟော
ဟုတ်ပါရဲ့. ငါတော့ ပွတာဘဲ. တနေ့စာ ဖူလုံ့ဘီ..
ငါ အရင်မြင်တာမို့ ငါ ရသင့်တယ်.. ပေး;
နေကြာစေ့ကို ငါ အရင်ရတာ ကွ ငါပိုင်တယ်


ငါ့နေကြာစေ့ ငါ့ ပြန်ပေး..ငါ့လက်သီးကို မင်းယူ
နှစ်ဦးသားဟာ နေကြာစေ့ရလို မှုကြောင့် ရန်ဖြစ်ကြတယ်
ဒီအချိန်မှာ
ဟေ့ ဘာဖြစ်ကြတာလဲ
အကြောင်းစုံသိရတော့…
နေကြာစေ့တစေ့ အတွက်နဲ့ခုလို စိတ် ဝမ်းကွဲတာမကောင်း ပါဘူးကွာ..
ကဲ ကြက်ပေါက်က ဂေါ်ပြားရှာခဲ့ ရှဉ့်လေးက ရေပန်း ခရားယူခဲ့ပေါ့
အဲဒီနောက်
နေကြာစေ့ကို အပင်ဖြစ်အောင် စိုက်ကြရမယ်


ရက်များ မကြာမီမှာဘဲ....
နေကြာပင်ပေါက်လာပြီ..တွေ့လား
ဟုတ်ပါရဲ့
နောက်.. အပွင့်ပွင့်လါတယ်
နေကြာပန်းက အစေ့တွေ အများကြီးရတော့....
နေကြာစေ့တွေနဲ့ အပင်တွေထပ်စိုက်ကြရမယ် ကွယ့်
နေကြာပင်တွေ အများကြီးပေါက်လာတယ်
နေကြာပင်က အစေ့တွေ အများကြီးရပြီ မဟုတ်လား မင်းတို့ စားလို့မကုန်တဲ့ အပြင် သူများကိုပါ ရောင်း နိုင်ပြီကွယ့်

# ရပ်ဂဘီ

ကျော်ညွန့်ရေး



ရပ်ဂဘီသည် အ မေ ရိ ကန် ဘောလုံး ကစားနည်း ဖြစ်၍ လက်ဖြင့် သယ်ယူပြေးပြီး ဂိုး သွင်းကစားရသည်။

တဖက်လျှင်လူ ၁၁ ယောက် စီ ယှဉ်ပြိုင်ရသည်။ ဘောကစားသူသည် ခြေကျပ် ဘောင်းဘီ ဝတ်၍ သံခမောက်ပုံ သံပရာခွံ ဦးထုပ်ကို ဆောင်းရသည်။

ကစားကွင်းတွင် ဂိုးပေါက်နှင့် ၁၀ ကိုက်အကွာမှစ၍ ၅ ကိုက်စီခြားလျက် ကန့်လန့်ဖြတ် မျဉ်းကြောင်းများ ရှိသည်။

ရပ်ဂဘီ ဘောလုံးသည် အလယ်တွင် တုတ်၍ အစွန်းဖက်သို့ ရှူးသွယ်သွားသည်။

တဖက်အသင်းသည် ဘောလုံးကို သယ်ပြေးရလျှင် ကျန်အသင်းသည် အခံဖက်မှနေရ၏။


ဒိုင်လူကြီးက ခရာမှုတ်လိုက်သည်နှင့်တပြိုင်နက် အသယ်ဖက်မှ အလယ်လူသည် ဘောလုံးကို ပေါင်ကြားမှ နောက်သို့ ပစ်ပေးလိုက်ရသည်။ နောက်လူသည် ဘောလုံးကိုဖမ်းပြီး ရှေ့သို့ ယူပြေးနိုင်သည်။ လက်ဆင့်ကမ်းလိုကလည်း ကမ်းနိုင်သည်။

ခံ စစ် ဖက် မှ လူ များ သည် ဘောလုံး လက်ရှိ လူကိုဖြစ်စေ၊ လက်ဆင့်ကမ်းမည့် လူကိုဖြစ်စေ တွန်း၊ တိုက်၊ ဖယ်၊ ခွေလျက် ရှေ့ဆက် မသယ်နိုင်အောင် ခုခံကာကွယ်ရသည်။ သယ်သူ လဲကျသွားလျှင် မ လှုပ် မ ရှား နိုင်အောင် ဝိုင်းအုံ၍ဖိထားရသည်။ ဒိုင်က ခရာမှုတ်မှ လွှတ်ရသည်။


ထို့နောက် ဒုတိယ အကြိမ် စ၍ကစားရပြန်သည်။ ဤကဲ့သို့ လေးကြိမ်ကြိုးစား၍မှ ၁၀ ကိုက်ပြည့်အောင် မသယ်ယူနိုင်လျှင် ဘောလုံးကို တဖက်အသင်းသို့ အလှည့်ပေးရသည်။

ဂိုးသွင်းရာ၌မူ ဘောလုံးကို ခြေနှင့်ကန်၍သွင်းရသည်။

## ပြောင်းလဲသော လေးထောင့်ပုံ





အထက်ပုံမှ မီးခြစ်ဆံ ၂ ချောင်းနုတ်ယူခြင်းဖြင့် လေးထောင့်ပုံ ၂ ခုရအောင် လုပ်ပါ။




အထက်ပုံမှ မီးခြစ်ဆံ ၃ ချောင်းနုတ်ယူခြင်းဖြင့် လေးထောင့်ပုံ ၃ ခုရအောင် လုပ်ပါ။

အဖြေ။ (၁) ၁နှင့် ၂၊ ၂နှင့် ၃၊ ၃နှင့် ၄၊ ၄နှင့် ၁ ကြိုက်ရာတစုံ။ (၂) ၁၊ ၃၊ ၁၄။



# လက်မှတ်သင်ခန်းစာ

နေဝင်းမြင့်

မေဒေးနေ့ ကျိုက္ကဆံကွင်း ပြခန်းများ နှင့် ပျော်ပွဲ ရှင်ပွဲ များသို့ လာရောက် လေ့လာ ကြည့်ရှုသူတို့မှာ တနေ့တခြား များလာပါသည်။ ထိုသို့ လာ ရောက် လေ့လာသူများထဲတွင် ကျွန်တော်နှင့် ကျော်ညွန့် တို့ လည်း ပါဝင်သည်။ စိတ်ဝင် စားစရာ၊ ပျော်စရာ ကောင်း သော အရာတခုမှာ ကွင်းပတ် ရထားလေး ဖြစ်ပါသည်။

“ဒို့ ပြခန်းတွေကို မကြည့် ခင် ရထားစီးရအောင်ကွာ”

ကျော်ညွန့်က သူ၏ဆန္ဒကို ထုတ်ဖော် ပြောပြ ပါသည်။ ကျွန်တော်က အလွယ်တကူပင် ခေါင်းညိတ်လိုက်ပါသည်။

ကျွန်တော်တို့သည် ရထား လမ်း ကုန်းကျော် တန်တား ပေါ်သို့ ပြေးတက် လိုက်ပါ သည်။ ကျွန်တော်တို့တန်တား ပေါ်သို့ ရောက်သောအချိန်တွင် ခေါင်းနီရထားလေးသည် “တူ တူ–တူ” ဟူ၍ ဥသြဆွဲကာ တန်တားအောက်မှ ဖြတ်သွား ပါသည်။

ရွှေဖရုံသီး ဘူတာရုံတဝိုက် တွင် လူသွားလူလာ ရှုပ်ထွေး နေပါသည်။ အသံချဲ့စက်မှ သီ ချင်းများ ဆူညံစွာ ဖွင့်ထားပါ သည်။ ကျွန်တော်တို့ လက်မှတ် ယူရန် တန်းစီလိုက်ပါသည်။ ထို အချိန်တွင် ကျွန်တော်တို့ နား သို့ လူငယ်တယောက် ရောက် လာပါသည်။

“ဟာ – စိန် ဝင်း ပါ လား။ မင်းကော ရထား စီးမလို့လား။ စီးချင်ယင် ဒို့နဲ့ လာ တန်း စီပါ လားကွ” ဟု ကျော်ညွန့်က ပြောလိုက်ပါသည်။ စိန်ဝင်းမှာ ကျော်ညွန့်၏ အိမ်နီးနားချင်း သူငယ်ချင်း ဖြစ်သည်ဟု သိရ ပါသည်။

“မင်းတို့ တန်းစီရတာကလဲ နောက်ဆုံးကပါလား။ ကြာ တယ်ကွာ၊ ဒီလောက် စောင့်ရ ယင် မနိုင်ဘူး။ ငါတော့ရှေ့က လူတွေနဲ့ ကပ်ပြီး ဝယ်လိုက် တော့မယ်။ သွားမယ်ဟေ့” ဟု စိန်ဝင်းက နှုတ်ဆက်ပြီး ထွက် သွားပါသည်။

“ဒီ ကောင် ဟာ ဒီ လို ဘဲ၊ ဖြတ်လမ်းက သိပ်လိုက်တယ်။ ငါနဲ့ ရုပ်ရှင် သွားကြည့်ယင်လဲ တန်းစီရမှာ သိပ်ပျင်းတာဘဲ။ လက်မှတ် ပေးခါနီးမှ ရောက် လာတတ်တယ်။ ဒါကြောင့်မို့ သူနဲ့ငါ အတူတူမသွားချင်တာ”

တန်း စီ သူ များ မှာ များ သည်ထက် များလာပါသည်။ ကျွန်တော်တို့လည်း နောက်ဆုံး နေရာမှ ရှေ့ဆုံးသို့ ရောက်လာ ပါသည်။ စိန်ဝင်းသည် လက် မှတ်ရသွားပြီး ဖြစ်ဟန် တူပါ သည်။ ရထားစီးရမည့် နေရာ တွင် ရစ်သီ ရစ်သီ လုပ်နေပါ သည်။

ကျွန်တော်တို့ လက်မှတ်ရ ၍ ရထားစီးရန်အတွက် နေရာ ပြောင်းပြီး တန်းစီ လိုက်ကြပါ သည်။ ကျွန်တော်တို့ နောက်သို့ စိန်ဝင်းလိုက်လာပြန်သည်။

“ကျော်ညွန့် မင်းတို့တန်းစီ ကြာအုံးမလိုလား”

"အများစီယင် စီရမှာပေါ့ကွ" ဟု ကျော်ညွန့်က ပြန်ပြောလိုက်သည်။

"ဒီလိုကွာ၊ ငါရှေ့မှာ သွားကြည့်မယ်။ အခြေအနေကောင်းယင် ကောင်းသလို ဝင်သွားမယ်။ မရခဲ့ယင် မင်းတို့ဆီမှာ ငါ့ကို တနေရာ ပေးပါလားကွာ" ဟု စိန်ဝင်းက ထပ်ပြောပါသည်။

"လာခဲ့ပေါ့ကွာ၊ ဒါပေမဲ့ တာဝန်တော့ မယူဘူးနော်"

ကျော်ညွန့်နှင့် စိန်ဝင်းတို့ အပြန်အလှန် ပြောနေချိန်တွင်ပင် ကျွန်တော်တို့နောက်၌ နေရာယူ တန်းစီသူများ ပိုများလာပါသည်။

အနီရောင်နှင့် အစိမ်းရောင် ရထားနှစ်စင်းသည် ဘူတာရုံသို့ တစင်းပြီးတစင်း ဝင်လာလိုက်၊ ထွက်သွားလိုက် လုပ်နေပါသည်။ ရဲများက ဘေးမှ ကြပ်မတ်ပေးမှုကြောင့် တိုးဝှေ့ခြင်း၊ ကြားလူဝင်ခြင်းများ မရှိပေ။ ထို့ကြောင့် ကျွန်တော်တို့သည် ရှေ့သို့ အတော်ပင် ရွှေ့သွားပါသည်။

စိန်ဝင်းသည် မျက်နှာချိုသွေး၍ အနားသို့ ရောက်လာပြန်ပါသည်။ ကျော်ညွန့်က အံ့သြသော အမူအရာဖြင့် "မင်း ရထားစီးပြီးပြီလား" ဟု မေးလိုက်ပါသည်။

"ဗျူး၊ တိုးတိုးကွ။ ငါလူတယောက်နားမှာကပ်ပြီး နေတာကို ရဲကြီးက မြင်သွားပြီး ဒီလိုကြားမဝင်ရဘူး၊ နောက်မှာသွားတန်းစီပါတဲ့ကွ။ ဒါကြောင့် မင်းတို့နဲ့ဘဲ အတူတူ ဝင်လိုက်တော့မယ်ကွာ"

ထိုအချိန်တွင် ခေါင်းစိမ်း ရထားသည် ဘူတာရုံသို့ ဝင်လာပါသည်။ ကျွန်တော်တို့စီးရမည့် အလှည့် ဖြစ်ပါသည်။ ရထားပေါ်မှလူများ ဆင်းနေသည်ကို စောင့်နေရပါသည်။

စိန်ဝင်းသည် ကျွန်တော်တို့ တန်းစီနေသည့်ကြားသို့ ရုတ်တရက် ဝင်လိုက်ရန် ကြိုးစားသည်။

"ဟေ့သူငယ်၊ ကြားမဝင်နဲ့ကွ၊ နောက်ကလူတွေကို အားနာအုံး" ဟူသော အသံတသံ ထွက်လာပါသည်။

"ကဲ-မင်းကြားတဲ့ အတိုင်းဘဲ။ မင်းကို ဒို့နေရာ ပေးချင်ပေမဲ့ နောက်က လူတွေက မကျေနပ်ကြဘူး။ ဒို့လိုဘဲတန်းစီပြီးမှ စီးပါတော့ကွာ။ ကဲ-ဒို့ သွားတော့မယ်၊ ဒို့အလှည့် ရောက်ပြီ(ဗျ)"

ကျွန်တော်တို့သည် ရထားဆီသို့ ပြေးသွားပြီး နေရာယူလိုက်ကြပါသည်။ ထို့နောက် ကျော်ညွန့်က လက်ညှိုးထိုးပြ၍ ကြည့်လိုက်ရာ စိန်ဝင်းသည် နောက်ဆုံးမှ တန်းစီနေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ရထားလည်း ဘူတာမှ "တူ-တူတူ" ဟု ဥသြဆွဲကာ ထွက်လာပါတော့သည်။

## ကချင်ပြည်နယ် ဘုရားပွဲ

ကချင်ပြည်နယ် ဘုရားပွဲကို၊
ဒို့များလဲဘဲ သွားကြမယ်။

ဂျိန်းဖော့၊ ရဝမ်၊ လရှီ၊ မရူးနဲ့၊
အဇီး၊ လီဆူး၊ စုံလှတယ်။

မြောက်ဖျားမြေမှာ မြစ်ဆုံရှိလို့၊
ညီညီကြည့်တို့ သွားခဲ့တယ်။

ခါကာဘိုရာ တောင်မြားကြီးက၊
မိုးလောက်နီးနီး မြင့်လှတယ်။

မနောပွဲမှာ ကချင်ဓားနဲ့၊
တိုင်းရင်းသားတွေ ကကြတယ်။

အင်းတော်ကြီးကန်
ရေပြာလှိုင်းနဲ့၊
ပြာရီမှိုင်းလို့ အလှကြွယ်။

ရွှေမဥ္ဇူကို အလည်သွားလို့၊
ဘုရားဖူးလဲ ရောက်ခဲ့တယ်။
သွားမယ်၊သွားမယ်။ ။

သန်းဝင်းနိုင် (တက္ကသိုလ်)



R. 517

# ဖိလစ်ပိုင် ထုပ်ဆီးတိုး




ဖိလစ်ပိုင် ကလေးငယ်များ၏
ကစားနည်း ဖြစ်သည်။ လေးယောက်နှင့် အထက်
ပါဝင်ကစားနိုင်သည်။မြေပြင်တွင် ဆယ်ပေအနားရှိသောစတုရန်း
တကွက်ရေးဆွဲရသည်။ ထိုနောက် ကန့်လန့်ဖြတ် မျဉ်းနှစ်ကြောင်းဖြင့် တူညီသော
စတုရန်းလေးခုဖြစ်အောင် ရေးဆွဲရပြန်သည်။ ကစားသူလေးယောက်ထက်ပိုက စတုရန်းကွက်ကြီး
ကို ချဲ့နိုင်သည်။ ဆီးသူများဖက်မှ ခေါင်းဆောင်သည် အလယ်ဖြတ်မျဉ်း ဆုံရာတွင် နေရသည်။
အနည်းဆုံး ခြေထောက်တဖက် မျဉ်းပေါ်မှာ ရှိနေရမည်။ ကျန်လူများက ဖြတ်မျဉ်းများပေါ်တွင်
နေရာယူရသည်။ သူတို့သည် ဆိုင်ရာမျဉ်းများကို ခွာပြီး တိုးသူကို မဖမ်းနိုင်။ မျဉ်းကို ခြေတဖက်နှင့်
အမြဲထိထားရမည်။ တိုးသည့်ဖက်မှ လူများသည် စတုရန်းငယ် လေးကွက်တွင် ဖြန့်၍ နေရာယူကြ
သည်။ တိုးသူများက ဖြတ်မျဉ်းများကိုကျော်ဖြတ်ရသည်။ ကျော်ဖြတ်စဉ် အပုတ်ခံရပါက ထွက်နေရ
သည်။ ဆီးသူသည်လည်း စတုရန်းအပြင် ထွက်မိပါက ထွက်နေရသည်။ တိုးသူများသည်
အပုတ်မခံရပဲ ဖြတ်မျဉ်းကို ကျော်လျှင် တမှတ်ရသည်။ ဤနည်းဖြင့် တဖက်
ဖက်၌ လူကုန်လျှင် တိုးသူနှင့် ဆီးသူတို့ ဘက်ပြောင်း၍
ကစားရပြန်သည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်းထုတ်ဝေသည်။

# တရားမျက်သူ

ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာညွှန့်

အတွဲ ၂။ အမှတ် ၃ ၁၇-၁-၇၀




ဂျိုကို၊ ကွ– ဂျိုကို၊ တဘားဆဲ ရှုံ့တယ်ဟေ့–
ခွေ့လိုက်စမ်း တအောင်နိုင်ယင် ဗွယ်ဘိုးကျွေးမယ်ဟေ့
လိုအောင်တဲ့နောက် တအောင်ထဲ ရှိတယ်– တွယ်ပစ်လိုက်စမ်း
သို့သော် တနေ့ရာတွင် သားတော်သည် တိတ်တဆိတ် နွားတိုက်ပွဲ ပြုလုပ်လောင်းကစားနေ လေ့ရှိသည်။
သားတော် – ကွဲ - နွားတိုက်ပွဲလုပ်တယ်ကြားရတယ်
မှန်လှပါ၊ လူပျိုတော်သား: များ ပျော်ချင်တယ်ဆို၍ အလောင်း အစားမပါဘဲ လုပ်မိကြောင်းပါ ဘုရား:
တနေ့ မင်း ဖြစ်မယ့်လူဆိုတော့ နောင်ကို မကောင်း သတင်း မကြားလို ဘူး-သားတော်
မှန်လှ ပါဘု ရား:
ပြည်သူ့ဆန္ဒစာသေတ္တာဖွင့်သောအခါ ထိုကိစ္စကိုသိရ၍ ဘုရင်ကြီးက သားတော်ကို ခေါ်ယူဆုံးမလေ၏။
သင်... မည်သည့်လမ်း လိုက်မည်နည်း
ဘုရင်ကြီးသည် မြို့လယ်တွင် ပန်းဥယျာဉ်ကြီးတခု စီမံစေ၍ အဝင်နားတွင် စာတမ်း ထိုးထား၏။
တရားစောင့်သူ သွားရာလမ်း
အနည်းငယ် ဝင်သွားလျှင် ဗြဟ္မာရုပ်ကြီးတခု ထားစေ၍....
တရားမဲ့သူ သွားရာလမ်း
လမ်းတသွယ်တွင်မူ ဘီလူးရုပ်ကြီးတခုကိုထားစေသည်။



တနေ့သော် ဘုရင်ကြီး သက်တော်ကြီး၍ နတ်ရွာစံလေလျှင် လူထုကြီးက ငိုကြွေးကုန်၏။
သို့ဖြင့် သားတော် နန်းတက်သောအခါ ခြိမ့်ကား ဝါသနာပါလှသည့် အရက် ....
ကြက်တိုက်ပွဲ၊ နွားတိုက်ပွဲ၊ ကျွဲတိုက်ပွဲ၊ ဆင်တိုက်ပွဲမှစ၍ လောင်းကစားများကို အားပေးသဖြင့်
မြို့စား နယ်စားများပင် တရားမဲ့ ပြုကျင့်ကြပြီး
ဘုရင်ငယ်ကိုလက်ဆောင်ပဏ္ဏာများပင် ဆက်ကြသေး၏။


ပလုပ် တုတ်
တဝက် ပေး
ပေးပါ့မယ် တော်......
မြို့တွင်းသို့ ဝင်လာသော ဈေးသယ်မများကို မင်းချင်းတို့ကလည်း နှိပ်စက်ကြလေသည်။
ထန်းရည်ခါး နှင့် ကြက်သား အရသာကို ဖ,ခမည်းတော် ကြီး သိမသွားရဘူး ကွ--- ဟါး ဟါး
ကိုယ်တော်လေး သတိထားပါ ဒုံးဘုရား
တနေ့တွင် ဘုရင်ငယ်သည် အရက်သောက် လွန်ပြီး ....
မ,ဟထောင် တင်ကေါင်ဘွား– ငါဖဲ့ယောက်ျား
ဟား
မြို့တွင်း လျှောက်လည်စဉ် ဥယျာဉ်တွင်းသို့ ရောက်သွား၍ ဗြဟ္မာရုပ်ကြီးကို အတင်းတွန်း လှဲရာ ....
ဘုရား ဘုရား
ဗျူး...ဝါးဟားဟား – ဟားဟား – တရားစောင့်သူတွေ ဘယ်သွားဘာလဲ.. ----ဟဲဟဲ--- ကျိုးသွားတာပေါ့... ဟားဟား
လဲကျကျိုးပဲ့သွား၍ အလွန်သဘောကျနေ၏။
ကဲဟာ – ကဲဟာ
တဖန် ဘီလူးရုပ်ကြီးကို ကြိမ်ဖန်များစွာဆောင့် ကန်လေသော် အရုပ်ကြီးလက်ထဲ၌ ....
ကိုင်ထားသော တင်းပုတ်ကြီး ပြုတ်ကျလာ သဖြင့် ဘုရင်ငယ် ကံကုန်ရှာလေသတည်း။


ယခင်အပတ်မှအဆက်




အေးပါကွ။
မလှုပ်နဲ့ ဝပ်နေ -



ဆက်ရန်




# ကျွန်းရွှေဝါ

ဦးကြည်တင်


ကျွန်းသစ်သည် မြန်မာနိုင်ငံထွက် သစ်များထဲတွင် တန်ဖိုးအရှိဆုံး ဖြစ်သည်။


ကျွန်းပင်များသည် အမြင့်ပေ ၁၃၀ မှ ၁၄၀ အထိမြင့်ပြီး လုံးပတ် ၁၄ ပေအထိရှိတတ်သည်။ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မော်လမြိုင်၊ ပဲခူးရိုးမတောများနှင့် မြန်မာပြည် အထက်ပိုင်းတွင် ပေါက်ရောက်သည်။



ကျွန်းပင်ကို မခုတ်လှဲမီ သုံးနှစ်ခန့်က ကြိုတင်၍ သင်းသတ်ပေးရသည်။ ထိုသို့ သင်းသတ်ပြီး ခုတ်လှဲသောအခါ အစိုဓာတ် ၁၅ ％ ခန့်သာ ပါတော့သဖြင့် ကုဗပေ တပေလျှင် ၄၃ ပေါင်ခန့်သာ လေးတော့သည်။ (သစ်တန်ချိန် တွက်ရာ၌ ကုဗပေ ၅၀ ကို တတန်ဟူ၍ တွက်ချက်ရသည်။)

ကျွန်းသစ်လုံးများကို ဆင်များ၊ ကျွဲများဖြင့် မြစ်ချောင်းများရှိရာသို့ သယ်ယူပြီးနောက် ဖောင်ဖွဲ့၍ မျှောချလေ့ရှိသည်။







သစ်ဖောင်များကို သစ်စက်များသို့ပို့၍ ခွဲစိတ်ကာ လူသုံးပစ္စည်းများ ပြုလုပ်အသုံးချသည်။

ကျွန်းသစ်သည် ပေါ့ပါး၍ ခိုင်ခံ့ပြီးလျှင် လုပ်ကိုင်ရ လွယ်ကူသဖြင့် ကမ္ဘာ့ဈေးကွက်တွင် အရောင်းရ တွင်ကျယ်သည်။

ကျွန်းသစ်ကို ပင်လယ်ကူး သင်္ဘောကြီးများ၊ အဆောက်အအုံများ၊ ဆိပ်ကမ်းများ ဆောက်လုပ်ရာ၌၎င်း၊ မီးရထားတွဲများ၊ အိမ်ထောင်ပရိဘောဂများ၊ သစ်ထပ်သားများ၊ ကြမ်းခင်းတုံးများ ပြုလုပ်ရာ၌၎င်း အသုံးပြုသည်။


ကျွန်းသစ်သည်ထူးကဲခိုင်ခံ့မှုကြောင့် ယခုအခါ မသုံးမဖြစ်သည့် သစ်အဖြစ် ကမ္ဘာ၌ ကျော်ကြားလျက်ရှိ၍ နိုင်ငံခြားငွေ အများအပြား ရရှိသည်။

ကျွန်းကို ဂုဏ်တင်ပြောဆိုရာ၌ ''ရွှေသစ်'' ဟုခေါ်ကြပြီး၊ ခိုင်ခံ့မှုအတွက် '' ကျွန်း သက် တထောင်'' ဟုပင် ရှေးလူကြီးများက ပြောစမှတ်ပြုကြသည်။






ပညာ
မျက်စိ
ဇာတ်လမ်း ဝင်းစိန်....
ပန်းချီ....
ရှေးရှေးတုန်းက ဗာရာဏသီပြည်မှ သူဌေးသား တယောက်နှင့် ပုဏ္ဏားသားတို့သည် တက္ကသိုလ်ပြည်သို့ ပညာသင်ရန် ထွက်ခွာလာခဲ့ကြရာ ....
လမ်းခရီး၌ သမင်စားသော မြက်ခင်းနှင့် ခြေရာကိုကြည့်ပြီး ပြောဆိုကြလေ၏။
လက်ျာမျက်စိကန်းတဲ့ သခင်ဖြစ်ရမယ်
ဒီသခင်ဟာ ကိုယ်ဝန်လဲ ရှိရမယ်ကွ
ထိုအချိန်တွင် ရှင်ဘုရင်၏ သမင်ပျောက်၍ရှာသည့် မင်းချင်းများကြားလေလျှင် ....
အင်း xxx ဤသူနှစ်ဦးဟာ သခင်ခိုးသူများဖြစ်ရမယ်
သူဌေးသားနှင့် ပုဏ္ဏားသားတို့အား သမင်ခိုးသူများဟု စွပ်စွဲ၍ ဖမ်းဆီး ခေါ်ဆောင်သွားလေ၏။
လာလိုက်ခဲ့




ဘုရင့်အမိန့်နှင့် မင်းချင်းများ သမင်ခြေရာခံကာ ထပ်မံရှာဖွေကြလေရာ ....




သမင်ပြိန်ရရှိကြောင်း မင်းချင်းများ တင်လျှောက်လေသော် ....
မှန်လှပါသမင်ပြန်ရရှိကြောင်းပါဘုရား ×××
ကောင်းပေစွ ကောင်းပေစွ
ပညာမျက်စိ ရှိပါပေစွ
မင်းကြီးများ ××× ကျွန်ုပ်ငယ် နှစ်ဦးအား ဆုတော် လပ်တော်များပေး သနားစေမျာ ××
ဘုရင်လည်း ဝမ်းမြောက်လှ၍---
ပညာ
မျက်စိ
ဆုလပ်များစွာ ပေးပြီး တက္ကသိုလ်ပြည်သို့ ပညာသင်ရန် ဆက်လက် စေလွှတ်လိုက်လေသတည်း။
ပြုံးပြုံး




# ပိုက်ကျော် ခြင်းခတ်

ကျော်ညွန့်ဦး

ထိုင်း ဘာသာဖြင့် "ဆီပက် ရာဂါ" ခေါ်သည့် ဤကစား နည်းသည် ၁၉၅၉ ခုနှစ်တွင် စတင် ပေါ်ပေါက်သည်။ ထိုနှစ် က ဘန်ကောက်မြို့၌ ကျင်းပ သော ပထမအကြိမ် အရှေ့ တောင် အာရှကျွန်းဆွယ်ပွဲတွင် အိမ်ရှင် ထိုင်းတို့က ဤကစား နည်းကို အလှပြကစားခဲ့ကြ၏။


နိုင်ငံတကာ အားကစားပြိုင် ပွဲတရပ် အဖြစ်မူ ၁၉၆၅ ခုနှစ် တတိယကျွန်းဆွယ်ပွဲတွင် စတင် ထည့်သွင်းခဲ့ကြသည်။

ယခုအခါ ဤ ကစားနည်း သည် စင်ကာပူ၊ မလေးရှား၊ လာအိုနိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိ၍ မြန်မာ နိုင်ငံတွင် တပ်မတော် အားကစားအဖွဲ့များက ယှဉ်ပြိုင် ကစားနေကြပြီ။

"ကစား ကွင်း မှာ" အလျား ၄၄ ပေ၊ အနံပေ ၂၀ ရှိပြီး ကွင်း အလယ်ဗဟို၌ ငါးပေ မြင့်သော ပိုက်တန်းထားသည်။ စတင် က စားသောအခါ တိုင်ဘေးရှိ စက် ဝိုင်းပြတ် အတွင်းမှ တယောက် က မိမိဖက်မှ ကွင်းအလယ် စက် ဝိုင်း အတွင်းရှိ ခတ်မည့်သူထံ ခြင်းလုံးကို လက်ဖြင့် မြှောက် ပေးလိုက်သည်။ ထိုသူက တဖက် ကွင်းသို့ ပိုက်ကျော်၍ ခြေဖြင့် ခတ်ပို့ရသည်။ ထိုနောက် ခြေ ဖြင့်ခတ်ခြင်း၊ ဦးခေါင်းဖြင့်တိုက် ခြင်းတို့ဖြင့် တဖက်မှ တဖက်သို့ ပေးပို့ကာ တိုက်စစ်ဆင် ကစား ရသည်။ လက်ဖြင့် ထိကိုင်ခွင့် ကား မရှိပေ။

အမှတ်ပေးနှင့် အရှုံးအနိုင် ဆုံးဖြတ်နည်းမှာ ဘော်လီဘော ပြိုင်ပွဲကဲ့သို့ ဖြစ်လေသည်။

**စာပွဲတင် တိရစ္ဆာန်ရုပ် လုပ်တန်း ကစားရအောင်**





ကျွန်တော်နှင့် ဝါသနာတူသည့် ကစားဖော် ကစားဖက်မှာ ဆိုးတေ ဖြစ်၏။ ကျွန်တော်နှင့် ဆိုးတေသည် ငှက် လျှောက်ပစ် နေရလျှင် ကျေနပ်နေတတ်ကြပါသည်။ လေးဂွပစ်ရာ၌ ဆိုးတေ သည် ကျွန် တော့် ထက် လက်တည့်၏။ သစ်ပင် တက်ရာ၌လည်း ကျွန်တော့်ထက် ကျင်လည်ပါသည်။

ကျွန်တော်နှင့် ဆိုးတေသည် တခါတရံမြင့်မားသော သစ်ပင်ကြီးများပေါ်သို့ တက်၍ သစ်ခေါင်းများ၊ ငှက် သိုက် များ မှ ငှက်ဥများကို နှိုက်ယူကြလေ့ ရှိပါသည်။ ငှက်ဥ နှိုက်ရသော အလုပ်ကို ပျော်စရာ ကောင်းသော အလုပ်အဖြစ် ကျွန်တော်တို့ နှစ်ယောက်ကသဘောထား ကြပါသည်။ အခြား သူငယ်ချင်းများကမူ မကြိုက်ကြပါ။ သူတပါး၏ အသက် သေကြေပျက်စီးရာ ရောက်သဖြင့် မပြုလုပ်ကြရန်တားမြစ်ကြပါသည်။ သို့သော် ကျွန်တော်နှင့် ဆိုးတေက လက်မခံပါ။

"အ လ ကား ပါ ကွာ၊ ဒီကောင်တွေ ဒို့လို စွန့်စွန့်စားစား မလုပ်ရဲလို့ ပြောကြ တာပါ။ ကိုယ်ဝါသနာပါတာ ကိုယ်လုပ်တာဘဲ၊ ဂရုစိုက်စရာ မလိုပါဘူး။ ငါတော့ လုပ်မှာဘဲ" ဟု ဆိုးတေက သူ့ သ ဘော ထား ကို ပြောပါသည်။

ဆိုးတေ သဘော ထားကို ကျွန်တော် လက်ခံပါသည်။ ထိုအချိန်က ကျွန်တော်နှင့် ဆိုးတေသည် ကျွန်တော်တို့ အလုပ်ကို ပျော်စရာ၊အထင်ကြီးစရာဟု ယူဆ ထားကြပါသည်။ ကျွန်တော်တို့၏ ယူဆချက်မှန် မမှန်ကိုမူ တခါမျှ မ တွေး မိကြပါ။

ထို့ကြောင့် တနေ့သော အခါ၌ ကျွန်တော်တို့ နှစ်ယောက် ဗုဒ္ဓနှင့် ကြုံတွေ့ခဲ့ကြရခြင်း ဖြစ်လေသည်။

စာမေးပွဲပြီးဆုံးသည့် နေ့က ဖြစ်ပါသည်။ စာမေးပွဲ နောက်ဆုံးနေ့မို့ ကျွန် တော် နှင့် တ ကွ သူငယ်ချင်း အားလုံး ပျော်နေကြပါသည်။ ကျွန်တော်၊ ဆိုးတေ၊ စိုးလှ၊ ဝင်းကြိုင်နှင့် သိန်းဆွေတို့သည် မြူးရွှင်စွာဖြင့် အိမ်သို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်တို့ ရပ်ကွက်ထိပ်ရှိ ဘုန်းကြီးကျောင်း ရှေ့သို့ ရောက်သောအခါ ဆိုးတေက –

"ဟေ့ကောင်တွေ၊ ဘုန်းကြီးကျောင်းပေါ်မှာ ခိုဥတက်နှိုက်ကြ မလား" ဟု မေးရာ ကျွန်တော်က

"အေး – ကောင်းသားဘဲ" ဟု ထောက်ခံလိုက်ပါသည်။

"မလုပ်ပါနဲ့ကွာ၊ မကောင်းပါဘူး"

'ဟုတ်တယ်ကွာ၊ မတော် တဆ လိမ့်ကျယင်သေနေလိမ့်မယ်' ဟု တောင်းပန်သူကတောင်းပန်ပါသည်။ သို့သော် ဆိုးတေက–

"လာကွာ ကျော်မြင့်ရာ၊ လူကြောက်တွေနဲ့ စကားပြောမနေပါနဲ့၊ အချိန် ကုန်တယ်" ဟု ဆိုးတေကပြောကာ ကျွန်တော့်ကို ဆွဲခေါ် သွားပါတော့သည်။

ကျွန်တော်နှင့် ဆိုးတေသည် ဘုန်းကြီးကျောင်းဝင်းထဲသို့ ဝင်သွား ကြပါသည်။ ဘုန်းကြီးကျောင်း ခေါင်းရင်းဖက်ရှိ သရက်ပင်ကြီးအောက်သို့ ရောက်သောအခါ ဆိုးတေက ကျွန်တော့်ကို အောက်မှ စောင့်နေရန်ပြောပြီး သရက်ပင်ပေါ်သို့ လျှင်မြန်စွာ တက်သွားလေတော့သည်။

သရက်ပင် ထိပ်ဖျားသို့ ရောက်သောအခါ ဆိုးတေသည် ဘုန်းကြီးကျောင်း ခေါင်မိုးပေါ်သို့ လှမ်းတက်လိုက်ပါသည်။ ထို့နောက် ပြာသာဒ် ရှိရာသို့ သတိထားပြီး လျှောက်သွားပါသည်။ ဆိုးတေကိုမြင်၍ ခိုများ ပျံပြေးကြပါသည်။ ဆိုးတေသည် ပြာသာဒ်ကြားသို့ လျှောက်နှိုက်နေပါသည်။

အတန်ကြာသောအခါ အထုပ်တထုပ်ကို အောက်သို့ ပစ်ချလိုက်ပါသည်။ ကျွန်တော် ကောက်ယူကြည့်သောအခါ ခိုပေါက်စကလေး သုံးကောင်ကို တွေ့ပါသည်။ ဆိုးတေသည် သူ့အင်္ကျီဖြင့်ထုပ်၍ ပစ်ချလိုက်ခြင်းဖြစ်ပါသည်။

မကြာမီတွင် ခေါင်မိုးပေါ်မှ ဆိုးတေ ဆင်းလာပါသည်။ ခေါင်မိုးအဖျားသို့ ရောက်သောအခါ သရက်ကိုင်းဆီသို့ လှမ်းကူးရန် ဟန်ပြင်လိုက်စဉ် ခြေချော်သွားပြီး အောက်သို့ ဆိုးတေ ကျလာပါတော့သည်။ ကျွန်တော့်မျက်စိများ ပြာသွားကာ ဘာကိုမျှ မမြင်လိုက်တော့ပါ။ အရှိန်ပြင်းစွာဖြင့် မြေကြီးပေါ်သို့ ကျလာသည့်အသံကြီးကိုသာ ကြားလိုက်ရပါသည်။ ကျွန်တော်ကြောက်လန့်စွာ အော်ဟစ်လိုက်ပါသည်။

ကျွန်တော်၏ အော်သံကြောင့် ကျောင်းပေါ်မှ ဘုန်းတော်ကြီးများနှင့် ကျောင်းသားများ ဆင်းလာကြပါသည်။ ဆိုးတေကို ပွေ့ချီပြီး ကျွန်တော့်ကို မေးကြပါသည်။ ဆိုးတေသည် ခြေထောက်တဖက် သွင်သွင်ကျိုးကာ သွေးအလိမ်းလိမ်းဖြင့် သတိမေ့လျက် ရှိပါသည်။

ကျွန်တော်က အကျိုးအကြောင်း ပြောပြလိုက်ပါသည်။ ကျွန်တော့်အသံသည် ငိုသံပါနေပါသည်။

ကျွန်တော်သည် ကြုံခဲ့ရသော အဖြစ်အပျက်များကို ပြန်လည်စဉ်းစားကြည့်ပါသည်။ ကျွန်တော်အဖြေရခဲ့ပါပြီ။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ လုပ်ရပ်ကို တကယ့်စွန့်စားမှုကြီးသဖွယ် ထင်မှတ်ခဲ့ကြပါသည်။ စင်စစ်တွင် အကျိုးရှိသော စွန့်စားမှု မဟုတ်ပဲ အကျိုးမဲ့သော စွန့်စားမှု တခုသာ ဖြစ်နေပါသည်။

ထို့ကြောင့် မည်သည့်ကိစ္စတွင်မဆို မပြုလုပ်မီ ဆင်ခြင်သင့်လှပါသည်။

# လုံ့လရှိသူ ပန်းတိုင်ယူ

ယုန်ကလေးက တခုန်ခုန်၊
သိန္ဓောမြင်း အဟုန်။
အားကုန်လွှတ်လို့ မြန်မြန်ပြေး၊
လိပ်က အသွားနှေး။
အသွားနှေးတဲ့ ရွှေလိပ်မှာ၊
လုံ့လ အဖော်ပါ။
ရွှေယုန်မှာ အပျင်းမွေး၊
အိပ်ပေါ့ လမ်းနံဘေး။
လိပ်ကလေးက ဇွဲကောင်းစွာ၊
တရွေ့ရွေ့နဲ့လာ။
ယုန်ကိုကျော်ကာ ရှေ့ကပြေး၊
ပန်းတိုင် ဦးတယ်လေး။ ။

မောင်ဝမ်းထွန်း



R. 517

# နောက်ဆုံးအတွဲ




ရုရှားပြည်မှ ကလေးကစားနည်း ဖြစ်သည်။ ကိုးယောက်နှင့်အထက် ကစားနိုင်သည်။ ကစားသူများသည် နှစ်ယောက်တတွဲ လက်တွဲကာ စီတန်း၍ ရပ်နေရသည်။ အပိုတယောက်က လိုက်သူအဖြစ် စတင်လုပ်ရသည်။ လိုက်သူသည် ရှေ့ဆုံးအတွဲ၏ ရှေ့ခြောက်ပေမှ ဆယ်ပေခန့်တွင် ရှေ့တည့်တည့်သို့ မျက်နှာမူ၍ ရပ်နေရသည်။ လိုက်သူက "နောက်ဆုံးအတွဲထွက်" ဟု အော်လိုက်လျှင် နောက်ဆုံးအတွဲသည် လက်တွဲဖြုတ်၍ ရှေ့သို့ အတွဲတန်းကြီး၏ တဖက်တချက်မှ တက်လာရသည်။ သူတို့သည် မြန်မြန်ဖြစ်စေ နှေးနှေးဖြစ်စေ ကြိုက်သလို လာနိုင်သည်။ လိုက်သူသည် နောက်သို့ လှည့်မကြည့်ရပေ။ နောက်မှ တက်လာသူနှစ်ဦး သူနှင့်တတန်းတည်းနေရာသို့ ရောက်သောအခါ တဦးဦးကို လိုက်ဖမ်းရလေသည်။ အတွဲဖြုတ်ထားသူနှစ်ဦး လက်တွဲ ပြန်ဆက်မမိမချင်း လိုက်ဖမ်းနိုင်သည်။ တယောက်ယောက်ကို မိပါက ထိုသူသည် လိုက်သူ နေရာတွင် ဝင်ရသည်။ တယောက်မျှမမိဘဲ လက်တွဲပြန်ဆက်မိသွားပါက ထိုအတွဲသည် ရှေ့ဆုံးတွင် ဝင်ရပ်ရသည်။ ထိုအခါ လိုက်သူသည် နောက်ဆုံးအတွဲကိုခေါ် ထုတ်၍ ယခင်နည်းအတိုင်း ဆက်ကစားရမြန်သည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးသင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

စ ‌နေ နေ့ တိုင်း ထုတ် ဝေ သည်။


ရွှေသွေး ဂျာနယ်

အတွဲ - ၂ အမှတ် - ၄ ၂၄ - ၁ - ၇၀

# ရွှေပေါင်းချောင်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - သာညွှန့်




ဒါ - ရွှေပေါင်းချောင် - ကွဲ သိမ်းထား၊ ငါ့ညီတွေ လါရင် လဲ ခဏပေးလိုက် ပါ - ရှင်မရယ်
ဟုတ်ကဲ့
ထိုရွှေပေါင်းချောင်ကို သားအကြီးဆုံး ကိုနုက ထိန်းသိမ်းထားရသည်။
ဟင်း.......
ရွှေ - ရွှေ - ရွှေ -
ဇနီးသည်က ရွှေပေါင်းချောင်ကိုကြည့်ပြီး -
လောဘထွက်လာကာ ပေါင်းချောင်နှုတ်ခမ်းကိုရေတ်ကျည်ပွေ့ဖြင့် တိတ်တဆိတ် ဖဲ့ယူထားလိုက်သည်။
တ - ခါ - တ - ရံ ကောက် ညှင်း ပေါင်း၍ အ လှူ ပေး၏။
ကိုကြီးနု ရေ.... ပေါင်းချောင်လေး ခဏလောက်....
ကိုရင်နု တော့မရှိဘူး၊ ပေါင်းချောင် ဒီမှာ - ယူ သွားလေ..
တနေ့သော် ကိုစသည် အလှူလုပ်လို၍ ပေါင်းချောင်သွားငှား၏။
ရွှေကြည်ရေ.... ပေါင်း ချောင်ယူလာပြီ - ကိုကြီး နှင့်ညီ လေးတွေကိုဝေ ပေးဖို့ပါ ချက် ဟေ့ ----
သိပါတယ် - ကိုရင်စ ကလဲ ----
ရွှေပေါင်းချောင်ကို ဇနီးလက်သို့ အပ်သဖြင့် ရေတွင်း၌ ဆေးကြောစဉ် -
ဟဲ ... ဒီအပဲ့ဟါ - ကိုကြီးနု မိန်းမရဲ့ လက်ချက် - ဖြစ် ရမယ်၊ ရွှေကြည်ဘဲ -- ဘါရမလဲ - ထပ်ဖဲ့ ထားလိုက်မယ်
နှုတ်ခမ်းပဲ့နေသည်ကို တွေ့လေ၏။


အလှူပြီးသော်....
ရွှေကြည်ရေ --- ကိုရွှေဖိုးယင် ပေါင်းချောင်း ပြန်ပို့လိုက်တော့ပေါ့ -
အို - ကိုစကလဲ အလုပ်များရတဲ့ထဲ - လှူချင်တဲ့လူရှိယင် လာယူလိမ့် မပေါ့
ကိုရင်မ - ဒီမှာကြည့်စမ်း - ရွှေပေါင်းချောင်းပဲ့နေပါပကော. ကိုယ့် တာဝန်ဖြစ်နေအုံးမယ် - ရှင်းပြလိုက်ပါအုံး ---
အိုကွာ - အသာ နေစမ်းပါ - ရတဲ့ အတိုင်း ပြန်ပို့လိုက် ပေါ့
တနေ့သော် ကိုမသည် ကိုစထံမှ ပေါင်း ချောင်း ငှားလာပြီး ဇနီးလက်သို့အပ်ရာ -
အင်း --- အကိုကြီး တွေက တရားမျက် တော့ - ဘယ်ကောင်း မလဲ .
ငါက - ခပ် ရှင်းရှင်း ဘဲ ကြေးအိုးနဲ့ လဲထားလိုက် မယ်
ဇနီးသည်က မကျေမနပ်ဖြစ်ပြီး အကြံဆိုးတ ခုကို ကြံလေတော့၏။ ထို့နောက် -
ပုံပန်းရော အရွယ်ပါ ခွဲမရအောင် တူမှဖြစ်မယ် - လုပ်ခ ကျသလောက်ပေးမှာပါ
တူရမှာပေါ့
ပုံတူ ကြေးပေါင်းချောင်းတလုံးကို လုပ်စေ၏။
အမရေ - ကိုကြီးနဲ့ ရှိသလား ၊ မုံ့ လာ ပို့တယ်
မုံ့လုပ်၍ အစ်ကိုနှင့် ညီတို့ထံ လိုက်ဝေ၏။
ကိုမရာ - ဒါရွှေပေါင်းချောင်းမှ မဟုတ်ဘဲ - ကြေး ပေါင်းချောင်း ကြီးဘဲ -
ဟင် — ဟုတ်လား
များမကြာမီ ကိုဝ အလှူလုပ်လို၍ ရွှေပေါင်း ချောင်း လာငှားရာ ကြေးပေါင်းချောင်း ဖြစ်နေ သည်ကိုတွေ့သဖြင့် -


ထိုအခါ ကိုဗ၏ဇနီးက ရွှေပေါင်းချောင်ကို ထုတ်ပေးလိုက်သည်။
တောက်
ကိုဝသည် နှုတ်ခမ်းပဲ့နေသည်ကိုတွေ့၍ မကျေမနပ် ဖြစ်ပြီးလျှင် –
ကိုဗက ခပ်အေးအေးပင် ရှင်းပြ၏။
ဒေါသ ရှေ့မထားပါနဲ့ ငါ့ညီ
ကိုဝသည် အစ်ကို လေးဦးကို အိမ်သို့ ဖိတ်ခေါ် ကျွေးမွေးပြီးသော် –
ကိုကြီးနက နောင်ကို အမှားမလုပ်ကြရန်နှင့် စိတ်ဝမ်းမကွဲကြရန် ဆုံးမစကား ပြောကြားလေ၏။
ရွှေပေါင်းချောင်ကြီးကို ပြင်ပြီးသည့်နောက် –







မင်းတို့ ငါ့တိုက်ထဲကို ဘာကိစ္စဝင်ကြတာလဲ။

# လူတို့ဖန်တီးသော အလင်းရောင်

ရေးသူ- ဥမြင့်
သရုပ်ဖော်- ကျော်ကျော်



နေဝင်ပြီဆိုလျှင် တဖြည်းဖြည်းမှောင်လာတော့သည်။ ရှေးဦး လူသားတို့သည် ထိုအမှောင်ထဲတွင် မအိပ်မချင်း ပျင်းရိစွာ နေခဲ့ကြရသည်။

ထို့ကြောင့် သူတို့သည် အလင်းရောင် ရရှိရန် စတင်ကြံဆကြလေတော့သည်။သူတို့သည် ကြာရှည် မီးလောင်ခံမည့် အရာများကို ရှာကြသည်။ ပထမဆုံး သူတို့သည် မီးကင်သော အသားများမှ ထွက်သည့်အဆီများကို လောင်စာအဖြစ် အသုံးပြုကြသည်။ ထိုအဆီများထဲတွင် ကိုင်းရွက်ခြောက်စည်းကို နှစ်ပြီး မီးထွန်းညှိကြသည်။ သီးနှံများမှထွက်သော ဆီများကိုလည်း အသုံးပြုလေသည်။

ထို့နောက်တွင်မူ ကနုကမာခွံ၊ မြေခွက်တို့တွင် အဆီများထည့်ပြီး လျှော်ချည်ကိုနှစ်ကာ မီးထွန်းကြလေသည်။ ဆီမီးခွက်ဟု ခေါ်ဆိုနိုင်ပေသည်။

ဆီမီးခွက်အဆင့်မှနေပြီး မီးခွက်အဆင့်သို့ တိုးတက်တီထွင်ကြပြန်သည်။

တိရစ္ဆာန် အဆီများနှင့် သီးနှံ ဆီများကို အသုံးပြုရာမှ ရေနံကို ရှာဖွေတွေ့ရှိလာပြီး ရေနံကို လောင်ဆီအဖြစ် အသုံးပြုလာကြသည်။

ဖယောင်းတိုင်သည် ရှေးဦး အဆီဆွတ် မီးတုတ်သဘော ဖြစ်သည်။ မီးလောင်မည့် ချည်စကို ဖယောင်းသားဖြင့် အုံမံထားခြင်း ဖြစ်သည်။


ဖယောင်းတိုင်များနှင့် မီးခွက်များ သည် လေကြောင့် အလွယ်တကူ ငြိမ်းနိုင်လေသည်။ ထို့ကြောင့် ထိုမီးတောက်များကို ကာရံဖို့ လိုလာသည်။ ပထမဆုံး အဖြူရောင် ဦးချိုပါးပါးကို မီးအိမ်ပြောင်း အဖြစ် အသုံးပြုကြသည်။

ထို့နောက် ဖန်မှန်များကို အသုံးချနိုင်လာသည်။ ဤသို့ဖြင့် မှန်အိမ်ဟူသော အမည်သစ်ရှိလာလေသည်။

ကျောက်မီးသွေးငွေ့ကို အသုံးချတတ်လာပြန်သောအခါ ကျောက်မီးသွေးငွေ့ လောင်စာဖြင့် မီးများထွန်းညှိလာကြသည်။

ထိုမှတဆင့် လျှပ်စစ်ဓာတ်အားကို အသုံးချပြီး မီးထွန်းညှိလာနိုင်ကြပြန်သည်။ လျှပ်စစ်မီးလုံး၊ မီးချောင်းများတွင် နီယွန်ဓာတ်ငွေ့များထည့်၍ ပိုမို တောက်ပသော အလင်းရောင်ကို ဖန်တီးနိုင်ကြပြန်လေသည်။

ဤသို့ဖြင့် လူတို့သည် အဆင့်ဆင့် ကြိုးစားအားထုတ်မှုဖြင့် အမှောင်ထုကို အောင်ပွဲဆင်နိုင်ခဲ့ကြလေသည်။






ကျော်သိန်း - ၏
အစားတမှုပ
တခါက ညိုညိုနှင့် စုတ်စုတ်ဆိုသော ကြွက်
သူငယ်ချင်းနှစ်ကောင်ရှိလေ၏။
သူတို့သည် တဦး၏အန္တရာယ်ကို တဦးက သတိ
ပေးကာ ရှောင်တိမ်းနေထိုင်ကြလေသည်။
တနေ့သော် × ×
ဟာ × ကယ်များတဲ့ အစာတွေပါလား ×
ဆာနေတာနဲ့ အတော်ဘဲ × အဝတီးပစ်
လိုက်မယ် × လာဟေ့ သူငယ်ချင်း ×
ဟေ့ × စုတ်စုတ် နေအုံး
မစားနဲ့ အုံး × × ×
ဟင် × ဘာဖြစ်လို့လဲကွ
ဆာလှပြီ × စားတော့
မယ် လေကွာ × ×
ဒီထဲမှာ အဆိပ်ခတ်ထား
တယ်ကွ × ဒါကြောင့် မစား
နဲ့လို့ ပြောတာ × ×
အောင်မယ် ×
မင်း ဘယ်လို လုပ်
သိသလဲ ဟေ × ×


မင်းကြည့်ပါလား x အစာဒီလောက်များများ ပုံထားတာတောင် x ပုရွက်ဆိတ်တွေလာ မစားဘူး x ဒီတော့ အန္တရာယ်ရှိလို့သာ ဖြစ်တော့မပေါ့ သူငယ်ချင်း x x
လာပါကွဲ x x တခြား အန္တရာယ်ကင်းတာ သွားရှာစားကြတာပေါ့
သို့နှင့် x
ဟော x ဟိုမှာ အမဲသားတတုံး ဟော့ တွေ့လား x ဒို့နှစ်ကောင်သွားပြီးစားမယ် လာကွာ x ဆာလှပြီ x x x
ရပ်ရပ် x နေအုံး နေအုံး x x
ဟော့ကောင် အရမ်းမသွားနဲ့ x အန္တရာယ် ရှိတယ် x x
လာ မှန်ပလား အန္တရာယ် မင်းမစားယင်နေ x ငါတကောင်ထဲ သွားစားမယ် x ရှေ့ကဖယ်စမ်းကွာ x x
နေပါအုံး x ငါ့စကားနဲ့နဲ့နား ထောင်စမ်းပါအုံး x ပြီးမှ မင်းစားချင်စားပေါ့ x
ကဲ x ဆိုစမ်း ဘာပြောမှာလဲ x


ငါလဲ ဆာတာပါဘဲကွာ x ဒါပေမဲ့ အန္တရာယ်က ရှိနေလို့ပါကွာ x ဒီမှာ ကြည့် x မင်း ဝေးဝေးက ရှောင်နေအုံး x
အမယ်လေးဗျ x
ဒေါက်
ဒေါက် x တဲ့ဟေ့ x x x ကြွက်မိနေပြီထင်တယ် သွားကြည့်စမ်း x x
အိုး x ဂျက်ပြုတ်ဖြီး ကြွက်လဲမမိပါလား x ပြန်တပ်ခဲ့အုံးမှဘဲ
ထို့နောက် x x
ကဲ x မင်းအစားတလုပ်အတွက် နဲ့ ဘယ်အထိ အန္တရာယ် ရှိတယ် ဆိုတာတွေ့ပြီ မဟုတ်လား x
ဟုတ်ပါတယ် x ငါနောက်ကို အစား အသောက်မငမ်း တော့ပါဘူး x x စဉ်းစားဆင်ခြင်ပါတော့မယ် သူငယ်ချင်းရယ် x x




တူပစ် ပြိုင်ပွဲသည် ကမ္ဘာ့ အိုလံပစ် ပွဲတော်ကြီးတွင် ပါဝင်သော အမျိုးသားများအတွက် ယှဉ်ပြိုင်မှုတရပ်ဖြစ်သည်။


တူဟု ခေါ်သော်လည်း အမှန်စင်စစ် ကြိုးကပ်ပုံ လက်ကိုင်သံကွင်းတွင် ၁.၂၂ မီတာရှည်သော သံကြိုးတချောင်းဖြင့် တပ်ဆင်ထားသည့် ၁၆ ပေါင် လေးသောသံလုံးဖြစ်သည်။

ပစ်သူသည် သံကွင်းကိုလက်နှစ်ဖက်နှင့် မြဲအောင် ကိုင်ပြီး လိုအပ်သလို လှည့်ပတ် အရှိန်ယူ၍ ပစ်ရသည်။ အရှိန်ယူသောစည်းဝိုင်းသည် အချင်း ၂.၁၃၅ မီတာ ရှိသည်။ တူကိုပစ်လွှတ်ရာ နယ်နိမိတ်မှာ ထောင့်မှန် မျဉ်းနှစ်ခု အကြားဒေသဖြစ်သည်။

တူပစ်မည့်သူသည် ပစ်မည့်ဖက်ကို ကျောခိုင်း၍ စည်းဝိုင်းနောက်နားတွင် ရပ်နေရသည်။ တူ၏ သံကွင်းကို ကိုင်သောအခါ ဘယ်လက်သည် အောက်ဖက်မှ ဆုပ်ကိုင်၍ ညာလက်သည် ဘယ်လက်အပေါ်မှ အုပ်၍ ကိုင်ထားရသည်။ သံပြားဝိုင်း ပစ်ရာမှာကဲ့သို့ ကိုယ်ကို တဖြည်းဖြည်း လှည့်ပတ်ပြီး အရှိန် ယူရစဉ် ကျွမ်းကျင်စွာ ထိန်းပေးမှသာ အရှိန် အမြန်ဆုံးဖြင့် ပစ်လွှတ်နိုင်သည်။ ခြေဖျားများကို မြေနှင့် ထိနေစေရန် သတိပြုရမည်။ မြေမှကြွသွားပါက ကိုယ်၏ ဟန်ချက် ထိန်းသိမ်းမှု လွဲ၍ ပစ်ကွင်းမှလည်း လွဲချော်သွားနိုင်သည်။

များစွာသော တူပစ်သမားတို့သည် သုံးကြိမ် လှည့်ပြီးမှ ပစ်လွှတ်လေ့ ရှိကြ၏။

၁၉၆၈ ခုနှစ် မက္ကဆီကို အိုလံပစ်ပွဲတော်တွင် ဟန်ဂေရီနိုင်ငံမှ "ဂယူလာဇဗိုစကီး" သည် ၂၄၀ ပေနှင့် ၈ လက်မ အကွာအဝေး ရောက် အောင် ပစ်၍ ပထမ ရွှေတံဆိပ် ရယူ သွားခဲ့သည်။





# သားရွှေစင်

ရေနံ့သာ မိုးမင်း

"မောင်ရွှေစင် – ခဏလာအုံး"

သူငယ်ချင်း တ ယောက် ၏ အိမ်သို့ သွားရန် ပြင် ဆင် နေသော ရွှေ စင် သည် အ မေ ၏ ခေါ် သံကြောင့် စိတ်လှုပ်ရှား သွားမိသည်။

"ကျနော် မအားသေးဘူး အမေ၊ သူငယ်ချင်းဆီ သွားမလို့"

"ဟဲ့ ရွှေစင်၊ နင် ဘယ်မှ မသွားနဲ့အုံး။ ငါ့မှာ အလုပ်ချိန်မှီအောင် ချက်ရ ပြုတ်ရနဲ့ ဘယ်လောက် ဗျာများနေတယ်ထင်သလဲ။ လာစမ်း ငရုတ်သီးကူထောင်းပေးရမယ်"

အမေ့စကားကြောင့် ရွှေစင်မှာ အသက်မရှူနိုင်လောက်အောင် ရင်မော၍ သွား ရ ပေ သည်။ ရွှေစင်သည် ဆန္ဒရှိသော အလုပ်ကို မလုပ်ရလျှင် မျက်လုံးထဲမှ အခိုး အငွေ့ ထွက်မတတ် မကျေမနပ် ဒေါသကြီးတတ်သူ ဖြစ်၏။ ယခုလည်း အမေက သူ့ အစီအစဉ်ပျက်အောင် မတရားသက်သက် ခေါ်၍ ညှဉ်းပန်းသည်ဟု ထင်မိသည်။ အမေသည် ပြည်သူ့ဆိုင်မှာ လခ ၈၇ ကျပ်ရသော အ ကူ စျေး သည် အလုပ်ဖြင့် သူ့ကို ကျောင်းထားပေးမှန်းသိပါ၏။ သို့ရာတွင် အလုပ် မသွားမီ နံနက်စာ ချက်ပြုတ်ရာ၌ ရွှေစင်လို သားတယောက်ကို မီးဖိုချောင်ကိစ္စ ဝင်ကူစေခြင်းမှာကား မတရားဟု ရွှေစင် ထင်မြင်မိလေသည်။

"အမေ့ကို ကျနော် မကူနိုင်သေးဘူး။ သူ ငယ် ချင်း ဆီ မသွားယင် မဖြစ်တဲ့ကိစ္စမို့ သွားကို သွားရမယ်"

"တယ်....ဒီကောင်လေး နာတော့မှာဘဲ။ လာဆိုယင် လာစမ်း။ နောက်တခွန်း ထပ်မပြောနဲ့"

ရွှေစင်သည် ရင်ထဲမှ လှိုက်၍ လှိုက်၍ တက် လာ သ ဖြင့် မျက် နှာ ကို ရှုံ့ မဲ့ လိုက် ကာ ခေါင်းကို ဗြင်းဗြင်းမြည်အောင် ကုတ် လိုက် လေ သည်။ အိမ်မှုကိစ္စက မပြီး၊ အလုပ်ချိန်က နီးနေပြီဖြစ်သောကြောင့် အမေသည် စိတ် မ ရှည် နိုင် တော့ ပဲ၊ ဒေါသဖြင့် မြည်တွန်တောက်တီးနေတော့၏။ ရွှေစင်သည် အမေ့ဆီသို့ မသွားသေးပဲ၊ စိတ်ပျက်လက်ပျက်ဖြင့် ကုလားထိုင်တလုံးပေါ် ထိုင်ချလိုက်သည်။ အမေတခု သားတခုမို့ အမေသည် သူ့အပေါ် အလိုလိုက်ဖို့ကောင်း.ပါသည်။ ရွှေစင် ဆိုသောအမည်နှင့် လိုက်လျောစွာ ရွှေကို မြတ်နိုးသလို ဖူးဖူးမှုတ်ထားဖို့ သင့်ပါ၏။ ယခုတော့ အမေသည် သူ့ကို အလိုမလိုက်၊ မျက်နှာ သာ မ ပေး၊ မ တ ရား ချုပ်ချယ်ထားသည်ဟု ထင်လေသည်။ မနက်စောစော အိပ်ရာက အတင်းနိုးခြင်း၊ မီးဖိုချောင်ကိစ္စ ဝင်ကူစေခြင်း၊ ညအခါ အချိန်မှန် စာကြည့် ရ ခြင်း တို့သည် အမေ၏ အကြင်နာကင်းမဲ့မှု၊ မညှာတာမှုများဟု ထင်သည်။ အမေကား မေတ္တာတရား ခေါင်းပါး လွန်းလှသည်။

မိခင်အရင်းမှ ဟုတ်ပါလေစဟု ရွှေစင် တွေးတောမိသည်။ ချွေးစီးများ ပြန်လာ၍ မျက်လုံးအစုံမှ မျက်ရည်ပေါက်အသွယ်သွယ် ကျလာ၏။ ရွှေစင်သည် ဆုံးဖြတ်ချက်တခုကို ချက်ချင်း ချမှတ်လိုက်လေသည်။

"အမေ့ဆီကို ကျနော် မလာနိုင်ဘူး။ သွားစရာ ရှိတာ သွားကို သွားရမယ်။ ဒီလောက် ရက်စက်လွန်းလှယင် အမေ့ဆီမှာ ကျနော် မနေဘူး။ ကျနော့်ကို သားလဲ မတော်နဲ့။ ကျနော် အမေ့သား မဟုတ်ဖူးဗျာ...."

ရွှေစင်သည် အပြေးထွက်၍ လာခဲ့၏။ ခြေ ဦး တည့် ရာ လျှောက်သွား နေ တော့ သည်။ သူ ချစ် သော၊ အား ကိုး သောသူ ငယ်ချင်းများထံလည်း ရောက်၏။ အ ကူ အ ညီ လည်း တောင်း ကြည့် ၏။ သို့ သော် မည်သူကမျှ ရွှေစင်အတွက် အကူအညီ မပေးနိုင်ကြပေ။ သည်လိုနှင့်ပင် ညအချိန်သို့ ရောက်လာခဲ့၏။ စိတ်ပျက် လက်ပျက်ဖြင့် လမ်းတကာလမ်း၊ ရပ်ကွက်တကာ ရပ်ကွက် သွားချည် ပြန်ချည် လျှောက်သွားနေမိတော့သည်။ တဖြည်းဖြည်း အချိန် ကုန်မှန်းမသိ ကုန်လာသောအခါ အိပ်ချင်သော မျက်လုံးများက ဆန္ဒပြုလာ၏။ ခြေထောက်ကလည်း လမ်းလျှောက်ရလွန်းသဖြင့် ညောင်း ညာ နေ ပေသည်။ ထို့ကြောင့် အမောပြေအနားယူရန် လမ်းဘေး ထိုင်ခုံတခုပေါ်တွင် လဲလျောင်းနေလိုက်မိ၏။ မကြာပါပေ....

ပြင်းထန်သော အ ဟုန် ဖြင့် မိုးရွာချတော့၏။ ရွှေစင်မှာ တကိုယ်လုံး ရွဲရွဲစို ရ တော့ သည်။ လေက ခပ်ကြမ်းကြမ်း တိုက်ခပ်ပြန်သဖြင့် အ သည်း ခိုက်အောင် ချမ်းအေးရပြန်သည်။ ထိုအချိန်တွင် အမေ့ကို ပြေး၍ သတိရမိ၏။ အမေ့နံဘေးတွင် ဇိမ်ကျကျ အိပ်နေရသည့် ညများကို ပြန်လည် မြင်ယောင်လာသည်။ ရွှေစင်သည် ခေါင်းကို ရမ်းလိုက်ကာ ချမ်း၍ တုန်နေသော နှုတ်ခမ်းများကို ဖိကိုက်ထားလိုက်၏။ မိုးစဲသွားသောအခါ၊ ခြင်ကောင်တို့က တဝီဝီမြည်ကာ လာရောက် နှိပ်စက် ပြန် သည်။ ရွှေ စင် အ ဖို့ သည်းမခံနိုင်လောက်အောင်ဖြစ်လာရတော့၏။ အမေ၏ ခြင်ထောင်ဖြူဖြူကို မြင်ယောင်လာရပြန်သည်။ ပတ်ဝန်းကျင်မှာ တိတ်ဆိတ်လွန်းလှ၏။ ရွှေစင်မှာ ကြောက်ရွံ့ ထိတ်လန့်စိတ်များ ဝင်လာတော့သည်။

"အမေရယ် – အမေရယ် – ကျနော် အမေ့သား မဟုတ်ဖူးလို့ ပြောမိတာ ခွင့် လွှတ် ပါ နော်–သား တောင်းပန်ပါတယ် အမေ...."

ဤသို့ စိတ်ထဲမှ ပြောရင်း အိမ်ရှိရာသို့ ဦးတည် ပြန်လာခဲ့လေသတည်း။

## မေ့ရင်သွေး

နေမင်းဖန်ဝါ ထွက်သောခါ
အိပ်ရာထက်မှ သည်းချာလှ
ထလေလေ့ ထလေလေး။

နေမင်းရောင်ခြည် အားပြုမှီ
ပြန်လည်စာနွှေး ကျက်မှတ်ရေး
တွေးလေလေ့ တွေးလေလေး။

နေမင်းထန်းဖျား ခိုမှီနား
ကျောင်းသွားတန်းဝင်
စာအံသင်
ပြင်လေလေ့ ပြင်လေလေး။

နေမင်းရောင်ရှိန် မွန်းတည့်ချိန်
တည်ငြိမ်စိတ်ထား သင်အံကြား
ပွားလေလေ့ ပွားလေလေး။

နေမင်းဖန်ဝါ ယွန်းသောခါ
ပြန်လာလူလေး မေ့ရင်သွေး
ထွေးမယ်လေ့
ထွေးမယ်လေး။ ။

ကြည်မွေ့(ဟံသာဝတီ)



R. 517




၂၅ ပြား


ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်း ထုတ်ဝေသည်။


# ပါဝင်ကိုယ်စီ ရှိကြသည်


# ရွှေသွေး ဂျာနယ်


အတွဲ-၂ အမှတ်-၅ ၁၀-၁-၇၀





ဟား-ဟား-စားပြီးအိပ် အိပ်ပြီးစားတဲ့-ဒို့ဘဝ ကောင်းတယ်
နင်တို့စား ဖို့ရော လူတွေစား ဖို့ရော ကုန်းရုန်းနေရတာ-
နို့ နွားတွေကွ နွားတွေ
မင်းက နွားစကား မပြောနဲ့ဟေ့
မင်းက ခွေးစကား မပြောနဲ့ကွ
ကိုယ့်ဖက်ကိုယ် ယက်တဲ့ကောင်တွေ ငါကန်လိုက်ရ
ထိုအခိုက် ဗိုးလုံးရောက်လာသဖြင့် ရန်ပွဲစဲသွားလေသည်။
ညတညတွင် သူခိုးနှစ်ယောက် နွားခိုးရန်အလာ - -
ခွေးကောင်း လို့ပေါ့နော်


များမကြာမီ စားကျက်တခုတွင် မြင်းနှင့် နွားများကို လွှတ်ထားစဉ်....
နွားပြာကြီးကို မြွေ ပေါက်လိုက်သဖြင့်
အွန်းဘဲ! ဟွန်းဘဲ!
ဝုတ် ဝုတ်
နွားအော်သံနှင့် မရှေးမနှောင်း ခွေး သည် ဖိုးလုံးကို ပြေးခေါ်သည်။
ဝုတ် ဝုတ်
ဖိုးလုံးသည် မြွေကို ရိုက်သတ်၍ မြွေဆိပ်မပြန့်စေရန် နွား၏ခြေထောက်ကို နွယ်ကြိုးဖြင့် စည်းနှောင်ပြီးနောက် ....


အမေရေ နပြာကြီးကို ပိုးထိုးလို့ဟျို.
ဟော! ဒုက္ခဘဲ
ကျန်းမာရေးမှူးကိုပါ တခါထဲသွားခေါ်လိုက်


နာရီပိုင်းအတွင်းပင် ဝိုင်းဝန်း ပြုစုမှုကြောင့် နွားပြာကြီးမှာ အသက် ချမ်းသာရာ ရသွားလေသည်။


နောက်တနေ့ ....
ဒို့အထင်လွဲတာတွေ ခွင့်လွှတ်ပါကွယ်---
လောကမှာ-သာတယ် နာတယ်-ဘယ်ဟုတ် မလဲရဲဘော်--
အေး.. တာဝန်ကိုယ်စီ ရှိကြတယ်မဟုတ် လား
ထိုနေ့မှစ၍ သူတို့အားလုံး ရန် မဖြစ်ကြတော့ချေ။


တိုက်ဆိုင်ကြီး
ကဲ-လာလာ-ဒီအထဲကို ဝင်ခဲ့ကြ၊
ဒါက ခေါင်းမှာဆောင်းတာ၊ ဒါက ကိုယ်မှာဝတ်တာ၊
ခုလို ဝတ်လိုက်တော့ ကြောက်စရာ သရဲကြီးပေါ့၊
မျက်လုံးကို ဝင်းစနေအောင် ဘယ်လိုလုပ်သလဲ၊
ပေါ့ ဒီမီးသီးလေးနှစ်လုံးကို တပ်လိုက်တာပေါ့၊
ကျနော်တို့ မြင်သရဲ တကယ်ချောက်တယ် လို့ မထင်ပါဘူး၊ ဘာပြုလို့ ဒီလို ချောက်တာလဲ၊
အေး-မင်းတို့ကို ရှင်းပြရတာပေါ့၊ ဒီလိုကွဲ့ ဦးခံတော်ပါ၊ ဟိုတုန်းက ပိုက်ဆံ တော်တော်ချမ်းသာတယ်၊ သူ့မှာ ဓနဥစ္စာတွေ ရှိတာပေါ့၊
ဟုတ်လား-ဘာများကြီးလား၊
ဒါဒါ နားထောင် ပါကွ၊






ဆက်ရန်

# အသုံးချ တိရစ္ဆာန်များ

ရေးသူ - ရဲမြင့်












လူတို့သည် တိရစ္ဆာန်ရိုင်းများကို ဖမ်းယူ၍ ယဉ်ပါးအောင် မွေးမြူခဲ့ကြသည်။ ထို့နောက် လိုအပ်သော နေရာများတွင် အသုံးချခဲ့ ကြလေသည်။ ထိုကဲ့သို့ သမိုင်းဦးကာလမှ စထင်လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်မည်ဟု ခန့်မှန်းရပေသည်။

ပထမဦးဆုံး မွေးမြူ လေ့ကျင့်ပေးသည့် တိရစ္ဆာန်များမှာ မြင်း၊ နွား၊ ကျွဲနှင့်ခွေးတို့ ဖြစ်နိုင်ပေသည်။ မြင်းများသည် အမဲလိုက်ခြင်း၊ ခရီးသွားခြင်းတို့အတွက် အသုံးဝင်သည်။ နွားနှင့် ကျွဲသည် လေးလံသော ဝန်များကိုဆွဲရန်အတွက် အသုံးဝင်သည်။ ခွေးများကိုကား အမဲလိုက်ရာတွင်၎င်း၊ အိမ်စောင့်အဖြစ်၎င်း အသုံးပြုနိုင်လေသည်။

ယနေ့ကာလတွင်မူ တိရစ္ဆာန် အမြောက်အမြားကို လူတို့သည် အသုံးချလျက်ရှိပေသည်။ ကားများမသွားလာနိုင်သော တောင်တက်ခရီးများတွင် လားများကိုဝန်သယ်ရန် အသုံးချကြ










သည်။ အလွန်လေးလံသော ပစ္စည်းများကို ရွှေ့ရန်ဆင်များကို အသုံးချကြသည်။ စိတ်ရှည်သော နွားကျွဲများအား ထွန်တုံးများကို ရုန်းဆွဲစေသည်။ အချို့တိုင်းပြည်တွင် တင်ကျီးငှက်ကို ငါးဖမ်းရန် အသုံးချသည်။ ခိုကို စာပို့ရန် အသုံးချသည်။ အခြားငှက်များကို ဖမ်းပေးရန်အတွက် သိန်းငှက်များကို အသုံးချကြသည်။ မြွေပါများကိုလည်း ယုန်လိုက်ရာတွင် သုံးကြသည်။ ယုန်ကျင်းအတွင်းသို့ မြွေပါကို လွှတ်ပေးလိုက်လျှင် ယုန်များ ထွက်လာပြီး လွယ်ကူစွာ ဖမ်းယူနိုင်သည်။ ဆိတ်များကို နို့ရရန် မွေးမြူကြသည်။ မိခင်နို့ ကောင်းစွာ မရသော ကလေးများကို ဆိတ်နို့ တိုက်ကျွေးပြီး အသက် ရှင်စေနိုင်သည်။

အခြား တိရစ္ဆာန်ရိုင်း အများအပြားကို လည်း လူတို့သည် အသုံးချနိုင်ခဲ့ကြပေသည်။


တိရစ္ဆာန် ရိုင်းများအား ဤသို့ အသုံးချနိုင်ခြင်းသည် လူတို့၏ ကြီးမားသော အသိဉာဏ်စွမ်းအင်ကြောင့် ဖြစ်ပေသည်။




လမ်းမှန်
ကျော်ကျော်
ဖိုးထောင်၊ တူးမောင်တို့ သူငယ်ချင်း လေးယောက်သည် တနင်္ဂနွေနေ့တွင် စက်ဘီးစီး၍ ထွက်လာကြသည်။ လမ်းတွင် ကားရှင်းသဖြင့် တလမ်းလုံးပြည့်အောင် ယှဉ်၍ နင်းလာကြသည်။
ထိုခဏ-
နောက်မှာ ကားဟေ့
ဒီဘက်ကို ရွှေ့လိုက်
အမလေး
ပွမ်..ပွမ်
ကားပေါ်မှ လူကြီးတယောက် ဆင်း လာပြီး.....
ငါ့တူတို့ စီးတာလမ်းမမှန်လို့ ခုလိုဖြစ်ရတာကွဲ့.
စက်ဘီး စီးယင်..လမ်းရဲ့ ဘယ်ဘက်မှာ တယောက် နောက် တယောက် တန်းစီပြီး စီးရတယ်
ထို့နောက် လမ်းမှန်အတိုင်း စီး၍ သီချင်းလေး တကြော်ကြော်ဖြင့် ပြန်လာကြလေသည်။


သီတာနှင့် ကျုမသည် တတန်းထဲ သား သူငယ်ချင်းများ ဖြစ်ပါသည်။
—သီတာပြောပြသော အကြောင်း အရာများသည် အံ့ဩစရာကောင်း၏။
အော်-ဒါလား
ထို့ကြောင့် ကျုမသီတာကို မေးကြည့်မိပါသည်။
ကျုမလည်း သီတာ ကဲ့သို့ ဗဟုသုတ ရသော စာများကို ဖတ်ရန် ဆုံး ဖြတ်လိုက်ပါသည်။


ပန်းချီ မိုးသက်
ဟဲ့. သမီး စာမေးပွဲဖြေ. သွားရမှာ ဖြစ်နေလိုက်တာ. မင်းသမီးကျနေတာပဲ.
စာမေးပွဲဖြေဖို့ အချိန် မီးနေပြီမဟုတ်လား
ဟုတ်ကဲ့ပါမေမေရဲ့.
မေမေတို့ဟာ . ငါ့ကို သိပ်ပြီး ချစ်ရှာတာပဲ.
အို.. စာမေးပွဲဖြေဖို့ အချိန် အတော်ဦးသေးဟလား ငါ့အမှူ ဖြင့်တာ အချိန် အတော်ကြာ သွားတာပဲ...
ဆရာမ. ကျွန်မ ဖောင်တိန် မေ့ကျန် ခဲ့ပြီ...
စာဖြေခန်းတွင်
စာမေးပွဲ ဖြေ သွားရမယ် ဆိုက တကယ် ကြိုတင် စီမံထားမှပေါ့ ကွာ. ဆရာမဖောင်တိန် ယူရေး
ဒါ ငါ့အဖြစ်ပဲ စာမေးပွဲ ဖြေလာမှာကို. အမှဖြင့်နေ မိလို. အားလုံးမေ့ကျန်တာ ကို....




"ဆမ်ဘို"ဆိုသည်မှာ ရုရှားဘာသာဖြင့် လက်နက်မဲ့ ကိုယ်ခံပညာဟု အဓိပ္ပာယ်ရသည်။ ရုရှားလူမျိုးစုအသီးသီး၏ ရိုးရာနပမ်း သတ် နည်း များ မှ အကောင်းဆုံးနည်းများကို ဆမ်ဘိုတွင် ထည့်သွင်းထားသည်။


ဆမ်ဘိုတွင် ရှေးဦးစွာ မတ်တတ်ရပ်အနေအထားဖြင့် စတင်ယှဉ်ပြိုင်ကြရသည်။ တဦးနှင့်တဦး လက်ဖြင့် မြဲမြံစွာဆုပ်ကိုင်ပွေ့ဖက်ပြီး လုံးထွေး ကြရာမှ ကြမ်းပေါ်သို့ လဲကျသွားလျှင် တဖက်လူကို ကိုယ်လုံးဖြင့် ဖိပြီး မလှုပ်နိုင်အောင် ချုပ်ကိုင်ခြင်းပြုနိုင်သည်။ အကယ်၍ ပြိုင်ဖက်ဖြစ်သူအား ကြမ်းနှင့်ကျောထိသည့်အထိ မတ်တတ်ရပ် အနေအထားဖြင့် တချက်တည်း ကိုင်ပေါက်ပစ်ချနိုင်လျှင် အံပြတ်အသတ်နိုင်သည်။


ဆမ်ဘိုပွဲတချီလျှင် ပထမပွဲငယ်နှင့် ဒုတိယပွဲကြီးဟူ၍ ပါရှိ၏။ ပထမပွဲငယ်တွင် ၆ မိနစ်၊ ဒုတိယပွဲကြီးတွင် ၁၀ မိနစ် အချိန် သတ်မှတ်ထားသည်။ နားချိန်မရှိပဲ တလျှောက်လုံး ယှဉ်ပြိုင်ရသည်။

၁၉၃၉ ခုနှစ်တွင် ဆိုဗီယက်ယူနီယံ၏ ပထမဆုံး အမျိုးသားတံခွန်စိုက် နပမ်း သတ်ပွဲကြီးကျင်းပရာ ဆမ်ဘိုကိုလည်း ပြိုင်ပွဲသစ်တခုအဖြစ် ထည့်သွင်းပေးခဲ့သည်။

ဆမ်ဘိုကို နိုင်ငံတကာ အပျော်တမ်းနပမ်းအဖွဲ့ချုပ်ကြီးက ၁၉၆၆ ခုနှစ် ဇွန်လတွင် ကမ္ဘာ့အားကစားတရပ် အဖြစ်အသိအမှတ်ပြုခဲ့လေသည်။

# လက် ဆွဲ အိတ် ငယ် လုပ်ကြည့်ကွယ်





# ပိုက်ဆံငါးပြား

နွယ်ကမယ်

နွေရာသီ ကျောင်းပိတ်ရက်က ဖြစ်သည်။

ဖေဖေနှင့်အတူ ဘကြီးတို့ရှိရာ တောသို့ ကျွန်တော်အလည်လိုက်သွားခဲ့ရသည်။ မြို့က သူငယ်ချင်းတွေနှင့်ခွဲလာခဲ့ရသဖြင့် ကျွန်တော် စိတ်မကောင်းပါ။

သို့သော် ခဏသာဖြစ်သည်။ တရက်နှစ်ရက်အတွင်း အပေါင်းအသင်းသစ်တွေ ကျွန်တော် ရလာခဲ့သည်။ သူငယ်ချင်းသစ်တွေနှင့် ရွာရိုး ကိုးပေါက် လျှောက်လည်တတ်လာပြီ။

တနေ့နံနက် စောစောစီးစီးတွင် ဖိုးတုတ်တို့ ကျွန်တော့်ဆီ ရောက်လာကြသည်။

"မောင်မောင်ရေ – ရွာထဲ လျှောက်လည်ရအောင်ဟေ့"

ဖိုးတုတ်၏ အော်ခေါ်သံကို ကြားရသည်။ တဆက်တည်းပင် ဖိုးတုတ်တို့လူစု အိမ်ထဲဝင်လာကြသည်။

"မင်းတို့က မောင်မောင် သူငယ်ချင်းတွေလားကွဲ့။ မောင်မောင် ကို လာ ခေါ် ကြ တာ လား" ဖေဖေကပြုံး၍မေးသည်။

"ဟုတ်ကဲ့ ဦးကြီး။ မောင်မောင်ပျင်းနေမှာ စိုးလို့ပါ" ပုတိုက သွက်သွက်လက်လက် ဝင်ဖြေသည်။

"ခေါ် သွားကြလေ– မောင်မောင် လိုက်သွားလေ"

ကျွန်တော်က အဝတ်အစားကိုပင် မလဲတော့ပါ။ ဖိုးတုတ်တို့နှင့်အတူ ရွာထဲသို့ ထွက်လာသည်။

"ဒို့ဘယ်သွားကျမလဲ" လမ်းတွင် ကျွန်တော်က မေးလိုက်သည်။ "ရွာထဲ လျှောက်လည်မှာပေါ့ကွ" ဖိုးတုတ်က ပြောသည်။

"အောင်ဘုကို သွားခေါ်အုံးမယ်ကွ။ ဒီကောင်ကြီး သူ့အမေ အကြော်ဆိုင်မှာ ရှိမယ်ကွ" ပွကြီးက အကြံပေးသည်။

အောင်ဘုကို သူ့အမေ အကြော်ဆိုင်မှာ တွေ့ရသည်။ ကျွန်တော်တို့နှင့် သူမလိုက်နိုင်ပါ။ သူ့အမေနှင့် အတူ အကြော်ကူရောင်းပေးနေရသည်။ ထို့ကြောင့် သူ့ကိုနှုတ်ဆက်ပြီး ကျွန်တော်တို့ ချက်ချင်း ပြန်လှည့်၍ ထွက်လာကြသည်။

"အောင် ဘုတို့က တော်တော်ဆင်းရဲတယ်နော်"

ကျွန်တော်က စိတ်မကောင်းသံဖြင့် ပြောလိုက်သည်။ ဖိုးတုတ်က ခေါင်းညိတ်သည်။ "ဒီကောင်မှာ အဖေမရှိဘူးကွ။ ဒေါ်ဘုမကြီးတယောက်ထဲ ဆင်းဆင်းရဲရဲနဲ့ အကြော်ရောင်းနေရတာ"

"အိုကွာ– အောင်ဘုတင် မဟုတ်ပါဘူး။ တရွာလုံးဆင်းရဲသားချည်းပါဘဲ" ပုတိုက ဝင်ပြောသည်။

ဟုတ်သည်။ ခုမှ ကျွန်တော် သတိထားမိသည်။ တရွာလုံးရှိ အိမ်တိုင်းလိုလိုပင် စုတ်ချာလှသည်။ တဲသာသာသာ ရှိသည်။ ကျွန်တော်တို့ ဘကြီးအိမ်၊ သူကြီးအိမ်နှင့် ကျောင်းဆရာကြီးအိမ်သာ သွပ်မိုး ပျဉ်ကာအိမ်တွေ ဖြစ်ကြသည်။

ရွာလေးမှာလည်း ရွာငယ်

လေးဖြစ်သည်။ အိမ်ခြေ ၇၀ ခန့် သာရှိသည်။ ထို့ကြောင့် ချက်ချင်းပင် ကျွန်တော်တို့တရွာလုံး လျှောက်ပြီးနေကြပြီ။ ထို့နောက် စကား တပြောပြောနှင့် ပြန်လျှောက်လာကြသည်။

တ နေ ရာ သို့ ရောက် သော အခါ ကျွန်တော့် ခြေလှမ်းတွေ တန့်သွားသည်။ လူမမယ်ကလေး တယောက်ကို မိန်းမကြီး တယောက်က ဝါးခြမ်းပြားနှင့် ဒေါသတကြီး ရိုက်နေသည်ကို မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ချက်ချင်းပင် ထိုနေရာသို့ ကျွန်တော် ရောက်သွားသည်။

"ဘာပြုလို့ ရိုက်တာလဲဗျ- ဟင်- ဘာပြုလို့ရိုက်တာလဲ"

မိန်းမကြီးက ကျွန်တော့်ကို စူး စူး စိုက် စိုက် ကြည့် သည်။ နောက် ဒေါသတကြီးနှင့် -

"ပိုက်ဆံငါးပြား ပျောက်ပစ်လို့ပေ့ါ- ပိုက်ဆံငါးပြားပျောက်ပစ်လို့"

"ပိုက်ဆံ ငါးပြားလောက်နဲ့ အဒေါ် ရယ်...."

"အံမယ်-ပိုက်ဆံငါးပြားဆိုတာ နဲတယ်မှတ်သလား။ ကန်စွန်းရွက်တစည်း ရတယ်ပေ့ါ - ဟင်းထုနပ်စာရတယ်"

ဘာမျှ ကျွန်တော်ပြန်မပြောတော့ပါ။ ဖိုးတုတ်တို့ဆီသို့ ပြန်လျှောက်လာပြီး ပိုက်ဆံငါးပြား ပျောက်၍ လူမမယ်ကလေး တယောက်ကို ဒေါသ တကြီးမရိုက်သင့်ကြောင်း မကျေနိုင် မချမ်းနိုင်ပြန်ပြောလိုက်သည်။

ဖိုးတုတ်က ရယ်သည်။ "ဒါအဆန်း မဟုတ်ပါဘူး။ ပိုက်ဆံဆိုတာ တန်ဘိုးရှိတယ် မဟုတ်လားကွ"

ဖိုးတုတ်စကားကို ကျွန်တော် မှတ်ထားလိုက်သည်။

"ကဲ-ဆိုစမ်းသား၊ တောမှာ နေတုန်း ဘာအတွေ့အကြုံ တွေ့ရခဲ့သလဲ" မြို့အပြန် ခရီးတွင် ဖေဖေကမေးသည်။

"အများကြီးပေါ့ ဖေဖေ။ ဒါပေမဲ့ သားမမေ့နိုင်တဲ့ အတွေ့အကြုံတခုကတော့...."

ကျွန်တော်က အကြောင်းစုံ ပြောပြလိုက်သည်။ ဖေဖေကပြုံးသည်။

"ကဲ- ဒီတော့- သား၊ ဘာသင်ခန်းစာ ရလိုက်သလဲ"

ကျွန်တော် တွေသွားသည်။ သို့သော် ဖိုးတုတ်၏ စကားကို ကျွန်တော် အမှတ်ရလာသည်။

"ပိုက်ဆံဆိုတာ တန်ဘိုးရှိတယ်ဖေဖေ"

ပြောရင်း ကျွန်တော် ပြုံးလိုက်သည်။ အတွေ့အကြုံတခုက ကျွန်တော့်ကို သင်ခန်းစာပေးခဲ့ပြီ။

ကျွန်တော်က ဖေ ဖေ ကို လိုက်လိုက်လှဲလှဲ ကတိပေးလိုက်ပါသည်။

"ကျွန်တော် ဘယ်တော့မှ ပိုက်ဆံမဖြုန်းတော့ဘူး ဖေဖေ။ ဖေဖေနဲ့မေမေ့ကိုလဲ ဟိုဟာလိုချင်တယ်၊ ဒီဟာ လိုချင်တယ်နဲ့ မပူဆာတော့ပါဘူး"

## သံလမ်းပေါ်မှာ

သံလမ်းတွေပေါ် ဟိုဒီပြေးလို့၊
ဂျုံးဂျုံးဂျက်လေး မောနေတယ်။

ခရီးသည်တွေ ခေါ် ဆောင်ပြေးလို့၊
လိုရာပို့ပေး မနွေးကွယ်။

သိဘွယ် မှတ်ဘွယ် ပြောပြမယ်ကွဲ့၊
နားထောင်ပါလို့ ညီညီရယ်။

ဟိုရှေးခေတ်မယ် သွားလာခက်လို့၊
ကူးတို့ပို့ဖို့ လိုလာတယ်။

ဦးနှောက်ကြွယ်ကြွယ်
"ခေတ်ပင်ဆင်"က၊
တီထွင်ကြံဆ ခဲ့ရတယ်။

"ရေငွေ့" အားကွယ် ပထမသုံးလို့၊
တိုးတက်လာလို့ "ဓါတ်"သုံးတယ်။

ဒီခေတ်မှာကွယ် အမြန်ဆုံးနှင့်၊
"ဓာတ်အား" သုံးလို့
မောင်းနှင်တယ်။

မြန်လှတယ် - မြန်လှတယ်။ ။

မောင်ညိုသွေး





# အစွမ်းပြိုင်ပွဲ

ငရဲ ကလေးများ၏ ကစားနည်း
ဖြစ်သည်။ လေးဦးမှဆယ်ဦးအထိ ပါဝင်ကစား
နိုင်သည်။

ကစားသူများသည် ခေါင်းဆောင် လုပ်သူဖက်
သို့ မျက်နှာမူ၍ ဘေးချင်း ယှဉ်ရပ်ပြီး လက်များကို
ဆန့်ထားကြရသည်။ ခေါင်းဆောင်တွင်ကျောက်စိုး
တလုံးရှိသည်။ သူသည် စီတန်း ရပ်နေသူများအ
တိုင်း လျှောက်သွားပြီး ထိုကျောက်စိုးကို ကစား
သူတိုင်း၏ လက်ထဲသို့ ထည့်ဟန် လုပ်သွား
သည်။ ကစားသူတဦး၏ လက်ထဲသို့မှ အမှန်ပင်
ထည့်လိုက်သည်။ ကျောက်စိုး ရရှိသူသည် မူလ
တည်းက သတ်မှတ်ထားသော နေရာသို့ ရုတ်တ
ရက် ထွက်ပြေးရသည်။ ထိုနေရာသို့ရောက်ပြီးမှ
ကျောက်စိုးကို ခေါင်းဆောင် လုပ်သူ ထံ အ
ရောက် ပြန်ပို့ရသည်။ အခြားကစားသူများက သူ့
ကို လိုက်ဖမ်း ကြရသည်။ ခေါင်းဆောင်ထံ
ကျောက်စိုး မပို့နိုင်မီ မိအောင် ဖမ်းနိုင်သူသည်
ခေါင်းဆောင် နေရာကို ရလေသည်။ အကယ်၍
ကျောက်စိုးကိုသယ်ပြေးသူသည် မည်သူ၏အဖမ်း
ကိုမျှ မခံရပါက ခေါင်းဆောင် နေရာကို ရလေ
သည်။ ဤသို့ဖြင့် ပျော်ရွှင်စွာ ကစားကြသည်။

ရဲမြင့်

R. 517

၂၁ ပြား

ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၂။ အမှတ် ၆။ ၇-၂-၇၀









ကားမောင်းတဲ့လူကလဲ၊ အတော်တာဝန်မဲ့တာပဲနော်၊ သူ့ကားနဲ့ဝင်တိုက်သွားသေးတယ်၊ လူနာကိုလှည့်တောင် မကြည့်ဘဲ၊ အတင်းမောင်းပြေးတယ်၊ ဒီလူမျိုးတွေ ထောင်ချပစ်တာကောင်းတယ်၊
ကားနံပါတ်ကို မှတ်လိုက်ဦးမှပဲ- ဒါ-ဒါ-ဒါ---
ကယ်ဖို့ကားလဲ မှတ်ထားပြီ- ဦးလေးပါပဲ၊
အဖိုးကြီးတော်တော် ပြင်းပြင်းထိတယ်ကွ၊ ဆေးရုံကိုမြန်မြန် ပို့မှဖြစ်မယ်
ဟာ - ဟာ - ဦးလေးကားနဲ့ဆေးရုံကိုပို့ပေးမယ်၊ မင်းတို့ပါဆေးရုံကိုလိုက်ခဲ့ကြလေ -
ကားမောင်းတဲ့လူဟာ၊ အတော်ကြင်နာမှု ခေါင်းပါးတာပဲနော်၊ ဒီလိုတာဝန်မဲ့တဲ့ လူကို၊ ထောင်ချပစ်တာကောင်းတယ်၊
ဟုတ်တာပေါ့ကွယ်၊ ကိုယ့်ကြောင့်လူတစ်ယောက်သား ဒုက္ခရောက်ရတာကို၊ ပြန်မကြည့်ဘဲ ထွက်တာ အင်မတန်အရုပ်ဆိုးတာပဲ၊ ကားမောင်းတဲ့ လူဟာ၊ ကယ်ဆယ်ဖို့မမေ့သင့်ပါဘူး၊


ဒီလူကိုထောင်ချ ပစ်တာကဲ့ကောင်းတယ်-
ဒီလိုတာဝန်မဲ့တဲ့လူကိုထောင် ချပစ်တာကဲ့ ကောင်းတယ်-
ငါဘယ်လို လုပ်ရပါ့မလဲ
ကိုယ်လဲတာဝန်မဲ့မလုပ်နဲ့၊ သူများလုပ်မယ်လို့ကြည့်မနေ ပါနဲ့တပည့်တို့၊
မကြာမီ
ဒီလူနာကို တိုက်ပြေးတဲ့ကားနံပါတ်ကို ဘယ်သူတွေ့လိုက်ပါသလဲ၊
ကျွန်မကလမ်းပေါ်မှာလဲနေတဲ့လူနာကို ကြည့်နေရတာနဲ့၊ ကားနံပါတ်ကို မမြင်လိုက်ပါဘူး၊
ကျုပ်တို့လဲ ကားတိုက်ခံရပြီးမှ ရောက် လာလို့၊ ကားကိုမတွေ့လိုက်ပါဘူး၊
တိုက်ပြေးတဲ့ကားနံပါတ်ကို၊ ငါတ ယောက်ထဲမြင်လိုက်တယ်၊ ဒါပေမယ့် ငါဖွင့်ပြောလို့မဖြစ်ဘူး၊



သူများတာဝန်မဲ့လုပ်တာကိုလဲ ကြည့်မနေပါနဲ့၊ ဒါမှ တိုင်းသူပြည်သား ကောင်းပီသမှာ တပည့်တို့၊
ဘာဖြစ်ဖြစ်- ငါဖွင့်ပြောတော့မယ်၊ ဒါမှ- ဆရာ့စကားနားထောင်ရာ ကျမယ်၊
တိုက်ပေးတဲ့ကားကို ကျွန်တော်သိပါတယ်ခင်ဗျာ၊ အဲဒီကားဟာ၊ တောင်ပိုင်းက၊ ကျွန်တော့် ဦးလေး အရင်း၊ ဦးသာဒိုးရဲ့ ကားပါ၊ သူ့ကိုယ်တိုင်မောင်း လာပါတယ်၊
ဟယ်-
ဟာ-
အေး ကွယ်၊ ကိုယ့် ဦးလေး အရင်းရဲ့ တာဝန်မဲ့ လုပ်တာကို ဖော်ထုတ်ပေးတဲ့ အတွက် ကျောင်းသားရဲ့ စိတ်ထားကို ဦးလေး ချီးကျူးပါတယ်၊
ကျွန်တော်တို့ရဲ့ ဆရာကလဲ အမြဲ ဆုံးမပါတယ်၊ ကိုယ်တော့မှ တာဝန်မဲ့ မလုပ်ရဘူး၊ သူများတွေ တာဝန်မဲ့လုပ်တာလဲ ကြည့် မနေရဘူးလို့-
ကျော်ကျော်နှင့် မော်မော်တို့သည်၊ ဦးလေး အရင်း မျက်နှာကိုပင် မထောက်ပဲ၊ တိုင်းသူပြည်သား ကောင်းပီပီ၊ သူတို့၏ တာဝန်ကို ကျေပွန်ခဲ့ သဖြင့်၊ သူတို့၏ မျက်နှာလေးများမှာ ကျေနပ် သော အသွင်ကို ဆောင်နေကြသည်၊


ရေးသူ- ဂယက်နီ
အေးပေါ့၊
တော်တော် အေးတဲ့နေရာပဲ၊
ဟဲ - ဟိုမှာ ဘီရိုလေး တစ်လုံးကွ၊
ကျပ်နေတယ်ကွ၊ လာကူဆွဲပါဦး၊
ဟဲ - ဆွဲမယ် - တစ် - နှစ် - - သုံး -
အမယ်လေး ဗျ -
ဝုန်း



ဟာ- ဖယောင်းတိုင်မီး ငြိမ်းသွားပြီ၊
အေးကွ၊



# မော်တော်ကား





မော်တော်ကားသည် ယခုခေတ် မြေပြင်ခရီး သွားလာရေးတွင် လူအသုံးများဆုံးနှင့် အလျင်မြန်ဆုံး ယာဉ်ဖြစ်သည်။ မော်တော်ကားမပေါ်မီ ခေတ်က မြင်းလှည်းကိုသာ အားထားခဲ့ကြရသည်။ ယင်းထက် လျင်မြန်သည့် ယာဉ်မျိုးကို ကြံဆ တီထွင်ကြရာ၌ မော်တော်ကားကို တီထွင် လာနိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်






















မော်တော်ကား တည်ဆောက်ပုံ၊ အားဖြင့်ဆွဲပုံတို့မှာ မြင်းလှည်းနှင့် ဆင်တူလျက်ရှိသည်။

မြင်းလှည်းတွင် ဝန်ကို မြင်းကရှေ့မှဆွဲသကဲ့သို့ မော်တော်ကားတွင်လည်း နောက်ဘီးများကို ရှေ့က စက်အားဖြင့်လည်စေ၍ ဆွဲသွားသည်။ မြင်းလှည်းတွင် ဝန်ကို နောက်၌ထား သကဲ့သို့ မော်တော်ကားတွင်လည်း ထို့အတူ ထားသည်။ ထိုမျှမက မော်တော်ကား၏ ကိုယ်ထည်အိမ်ကိုလည်း မြင်းရထားအိမ်ပမာ ပြုလုပ်ကာ ရေးမဆွကပင် တည်ဆောက်ခဲ့ကြသည်။

မော်တော်ကား၏ ပုံသဏ္ဌာန်သည် စတင်တီထွင်စဉ်က ပုံ(၂)အတိုင်း ရှိခဲ့၍ နောင်သော် ပုံ(၃)အတိုင်း ရာဘာတိုင်ယာလုံးချော၊ ရွှံ့ကာနှင့်ပုံမျိုးသို့ ပြောင်းလဲ လာသည်။ ပုံ(၄)တွင် လက်ကိုင်မှာ အဝိုင်းဖြစ်ပြီး ရှေ့တွင် စက်အုံနှင့်တကွ စက်မပူရန် ပြုပြင်ထားသည်။ ပုံ(၅)တွင် မောင်းသူနှင့် စီးသူအတွက် သီးခြားနေရာများအပြင် ခြေနင်းခုံပါ တပ်ဆင်လာသည်။ ပုံ(၆)တွင် အမိုးနှင့် ရှေ့လေကာမှန်များ တိုးတက်လာသည်။

ဓာတုစက်မှုလုပ်ငန်း တိုးတက် ထွန်းကားလာသည်နှင့်အမျှ မော်တော်ကား ကိုယ်

ရေး ၃၄ - ၁၂၁
သရုပ်ဖော်ကား

ထည်အိမ်တို့ကို ပုံသွင်းလုပ်သည့်အပြင် တိုင်ယာများကိုလည်း ပန်းကွက်ဖော်ကာ ပြုလုပ်လာကြသည်။ ကိုယ်ထည်သည် ရှေးကထက်နိမ့်ကာ မြေပြစ်ကြော့ရှင်းလာသည်။


မော်တော်ကား ပြုလုပ်ထားပုံကိုလိုက်၍ ဆလွန်း၊ ရုတ်စတား၊ တိုးရင်း၊ ဆီဒန်၊ လင်မူဇင်း စသည်ဖြင့် အမျိုးမျိုးခေါ်ကြသည်။ ပုံ(၇)၊(၈)၊(၉)၊(၁၀) အမိုးသေ - အလုံပိတ်မော်တော်ကားမျိုးကို ဆီဒန်၊ ဆလွန်းခေါ်၍ မောင်းသူနှင့် စီးသူအကြား လျှောထိုးမှန်ခံထားကာ အလုံပိတ်ကားကို လင်မူဇင်းဟု ခေါ်သည်။

ပုံ(၁၁)မှာ လေးဘီးလည်ဂျစ်ကားဖြစ်၍မြေပြင်၊ ကုန်းမြင့်မရွေး မောင်းနှင်နိုင်သောအကြမ်းခံ မော်တော်ကား ဖြစ်သည်။ မော်တော်ကားများကို ဓာတ်ဆီဖြင့် မောင်းလျက်ပင်ရှိသော်လည်း ယခုအခါ ဓာတ်ငွေ့ရဟတ်စက်ဖြင့် မောင်းနှင်သော မော်တော်ကားများကိုပင် စမ်းသပ်အောင်မြင်လျက်ရှိသည်။ ပုံ(၁၂)


စီးခံစီး မော်တော်ကားများအပြင် ခရီးသည်တင်၊ ဝန်တင်နှင့် လုပ်ငန်းသုံး ယာဉ်များလည်း ရှိပေသေးသည်။ ပုံ(၁၃)၊(၁၄)၊(၁၅)၊(၁၆)

သိပ္ပံပညာ၏ စွမ်းပကားကြောင့် တီထွင်နိုင်ခဲ့သော မော်တော်ကားသည် လူသားတို့အဖို့ သယ်ယူပို့ဆောင်မှုလုပ်ငန်းတွင် အဓိက ကျေးရီး ဖြစ်လျက် ရှိပေသည်။ မော်တော်ကားကြောင့် လမ်းများ တိုးတက်ဖောက်လုပ် နိုင်ခဲ့ကာ ခရီးပိုမိုပေါက်စေခဲ့သည်။ အလုပ်ရုံ၊ စက်ရုံတို့နှင့် ဝေးသည့် ဆင်ခြေဖုံးအရပ်တို့၌ လူများပိုမို နေထိုင်ခွင့်ရခဲ့သည်။ မြို့ပြများကို ပိုမို တိုးချဲ့ လာနိုင်စေခဲ့သည်။ ထို့မျှမက လယ်ယာလုပ်ငန်းခွင်၊ ကျောင်း၊ ဆေးရုံနှင့် တရားဥပဒေထိန်းသိမ်းမှု ရဲလုပ်ငန်းတို့တွင်လည်း များစွာအထောက်အကူ ပြုလျက်ရှိပေသည်။

၁၀




၁၂




၁၁



၁၄




၁၆



၁၃




၁၅




မြွေ သား အမိ
ကဲ. မေမေ အစာရှာသွားအုံးမယ်၊ ငါ့သား ဘယ်မှ ထွက်မသွားနဲ့နော်-
ဟုတ်ကဲ့ မေမေ
တခါက တောထဲတွင် မြွေသားအမိနှစ်ကောင်ရှိသည်။
အသွားမတော်တလှမ်း၊ အစားမတော် တလုတ်တဲ့၊ ငါ့သား အမေမှာတဲ့စကား ကိုနားထောင်ပြီးနေနော်-.
အမေ ကလဲသွားတာကြာလိုက်တာ ဗိုက်ဆာလာပြီ ငါ့ဘာသာစားစရာ လိုက်ရှာအုံးမှဘဲ.
ဟား-ဟိုရှေ့မှာမြွေကလေး တကောင်တွေ့ပြီ-
ပင်ပင်ပန်းပန်းလိုက်ရှာနေဖို့ တောင်မလိုပါလား-
ထိုအခါ မြွေလမ္ဗါယ်ဆရာနှင့်တွေ့ရာ-


ဒီမြွေကလေးကို မြွေကြီးတွေနဲ့ အတူထားလို့ မဖြစ်ဘူး၊ သီးသန့် ပခြုပ်ထဲ ထည့်ထားမှ ဖြစ်မယ်၊
အိမ်ရောက်လေသော်-
ညအချိန်တွင်-
မနက်ထဲက ခုထက်ထိ ဘာမှမစားရသေးဘူး ဗိုက်ထဲက ဆာလိုက်တာ-
အသင်မြွေကြီး ကျွန်ုပ်အသက်ကို ချမ်းသာပေးပါ-
မြွေလမ္ပါယ်ဆရာသည် မြွေငယ်စားရန် ကြွက်တကောင်ကို ပခြုပ်ထဲ ထည့်ပေးလိုက်သည်။
အမေ့စကားနားမထောင်လို့ ငါဒုက္ခတွေ့ရပြီ အင်း-အစားမတော်တလုပ်လို့ လဲပြောသေးတယ်၊ အခုလဲ အစားတလုပ်တွေ့ပြန်ပြီ
ကျွန်ုပ်ကို မစားယင်၊ သင့်ကို ဒီပခြုပ်ထဲက လွတ်အောင်ကြံဆောင်ပေးပါ့မယ်၊
ဒီကြွက်ကလေးကို ငါစားလို့ သင့်တော်ပါ့မလား-အဲ့ မစားတာဘဲ ကောင်းပါတယ်လေ.
ငါ့ကို ဒီပခြုပ်ထဲက လွတ်အောင်ကြံပေးယင် သင့်ကို မစားဘူး၊ ကဲ-ကြံစမ်း


ကောင်းပါပြီ
အခုချက်ချင်းပင်
ဤဆောင်ပါမယ်၊
တညလုံး ပခြုပ်ကို ကိုက်ဖြတ်လေ၏။
အသင်မြွေကြီး ဒီအပေါက်က ထွက်ပါ၊
ကျေးဇူးတင်ပါတယ်
အသင်ကြွက်ငယ်၊
နှစ်ဦးစလုံး ပခြုပ်အပြင်သို့ ထွက်ခဲ့ကြသည်။
ဒုက္ခရောက်တဲ့သူ အချင်းချင်းအပေါ်မှာ
အနိုင်မကျင့်ဘဲ သနားကြင်နာစိတ်ရှိတဲ့ အသင့်
ကိုသိကျွန်ုပ်က ကျေးဇူးတင်ရှိပါ၊ သင့်
ကျေးဇူးမမေ့ပါဘူး၊
ကဲ့၊ ကျုပ်တို့နှစ်ဦး
ဒီနေရာက လမ်းခွဲ
ဖြိုးသွားကြဦးစို့၊
အို- ဖြစ်မှဖြစ်ရပလေ
အဲဒါ မိဘစကားနားမ
ထောင်တော့ ဒုက္ခရောက်
တာပေါ့သားရယ်၊
နောက်ဆိုယင် မေမေ့
စကားကို နားထောင်
ပါတော့မယ်။
မြွေငယ်သည် မိခင်အား
မိမိဒုက္ခရောက်ခဲ့ရပုံကို ပြန်လည်ပြောပြလေသည်။




ရှေးမြန်မာ ဘုရင်များ၏ ဂူလီသဘင်ပွဲသည် ယခုခေတ်ပိုလိုရိုက်ကစားနည်းမျိုးဖြစ်၏။

ပိုလိုရိုက်ကစားနည်းကို ပါရှင်းလူမျိုးတို့ စ တင် တီ ထွင် ခဲ့သည်။ နောင်အခါတွင် တိဗက်၊ အိန္ဒိယနှင့် တရုပ်ပြည်တို့အထိ ပျံ့နှံ့သွားခဲ့သည်။


ပိုလိုရိုက်ကစားရာတွင် မြင်းကုန်းနှီးထက်၌ စီး၍ ကစားရသဖြင့် မြင်းစီးကျွမ်းကျင်ရန် လိုသည်။

ပိုလိုကွင်းမှာ ညီညာသောမြက်ခင်းပြင်ဖြစ်သည်။ ပျဉ်ကာသောကွင်းသည် အလျားကိုက် ၃၀၀၊ အနံကိုက် ၁၆၀ ဖြစ်သည်။ ပျဉ်မကာသော ကွင်းဆိုလျှင် အလျားကိုက် ၃၀၀၊ အနံကိုက် ၂၀၀ အထိရှိသည်။ ကွင်းတဖက် တချက်စီ၌ ရှစ်ကိုက်အကျယ် ဂိုးပေါက် တခုစီရှိသည်။ ဂိုးစောင့် ဟူ၍ကား မထားရပေ။

ဘောလုံးမှာ ပေါ့ပါးသောသစ်သား ဘောလုံးဖြစ်၍ အချင်း ၃နှံ့ လက်မရှိသည်။ အဖြူရောင်ဆေးခြယ်ထားသည်။ အလေးချိန်မှာ ၅ဒ့် အောင်စရှိ၏။ ဘောလုံးရိုက်သည့် တုတ်သည် လက်မ ၅၀ မှ ၅၆ အထိရှည်၏။ ရိုက်တံမှာ အရိုးရှည်ပြီး ကြေးစည်ထုသော တင်းပုတ်နှင့် တူသည်။

ပို လို ရိုက် က စား နည်း မှာ ဘောလုံး၊ ဟော်ကီတို့ကဲ့သို့ တဖက်နှင့်တဖက် ဂိုးသွင်းကစားရခြင်းဖြစ်သည်။ တဖက်လျှင် လူလေးယောက်ပါဝင်သည်။

ယခုခေတ်တွင် မြင်းအစားစက်ဘီးဖြင့်ပင် ပိုလိုရိုက်ကစားနေကြပေပြီ။



ဝါ၊ နီ၊ ပြာ အရောင်များဖြင့် ခြယ်ပါ




ကျွန်တော်သည် စာကြည့်တိုက်သို့ စာဖတ်ရန်သွားမည်ဖြစ်သဖြင့် သူငယ်ချင်း အောင်မင်းကို ဝင်ခေါ်ပါသည်။အောင်မင်းသည် ကျွန်တော် ဝင်ခေါ်တိုင်း တကြိမ်တခါမျှ မလိုက်ခဲ့ပါ။ ထို့ပြင် ကျောင်းစာကိုလည်း ကျက်မှတ်လေ့မရှိပါ။ကစားနေရလျှင် ကျေနပ်နေသူ ဖြစ်ပါသည်။

“အောင်မင်းရေ၊ လာဟေ့၊ စာကြည့်တိုက်မှာ စာသွားဖတ်ကြရအောင်” ဟု ကျွန်တော်က အိမ်ရှေ့မှ အော်ပြောလိုက်ပါသည်။

“ငါမလိုက်ချင်ဘူးကွာ၊ မင်းဟာမင်းသွားပါ။ စာဖတ်တာ ကစားတာလောက် အရသာမရှိပါဘူး သန်းဌေးရာ။ စာဖတ်လို့ကော ဘာတွေများ တိုးတက်လာမှာလဲ ပြောစမ်းပါအုံး။ မျက်စိညောင်းရုံဘဲရှိမယ်” ဟု အောင်မင်းက ခေါင်းခါပြရင်း ပြောလိုက်ပါသည်။

“စာဖတ်တာဟာ ဗဟုသုတရတာပေါ့ကွ”

“မင်း စကားက သိပ်ကြီးကျယ်တာဘဲ၊ ငါဖတ်ချင်မှ ဖတ်မှာပေါ့”

“မလိုက်ချင်လဲ နေပေါ့ကွာ၊ ငါက မင်းအတွက် အကျိုးရှိဘို့ ပြောနေတာ”ဟု ကျွန်တော်က ပြောလိုက်ပါသည်။

ကျွန်တော်လည်း အောင်မင်းကိုခေါ်မရသဖြင့် ပြန်ထွက်လာခဲ့ပြီး စာကြည့်တိုက်တွင် စာအတူဖတ်ဖော် မြင့်သန်းနှင့် တရုပ်ကြီး ကို ဝင်ခေါ်ပါသည်။ ကျွန်တော်တို့သုံးဦး စာကြည့်တိုက်သို့လာခဲ့ကြပါသည်။

ကျွန်တော်သည် စာအုပ်တအုပ်ကို ဖတ်မိပါသည်။ ထိုစာအုပ်မှာ အလုပ်သမားနေ့ အကြောင်း ရေးထားသောစာအုပ်ဖြစ်ပါသည်။ ကျွန်တော်စိတ်ဝင်စားစွာဖတ်နေမိပါသည်။ မြင့်သန်းနှင့် တရုပ်ကြီး တို့လည်း ကျွန်တော့်အနီး၌ထိုင်ကာ ဝိုင်းဖတ်ကြပါသည်။ စာအုပ်ထဲတွင် အလုပ်သမားများ၏ ဓာတ်ပုံများလည်း ပါပါသည်။

ကျွန်တော်သည် ထိုစာအုပ်ကိုငှား၍ ပြန်ခဲ့ပါသည်။ ကျွန်တော်သည် အိမ်သို့မပြန်သေးပဲ အောင်မင်းအိမ်သို့ လှည့်ဝင်ခဲ့ပါသည်။အောင်မင်းသည် အိမ်ရှေ့၌ ဂေါ်လီပစ်နေပါသည်။

“အောင်မင်းရေ၊ လာကွာ၊ ဒီမှာ ငါစာအုပ်တအုပ် ငှားလာတယ်။ ဓာတ်ပုံတွေလဲပါတယ်။ ဖတ်လို့လဲ သိပ်ကောင်းတာဘဲကွာ”ဟု ကျွန်တော်က ပြောလိုက်ပြီးနောက် အောင်မင်း၏ လက်တဖက်ကိုဆွဲကာ ပြလိုက်ပါသည်။

“ငါမကြည့်ချင်ဘူးကွာ၊ ရှုံးနေရတဲ့အထဲ မင်းကတမျိုးလာရှုပ်ပြန်ပြီ။ သွားစမ်းပါကွာ၊ မင်းဟာမင်း တနေရာသွားပြီး ဖတ်နေ”ဟု အောင်မင်းက ဒေါသဖြင့် ပြောပါသည်။

အောင်မင်းသည် ကျွန်တော်၏စေတနာကို စော်ကားခဲ့ချေပြီ။တနေ့အောင်မင်းသည် ကျွန်တော့်စေတနာနှင့် စာဖတ်ခြင်း၏ အကျိုးကို သိမြင်လာလိမ့်မည်ဟု ထင်မိပါသည်။

သည်နေ့ ကျွန်တော်တို့ ကျောင်းတွင် စာစီစာကုံးပြိုင်ပွဲ ရှိပါသည်။ အမှတ်အများဆုံး ရရှိသူများကို ဆုပေးမည်ဟု ကျောင်းအုပ်ဆရာမကြီးက ပြောပါသည်။

မကြာမီ စာစီစာကုံးပြိုင်ပွဲ စပါတော့သည်။ ခေါင်းစဉ်သုံးခု ပေးထားပါသည်။ (၁) ပြည်ထောင်စုနေ့ (၂) အလုပ်သမားနေ့ (၃) အာဇာနည်နေ့တို့ ဖြစ်ပါသည်။ မိမိကြိုက်နှစ်သက်ရာ အကြောင်းအရာတခုကို ဖြေရပါမည်။

ကျွန်တော်သည် အလုပ်သမားနေ့ အကြောင်းကို ရေးပါသည်။ ထိုအကြောင်းအရာကို ရေးရသဖြင့် စိတ်ပျော်နေပါသည်။ မကြာသေးသောရက်က ကျွန်တော်ဖတ်ခဲ့သော အလုပ်သမားနေ့ စာအုပ်ထဲမှ အရေးကြီးသောအချက်များကိုအားရပါးရ ဖြေဆိုပြီးနောက်ကျောင်းခန်းထဲမှ ထွက်ခဲ့ပါသည်။

ကျောင်းပြင်သို့ရောက်သည်နှင့် အောင်မင်းကို တွေ့လိုက်ရပါသည်။ အောင်မင်း မျက်နှာသည် ပြုံးပြုံးရွှင်ရွှင်မရှိပါ။

"မင်းဘာဖြစ်နေတာလဲ၊ မျက်နှာမကြည်မသာနဲ့၊ စာစီစာကုံးဖြေနိုင်ရဲ့လား။ ငါတော့အားရပါးရ ဖြေလိုက်တယ် အောင်မင်း" ဟု ကျွန်တော်က ဝမ်းပန်းတသာဖြင့် ပြောလိုက်ပါသည်။

"ငါတော့ မင်းလို မဖြေနိုင်ဘူးကွာ၊ တမျက်နှာတောင် မပြည့်ဘူး" ဟု အောင်မင်းက ဝမ်းနည်းသံဖြင့် ပြောပါသည်။

"မင်းဘာအကြောင်းကိုရေးသလဲ"

"အလုပ်သမားနေ့အကြောင်း ရေးတယ်ကွ။ ရေးသာရေးရတယ် အလုပ်သမားနေ့ အကြောင်း ဘာမှငါမသိဘူး"

"အဲဒါ မင်းအပြစ်နဲ့မင်းဘဲ။ တကယ်တော့ မင်းဟာ စာဖတ်ခြင်းကို မမြတ်နိုးဘဲ ကစားမက်လို့ ခုလိုဖြစ်ရတာဘဲကွ။ တနေ့က မင်းဂေါ်လီပစ်နေတုန်း ငါလာပြီး စာအုပ်တအုပ်ကို ပြတယ် မဟုတ်လား။ အဲဒီစာအုပ်ဟာ အလုပ်သမားနေ့ အကြောင်း ရေးထားတဲ့ စာအုပ်ဘဲ။ ငါပြတုန်းကသာ မင်းကြည့်ပြီး ဖတ်လိုက်ယင် ကောင်းကောင်း ဖြေနိုင်တာပေါ့" ဟု ကျွန်တော်က ပြောလိုက်ပါသည်။

"ငါ့အမှားကို ငါသိပြီ သန်းဌေးရာ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးကို အခုသိပါပြီ။ အတန်းထဲမှာ လူတိုင်းဖြေနိုင်တယ်၊ ငါတယောက်ဘဲ ငုတ်တုတ်ထိုင်နေရတယ်။ ဒါဟာ စာဖတ်ခြင်းကို မမြတ်နိုးလို့၊ အပြင်ဗဟုသုတကို မလေ့လာလို့ ခံရတာဘဲ။ နောင်ကို မင်းတို့နဲ့အတူ အချိန်ရတိုင်း ဗဟုသုတရတဲ့ စာတွေကို လိုက်ဖတ်တော့မယ် ကွာ" ဟု အောင်မင်းက ပြောလိုက်ပါသည်။


## ညီနောင်

ပြည်ထောင်စုဖွား
ညီနောင်များ၊
ရှမ်း၊ ချင်း၊ ကရင်၊မွန်၊ကယားနှ
ယင်းဘော်၊ ယင်းကြား
စိတ်ထား...
ဂျင်းဖောရယ် လားဟူ။
ဆိုးအတူ ကောင်းအမျှ၊
ဗမာ၊ ရခိုင်၊ ဆလုံ ဓ။
ပလောင်၊ နာဂ၊ လဝမ်၊ မြောစ်၊
ဓနု၊ သက်၊ ပဒေါင်။
ကချင်မောင်၊ ဒလောင်တွဲ၊
အင်းသား၊ လူရှိုင်း၊ ကော်ပရဲ။
ပြည်ထောင်စုထဲ အတူနေ၊
အိကော၊ လီရှောပေ။
သည်ရေမြေ အတူသုံး၊
ညီနောင်အကုန် တပြုံးပြုံး။ ။


မောင်သိန်းချွန်ဦး (စက်ဝန်)



# လင်းယုန်







လင်းယုန်ကို လူသိများသည်။ အလျား ၂၆ လက်မမှ ၂၈ လက်မအထိ ရှိသည်။ အမသည် အဖိုထက် ထွားကျိုင်းသည်။

လင်းယုန် သည် ဆူညံစွာ အော်နေတတ်သည်။ ပျံသန်းရင်း အသံမျိုးစုံ အော်တတ်သည်။ သစ်တောထူထပ်သော မြေပြန့်ဒေသများတွင် အနေများသည်။ အိမ်မြှောင်၊ ဖား၊ ပိုးမွှား၊ မြွေနှင့် ငှက်များကို ဖမ်းယူစားသောက်သည်။ အလွန်ရဲရင့်၍ လူအကာပ်ခံသည်။ ကောင်းကင်တွင် မြင့်မားစွာ ပျံဝဲနေတတ်သည်။

ဇန်နဝါရီလမှမေလအတွင်းတွင်သားပေါက်သည်။ အသိုက်ကို သစ်ကိုင်းခွတွင် ပြုလုပ်သည်။ အသိုက်မှာ ငှက်၏ အရွယ်နှင့်စာသော် သေးငယ်သည်။ ဥတလုံးသာ အုတတ်သည်။ တဥလျှင် အလျား ၂.၇၅ လက်မမှ ၂.၂၀ လက်မခန့်အထိ ရှိသည်။

ရဲမြင့်



ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးသင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်းထုတ်ဝေသည်

# အပေါ်ထပ်မှာ......

# ရွှေသွေး ဂျာနယ်


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-ဘါညွန့် အတွဲ ၂ အမှတ် ၇ ၁၄-၂-၇၀




ဆရာမကြီးရယ်--- ကျနော့်သမီးလေး တက်နေလို့....
ဦးတင် - ဆေးစပ်တာ ခဏထား၊ပြီး ဒီဆေးအိတ်ယူ၊ လက်နှိပ်ဓါတ်မီးလဲ မမေ့ခဲ့နဲ့.
ဟုတ်လား၊ ခုဘဲ-လိုက်ခဲ့မယ်လေ
လူနာများကို နေ့ည မဟူ အရေးကြီးလျှင် ကြီးသလို ပြုစုကုသပေးခဲ့လေသည်။
ဆရာမကြီး စားဘို့ ကြက်ဥလေး-----
ဟင်အင်း - ဟင်အင်း -- ဈေးမှာသွားရောင်းပါ - ကလေးတွေအတွက် အဝတ်အစား ဝယ်ပေးပေါ့ - ဒါဟာ-အခမဲ့ ဆေးရုံပါ---
လူနာများထံမှ ငွေကြေး၊ မေတ္တာလက်ဆောင်ကို မမျှော်လင့်ပဲ စေတနာ အပြည့်အဝဖြင့် ကုသပေးလေ့ရှိ၏။
ဆရာမကြီးကိုသိပ်ချစ်တာဘဲ.. ဟဲ - ဟဲ -
ဒေါက်တာကို ကယားပြည်နယ်ရှိ တိုင်းရင်းသားများက အလွန် ချစ်ခင်ကြ၏။ ဒေါက်တာကလည်း သူတို့အပေါ် သံယောဇဉ် တွယ်လျက်ရှိလေသည်။
အမေရယ် - ကျမတော့ - ဒီပြည်နယ်ကိုလဲ သဘောကျတယ် -- လူတွေကိုလဲခင်တယ် -- အလုပ်ထွက်ပြီး ဆေးခန်းကလေး ဖွင့်ရမယ် ...,.. ...
သမီး သဘောဘဲလေ- လောကမှာ စိတ်ချမ်းသာဖို့က အရေးကြီးတယ်--
ထို့ကြောင့် နောက်ပိုင်းတွင် အလုပ်မှထွက်ပြီး ကယား ပြည်နယ်တွင် နေထိုင်ရန် ဆုံးဖြတ်လိုက်လေသည်။
ကျနော့် ကလေးရဲ့ကယ်ပါအုံး ဆရာမ၊ အခုအလုပ် မလုပ်နိုင်သေးလို့ပါ--- ဆေးဖိုး ဖြေးဖြေး ပေးပါရစေ---
အို - ကိစ္စမရှိပါဘူး - မပေးပါနဲ့၊ ဒီဆေး ယူသွား---
ဒေါက်တာ
ဒေါက်တာ ခင်ခင်မြသည် ဆေးရုံ မရှိသေးသော ဘော်လခဲမြို့တွင် ဆေးခန်းကလေးဖွင့်လေသည်။
ဆရာမကြီးရယ် - လါပါ - ကျမတို့နဲ့ ပျော်ပျော်ပါးပါး ကကြရအောင်
ကယားတို့၏ ရိုးရာ ဖြစ်သော တံခွန်တိုင်ပွဲ၊ ကောက်ညှင်းထုပ်ပွဲ၊ ကလူပွဲ များသို့ ဖိတ်ခေါ်သဖြင့် သွားရသေး၏။


ဆရာမကြီးက သိပ် လှတာဘဲ
ကြည့်ကောင်း တယ် - နော့
ဟား ဟား - တယ်ကောင်းပါလား ဝေ.
ကောက်ညှင်းထုပ် ပွဲတော် အခါတွင် ယောကျ်ားက မိန်းမလို ဝတ်၍ ကပြီး၊ မိန်းမက ယောကျ်ားလိုဝတ်၍ ကကြရာ ဒေါက်တာအား အလွန်ကျေနပ်နေကြ၏။
အပေါ်ထပ်မှာ
တခါသော် အိမ်ခန်းပြင်ဆင်နေ၍ ဆေးခန်းကို အပေါ်ထပ်သို့ ခေတ္တရွှေပြောင်းထားချိန်တွင်လည်း လူနာများသည် ခါတိုင်းလိုလာနေကြပေသည်။
အသက်ရှူ
တချိန်၌ လမ်းဝန်ထောက်ဦးမျိုးမြင့်ကို ဆေးကုပေးရာမှအစ သိကျွမ်းခင်မင်သွားကြပြီး -
အားလပ်ချိန် များတွင် ဂျစ် ကား လေးဖြင့် လောပိတ ရေတံခွန်၊ တောင်ကွဲစေတီ၊
ကျွတ်ဂူစသည်တို့သို့ အတူ လျှောက်လည်ကြရင်း လက်ထပ်ရန် သဘောတူ ကြလေသည်။
ဆရာမကြီးရယ် - ကျမ သမီး မီးမဖွါးနိုင်ဖြစ် နေလို့ - လိုက်ခဲ့ ပါအုံး
စေ့စပ်ကြောင်းလမ်းရန် မင်္ဂလာပွဲသို့ နှစ်ဖက်သောမိဘများနှင့် ဧည့်သည်များ စုံလင်စွာရောက်လာကြပြီး ဧည့်ခံနေခိုက်တွင် -


မင်္ဂလာပွဲ ထားခဲ့ပြီး ဘယ်သွားလို့ မြစ်မလဲ အေ့ ...
ဒီလို မပြောပါနဲ့ ... လိုက်ရမယ် ရှင့် ... လိုက်ရမယ်၊ ဆရာဝန်တွေ မှာသစ္စာဆိုထားရတယ် - အရေးကြီးယင် လိုက်ရမှာဘဲ ...
ဒေါက်တာသည် ဆေးသေတ္တာကို ဆွဲကိုင်ပြီး လိုက်ရန် ပြင်လေလျှင် ယောက္ခမ လောင်းက ....
ဟော့သါး — ဖြန်မယ် - ထ - ထ - ဒါမျိုးယူမိယင် မင်းတသက်လုံး ခွေးဖြစ်မှာဘဲ ......
သို့ဖြင့် တဖက်နှင့်တဖက် အငြင်းအခုံဖြစ်ကြရာမှ စေ့စပ်ကြောင်းလမ်းပွဲ ပျက်သွားလေတော့သည်။
ဒေါက်တာသည် အိမ်ထောင်ရေးကို အရေးမထားဘဲ ပြည်နယ်လူထုအတွက် တောဖက်သို့ပင်လိုက်၍ ဆေးထိုး ဆေးကု ပေးရင်း —
သမီး ... သမီး ... ဟဲ့ ... ဟဲ့ ... လုပ်စမ်းပါအုံး ......
နေထိုင်ခဲ့ရာမှ တနေ့တွင် ဒေါက်တာ ခင်ခင်မြမှာ နှလုံးရောဂါဖြင့် ရုတ်တရက်သေဆုံးသွားလေသည်။
ထိုအခါ ရိုးသားသော ကယား လူမျိုးတို့သည် မိမိတို့ ချစ်ခင်သော ဒေါက်တာအတွက် ငွေစုကာ အုတ်ဂူကလေး ပြုလုပ်ကြပြီး ဒေါက်တာ သုံးခဲ့သော ဆိုင်းဘုတ်များကို
ယင်း၍ မှတ်တိုင်စိုက်ကြကြောင်း၊ ''အပေT ထပ်မှာ'' ဆိုသည်မှာ အထက်ဘုံသို့ရောက်သွားပြီဟု ဆိုလိုကြောင်း ဦးဝင်းထင်က ရှင်းပြလေသည်။




နောက်တနေ့နံနက် ၈-နာရီခန့်တွင်၊
ဒီအချိန်လောက်ပြင်ဈေးမဖွင့်သေးဘူးကွ၊ အနောက်ဂိတ်လမ်းမတ်ကလုလါးဆိုင်တဆိုင်မှာ သွားဝယ်ကြမယ်၊
မကြာမီ
ပေါပေါက်များများနဲ့ ဒိန်ပေါက်ထမင်း၊ ဘူးထုပ်ပေးပါ၊
ဂျမယ်-ဂျမယ်-ဆရာလေးတို့ အထဲဝင်ထိုင်ကြပါလား၊
ရှစ်နာရီထိုးတော့ ခွဲသွားပြီ၊
မြန်မြန်ပြန်ချင် ဗိုလ်လား၊ ဝယ်စရာမရှိ ယူ၊ မြန်မြန်ပြန်ကြတာပေါ့၊
ဗိုက်ဆာလို့ကွ၊ ဗိုက်ဆာလို့၊
မုန့်တခုခုစားပြီး ကော်ဖီသောက်ကြတာပေါ့၊
ကော်ဖီနှစ်ခွက်-
၁၅-မိနစ်မျှကြာသော်-
ပေါပေါက်ပေါက်ပေးလိုက်တယ်နော် ဆရာလေး၊
အမယ်မယ်လေးဗျာ-
ဟဲ-သွားကြမယ်-အမယ်-အမယ်-ဟဲ-
မင်းကကိုနေ၊ ဒီမှာမုန့်တွေကောက်ကျွေးပြီးမထူးတော့ ပါဘူး၊ ဘာကွန်စားပစ်လိုက်မယ်၊


ဟီး
ဟီး
ဟီး

# ရေခဲကန္တာရ


ပန်းချီ — ဦးအေးတင် —..




တနှစ်ပတ်လုံး အစဉ် ရေခဲဖုံးလွှမ်းနေသော ရေခဲကန္တာရသည် ကမ္ဘာ၏ အအေးပိုင်းဇုံ၌ ရှိသည်။

တောင်အအေးပိုင်းဇုံ၌ ရာသီဥတု အေးလွန်း၊ ပြင်းထန်လွန်းသဖြင့် လူမနေနိုင်ချေ။ မြောက်အအေးပိုင်းဇုံ ဂရင်းလန်းကျွန်း၌သာ အက်စကီးမိုး လူမျိုးများ နေထိုင်ကြသည်။ ထိုဒေသ၌ ဆောင်းဥတု အအေးဆုံးမှာ သုညအောက် ဖာရင်ဟိုက် ၉၀° ခန့်အထိရှိ၍ နွေအခါ၌ အမြင့်ဆုံး အပူချိန်မှာ သုညအထက် ၉၀° ခန့် ရှိသည်။

အက်စကီးမိုး




နွေအိမ်

နွေအခါ၌ တိရစ္ဆာန် သားရေများဖြင့် ဆောက်လုပ်သော ''တူးပစ်''ခေါ် အိမ်ဖြင့် နေထိုင်ကြသည်။



ဆောင်းအိမ်

ဆောင်းအခါတွင် ''အစ်ဂလူး''ခေါ် ရေခဲတုံးများဖြင့် ဆောက်လုပ်သောအိမ်ဖြင့် နေထိုင်ကြသည်။


အစဉ်ရေခဲ ဖုံးလွှမ်းနေသဖြင့် စိုက်ပျိုး၍မရချေ။ ထို့ကြောင့်''ကရက်'' ခေါ် လှေများဖြင့် ငါးဖမ်းခြင်း၊ ရေခဲပြင်ကိုခွဲ၍ အောက်မှငါးကို မျှားယူခြင်း၊ ဝက်ဝံဖြူ၊ ပင်လယ်ဖျံ စသည်တို့ကို ဖမ်းယူခြင်းတို့ဖြင့် သားငါးများကို စား သောက်ကြရသည်။
ထိုဒေသတွင် ဝက်ဝံဖြူ၊ ပင်ဂွင်ငှက်၊ ပင်လယ်ဖျံများ ကျက်စား နေထိုင်ကြ သည်။
ရေခဲပြင်တွင် ခွေးဆွဲ စွတ်ဖားများဖြင့် ခရီးသွားကြရသည်။
ရေခဲကန္တာရမှ သားမွေးများ ထွက်ရှိ၍ အ ခြားတိုင်းပြည်များသို့ ရောင်းချရသည်။

# ငမြွေ

ရေး - အောင်ခင် (ချောက်)
သရုပ်ဖော် ★ မောင်မောင်သက်




ဖိုးအောင်
အောင်မိုး
ဟုတ်ကဲ့ မေမေ
စာကျက်ပြီးယင် စာအုပ်တွေ..နေရာတကျ..စည်းကမ်းနဲ့ သိမ်းနော်... ဖိုးအောင်...
မေမေက သတိပေး၏။
သို့သော်- ဖိုးအောင်သည် စာအုပ်များကို နေရာတကျမထား
အတန်းထဲတွင်-
သမိုင်းလေ့ကျင့်ခန်း စာအုပ်ယူခဲ့ကြ အစကပြန်ပြောပြမယ်....
အိမ်ရောက်သော် သမိုင်း စာအုပ်များကို ရှာမတွေ့
ခုက္ခဘဲ..ငါ့သမိုင်းစာအုပ် ပျောက်နေပြီ....
နောက်ကို..စာအုပ်မပျောက်ရအောင်..နေရာတကျသိမ်းတော့မယ်
ကျောင်း၌....
စာအုပ်မပြနိုင်၍ ဆရာက အပြစ်ပေးလေသည်။


သူများကို
မကောင်း
ကြံလျှင်
ပန်းချီ-လှဝင်း
ဟေ့ တွတ်တွတ် ဟိုနားက ရေကန်ထဲမှာ ဘာကောင်ကြီး လဲမသိဘူး သွားကြည့်ရအောင်
အိမ်အပြန် ရေစိုစို ရှိအောင် လုပ်လိုက်မယ်
ဟောဒီနေရာကို ကြည့်နေ ပေါ်လာလိမ့်မယ်
မတွေ့သေး ပါလားကွ
တွတ်တွတ်သည် မြင်လိုဇောနှင့် ကြည့်နေလေသည်။
ပေသီးက တွတ်တွတ်ကို တွန်းလိုက်ချိန်တွင် တွတ်တွတ်မှာ ကိုယ်ကိုနှိမ့်လိုက်ချိန်နှင့် တိုက်ဆိုင်နေ၍—
ပေသီးမှာ အရှိန်လွန်၍ ရေထဲသို့ ထိုးစိုက်ကျ သွားလေတော့သည်။
သူများကိုမကောင်းကြံရင် ကိုယ်ဘဲ ခံရမယ်ဆိုတာ မှတ်ထား ပေသီး





အမျိုးသမီး ဘောလုံးကစားနည်းတမျိုး ဖြစ်သည်။

၁၉၂၁ ခုနှစ်တွင် အမေရိကန်လူမျိုး အီး၊ ဒီ၊ မစ်ချယ်လ်ဆိုသူက တီထွင်ခဲ့သည်။ မြန်မာနိုင်ငံသို့ ၁၉၅၃ ခုနှစ် ထဲတွင် ရောက်ရှိလာသည်။ ဘောလုံးနှင့် ဘတ်စကက်ဘော ကစားနည်းတို့မှ အချို့သော ကစားကွက်များနှင့်တူညီသည်။ လက်၊ ခြေ၊ ဦးခေါင်းတို့ဖြင့် ပစ်ခြင်း၊ ဖမ်းခြင်း၊ ခေါင်းတိုက်ခြင်းပြု၍ ကစားရသည်။

စပီဘော ကစားကွင်းသည် အလျားပေ ၂၄၀၊ အနံပေ ၁၂၀ ကျယ်သည်။ ဂိုးတိုင် နှစ်တိုင်သည် ပေ ၂၀ မြင့်၍ ၁၈ ပေ ကျယ်သည်။ အလယ်ဘားတန်းသည် မြေကြီးမှ ရှစ်ပေ မြင့်သည်။

တဖက်လျှင်လူ ၁၁ ယောက်စီ ကစားရသည်။ တဦးမှာ ဂိုးစောင့်ဖြစ်သည်။ ကစားပွဲ အရှုံးအနိုင်ကို အမှတ်ဖြင့် ဆုံးဖြတ်သည်။ ကစားချိန်မှာ ရှစ်မိနစ်တပွဲဖြင့် လေးပွဲ ကစားရသည်။

ပွဲစတင်သောအခါ ကွင်းအလယ်တွင် ဘောလုံးကို တည်၍ ခြေဖြင့်ကန် ကစားရသည်။ သို့မဟုတ် ခြေဖြင့်ကော်တင်ပြီး မိမိလူရှိရာသို့ ပေးပို့နိုင်သည်။ ထိုအခါတွင် မည်သည့် ဖက်ကလူမဆို လက်နှင့် ဖမ်းယူ၍ ဆက်လက်ကစားနိုင်ကြသည်။ လက်ထဲ၌ ဖမ်းမိထားသော ဘောလုံးကို မြေသို့ ပစ်ချပြီး မြေမှထိမိကန်၍ ပေးနိုင်သည်။ သို့မဟုတ် လေထဲမှ ကျလာသော ဘောလုံးသည် မြေနှင့်ထိပြီး ပြန်၍ မြောက်တက် အလာတွင် ခြေဖြင့် ကန်၍ ကစား နိုင်သည်။ ဘောလုံးသည် မြေကြီးပေါ်၌ ရပ်နေပါက ခြေဖြင့် ကော်တင်ယူပြီး လက်ဖြင့် ဖမ်းယူ ကစားနိုင်သည်။ ဂိုးသွင်းရာ၌ ခြေဖြင့် ရိုးရိုးကန်၍ဖြစ်စေ၊ လက်နှင့် ပစ်ဖမ်းယူခြင်းဖြင့် ဖြစ်စေ ဂိုးသွင်းနိုင်သည်။





# ဆရာဦးသော်တာ

အောင်လှိုင်မြွန်း

ဆရာဦးသော်တာကို ကျွန်တော် မုန်းသည်။ ကြောက်လည်းကြောက်သည်။ အဘယ်ကြောင့် ဆိုသော် ကျွန်တော် စာမရသည့် အခါများ၊ ဆော့သည့် အခါများတွင် တခြားဆရာ များထက် ပိုရိုက် တတ်သောကြောင့် ဖြစ်ပါသည်။

သည်နေ့လည်း ကျွန်တော့်ကို ဆရာဦးသော်တာ ရိုက်ပြန်ပါပြီ။ အတွင်းက သက္ကလတ်ဘောင်းဘီခံ ဝတ်လာသည် ဆိုကာ လုံချည်ချွတ်၍ ရိုက်ပါသည်။ အပြစ်မှာ ကိုးအလီ မရသောကြောင့် ဖြစ်ပါသည်။

"ကိုးအလီလေးတောင် မရတဲ့နို့များ မင်း သုံးတန်းအောင်လာတာ အံ့တယ်ကွာ၊ အံ့တယ်"

ဤသို့လည်း ရှုတ်ချသောစကားကို ဆိုလိုက် ပါသေးသည်။

အထူးသဖြင့် သည်တခါ အရိုက် ခံရ သည်ကို ကျွန်တော် နည်းနည်းကလေးမျှ မကျေနပ်နိုင်ပါ။

ထို့ကြောင့် အိမ် ရောက်သောအခါ ဖေဖေ့ကို ပြန်ပြောပြပါသည်။ အရိုက် ကြမ်းသော ဆရာ ထံတွင် မသင်ကြား လိုတော့ပါ။ ကျောင်းပြောင်း ပေးပါ စသည်ဖြင့် ပြောပါသည်။ ဖေဖေက ပြုံးပါသည်။ ကျွန်တော့်ကို မည်သို့မျှ ပြန်မပြောပါ။ အတန်ကြာသော အခါတွင်မှ –

"မင်းကို ဆရာက ဘာကြောင့် ရိုက်တာလဲ၊ ပေးရား ရိုက်တာလား"

"စာမရလို့ပါ"

"အေး – အေး – ဒီ အပြစ်ကြောင့်ဘဲလား"

"ရန်ဖြစ်တဲ့ အခါနဲ့ ဆော့လွန်းတဲ့အခါလဲရိုက်တယ်။ ဆရာဦးသော်တာက သိပ် အရိုက်ကြမ်းတာဘဲ"

"အင်း – အင်း"

ဖေဖေ စဉ်းစားပြန်ပါသည်။ ဆေးတံကိုလည်း မီးညှိပြီး အားရပါးရ ဖွာနေပါသည်။

"မင်းကို ကျောင်းပြောင်း မပေးနိုင်ဘူး"

"အရိုက်ကြမ်းတဲ့ ဆရာရှိတဲ့ ကျောင်းမှာတော့ သား မနေချင်ဘူး ဖေဖေ"

"အေး– ဆရာက မင်းကို မတရားရိုက်တာမှမဟုတ်ဘဲ။ စာမရလို့ ရိုက်ယင် မင်းက စာရအောင် ကြိုးစား ပြလိုက်ပေါ့။ ဆော့လွန်းလို့ ရိုက်ယင် မင်းက မဆော့နဲ့ပေါ့။ ရန်ဖြစ်လို့ ရိုက်ယင် မင်းရန်မဖြစ်နဲ့ပေါ့"

"သူက အပြစ်ရှာပြီး ရိုက်မှာပေါ့"

"မင်းက အပြစ်ကို မကျူးလွန်ယင်၊ မင့်မှာ အပြစ်မရှိယင် သူက ဘယ်လို အပြစ် ရှာပြီး ရိုက်မလဲ။ မင်းဖေဖေပြောသလို သာ လုပ်ကြည့်ပါ။ ဒါမှ ဆရာက သက်သက်ရိုက်သေးတယ် ဆိုယင်တော့ မင်းကို ကျောင်းပြောင်းပေးမယ်"

ဖေဖေ့ အပြောကို ကျွန်တော်သဘောကျသွားပါသည်။ ထို့ကြောင့် စာရအောင်လည်း

ကြိုးစား ကျက်ပါသည်။ ကျွန်တော် စာကျက် မပျင်းတော့ပါ။ အတန်းထဲတွင်လည်း ခါတိုင်းလို တရားလွန် မဆော့ တော့ပါ။ ကျွန်တော် ငြိမ်ငြိမ်လေး နေပါသည်။ ရန်လည်းမဖြစ်တော့ပါ။ ကျွန်တော့်သူငယ်ချင်း ကျောင်းသား ကျောင်းသူများနှင့် သင့်မြတ်စွာ နေထိုင်ပါသည်။

ထိုအခါ ဖေဖေ့စကား မှန်ကြောင်း သိလာပါတော့သည်။ ယခင်က ဆရာ ဦးသော်တာ၏ အရိုက်မခံရသောနေ့ဟူ၍ တနေ့မျှ မရှိခဲ့သော ကျွန်တော်မှာ ယခု ဆရာဦးသော်တာ၏အရိုက် မခံရတော့ပါ။ အမြဲတမ်း စာမရသဖြင့် အပြစ်ပြော ခံရသော ကျွန်တော်မှာ ဆရာ၏ ချီးကျူးခြင်းကိုပင် ခံလာရပါသည်။

ခြောက်လပတ် စာမေးပွဲ၌ အတန်းထဲတွင် အမှတ် အများဆုံးဖြင့် ပထမ ရပါသည်။ အတန်းပိုင် ဖြစ်သော ဆရာ ဦးသော်တာက ကျွန်တော့်ကို ဆုအဖြစ် ဖောင်တိန် တချောင်းပင် ပေးပါသည်။

ကျွန်တော် ဤကျောင်းတွင် ပညာသင်ကြားရသည်ကို မပျင်းတော့ပါ။ ဆရာဦးသော်တာကိုလည်း မမုန်းတော့ပါ။

"ကျောင်း ပြောင်း ချင်ပြောင်းပါလား၊ သား"

ဖေဖေက ကျွန်တော့်ကို ပြုံး၍မေးပါသည်။

"မပြောင်းချင်တော့ ပါဘူး ဖေဖေ"ဟု ကျွန်တော်က ဖြေလိုက်ပါသည်။

ကျွန်တော် ဆရာ ဦးသော်တာကို မမုန်းတော့ပါ။ မမုန်းသည့်အပြင် တနေ့တခြား ချစ်၍ လာပါပြီ။ ကြည်ညိုလေးစား၍ လာပါပြီ။



## ချန်မထားရဘူးဆို




## ပြည်ထောင်စုသား

တို့မြေကြီးကို တလက်မ၊
ထိဝံ့ ထိလှဲ့ကြ။

တို့များသတ္တိ တို့စွမ်းအင်၊
ပြကို ပြလိုက်ချင်။

အစဉ်အမြဲ တို့အသဲ၊
သတ္တိသွေးရဲရဲ။

လက်တွဲပါလို့ ညီညီညာ၊
ပြည်ထောင်စုသားပါ။

လွန်စွာခိုင်တဲ့ စည်းလုံးမှု၊
ငါတို့ပြည်ထောင်စု။

ဘယ်သူ့စကားမှ နားမယောင်၊
အမြဲချစ်ကြိုးနှောင်။

အလံထောင်လို့ ဝင့်ကာကြွား၊
တို့ပြည်ထောင်စုသား။ ။

မောင်သက်ကြူ

R. 517

# တီးတုတ်




တီးတုတ်ကို အတွေ့အမြင်နည်းသော်လည်း လူသိများ၏။ ကြီးမားတုတ်ခိုင်သည်။ အလျား လက်မ ၂၀ ခန့်ရှိသည်။ ညိုသောအရောင်ရှိပြီး နေ့ခင်းတွင် တနေ့လုံး အိပ်နေတတ်သည်။ ခြေထောက်များတွင် အမွေးမရှိ။ နှုတ်သီးမှာ ကောက်ကွေးချွန်ထက်သည်။ မျက်လုံးများမှာ ကြီးမားပြူးကျယ်သည်။ ပျံသန်းရာတွင် နှေးသည်။

တီးတုတ်အော်သံမှာ ကျယ်လောင်သည်။ အမက ''ဇီဇီ'' ဟု အော်လျှင် အဖိုက ''ဒီးဒုတ်'' ဟု လိုက်အော်သည်။ စုံတွဲနေလေ့ ရှိသည်။ ချောင်းကြီး ချောင်းငယ်များတွင် ကျက်စားတတ်သည်။ ညငှက် ဖြစ်သဖြင့် မှောင်စပျိုးသည့်အချိန်တွင်မှ အစာရှာထွက်သည်။ တီးတုတ်များသည် ငှက်ပေါက်ကလေးများ၊ နို့တိုက်တိရစ္ဆာန်ကလေးများ၊ ငါး၊ ကနန်း စသည်များကို စားသည်။ ချွန်ထက်သော ခြေသည်းများဖြင့် အစာကို ကုပ်ယူသွားနိုင်သည်။

သားပေါက်ချိန်မှာ ဒီဇင်ဘာလမှ မတ်လအတွင်း ဖြစ်သည်။ ကမ်းပါးကျောက်ဆောင်များ၊ သစ်ခေါင်းကြီးများတွင် အုသည်။ စွန်နှင့် လင်းတတို့၏ အသိုက်ဟောင်းများတွင်လည်း အုသည်။ တသိုက်တွင် နှစ်ဥသာရှိသည်။ ဥ၏အလျားမှာ ၂.၃၀ လက်မခန့်နှင့် ပြက်မှာ ၁.၈၈ လက်မခန့် ရှိသည်။

တောင်ခြေ သစ်တောများတွင် အနေများသည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၁၂၉ – ၁၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုပ်ချုပ်ရေးအဖွဲ့၊
ထုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

## လောဘ၏ ဒဏ်ချက်


ပန်းချီ-ဦးတင်ကြည်
ဇါတ်လမ်း-သာညွန့်

အတွဲ-၂၊ အမှတ်-၁၊ ၂၁-၂-၇၀




တခါက ဒီမြို့မှာ မောင်မြသောင်းဆိုတဲ့ သူငယ်တယောက် ရှိတယ်။ စစ်ကြီးအတွင်းတုန်းက ဂျပန်စကားပြန်လုပ်တယ်။
ရှိရေ ဝ တိုင် ဟင်း ယော်ရော့ရှိ
မါစတါကြီးက အဲဒါသိပ်ကောင်းတာဘဲ--တဲ့
ဂျပန်များ ဆုတ်ခွာသွားစဉ်က မောင်မြသောင်းလဲ ယိုးဒယားနယ်စပ်အထိ လိုက်ပါသွားတယ်။ တနေ့ကျတော့ ဂျပန်စစ်ဗိုလ်က-
မြသောင်း ဒီမှာ အိုနိရှိုးစံနဲ့ အတူ စောင့်နေပါ - မာစတါ အခုဘဲ ပြန်လါမယ်
ဟိုက် - မာစတာ - ကောင်းပါပြီ
ဂျပန်စစ်ဗိုလ်များနဲ့ စစ်သားအချို့ဟာ သေတ္တာကြီးတွေ ထမ်းပြီး လျှိုကောင်းကောင်းတနေရာသို့ သွားကြတယ်။
အတန်ငယ်ကြာလျှင်...
ဆာလိုက်တါ မြသောင်းရယ်- ဘာများ ရှိသလဲ-
အိုနိရှိုးစံ - ဒီမှာခဏ နေအုံး - ဟိုနားမှာ ကတွတ်သီးတွေရှိတယ် - သွားခူးလိုက်မယ်----
မြသောင်းသည် ဂျပန်စစ်သားအား လှည့်ပတ်ပြောဆိုပြီးနောက် တိတ်တဆိတ် လိုက်ချောင်းကြည့်ရာ ....


ဟုတ်တယ်
ဟုတ်တယ်
ဒီစာရင်းထဲမှာ- နာမည်ပါသူတွေ အားလုံး ဆိုင်တယ်နော် - တစ်ယောက်ယောက် သေသွားယင်လဲ ကျန်တဲ့ သားမယားတွေ ကို ဝေပေးရမယ် - သစ္စာဖောက်တဲ့ လူကို ဘုရားသခင်က အပြစ် ကြီးကြီး ပေးပါစေ....
ဟုတ်တယ်- ကျုပ်တို့လဲသဘော တူပါတယ်
သဘောတူပါတယ် - သစ္စာဖောက် တဲ့လူ၏ ထုံးစံအတိုင်း အပြစ်ပေး ရမှာဘဲ......
အင်း - ငါကြည့်နေတာ များ သိသွားယင် ငါ့ကို သတ်မှာဘဲ
မြသောင်းသည် အသာပြန်ထွက်လာပြီး
ရသမျှသစ်သီးများခူး၍ ဣန္ဒြေမပျက် ....
အိုရှိုးစံ - ရော့ - စား - ချိုတယ်
အား —... အရိဂတို မြသောင်း - အများကြီး ကျေးဇူးတင်ပါတယ်
စစ်ကြီးပြီး၍ လေးငါးခြောက်နှစ် ကြာသော်...
ဘမောင်ရေ ငါ့မှာ ရတနာသိုက်ကြီး တခု တွေ့ထားတယ် - မင်းကငွေ စိုက် ပေါ့ကွာ - အတူ သွားရအောင်
ဟုတ်မှလဲ လုပ်ပါကွ - တကယ်ဘဲ လား
သူက ငါ့လူကြုံပါ - အစစအရာရာ နားသေပါတယ် - အလုပ်ကြမ်းလဲ လုပ်နိုင်တယ် -
ဒါဖြင့် ခက်ဖြစ်ဘဲ - အမြတ်တမဲ ထွက်သွားကြ ရအောင်
သို့ဖြင့် နယ်စပ်သို့ ခရီးထွက်ကြ လေ၏။


ဟာ - အစစ်ပေါ့ - ဒီနေရာဘဲ - သေချာပါတယ်
ကဲ - ကိုကြွက်တူးစို့
ဟုတ်ကဲ့
တောကြီးထဲရောက်သော်..
ဟာ - သေတ္တာကြီးတောင်ဆွေးစပြနေပါပကော - ထပ်တူး - နောက် ၂ - လုံး ရှိရအုံးမယ်
ဟာ
ရတနာသိုက် ပေါ်လာသော်....
စိတ်ချပါ သူငယ်ချင်း ငါတယောက်ထဲသုံးလို့ကုန်မှာမဟုတ်ပါဘူး - ဟား - ဟား - -
မြသေါင်း မင်းကတိတည်စေနော် -
အေးပါ - ကိုကြွက်မနစ်နာစေရပါဘူး ....
ဆရာတို့က ခေါ်လိုတူးကြ သတ္တုတူးမယ်ဆို - ခုလို ဆိုတော့ ကျုပ်တော့လဲ ဝေစုပေးရမှာပေါ့
ဒီမျိုမြသေါင်း ကိုကြွက်ကြည့်ရတာ ဟန်ပုံမပေါ်ဘူး - အစဖျောက်လိုက်မှ ကောင်းမယ် . . . . . . .
ဒါ - မလုပ်ပါနဲ့ ကျို - ကျေ နပ်အောင် ငါကြည့်လုပ်ပါ့မယ်
ကိုကြွက် အလစ်တွင်
သို့ဖြင့်
အားလုံးပေါင်းထဲထားတော့ လေးတာပေါ့
ပစ္စည်းတွေပါတော့ လိုတဲ့လမ်းအတိုင်း ပြန်လို့မတော်ဘူး - ဒီဘက်လမ်းက ပြန်မယ်
ဆတ်ဂျင်-






အေးကွ-
ဦးခံအောင်ကြီး ဟိုသစ်ပင်ကြီးဆီကို တန်းပြီးသွားနေပါလား၊
ဟော-ဟော-သစ်ခေါင်းထဲကအထုပ်တထုပ် ဆွဲယူလိုက်ပြီ၊
သစ်ခေါင်းထဲကအထုပ်ယူပြီး၊ အိမ်လေးထဲပြန်ဝင်သွားပြီဟေ့၊
လာဟေ့- ဒို့ပြန်ပြန်လိုက်သွားကြရအောင်၊
ဦးခံအောင်-ဦးခံအောင် ထပါဦး-ထပါဦး-
တွေ့ပြီ- တွေ့ပြီ-


ပြီးပါပြီ


# တန်တား

ရေးသူ- ကိုဂုင်ပြ
သရုပ်ဖော်- ဗဆို

တန်တားဟူသည်မှာ လျှိုမြောင်ချိုင့်ဝှမ်း မြစ်ချောင်းတို့ကို ဖြတ်သန်း သွားလာနိုင်ရန် တည်ဆောက်ထားသောလမ်းဖြစ်သည်။ ကြိုးတန်တား၊ ကြိမ်တန်တား၊ သစ်တန်တား၊ အုတ် တန်တား၊ သံတန်တား ဟူ၍ ဆောက်လုပ်ရာ ပစ္စည်းကို အကြောင်းပြု၍ အမျိုးမျိုး ခေါ်ကြသည်။ သို့သော် အမျိုးအစားအားဖြင့်မူ တန်တားသေနှင့် တန်တားရှင် ဟူ၍ နှစ်မျိုးသာရှိသည်။





ပေါင်းကူးတန်တား




တန်တားခင်းရမည့် ကြားကွက်လပ် အကျယ်အဝန်းနှင့် မြေခံနေထားတို့ကိုအကြောင်း ပြု၍ တန်တား အမျိုးမျိုး တည်ဆောက်ရသည်။ ခါးလယ် ညွတ်မကျအောင် အောက်မှ ပင့်၍ ပိုးပေးသော တန်တားကို တိုင်ထူ တန်တားဟု ခေါ်သည်။ ဂုတ်ထိပ်တန်တားသည် တိုင်ထူ တန်တား ဖြစ်သည်။









တိုင်ထူတန်တား




ခုံးတန်တား

ဝန်ကို ခံနိုင်ရည်ရှိအောင် အပေါ်၌ ဖြစ်စေ၊ အောက်၌ ဖြစ်စေ ထုပ် လျှောက် စသည် တို့ဖြင့် ပိုး၍ ပေါင်းကူး တည်ဆောက်ထားလျှင် ပေါင်းကူး တန်တားမည်၏။ အင်းဝ တန်တားမှာ ထိုတန်တားမျိုးဖြစ်သည်။








မောင်းတန်တန်တား

ကြိုးတန်တား



ခုံးတန်တား တည်ဆောက်ထားပုံမှာ ကျောက်တုံးများကို တခုပေါ်တခုဆင့်ပြီး သပ်

ရိုက်သွင်းကာ ဝန်၏ဒဏ်အားကို အားလုံးဆင့်ကဲ အညီအမျှခံယူအောင် ပြုလုပ်ထားသည်။
ကြိုးတန်တားများကို ချင်းပိသေသတိုင်းနှင့် ဝနယ်တို့တွင် တွေ့ရများသည်။ ကြိမ်၊ နွယ်၊ သံမဏိကြိုးတမျိုးမျိုးကို နန်းလိမ်ကြိုးပြုလုပ်ပြီးနောက် ယင်းကြိုးတန်းမှနေ၍ တန်တားခင်းထားခြင်း ဖြစ်သည်။



ကူးတို့ကူးတန်တား

မောင်းကန်တန်တားမှာ မြစ်ကမ်းတဖက်ဆီမှ မြစ်လယ်သို့မောင်းတံသဖွယ် တန်တား



မဲတင်းတန်တား


ထိုးပြီး မြစ်လယ်၌ တိုင်မထူဘဲ ပေါင်းကူး ဆက်ထားခြင်း ဖြစ်သည်။ ရေစီးသန်သောမြစ်၌ တည်ဆောက်လေ့ ရှိသည်။

ယင်းတို့ကား တန်တားသေများ ဖြစ်ကြ၏။

တန်တားရှင်များကို သင်္ဘောကြီးများ အသွားအလာ လွယ်ကူစေရန် တည်ဆောက်လေ့ရှိသည်။ ဆုံလည်တန်တား၊ ဆွဲတန်တား၊ မဲတင်းတန်တားနှင့် ကူးတို့ကူးတန်တားတို့ကို




ဖော့တန်တား



ဆုံလည်တန်တား

လူသိများသည်။ ဟသ်ာတ-မြန်အောင်ကူး ဆုံကုန်းတန်တား၊ ဝေါမြို့တန်တားနှင့် သာကေတ တန်တားသစ်ကြီးတို့မှာ မဲတင်းနှင့် ဆုံလည်တန်တားရှင် အမျိုးအစားများ ဖြစ်ကြသည်။ ဖော့တန်တားမှာ ရေပေါ်၌ ပေါ်နေသော ဖော့များပေါ်တွင် တည်ခင်း ထားသော တန်တားရှင် ဖြစ်သည်။ ဖော့အဖြစ် လှေကိုဖြစ်စေ၊ သံစည်လွတ်ကို ဖြစ်စေ၊ ဝါးကိုဖြစ်စေကျောက်ဆွဲပြီး အသုံးပြုလေ့ရှိသည်။




တန်တားများသည် ကုန်းလမ်းခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့ကို များစွာ အကျိုးပြုသည်။


စိုးမိုးညွန့်သည် သိပ္ပံဘာသာ၌ ထူးချွန်၍ လက်တွေ့ စမ်းသပ်မှုများတွင် စိတ်ဝင်စားသည်။
တနေ့သော် သိပ္ပံဆရာက ပြောရာ -
ပညာရေးပြပွဲ သိပ္ပံ မျက်လှည့်ခန်းမှာ တိုးမပေါက်အောင် စည်ကားလေသည်။


ပညာရေးပြပွဲ အပြီးတွင်
သို့ပွဲဆရာကကောင်းစွာ ရှင်းပြသည်။
ဆရာ ရှင်းပြနေစဉ်....
ကျောင်းသားတဦး လာတိုင်သည်။
စိုးမိုးညွန့်က ဝင်ပြောသည်။


စိုးမိုးညွန့်သည် ၎င်း၏ သေတ္တာလေးကိုယူလာပြီး
ဆရာသည် အကဲခတ်ကြည့်နေ၏။
တယောက်ပြီး တယောက် အခန်းထဲဝင်၍ သေတ္တာထဲသို့ လက်နှိုက်ကြသည်။
အားလုံး ပြီးဆုံးသွားသော် စိုးမိုးညွန့်က ဖောင်တိန်ယူသော ကျောင်းသားကို ဆွဲပြသည်။
ကျောင်းသားအားလုံး ဟင်ကနဲဖြစ်ကာ
ဆရာက
ကဲ စိုးမိုးညွန့် မင်းစက်အကြောင်း ရှင်းပြလိုက်ပါဦးကွာ
မောင်နီသည် ဖောင်တိန်ကို ပိုင်ရှင်အား ပြန်ပေးလိုက်၏။
စိုးမိုးညွန့် ရှင်းပြအပြီးတွင် တတန်းလုံးငိုအား ထက်ရယ်အားသန် ဖြစ်ကြရလေသည်။




စကိတ်ဆိုသည်မှာ ရေခဲပြင်သို့မဟုတ် မာကျော ညီညာသော လမ်းမ၊ ကြမ်းခင်း စသည်များတွင် လျှောတိုက်၍ စီးနင်းရသော ဘိနပ်တမျိုး ဖြစ်သည်။

စကိတ် ဘိနပ် နှစ်မျိုးရှိသည်။ ရေခဲပြင်စီး ဘိနပ်နှင့် မာကျောသော မျက်နှာပြင်များထက်တွင် စီးရသော ဘိနပ်ဟူ၍ ဖြစ်သည်။ ရေခဲပြင်စီး ဘိနပ်မှာ ရိုးရိုး သံမဏိပြားဖြစ်၍ အခြားဘိနပ်တမျိုးမှာမူ သံမဏိဘီးငယ်ကလေးများတဖက်လျှင် လေးဘီးစီ တပ်ဆင်ထားသည်။


၁၉၂၄ ခုနှစ် ကမ္ဘာ့အိုလံပစ် အားကစားပွဲတော်မှ စတင်၍ စကိတ်စီးပြိုင်ပွဲကို ထည့်သွင်းခဲ့သည်။ ဥရောပ မြောက်ပိုင်းမှ တိုင်းပြည်များမှာ ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲများတွင် ချန်ပီယံနိုင်ငံများ ဖြစ်ကြသည်။

စကိတ်စီးပြိုင်ပွဲတွင် အလှစီးနှင့် အမြန်စီးဟူ၍ ခွဲခြားပြုလုပ်လေ့ ရှိသည်။

စကိတ်စီးသောအခါ ခြေဦးနှစ်ဖက်ကိုဘေးသို့ ခပ်ကားကားထားရသည်။ ခါးကိုရှေ့သို့ ကုန်းညွတ်၍ ကိုယ်အလေးချိန်ကို ခြေထောက် နှစ်ဖက် ပေါ်တွင် မျှတစွာ ထိန်းထားရသည်။ ခြေလှမ်းသောအခါ တဖက်ပြီးမှ တဖက် ခပ်ကျဲကျဲ လှမ်းရသည်။ ခြေကျင်းဝတ်ကို မြဲမြံစွာ ထိန်းထားနိုင်ရသည်။ အချုပ်မှာ စကိတ်စီးလိုသူသည် ကိုယ်ဟန်အထိန်းအသိမ်းကောင်းရသည်။ ခြေထောက်နှင့် ခြေကျင်းဝတ်သန်မာရသည်။

လက်အလွှဲ အပြောင်းသည်လည်း များစွာအရေးကြီး၏။

ယခုခေတ် ဆောင်းတွင်း၌ရေမခဲသည့် အချို့သော နိုင်ငံများမှာပင် သိပ္ပံပညာ၏ အစွမ်းဖြင့် ရေခဲပြင်များ ပြုလုပ်ဖန်တီးပြီး စကိတ်စီးနေကြပေသည်။






အာလူးကလေးသည် ကုန်စုံဆိုင်ကြီးတဆိုင်၏ ခြင်းထဲတွင် အခြား အာလူးများနှင့် အတူ ရောက်နေ၏။ သူတို့ အားလုံးသည် ခြံကြီးတခြံအတွင်းမှ အတူတူလာခဲ့ကြသည်။ သူတို့ကို ခြင်းများထဲသို့ ထည့်ကာ ကားများဖြင့် တင်ဆောင် လာကြသည်။

ရောက်စတွင် သူ အလွန် ပျော်ရွှင်ခဲ့သည်။ သို့သော် သူ ရောက်နေသည်မှာ သုံးလေးရက်မျှပင် ရှိသွားပေပြီ။ အခြား အာလူးများသည် သူ့ကို နှုတ်ဆက်ခွဲခွါသွားကြသည်။ သူအလွန် ဝမ်းနည်းလျက် ရှိသည်။

အာလူးကလေးသည်နောက်ထပ် အသစ်ရောက်လာကြသော အာလူးများနှင့် ဆုံတွေ့ရပြန်သည်။ သို့သော် သူတနေ့မျှ မပျော်ရွှင်ပေ။

ဝယ်သူများက သူ့ကို ကိုင်ကြည့်ပြီး ဘေးကို ဖယ်လိုက်ကြသည်။ အာလူးကလေးမှာ အခြား အာလူးများနှင့် အရွယ်ချင်း တူသော်လည်း မျက်နှာတွင် ကျောက်ပေါက်မာကဲ့သို့ အပေါက်များ ပါရှိသည်။ ထို့ကြောင့် ဈေးဝယ်သူများက သူ့ကို မဝယ်ကြ။ ပစ်ပယ်ထားကြသည်။

အာလူးကလေးသည် သူ့ဘဝကို တဖြည်းဖြည်း စိတ်ပျက်လာတော့သည်။ သူ၏ ဘဝသည် မည်သို့မျှ အသုံးမကျဖြစ်ကာ ပုပ်၍သွားမည့် အဖြစ်ကို ဝမ်းနည်းနေသည်။

ရက်များ ကုန်လွန်လာခဲ့သည်။ သူသည် ခြင်းထဲတွင်သာ ရှိနေသေးသည်။ သူ၏ အခွံများပင် တွန့်၍တွန့်၍ လာတော့သည်။

× × × ×

မိုးတဖွဲဖွဲရွာနေသော နံနက်ခင်းဖြစ်သည်။ အာလူးကလေးသည် မိုးအေးအေးနှင့် ကွေး၍ နေသည်။ သူသည် မျှော်လင့်ချက် မရှိသော သူ၏ ဘဝအကြောင်းကိုတွေး၍ နေသည်။

ထိုစဉ် ဆိုင်ထဲသို့ လူကြီးတယောက် ဝင်လာသည်။ ထိုလူ၏ လက်ထဲတွင် ခြင်းတခု ပါလာသည်။

"အာလူးမရှိဘူးလားဗျ"

ထိုလူက ဆိုင်ရှင်ကို မေးသည်။

အာလူးကလေးသည် ထိုလူ၏ မေးသံကို ကြားလိုက်သည်။ သူအလွန်အားတက်သွားသည်။

"ဒါ ငါ့အတွက် အခွင့်အရေးဘဲ၊ ခြင်းထဲမှာ အာလူးများများစားစား မရှိတော့ဘူး"

အာလူးကလေးသည် ထိုသို့တွေးရင်း ပီတိ ဖြစ်သွားသည်။

"ရှိပါတယ် ဆရာ၊ ဘယ်လောက်ယူမှာလဲ"

"တပိဿာပေးပါ"

ဆိုင်ရှင်သည် ခြင်းထဲမှ အာလူးများကိုနှိုက်၍ စက္ကူအိတ်ထဲသို့ ထည့်သည်။ ပထမ တခါနှိုက်သည်။ အာလူးကလေးသည် သူ့ကို နှိုက်ယူမည်ဟု ထင်လိုက်

သည်။ သို့သော်သူပါမသွားပေ။ သူသည် အလွန် စိတ်ပျက်သွားသည်။ နောက်တခါ နှိုက်ပြန်သည်။ ဤအကြိမ်တွင်ကား ဆိုင်ရှင်၏လက်သည် သူ့ကို ဆုပ်ကိုင်၍ ယူလိုက်သည်။

အာလူး ကလေး သည် စက္ကူအိတ်ထဲ ရောက်သွားတော့သည်။ ထို့နောက် လူကြီး၏ခြင်းထဲသို့ ရောက်သွားသည်။ သူသည် အလွန်ဝမ်းသာပျော်ရွှင်နေတော့သည်။

အိမ်ရောက်သောအခါ အာလူးများကို လူကြီးက စားပွဲပေါ်သို့ သွန်ချလိုက်သည်။

"အို– ဒီအာလူး ကလေးက မျက်စေ့တွေနဲ့ပါလား"

အာလူးကလေးကို ကြည့်၍ ထိုလူကြီးကပြောလိုက်သည်။

"ဒီအာလူးကို အပိုင်းပိုင်းခွဲလိုက်ပြီး စိုက်ရယင် အာလူးပင်တွေ အတော်ရမယ်။အာလူးတွေ အများကြီးပေါက်လာမှာဘဲ"

ထိုလူကြီးက တယောက်တည်း သူ့ကိုယ်သူ ပြောလိုက်သည်။

ထို့နောက် လူကြီးသည် ဓားဖြင့် အာလူးကလေးကို စတင်လှီးဖြတ်ပါတော့သည်။

အာလူးကလေးမှာဆယ်စိတ်ဖြစ်သွားသည်။ ထိုလူသည် အာလူးစိတ်များကိုယူ၍ခြံထဲသို့ဆင်းသွားသည်။ ထို့နောက် အာလူးစိတ်ကလေးများကို မြေကြီးထဲတွင်မြှုပ်၍ စိုက်လိုက်သည်။

× × × ×

"မှောင်လှပါလား။ ငါဟာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားပြီ။ မြေကြီးထဲ ရောက်သွားပြီ။ ငါ့ဘဝဆုံးပြီထင်ပါရဲ့"

အာလူးကလေးသည် အလွန်ကြောက်ရွံ့ကာ ညည်းညူလိုက်သည်။

ရက်များ ကုန်လွန် လာခဲ့သည်။ အာလူးကလေးသည် အိပ်ရာမှ လန့်နိုးသကဲ့သို့ ဖြစ်သွားသည်။ အာလူးစိတ်များနှင့် တဆက်တည်း အခက်အရွက်များ ပေါက်နေသည်ကို တွေ့ရ၍ လန့်သွားမိသည်။

သူသည် အလွန်အံ့သြနေ၏။

နွေ ရာသီပင် ကုန်လွန် ပေတော့မည်။ တနေ့သူ့ကိုဈေးဆိုင်မှဝယ်ယူလာသောလူကြီး ရောက်လာသည်။ပေါက်တူးနှင့် အာလူးပင်များကို တူးဆွ လိုက်သည်။ သန်မာထွားကျိုင်းသော အာလူးများကိုတွေ့ရ၍ အလွန်ဝမ်းသာနေ၏။

"အင်း–အာလူးကလေးတခုက အာလူးတွေ အများကြီးရပါလား"

အာလူး ကလေးသည် သူ့သခင်၏ပြောစကားကြောင့် အလွန်ဝမ်းသာ သွားတော့ သည်။ သူသည် အသုံးကျသော အာလူးကလေးဖြစ်ခဲ့ပြီမဟုတ်ပါလော။

## ဗမာ့ ထမနဲ

သံစမောက်ကြီး ပက်လက်လှန်၊
ဝိုင်းကြီးပတ်ပတ်ရံ။
ထင်းမီးခံလို့ လှိုင်လှိုင်ပျိုး၊
မိုးပျံတိမ်မီးခိုး။
နိုင်အောင်ထိုးပ ယောင်ကြီးဗွေ၊
ယောက်မကြီးနဲ့မွှေ ။
ကောက်ညှင်းကြေလို့ ဆီကရွှဲ၊
ဗမာ့ထမနဲ။
မြေပဲထည့်ပါ နှမ်းထည့်ပါ၊
အုန်းသီးစိတ်လဲပါ။
ဒိုးအစာနဲ့ ဒိုးရှင်ပြုံး၊
ဗမာ့ဓလေ့ထုံး။
စည်းရုံးညီညာ စုပေါင်းကာ၊
ဗမာ့အလှူပါ။
နှင်းမှုန်ဖြာလို့ နှာရည်ရွှဲ၊
ရာသီတပို့တွဲ။
ပွင့်မြဲပွင့်သည် အခါမို့၊
ပေါက်ပွင့်ရဲရဲနီ။
သူ့ရာသီနဲ့ သူ့အလှဲ၊
တာဝန်ကြေပါရဲ့။ ။

ဗန္ဓုရဝင်း



R. 517



# တောကြက်

တောကြက်ဖမှာ အမြီး အပါအဝင် ၂၆ လက်မမှ ၂၀ လက်မအထိ ရှည်သည်။ ကြက်မမှာ ၁၇ လက်မခန့်ရှည်သည်။ ကြက်ဖအမြီးမှာ ၁၁ လက်မမှ ၁၃ လက်မအထိရှည်သည်။ ပုံနေစဉ် အမြီးအထက်ရှိ အဖြူကွက်ကို မြင်ရသည်။ နီထွေးသော အမောက်မှလွဲ၍ တကိုယ်လုံး အသားရောင်မှာ မဲပြာနေပုံရသည်။

တွန်သံမှာ မြို့ကြက်နှင့် တူသော်လည်း တို၍ ပြတ်တောင်းသည်။

တောင်ခြေ သစ်တောများတွင် အနေ များသည်။ မိုးအခါ တောနက်ရာသို့ ရွှေပြောင်း နေကြပြီး၊ ဆောင်းအခါ စပါးစိုက်သော လယ်တောနှင့် နီးရာတောစပ်သို့ လာကြသည်။ နံနက်စောစောနှင့် နေ့ခင်းတွင် စပါးပင် ငုတ်တိုများအကြားတွင် လာရောက်၍ အစာရှာ ကြသည်။ အလွန်ပါးနပ်သည်။ သို့ကြောင့် ကြက်သေသေသည်၊ ကြက်ပျောက်ငှက်ပျောက် ပျောက်သည် ဟူသော ဝေါဟာရများ ပေါ်လာခြင်း ဖြစ်သည်။ အများအားဖြင့် အုပ်လိုက်နေသည်။

မတ်လမှ မေအတွင်း သားပေါက်သည်။ သို့သော် အောက်တိုဘာလတွင် ဥများတွေ့ရ၍ အချိန်မရွေးအုသည်ဟု ယူဆရသည်။ ဥကျင်းများကို ဝါးရုံ၊ ချုံဖုတ်များအကြား၊ မြေပြင်နှင့် ပေအနည်းငယ်အကွာတွင် ထားကြသည်။ တမြုံလျှင် လေးဥမှ ခြောက်ဥ၊ တခါတရံ ကိုးဥအထိရှိသည်။ ဥအရောင်နှင့် သဏ္ဍာန်မှာ တဥနှင့်တဥကွာခြားသည်။ အဖြူရောင်မှ မလှိုင်နှစ်ရောင်အထိ ရှိသည်။ အလျား ၁.၇၀ လက်မနှင့် ပြက် ၁.၃၆ လက်မရှိသည်။

အရှေ့တိုင်း နိုင်ငံ အနှံ့အပြား တွင် တွေ့ရသည်။

ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထုံးက နှိပ်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။


# ရွှေသွေး ဂျာနယ်

## လောဘ၏ ဒဏ်ချက် ၂

မင်းချီ - ဦးဘကြည်

ဇါတ်လမ်း - သာညွန့်

အတွဲ ၂၊ အမှတ် ၉၊ ၂၀-၂-၇၀




အား - - - -
ဒေါ် ဒေါ် -
အမောဖြေရင်း ခဏမှိန်းနေကြစဉ် ဘမောင်သည် အလစ်တွင် ကိုကြွက်ကို ရုတ်တရက် ကန်ချလိုက်၏။
ဟာ - ကိုကြွက် ဘယ်လိုဖြစ် သွားတာလဲ - ကျွတ် - ကျွတ်
ခွေးကောင် အိပ်ပျော်ပြီး လိမ့်ကျသွားတာ နဲ့တူတယ်..
ကိုကြွက်ခမျာ ရေထဲကျသွားပြီး ဝဲကြီးစုတ်၍ မြုပ်သွားလေတော့သည်။
ကဲ - ဒို့နှစ်ယောက်ထဲတော့ ဒီသေတ္တာကို ဘယ်သယ်နိုင်မလဲ - ပြီးတော့ - တခြားလူတွေ ရိပ်မိသွားမယ်လဲ နဲ့တူ -
လွယ်ပါတယ် ကွ - ပစ္စည်းတွေကို ခွဲထုတ်တာပေါ့
အမောပြေလောက်သော် ....
စိန်ရွှေ ကျောက်သံပတ္တမြားများကို ဖက်ရွက် သစ်ကိုင်းခြောက်တို့ဖြင့် အထုပ်အပိုးများ ပြု လုပ်၍ လုံ ရိုးထွာ သို့ဖွက်ကြသည်။ ထိုနောက်
ကျုပ်တို့က ရန်ကုန်ဘက် သွားချင်တာ ဗျ
ရပါတယ် - ရွာဘေးက ချောင်းလေးမှာ ရေ ဖြစ်တယ် - ပင်လယ် အထိပေါက်တယ် - လှေရောင်းချင် တဲ့လူလဲရှိတယ် ----
ခရီးဆက်ကြရာ ညနေခင်း၌ ကရုပ်ရွာ လေးသို့ ရောက်၍ ဘုန်းကြီးကျောင်း တ ကျောင်း၌ ညအိပ်ကြ၏။
အေး - အေး
ကဲ - သွားတော့ မယ်နော် - ကပ္ပိယ ကြီး ----
နောက်တနေ့တွင် ကပ္ပိယကြီး၏ အကူအညီ ဖြင့် ဖွက်ထားသော ပစ္စည်းများနှင့် ရိက္ခာ များကို လှေပေါ်တင်၍ ခရီးဆက်ကြပြန် သည်။


မုတ္တမကွေ့ကြီးကိုကျော်၍ရန်ကုန်သို့ဦးတည်
လာနေစဉ် တနေ့၌ လေပြင်းဆင်လာရာ -
ဘမောင်ရေ...
ဘမောင်...
ငါ့ကိုကယ်
ပါအုံး...
မြသောင်းရောက်လာပြီး ရွက်ကြိုးကို ကိုင်
ပေးစဉ် ဘမောင်က တွန်းချလိုက်၏။
ရေမကူးတတ်သော မြသောင်းသည် သူ့ကို
ကယ်ရန် အတန်တန် ခေါ်သော်လည်း ....
ဟဲ - ဟဲ
ငါတော့ သူဌေးဖြစ်ပြီ ဒီတသက်
တော့ အားလို့မကုန်နိုင်တော့ဘူး
အတော်ကလေး ဝေးသွားသော်..


ပဲခိုက်-ရန်ကုန်မြစ်ဝတောင် နီးလါပါပကော်..
ဂျက် - ဂျက် ဂျက် - ... ဂျက်ဆိုတဲ့
ငွေကိုခေါ်တယ် ငွေကိုသိ
ရေလိုသုံးယင် တစ်လုံးမှာ
လုပ်သမျှ တင့်တယ် - -
ဘမောင်သည် အားရကျေနပ်စွာ သီချင်း
လေး တညည်းညည်းနှင့် လှေလှော်လျက်
ရှိ၏။
အမယ်လေးဗျ - ကယ်ကြပါဦး - ဟား-ဟား
ငါ့မိန်းမတွေ - ရွှေတွေ - - - ဟေ - ဟေ....
ထိုအခိုက်တွင် မိုးသက်လေပြင်း ကျလာရာ
တယောက်ထဲ ဖြစ်၍ မထိန်းနိုင် ဖြစ်နေ၏။
နောက်ဆုံး၌ လှေမှောက်ကာ ပစွည်းရော
လူပါ လှိုင်းလုံးကြီးများ အကြား၌ ပျောက်
သွား၏။
ဟ - အသက်ရှိ
သေးတယ်
ထင်တယ်
ဒါဖြင့်
ဆယ်လိုက်
ကွာ
နောက်နှစ်ရက်ခန့် ကြာသော်
တံငါလှေ တစင်းက ဝါးပိုးဝါးကို ဖက်၍
မျောနေသော လူတယောက်ကို တွေ့သဖြင့်
ဆယ်ခဲ့ရာ ဘမောင်ဖြစ်နေ၏။
အဲဒီထဲက စပြီး
ရူးသွားတာဘဲ တဲ့
ကွဲ
ဟော ဟော! -
လာ နေ ပြန်ပြီ
ထမင်းဆိုင်ရှင် အဒေါ်ကြီးက ထိုကဲ့သို့ ပြော
ပြနေခိုက်မှာပင် ....
လါနေပြီ
လါနေပြီ
မုန်တိုင်းကြီး
မုန်တိုင်းကြီး
လေါဘ
လေါဘ
လေါဘ
နင်တို့လဲ
သတိထားကြ
ပြီးပါ


ခည်းခည်းလုံးလုံး
ရေးဆွဲသရုပ်ဖေါ်-ကျော်သန်း
တနေ့တွင်××
ဟိုဖက်အသိုက်ကဆူ×ဒီဖက်အသိုက်ကဆူနဲ့×ဒီလောက်ကျပ်ပိတ်ဆူညံနေတဲ့ရွာကြီးမှာ×မနေချင်ပါဘူး ကိုကျီးဖိုရယ်××
အလွန်ကြီးမားသော သစ်ပင်ကြီး တပင်တွင် ကျီးကန်းတစုသည် ရွာကြီးတည်ထောင်၍ နေထိုင်ကြလေသည်။
အေးကွ×ဟိုးဖက်နားက သစ်ပင်ကြီးမှာ×လွတ်လွတ်လပ်လပ်သွားနေကြမယ်×
သို့နှင့်×
ဟော×ပြောင်းကြမလို့ဆို×ကိုယ့်အမျိုးနဲ့လက်ရေတပြင်စီး×ဒီမှာဘဲအတူတူနေကြပါကွာ××
ကျနော်တို့ဆုံးဖြတ်ပြီးပါပြီခင်ဗျာ××
ကျီးဖိုနှင့် ကျီးမတို့သည် တဖက်ရှိသစ်ပင်ကြီးသို့ ပြောင်းသွားကြလေသည်။
အိုကွာ×မကြောက်ပါနဲ့ အလကားလက်သရမ်းတာပါ×မထိနိုင်ပါဘူး×××
အမလေးတော့×


ကျီးဖိုနှင့် ကျီးမတို့မှ သားငယ်လေးများ ပေါက်ဖွားလာရာ အစာရှာ ကျွေးမွေးရင်း ပျော်မဆုံးဖြစ်နေကြလေသည်။
တနေ့သော်x
လုပ်ကြပါအုံး x ကျမသားလေးပါ သွားပြီ x x
ငါလဲကြိုးစားပြီးလိုက်တာဘဲ x အင်း - ဒို့ဒီရွာ ခြုံမှမရှိတော့ဘူး x ရွာကြီးဆီ ပြန်ပြောင်းမှဖြစ်တော့မယ် x x
ကျမသားလေးကို စွန်ကြီးဆီက မကယ်နိုင်တော့ဘူးလား ကိုကျီးဖိုရယ် x
ကျီးဖိုသည် စွန်ကြီးနောက်သို့ လိုက်၍ တိုက်ခိုက်၏။ သို့သော် သားငယ်ကို ပြန်မရနိုင်ခဲ့ပေ။
ကျီးဖိုသည် ရွာဟောင်းသို့သွားကာ အကူအညီ တောင်းခံရာ ကျီးအားလုံးက ပြောင်းရွှေ့ရေးအတွက် ကူညီရန် စုရုံးလိုက်လာကြလေသည်။
ထိုစဉ် ကျီးမမှာ ...
အာလို x စွန်ကြီးလာပြန်ပြီ x ကိုကျီးဖိုကလဲ ခုထိ မလာသေးဘူး x ဒုက္ခပါဘဲ x x


ကယ်ကြပါအုံး× ကယ်ကြပါအုံး×
ဟာ×ဒါကျီးမရဲ့ အသံဘဲ×××
ဒီက တွေ့နေပြီဟေ့×ကဲ ဒို့တတွေ စည်းစည်းလုံးလုံးနဲ့ ရစ်ပေါင်းခွဲဖက ကယ်ကြရအောင်ဟေ့×လာကြ လာကြ×
ကျီးများ၏ စုပေါင်း တိုက်ခိုက်မှုကြောင့် စွန်ကြီးမှာ လက်လွှတ် ထွက်ပြေးရလေသည်။
ကဲ×ဒို့ဟာ တဦးချင်းရန်သူနဲ့ အင်အားမမျှပေမဲ့×ဒို့ရဲ့ စုပေါင်းအင်အားကြောင့် ခုလို အောင်မြင်ရတာဘဲ××ကိုယ့်အမျိုးအတွက် ရဲရဲဝံ့ဝံ့စွန့်စားခဲ့ကြလို့ ဂုဏ်ယူဘို့လဲကောင်းတယ်ကွဲ့×
ဟုတ်ပါတယ်ရှင်×ကျမတို့ နောင်ကို ကိုယ့်အမျိုးတွေနဲ့ စည်းစည်းလုံးလုံးနေပါတော့မယ်××

# လူသား နှင့် နေအိမ်


ရေးသူ - ဇော်ရင်မြ
သရုပ်ဖော် - ကဆွ


လူတို့မိုး၊ လေ၊ နေ၊ အပူ၊ အအေး ဒဏ်နှင့် သားရဲတိရစ္ဆာန်တို့၏ ဘေးရန်မှ ကာကွယ်ရန် အိမ်များကို ပြုလုပ်နေထိုင်ခဲ့ကြသည်။ ရှေးခေတ် လူတို့သည် ကျောက်ဂူတွင် နေထိုင်ကြသည်။ အက်စကီးမိုးတို့သည် ရေခဲတုံးများဖြင့် ရေခဲအိမ် ပြုလုပ်ကြသည်။ ရက်အင်ဒီးယန်းတို့က သားရေတဲများထိုးကာ နေလေ့ရှိသည်။ နာဂတို့က တဆွေတမျိုးလုံးနေနိုင်အောင် တဲရှည်ကြီး ဆောက်လုပ်ကြသည်။ မြန်မာနိုင်ငံ တောင်ဖက်ဖျားရှိ ဆလုံတို့က လှေအိမ်များတွင်နေကြသည်။

မိုးများသောဒေသရှိ နေအိမ်များကို ဆင့်ထိုး၍ ခေါင်စောက် ပြုလုပ်လေ့ရှိသည်။ သစ်ပင်ထက်၌ အိမ်ဆောက်နေသူများလည်း ရှိသည်။

အေးသော ဒေသများတွင် ဆီးနှင်းနှင့် ရေခဲဒဏ်ကို ခံနိုင်ရန် အိမ်မိုးကို အထူးမတ်စောက်စွာ ပြုလုပ်ထားသည်။ အလွန်ပူပြင်းပြီး မိုးနည်းသော သဲကန္တာရရှိ နေအိမ်များမှာ မိုးရေရနိုင်အောင် ခေါင်မိုးကို ပြားပြားပက်ပက် ပြုလုပ်ထားသည်။

နေအိမ်မှာ အမျိုးမျိုးရှိသည်။ အိန္ဒိယနိုင်ငံတွင် ရွှံ့မြေအိမ်များ၊ အမေရိကန်နိုင်ငံ သစ်တောဒေသတွင် သစ်လုံးအိမ်များ၊ ဂျပန်နိုင်ငံတွင် မြေငလျင်ဒဏ်မှ ကာကွယ်ရန် စက္ကူအိမ်များကို တွေ့ရသည်။ မြန်မာနိုင်ငံရှိ နေအိမ်များမှာ များသောအားဖြင့် ပျဉ်ထောင်အိမ်ဖြစ်သော်လည်း ခေတ်မီတိုက်အိမ်များလည်း ရှိသည်။





၆ ရေကြီးခြင်းမှ ကာကွယ်ရန်
၇ မိုးရွာခြင်းမှ ကာကွယ်ရန်
၈ သားရဲတိရစ္ဆာန် ဘေးရန်မှ ကာကွယ်ရန်
၁၀ မိုးနည်းသောဒေသမှ နေအိမ်
ဆီးနှင်းဒဏ် ခံနိုင်ရန် ၉
၁၁ သစ်လုံးအိမ်
၁၂ ရွှံ့အိမ်
၁၃ ဂျပန်အိမ်
၁၄ ဝိုက်အိမ်
၁၅ ပျဉ်ထောင် အိမ်


၏ ကျော်ကျော် - နှင့် - မော်မော်
ပါဝင်သော - တာဝန်သိသူ
ကျော်ကျော်နှင့်မော်မော်တို့သည် ကျောင်းပိတ်ရက်တခုတွင် အိမ်သစ်ဆောက်နေသော သူတို့ဦးလေးတော်သူ၏ ခြံထဲသို့ အလည်အပတ်ရောက်နေကြသည်။
ကျော်ကျော်ရေ - မင်းအိမ်မှာ စောင့်နေအုံးဟေ့။ ဦးဈေးသွား ဝယ်လိုက်အုံးမယ်။
ဟုတ်ကဲ့ ဦးလေး။
ငါတယောက်ထဲ အိမ်မှာနေရတာ ပျင်းလိုက်တာ၊ မော်မော်နဲ့ ဖိုးတုတ်တို့ နောက်ခြံထဲမှာနဲ့တူတယ်၊ လိုက်သွားအုံးမှပဲ။
ငါလိုက်သွားလို့မဖြစ်ပါဘူး၊ ဦးလေးက၊ အိမ်မှာပဲ နေရမယ်လို့ မှာသွားတယ်။
ဟာ - ရေအိုးတွေထဲမှာ၊ ရေလုံးဝ မရှိပါလား။
ဒီရေတိုင်ကီကြီးထဲမှာလဲ၊ ရေတစက်မှမရှိဘူး၊ ရေတွေဖြည့်ထည့်ထားလိုက်အုံးမှပဲ။


ရေတွင်းကလဲ အိမ်နဲ့ မနီးဘူး၊ ရေသယ်ရတာ မသက်သာပါကလား၊ ဟင်း -
ဒီလောက်ကြီးတဲ့ ကန်ကလေးထဲ ရေသယ်ထည့်နေတာ တော်တော်မှာ၊ တဝက်ကျော်ရှိသေးတယ်၊ ပင်ပန်းလိုက်တာ၊ မေမေ ပြန်လာရင် ထည့်ထားလိုက်မယ်၊
ရေတိုင်ကီကြီးနဲ့ ရေအိုးတွေအားလုံးထဲမှာ၊ ရေကပြည့်ထည့်ပြီးပြီ မောင်မောင်တို့ဆီ လိုက်သွားအုံးမှကွဲ
ငါတယောက်ထဲ အိမ်စောင့်နေရတာ ပျင်းလို့၊ မင်းတို့ဆီလိုက်လာတာကွ၊
မကြာမီ
ဟဲ - အိမ်နားကမီးခိုးတွေ ထွက်နေပါလား၊ ဘယ့်နှယ်မီး လောင်နေလဲ မသိဘူးဟေ့၊
အေး ကွ -
ဟဲ - အိမ်ဘေးက အဆောင်လေး၊ မီးလောင်နေပါကလား၊ ဒီ အဆောင်လေး၊ မီးလောင်ရင် တအိမ်လုံးလောင်တော့မှာကွဲ ရေကလဲ မရှိဘူး ဒုက္ခပါပဲကွဲ


ဖိုးငြိမ်း ခါနီးပြီဟေ့-ရေ ရှိသေးလို့လား။
တဝက် ရှိသေးတယ် ပက်သာပက်ကြဟေ့။
မီးလဲ လုံးဝ ငြိမ်း သွားပြီ။
ရေလဲ မရှိတော့ဘူး။
မီးလဲငြိမ်း ရေလဲကုန် အကိုက်ပဲကွ
ကျော်ကျော်သာ ရေခပ်မထား ... ပဲကွ။
ထို့နောက်




"စကီး" ဆိုသည်မှာ လျှော စီးသော သစ်သား ဘိနပ်ရှည် ကြီးများကိုခေါ်သည်။

ရေလွှာလျှောစီးနှင့် ဆီးနှင်း ပြင်လျှောစီးဟူ၍ ရှိသည်။ ရေလွှာ လျှောစီးမှာ ရေမျက်နှာ ပြင်ပေါ်တွင် စီးခြင်း ဖြစ်သည်။ ဆီးနှင်းပြင် လျှောစီးမှာ ဆီး နှင်းဖုံးလွှမ်းသော တောင်ကုန်း ချိုင့်ဝှမ်းတို့တွင် စီးခြင်းဖြစ်၏။

ရေလွှာ လျှောစီးရာတွင် ရွှေမှ မော်တော်ဘုတ်ကဖြစ်စေ၊ လေယာဉ်ပျံကဖြစ်စေ ကြိုးဖြင့် ဆွဲ၍ပေးရသည်။


ဆီးနှင်းပြင်ပေါ်၌ လျှောစီး သောအခါ အထူးပြုလုပ်ထား သော တောင်ဝှေးနှစ်ချောင်းကို အားပြု၍ အရှိန်ယူ သွားလာ တက်ဆင်းနိုင်သည်။

စကီးစီးခြင်း အလေ့အထ သည် ဆီးနှင်း ဖုံးလွှမ်းသော ဥရောပ တိုင်းပြည်များတွင် ရှေး နှစ်ပေါင်း များစွာကပင် ပေါ် ပေါက်ခဲ့သည်။

ဆီးနှင်းပြင် လျှောစီးဘိနပ် သည် သစ်သားဖြင့် ပြုလုပ်ထား ၍ အရှည်ရှစ်ပေခန့်၊ ပြက်လေး လက်မခန့်၊ အထူ တလက်မနှင့် တမတ်ခန့်ရှိသည်။

လျှောစီး ပြိုင်ပွဲ ဝင်သူတို့ သည် သတ်မှတ်ထားသော ပန်း တိုင်သို့ အတိုဆုံးခရီးဖြင့် အမြန် ဆုံး ရောက်အောင် သွားကြရ သည်။ ခရီးအကြား၌ မတ် စောက်သော တောင် ကမ်းပါး၊ ချောက်ကြီးများကို စွန့်စွန့်စား စားခုန်ဆင်းကြရသည်။ တောင် ပေါ် ထင်းရှူးတောများ အကြား တွင်လည်း လိုအပ်သလို ကွေ့ ပတ်ဖြတ်သန်း၍ စီးကြရသည်။

ထို့ကြောင့် ပြိုင်ပွဲ ဝင်သူတို့ သည် စိတ်ဓာတ် ကြံ့ခိုင်မှု၊ ကိုယ်ခန္ဓာ ကြံ့ခိုင်မှု၊ ဖျတ်လတ် ကျွမ်းကျင်မှုတို့ဖြင့် ပြည့်စုံရန် လိုပေသည်။




ပုံအတိုင်း စက္ကူထူထူတွင် အချိုးကျရေးဆွဲ၍ညှပ်ပါ။ ထို့နောက် မျဉ်းစက်အတိုင်း ချိုး၍ ကော်ကပ်ပါ။



ဒုတိယ နှစ်ဝက် စာမေးပွဲ အောင်စာရင်း ထွက်သော နေ့ ဖြစ်၏။ ကျွန်တော်သည် ဒုတိယနှစ်ဝက်စာမေးပွဲတွင် ထပ်မံ၍ ကျရှုံးပြန်ပါပြီ။ ပထမ အစမ်းစာမေးပွဲ တုန်းကလည်း ကျခဲ့ပြီးဖြစ်၍ ကျွန်တော်၏ အရည်အချင်းစစ် မှတ်တမ်း ကပ်ပြားတွင် "ညံ့၏၊ အထူး ကြိုးစားမှသာ စာမေးပွဲကြီးတွင် အောင်မည်" ဟု ဆရာကြီးက မှတ်ချက်ရေးထားပါသည်။ ထို့ကြောင့် ကျွန်တော့်မှာ စိတ်ဓာတ် ကျလျှက်ရှိပါသည်။

အိမ်ရောက် ပြန်တော့လည်း ဖေဖေနှင့်မေမေတို့က ဆူပူကြိမ်းမောင်းကြပါသည်။ ကျွန်တော် စိတ်ညစ် လှပါ၏။ ထို့ကြောင့် သူငယ်ချင်းများနှင့်အတူ အိမ်မှ ထွက်ပြေးရန် ဆုံးဖြတ်လိုက်ပါသည်။ သို့သော် ငွေမရှိကြသေးသဖြင့် ကျွန်တော်တို့၏ အကြံမှာ ရက်တရက် အထမမြောက်သေးပါ။

လွတ်လပ်ရေး အောင်ပွဲသို့ ရောက်ပါပြီ။ တရပ်ကွက်လုံးရှိ ကလေး လူကြီးများ ပျော်ကြရွှင်ကြနှင့် ဖြစ်နေကြ သော်လည်း ကျွန်တော်တို့လူသိုက်မှာ သူများနည်းတူ မပျော်နိုင်ကြပါ။ လိုအပ်သောငွေ မည်ကဲ့သို့ ရအောင်ရှာဖွေရမည်ကိုသာ အချိန်ရှိသရွေ့ စဉ်းစားနေမိကြ၍ ဖြစ်ပါသည်။ ထိုအခိုက် တဈာန်းဆဲသား တင်မျိုးဇင် ကျွန်တော်တို့အနီးသို့ ရောက်လာပါသည်။

"ဟေ့ – ခင်မောင်နဲ့လှတင်၊ ဒီချောတိုင်တက်ရအောင်"

"ဟာကွာ – ငါတို့ မတက်ချင်ပါဘူး"

ကျွန်တော်တို့က တိုင်ပင်ထားသကဲ့သို့ တပြိုင်တည်းပင် ငြင်းလိုက်ကြပါသည်။

"အောင်မယ် – ဒီတက်နိုင်ယင် ဆုငွေ ငါးဆယ်ရမှာကွ။ လာပါကွာ ဒီလဲဝင်ပြီးပြိုင်ကြရအောင်ပါ"

ဆုငွေ ငါးဆယ် ရမည်ဆိုသောကြောင့် ချောတိုင်တက်ပွဲကို စိတ်ဝင်စားလာပါသည်။ ထို့ကြောင့် ချောတိုင် တက်ပွဲကို ဝင်ပြိုင်ကြပါသည်။

ချောတိုင်မှာ အမဲဆီများ သုတ်ထားသောကြောင့် လွယ်လွယ်နှင့်တက်၍ မရပါ။ တက်လိုက်တိုင်းလျှော၍ကျပါသည်။ တကြိမ်တွင် ချောတိုင် ထိပ်ရှိ အောင်လံကို မိလုမိခင်ကလေးတွင် အောက်ဆုံးမှ နေရသူ လှတင်သည် အပေါ်မှ လူများ၏ အလေးဒဏ်ကို မခံ နိုင်သောကြောင့် ကျွန်တော်တို့ ဒလိမ့်ခေါက်ကွေး လျှောကျ ကြပါသည်။

ကျွန်တော်တို့ ထပ်၍ တက်ကြပြန်သည်။ နောက်ဆုံး အကြိမ်ကြိုးစားခြင်းဖြစ်၍ အောင်လံကို မရ ရအောင် ယူမည်ဟု ကြုံးဝါးရင်း ဇွဲနပဲဖြင့် အကြိတ်အနယ်တက်ကြပါသည်၊ သည် တကြိမ်တွင်လည်း အောက်ဆုံးမှ လှတင်သည်အပေါ်မှ လူများ၏ အလေးကို မခံနိုင်၍ အော်နေပါသည်။

"လှတင်ရေ – တောင့်ထားကွနော် တောင့်ထား။ နဲနဲဘဲ လိုတော့တယ်။ နီးပြီဟေ့ နီးပြီ"

ကျွန်တော်သည် ထိပ်ဆုံးမှ တက်နေသူဖြစ်၍ အားကြိုးမာန်တက် ဇွဲနှင့် တက်နေ ရင်းက အောက်မှလှတင်ကိုလည်း အော်ပြီး အားပေးနေရပါသည်။ အလံကို မိရန်လည်း လက်တကမ်းမျှသာ လိုပါတော့သည်။ ထို့

ကြောင့် ကျွန်တော်သည်ရှိသမျှ အင်အားကို အစွမ်းကုန် အသုံးပြုလျက် အလံကို တအားကျုံးပြီး လှမ်း၍ ဆွဲလိုက် ပါသည်။ အလံ ကျွန်တော့်လက်ထဲသို့ ပါလာသည်နှင့် တပြိုင်နက် ကျွန်တော်တို့မှာ ဒလိမ့်ခေါက်ကွေး လျှော၍ကျလာကြရာ မြေကြီးပေါ်တွင် အတုံးအရုံးဖြစ်နေကြပါသည်။

"အောင်ပြီ ဟေ့ - အောင်ပြီ။ ဒို့အောင်ပြီကွ"

ကျွန်တော်သည် မမောနိုင် မပန်းနိုင် အောင်သံကို ဟစ်ကြွေးလိုက်ပါသည်။

ထို့နောက် ကျွန်တော်တို့သည် ဆုငွေငါးဆယ်ကို ယူပြီး လူအုပ်ထဲမှ ထွက်ခဲ့ကြကာ လူရှင်းသည့်နေရာ၌ အမောဖြေနေကြပါသည်။

"ကိုင်းဟေ့- ဆုငွေကို ဝေစုခွဲကြရအောင်"

တင်မျိုးဇင်က ဆုငွေ ကို ဝေစုခွဲရန် ပြောပါသည်။ သူက စာမေးပွဲအောင်သူဖြစ်၍ ကျွန်တော်တို့နှင့် အတူ လိုက်မည် မဟုတ်ပါ။ ထို့ကြောင့် သူ့ဝေစုကို အချိုးကျ ခွဲပေးလိုက်ပါသည်။

"တင်မျိုးဇင်- ဒို့တော့ ဒီငွေနဲ့ အိမ်ကထွက်ပြေးကြတော့မယ်ကွာ။ မင်းကသာ ဒို့အိမ်ကို သွားပြီး မပြောဘဲ တောင်းပန်ပါတယ်"

"ဟ- ဘာလို့ ထွက်ပြေးကြမှာလဲ။ မင်းတို့ စာမေးပွဲကျလို့လား"

တင်မျိုးဇင်က အံ့အားသင့်စွာ မေးလိုက်ပါသည်။

"အေး- ဟုတ်တယ်။ ဒို့ ကျောင်းဆက် မတက်ချင်တော့ဘူး။ တက်လဲ အပိုပါဘဲကွာ"

"မင်းတို့ ထွက်ပြေးကြယင် မှားမှာပေါ့ကွာ။ အစမ်းစာမေးပွဲမှာကျပေတဲ့ စာမေးပွဲကြီးရှိသေး သားဘဲ။ ကြိုးစားယင် အောင်မှာပါ"

တင်မျိုးဇင်က ကျွန်တော်တို့ကို အားပေးပါသည်။

"ဟင်အင်းကွာ- ဒို့ပြေးဘို့ ဆုံးဖြတ်ပြီးကြပြီ"

"မဟုတ်သေးပါဘူးကွာ။ ခုဆိုယင် ကြည့်စမ်း၊ ငါတို့ ချောတိုင်တက်တဲ့ နေရာ မှာတောင် တကြိမ်ထဲနဲ့ အောင်မြင်ခဲ့ကြလို့လား။ အနိုင်မခံ အရှုံးမပေး ဆိုတဲ့ ဇွဲသတ္တိနဲ့ တက်ကြလို့သာ ဆုငွေကို ရခဲ့ကြတာ မဟုတ်လား။ အေး... စာမေးပွဲမှာလဲ ဒီလိုဘဲပေါ့ကွ။ တခါနှစ်ခါကျရုံနဲ့ စိတ်ဓာတ်ကျလို့ ဘယ်ဖြစ်မလဲ။ ဇွဲနဲ့သာဆက်ကြိုးစားယင် အောင်ရမှာပေါ့ကွ။ ဒါတွေကို ငါ ပြောဘို့တောင် မလိုပါဘူးကွာ။ မင်းတို့လဲ စဉ်းစားတတ်သားဘဲ"

ကျွန်တော်တို့သည် တင်မျိုးဇင်၏ အပြောကြောင့် အမြင်မှန်ရလာကြသည်။ ထို့ကြောင့် ကျောင်းကို မှန်မှန် ဆက်တက်ပြီး စာကို ဇွဲနှင့်ကြိုးစား ကြတော့မည်ဟု ဆုံးဖြတ် လိုက်ကြပါသည်။

## ဒို့လယ်သမား

လယ်သမား လယ်သမား၊
တောင်သူလယ်သမား။
လယ်သမားနေ့ မမေ့ပေါင်၊
ချီတက်ကြစို့မောင်။
ဒို့ပြည်ထောင်စု လယ်သမားနေ့၊
မတ်လ နှစ်ရက်ဟေ့။
ဟောဟိုရှေ့သို့ ကြည့်လိုက်မယ်၊
ကျေးဇူးရှင်ကြီးကွယ်။
လေးလက်မယ် မောင်လူထွား၊
ပုပွါးအရပ်သား။
ပန်းချီကားနဲ့ သရုပ်ဖော်၊
ရှေးကရာဇဝင်ပေါ်။
လူတော်လူမော် သူ့လုပ်အား၊
စံပြလယ်သမား။
ထွန်သွားမှန်လို့ ဂုဏ်ယူဖွယ်၊
နွားအရှဉ်းသုံးဆယ်။
တက်ကွယ်ဆင်းကွယ် အနှံ့သွား၊
ထွန်ရေးအညက်သား။
မင်းတရားက ကြားလိုက်လျှင်၊
လူစွမ်းကောင်းဘွဲ့ဆင်။
ကျေးဇူးရှင်လယ်သမား၊
ဂုဏ်ပြုကြစို့လား။ ။

ဖိုးလှမင်း



R. 517

# အောက်ချင်း



အောက်ချင်းသည် ငှက်အကြီးစားထဲက ဖြစ်သည်။ အလျား ၂၇ လက်မခန့်ရှိသည်။ အုပ်ဖွဲ့နေတတ်သည်။ ပျံသန်းရာတွင် တောင်ပံခတ်လိုက်၊ အရှိန်နှင့် လေဟုန်စီးလိုက် တွေ့ရသည်။


ဆူညံစွာ အော်တတ်သည်။


တောင်ခြေ တောများတွင် ကျက်စားသည်။ သဖန်းသီး၊ ညောင်သီး၊ ပလူ၊ မြွေစသည်များကို စားသည်။ မြေပေါ်တွင် ကောင်းစွာ လမ်းမလျှောက်တတ်ချေ။

မတ်လနှင့် ဧပြီလတွင် သားပေါက်သည်။ အသိုက်ကို မြေပြင်မှ ပေ ၅၀ ခန့်အမြင့်တွင် ထားတတ်သည်။ သစ်ပင်ကြီးများရှိ သစ်ခေါင်းများတွင် အသိုက်လုပ်လေ့ရှိသည်။ တကြိမ်လျှင် နှစ်ဥ သုံးဥ အုတတ်သည်။ တဥလျှင် အလျား ၁.၇၃ လက်မနှင့် ပြက် ၁.၃၄ လက်မခန့်ရှိသည်။

အောက်ချင်းကို အာသံ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံတို့တွင်လည်း တွေ့နိုင်သည်။

ရဲမြင့်





၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ခွန့်ခွန့် ဘားဘား

# ရွှေသွေး ဂျာနယ်

ပန်းချီ ဦးစိန် ဇာတ်လမ်း မြေရိုင်း

အတွဲ ၂၊ အမှတ် ၁၀၊ ၇-၃-၇၀




မော်လမြိုင် ရထားက ဘယ်မှာဆိုက်မှာလဲ
မသိယင် အသံသာနေ နောက်ကလိုက်
ထွက်ပေါက်
EXIT
မော်လမြိုင်ရထား ဝင်လာပြီ
ဟောဟိုမှာ မမ ညီအေးတို့မောင်နှမ
အေး
နင်တို့မောင်နှမ နှစ်ယောက် ထဲ လာကြိုကြတာလား
ဖေဖေက ရုံးသွားတယ် မေမေက အိမ်မှာ ကဲ ပြန်ပြန်ပြန် ကြစို့
ထိုအခိုက်
ခက်ကာ နေအုံး!


အေးအေး နှင့် ဒီလူကြီးကို မမှတ်မိဘူးလား
ဟင့်အင်း ကိုကို နဲ့ သိလို့လား
ဖေဖေနဲ့ အရှေ့ရွာကိုသွားတုန်းက လမ်းမှာ ဓမြ တိုက်တဲ့ လူဆိုးဗိုလ်ကြီးနဲ့တူလို့ပါ
လာကြ ဟေ့ ထမင်းစားရအောင်
ကျော်ကျော် က ဘယ်နှစ်တန်းလဲ
ငါးတန်း
ဒီလိုဆို အေးအေးနဲ့ အတန်းတူတူပေါ့
အကိုကကော
ငါက ခြောက်တန်း ရောက်ပြီ
လှလှနဲ့ တတန်းထဲ ပေါ့


နောက်တနေ့တွင် သူတို့ လျှောက်လည်ကြရာ မိုလ်ချုပ်ဈေးသို့ ရောက်ခဲ့လေ၏။
ကြည့်စမ်း ပိုလူကြီး ကို တွေ့ပြန်ပြီ •
ဒီလူကြီးနောက် လိုက်ကြည့်ရအောင်
ဘာလုပ်ဖို့လဲ တော်ကြာ ဖမ်းသွားလို့ ခက်နေမယ်
သို့သော် ညီအေးက မရမကခေါ်၍ လိုက်သွားကြရာ ....
အဟမ်း

ဆက်ရန်



နီတိုးသည် ကြောင်ကလေး ဝါဝါကို ရေနှစ်တမ်း က စားပြီး အလွန်ပျော်လျက် ရှိသည်။
ညောင်
ညောင်
ဝါဝါက ရေကူး... တယ်သာတာဘဲကွ
ဟား-ဟား--
နီတိုးသည် အင်းလျားကန်မှာ ရေကူးရင်း ရေနစ်လေသည်။
ကယ်ကြပါ
တော်သေးလို့ပေါ့ ကယ်မဲ့လူမရှိရင် ရေနစ်သေဘို
ဝါဝါလေး ပါလား သူ့ကိုငါ ရေနှစ်တုန်းက သူ့အတော် ဒုက္ခ ဖြစ်မှာဘဲ
ညောင်...
နောက်မင်းကို ငါ ရေမနှစ်တော့ဘူးနော်

ချစ်ဦး(မန်းတက္ကသိုလ်) **လေးသည်တော်** ပန်းချီ ဦးအေးတင်…




ရွှေဝါသည် မကစားရမည်စိုး၍ မိတ်
များကို မပြောဘဲ ကစားမြဲ ကစားနေ
လေသည်။
သုံးရက်ခန့် အကြာ
တွင် ဝါဝါ အပြင်း
ဖျား၍ ဆရာဝန်ထံ
ပို့ရလေ၏။

# ထူးဆန်းသော မျက်လုံးပိုင်ရှင်များ

ရေး - မောင်ဆိုမေ
ကာတွန်း
သရုပ်ဖော် - မောင်မောင်သက်

မျက်လုံးပေါင်း ၁၂၀၀၀ ရှိသူကိုတွေ့ဘူးပါသလား။ သူ့ကို ပန်းပွင့်များအကြားတွင် တွေ့နိုင်သည်။ သူ့တွင် မျက်လုံးကြီး နှစ်လုံးနှင့် မျက်လုံးငယ် သုံးလုံးပါရှိသည်။ မျက်လုံးငယ်များမှာ ထိပ်ပေါ်တွင် တည်ရှိသည်။ မျက်လုံးကြီးနှစ်လုံးထဲတွင် အလွန်သေးငယ်သော ခြောက်ထောင့်ပုံ မျက်လုံးကလေးပေါင်း ၁၂၀၀၀ ပါရှိသည်။ ထိုထူးဆန်းသောမျက်လုံးများပိုင်ရှင်မှာပျားဖြစ်သည်။






အခြားထူးဆန်းသော မျက်လုံးပိုင်ရှင် တဦးမှာ မြင်း ဖြစ်သည်။ သူ့မျက်လုံးသည် ကုန်းသတ္တဝါများတွင် အကြီးဆုံးဖြစ်သည်။ လူ့မျက်လုံး၏ တဆခွဲအရွယ်ရှိသည်။ ထိုမျက်လုံးဖြင့် ညဥ့်အမှောင်ထဲတွင် သဲကွဲစွာမြင်နိုင်သည်။




ရေသတ္တဝါများ အနက် အကြီးဆုံး မျက်လုံးပိုင်ရှင်မှာ ဝေလငါး ဖြစ်သည်။ ကိုယ်ခန္ဓာနှင့်စာလျှင် သေးငယ်သည်ထင် ရသော်လည်း ကန့်လန့်ဖြတ် တိုင်းကြည့် လျှင် သူ၏မျက်လုံးသည် အချင်း ငါးလက်မ ခန့်ရှိကြောင်း တွေ့ရသည်။




တချိန်တည်းတွင် ဘေးနှစ်ဖက် နှင့် ရှေ့တည့်တည့်ကို မြင်နိုင်စွမ်းရှိ သည့်မျက်လုံးများပိုင်ရှင်မှာပိန်ညင်း ခေါ် ဗိန်ညင်းငှက် ဖြစ်သည်။ မျက်စိ ရှင်သဖြင့် ရေထဲမှ ငါးကို မလွတ်တမ်း ဖမ်းဆီးနိုင်သည်။ ရေထဲတွင် သူ့မျက်လုံးသည် ရှေ့တည့်တည့် ကို မြင်နိုင်စွမ်း ရှိသည်။



လင်းယုန်ငှက်၏ မျက်လုံးသည်လည်း တမျိုး ထူးဆန်းသည်။ မျက်စိကို နေမထိုးစေရန် အမွေး ထူသော မျက်ခွံကြီးက ကာထားသဖြင့် မျက်စိ မရှင်ဟု ထင်ရသည်။ သို့သော် အလွန်မြင့်မားသော ကောင်းကင်ထက်မှပင် မြေပြင် မြက်တောထဲရှိ ကြွက်ကို ချက်ခြင်းမြင်တွေ့နိုင်သည်။




နောက်တမျိုး ထူးဆန်းသည့် မျက်လုံးပိုင်ရှင် မှာ ဇီကွက်ဖြစ်သည်။ ညဥ့်အချိန် လူတို့ မမြင် နိုင်သော အလင်းရောင် တမျိုးကို မြင်နိုင်သည်။ သူ့မျက်လုံးတွင် ဖောက်ထွင်းမြင်နိုင်သော အရေ ပါး မျက်ခွံပါရှိ၍ ထိုမျက်ခွံက မျက်လုံးကို ဆစ် ကိုင်းများ မစူးမိစေရန် ကာကွယ်ပေးသည်။



ခေါင်းပေါ်မှ မျက်လုံးပိုင်ရှင်မှာ ရေ မြင်းဖြစ်သည်။ သူ့မျက်လုံးများသည် နဖူး နေရာလောက်တွင် ရှိသဖြင့် ရေထဲမှ ထ ကြည့်ရန် မလို၍ ခေါင်းကလေး ဖော်ပြီး ရန်သူကို စောင့်ကြည့်နိုင်သည်။



မျက်လုံးရှိလျက်နှင့် ကောင်းစွာ မမြင်နိုင် သူမှာ ငါးဖြစ်သည်။ သူ့မျက်လုံးတွင် မျက် ခွံမရှိသဖြင့် ရေထဲတွင် ဝါးဝေးဝေးသို့ မမြင် နိုင်ပေ။



မျက်လုံးမှေးပြီး ငုံ့ကြည့်တတ်သူမှာ မြွေ ဖြစ်သည်။ သူ့မျက်လုံးသည် အဖုံးကလေးများ ပါသော မျက်ခွံပါးပါးဖြင့် ပိတ်လုနီးနီး ဖုံး အုပ်နေသည်။ ထိုမျက်ခွံများသည် ရွှေ့လျား မရသော်လည်း ထိုမျက်ခွံအကြားမှ ရန်သူကို မြင်နိုင်သည်။

မောင်ထိုက်မြင့်



တကိုယ်ကောင်း
စိတ်မျိုး
ပန်းချီ ကျော်သောင်း
ဇာတ်ညွှန်း အောင်ငွေး
ချက်ကြီးနှင့် ဖိုးထူးသည် တောထဲတွင် ငှက်ထောင်နေကြသည်။
ချက်ကြီးရေ့ဖြီးယင် ပြန်မယ်ဟေ့---
ပြီးတော့မယ် ဟေ့ ခဏလေးစောင့်ကွာ
ညနေမင်းလာယင် ငါ့ကိုခေါ်အုံးနော်
သူတို့နှစ်ယောက်သည် ငှက်ထောင်ပြီး ရွာထဲသို့ အတူပြန်ခဲ့ကြသည်။
နေ့လယ်တွင်
ဖိုးထူးသည် ချက်ကြီးကို ရှာမတွေ့၍ ငှက်ထောင်ရာသို့ တယောက်တည်း လာခဲ့၏။
ငါ့ကပ်ပိ မှာ ငှက်လဲမမိပါလား
ချက်ကြီးငှက် ထောင်အိမ်ကို သွားအုံးမှဘဲ


ဟာ--.ချက်ကြိုးထောင် အိမ်မှာ
ငှက် မိနေပါ လားပွတာဘဲ..
သူမလာခင် ဖမ်းမှ----
အား..အား..ကျွတ်ကျွတ်..ငွေကောင်
ငါ့ကို ဆိတ်တယ်
ဖိုးထူးသည် ဝမ်းသာအားရဖြင့် ငှက်ထောင်
အိမ်ကို ဖွင့်၍ ငှက်ကိုဖမ်းသည်။
သူ၏ ကပ်ပိတွင် ငှက်ကို အုပ်ထားခဲ့ပြီး ရွာထဲ
သို့ ပြန်လာခဲ့သည်။
ရွာလယ် လမ်းမပေါ်တွင်
ဟေ့ ဖိုးထူးရို့ ငှက်ထောင်ထားတဲ့ ဆီသွားရအောင်
ငါလဲသွားမလို့ မင်းကိုလိုက်ရှာနေတာ
ဟေ့ မင်းလက်မှာသွေးတွေ ရှိနေပါလား--------
အော်--ဟို--ဟို ဒို့အိမ် ကကြွက် မကြီးဆိတ်လို့--
ဖိုးထူးက သူ့အပြစ်ကို ဖုံးကွယ်၍ ပြောလိုက်
သည်။
ငှက်ထောင်အိမ်သို့ ရောက်သော်
မင်းထောင်အိမ်မှာ ငှက်လဲမမိဘူးငါ့ကပ် ပိဆီသွားကြည့်မယ်


ဟေ့ အထဲမှာ ငှက်မွေးတွေပဲ့လား
ရှုံ ရာလက်ရာ ပျက်နေတယ်ကွ
ထို့နောက်
လာပါကွာ ငါ့ကပ်ပိ ဆီ
သွားကြည့် ရအောင်
ငှက်မိ ချင်မိနေမှာ..
ဟင်
မင်းကပ်ပိက အပေါက်
ကြီးနဲ့ပါလား ငှက်တိုးထွက်
သွားပြီနဲ့တူတယ်
ဖိုးထူးသည် ငှက်ဆိတ်ခံရသော သူ့လက်ကို
ပွတ်ကာ ဝမ်းနည်းစွာဖြင့် မှိုင်နေသည်။
ငါမှားပြီ သူ့ထောင် အိမ်မှာဆိုလွတ်မှာ
မဟုတ်ဘူးသူ ငှက်ရယင် ငါအမြဲ စားရ
တယ်ငါ့တကိုယ်ကောင်းစိတ် ကြောင့်
နှစ်ယောက် လုံး ငတ်ရတာ-----
မင်းက ကပ်ပိကို-
ခိုင်ခိုင်မှမလုပ်ထား
နောက်ဆုံးတွင် အမြင်မှန်ရပြီး သူ့အပြစ်
ကို ခွင့်လွှတ်ရန် ချက်ကြီးကို ပြောလိုက်
တော့သည်။
အေးပါကွာ---
နောက်မလုပ်
နဲ့ ပေါ့---

# ကျင်ပွဲ

ကျော်ညွန့်ဦး



ကျင်ပွဲသည် ရခိုင်ရိုးရာအားကစားဖြစ်ပြီး မြန်မာနပမ်းပွဲနှင့် ဆင်ဆင်တူသည်။

ကျင်လုံးသတ်သူကို "ကျင်သန်" ဟုခေါ်သည်။ အနိုင်ရသူများကို ဆုအဖြစ် ရွှေမောင်း၊ ငွေမောင်း ချီးမြှင့်လေ့ ရှိသည်။

ကျင်ပွဲမစမီ ကွင်းထဲ၌ လှည့်ပတ်၍ မိမိတို့အစွမ်းကို ပရိသတ်အား ပြလေ့ရှိသည်။ ယင်းကို "ကျင်ကွင်း" ဟု ခေါ်သည်။

ကျင်ကွင်းပြနေစဉ် ဆိုင်းဝိုင်းမှ လေးကင်းသံတီးပေးရသည်။

ကျင်ပွဲကို ကြီးကြပ်ရန် ဒိုင်လူကြီးများရှိသည်။ ကျင်သမားတို့သည် အင်္ကျီ ပလာကိုယ်ထီးဖြင့် ပုဆိုးကို ခါးတောင်းကျိုက်ကာ ကျင်သန် အတန်း အားလျော်စွာရရှိသော ပိတ်ပိုင်းစကို ခါးပတ်ကဲ့သို့ စည်းနှောင်လျက် လုံးသတ်ကြသည်။

ကျင်တွဲပုံမှာ သာမန် ကျင်သမားများကို ရှေးဦးစွာပြိုင်လုံးစေသည်။ ထို့နောက် ငွေမောင်း ရသူနှင့်လုံးရသည်။ နိုင်လျှင် ရွှေမောင်း ရသူနှင့် တဆင့်တက်၍ လုံးရသည်။


ပထမဆုံး စတင်၍ ဝင်ပူးပြီး ဖက်လုံးခွင့်ရသူကို "ဖမ်းသူ" ဟုခေါ်၍ တဖက်လူ ဝင်အပူးကို စောင့်ဆိုင်းရသူကို "ခံသူ" ဟုခေါ်သည်။ ဖမ်းသူသည် တဖက်လူအား ခြေထိုး၍ သော်၎င်း၊ ခြေကလိန်ချိတ်၍ သော်၎င်း စတင်လှဲချခွင့်ရှိသည်။ ဖမ်းသူက စတင်ပြီး လှဲချရန် အားထုတ်မှသာ ခံသူက တုံ့ပြန်ခွင့်ရသည်။


ဖမ်းသူ ဝင်လာသောအခါ ခံသူက ဦးခေါင်းနှင့် ဆီးကာထားပြီး ထိုသူ၏လက်နှစ်ဖက်ကိုလည်း ချုပ်ကိုင်ရန်ကြိုးစားလေသည်။

လုံးသတ်နေစဉ် အတွင်း တယောက်နှင့် တယောက် ဖက်ထားသော ယက်ပြုတ်၍ မြေသို့ လက်ထောက်ကျလျှင် သို့မဟုတ် ကျောနှင့်ကျလျှင် ကျသူသည် ရှုံး၏။

## ရွှေငါးရုပ်ကလေး လုပ်ရအောင်

အောက်ပါပုံကို စက္ကူထူ တွင် ကပ်ပြီး ညှပ်ထုတ်ပါ။ အတွင်းရှိ မျဉ်းစက်များ အတိုင်း ဖောက်လှီး၍ ရှေ့သို့ အနည်းငယ်စီ ဟ ထုတ်ပါ။ အမြီးဖက်ရှိ မျဉ်းစက်အတိုင်း ဖြတ်၍ ပုံအတိုင်း ချိတ်ဆက်ပါ။





# ကျွန်တော်လဲ့မိုက်

မောင်သက်ကြူ



မိုးကျ တနေ့တွင် ရှာနေသည်။ ကျွန်တော် ကျောင်းမှ ပြန်ရောက်ရောက်ခြင်း အဖေ လယ်ထဲမှ ပြန်လာလျှင် အဆင်သင့်စားရန် ထမင်းခူးပါသည်။ မနက်ကချက်ထားသည့် ထမင်းဖြစ်သောကြောင့် ထမင်းမှာ အေးနေသည်။ "အမေသာရှိယင် အဖေ ထမင်း ပူပူကလေး စားရမှာ" ဟု ကျွန်တော်က တွေးနေမိသည်။ ကျွန်တော် ထမင်း ခူးနေစဉ်မှာပင် အဖေပြန်ရောက် လာသည်။ အဖေ ပြန်ရောက်သော အချိန်သည် နေ့တိုင်းထက်စောနေ၏။

"အဖေ – ဒီနေ့အစောကြီး ပြန်လာတယ်နော်"

"အေးကွာ– မိုးကအေးတာနဲ့ ညနေပိုင်း ငှက်ဖျားတက်ချင်သလိုလို ဖြစ်လို့ ပြန်လာတာ သားရယ်····"

နွားနှစ်ကောင်ကို ချည်တိုင်ကပ်ရင်း အဖေကပြော၏။ ကျွန်တော်စိတ်ပူသွားမိသည်။

"ဒီလိုဆိုယင် အဝတ်မြန်မြန်လဲတော့လေ။ အိပ်ရာ ထဲမှာ စောင်ခြုံပြီး ခဏ အိပ်နေပေါ့။ ကျနော် ရေနွေးကျိုလိုက်မယ်။ နောက်မှ ထမင်းစားတာပေါ့"

ထိုအချိန်တွင် မိုးစဲနေပြီဖြစ်သည်။ ထင်းများ စိုထိုင်းနေသဖြင့်မီးမွေးရအလွန်ခက်ပါသည်။ ထို့ကြောင့် ရေနံဆီလောင်း၍မီးမွေးရန် ရေနံဆီ ပုလင်းကို ယူကြည့်လိုက်ပါသည်။ ပုလင်းထဲတွင် ရေနံဆီတစက်မျှ မရှိပါ။ မီးခွက်ထဲတွင်လည်း ညကကျွန်တော်စာကြည့်ထားသဖြင့် ရေနံဆီကုန်နေ၏။ ရေနံဆီနှင့် မီးမမွေးလျှင် အဖေရေနွေး သောက်ရတော့မည် မဟုတ်ပါ။ ကျွန်တော် အကြံရခက်နေ၏။

"ဘုရားစင်ပေါ်မှာ ပိုက်ဆံ တမတ်ရှိတယ်။ သွားဝယ်လိုက်ပေါ့ကွာ"

ကျွန်တော်တို့သည် ရွာစွန်တွင်နေရသဖြင့် ဈေးဆိုင်နှင့်အတော်ဝေး၏။ ရွာနောက်ဖေး တောစပ်က ဖြတ်သွားရန် အိမ်မှ ထွက်လာပါတော့သည်။ တောစပ်သို့ ရောက်သောအခါ ငထွန်းတို့လူစုသည် အိမ်သို့ မပြန်ကြသေးပဲ လွယ်အိတ်များကို ဝါးရုံ၌ ချိတ်ကာ ကစားနေကြသည်။

ငထွန်းတို့လူစုသည် မြေကြီးပေါ်တွင် ပိုက်ဆံကို ထောင်၍ ခေါင်ဖိုကဲ ကစား နေကြ၏။ ကျွန်တော့်ကို ငထွန်းကမြင်သွား၍ လှမ်းခေါ်ပါသည်။

"ဟေ့အေးကွာ – အဖေနေမကောင်းလို့။နောက်ပီး ရေနံဆီလဲသွားဝယ်ရအုံးမယ်"

"လာပါကွ – မင်းနိုင်ယင် မင်းအဖေဘို့ ငန်းဆေးတောင် ဝယ်သွားနိုင်အုံးမှာ။ တချက်နှစ်ချက် ဝင်စမ်းကြည့်စမ်းပါကွ"

ငထွန်း၏ စကားကို ကျွန်တော်ကတော်တော်သဘောကျသွားပါသည်။ ထို့ကြောင့် သူတို့နှင့် ဝင်ကစားမိပါတော့သည်။ ကျွန်တော်သည် နိုင်ချင်လွန်းသဖြင့် တချက်မှ ပစ်၍ မထိပါ။ နောက်ဆုံး ပိုက်ဆံတမတ်ကုန်ပါတော့သည်။ ကျွန်တော် ငိုချင်လာ၏။ကြံရာမရဖြစ်လာသည်။ ထို့ကြောင့် အရဲစွန့်ပြီး ကုလားကြီး စူလတန်၏ ဆိုင်ထဲသို့ ဝင်လိုက်ရပါတော့သည်။

"လုပ်ပါဗျာ – အဖေ ငှက်ဖျားတက်နေလို့ ရေနွေး ကျို တိုက်ချင်လို့ပါ။ နောက်ပြီး မီးထွန်းဘို့လဲမရှိလို့ပါ"

"မရဘူး – မရဘူး။ သွားသွား" ဟု ကုလားကြီး စုလတန်က ကျွန်တော့်ကို အော်ထုတ်ပါသည်။ ကျွန်တော်မျက်ရည်များ ပင် ကျလာ ပါတော့သည်။ ထို့ကြောင့်ရွာလယ်ကဒေါ်အုန်းလှ တို့ဆိုင်ကို ပြေးရပြန်ပါသည်။

"အဒေါ်လေး – ရေနံဆီတပုလင်းလောက် အကြွေးပေးပါဗျာ။ အဖေနေမကောင်းလို့ ရေနွေးကျိုရအောင် ထင်းတွေကစိုပြီး မီးမွှေးလို့ မရလို့ပါ"

"နင့်အဖေ ငှက်ဖျားတက်ပြန်ပြီထင်တယ်။ဟုတ်လားထွေးမောင်။ အေး....မင်းက လိမ်မာပေလို့ တော်တော့တာပေါ့။အိမ်ကကောင်ဖြင့် ခုထိ ကျောင်းကပြန်မလာသေးဘူး။ မင်းမတွေ့ခဲ့ဘူးလားကွယ်"

ဒေါ်အုန်းလှသည် ရေနံဆီထည့်ပေးရင်း သူ၏သား ဘထူးအကြောင်းကို ဖျစ်တောက် ဖျစ်တောက်ပြောနေ၏။ ကျွန်တော်လိမ်မာသည့် အကြောင်းလည်း ထပ်ကာထပ်ကာ ပြောနေ၏။ ကျွန်တော်ကရှက်နေမိသည်။ အမှန်မူ ကျွန်တော်သည် ဘထူးနှင့် အတူရော၍ မိုက်ခဲ့သည် မဟုတ်ပါလား။ ကျွန်တော် ပြန်တော့မည့်ဟန်ပြင်လိုက်ရာ –

"ဟဲ့–ထွေးမောင် နေအုံး။ ဒီမှာ တို့သောက်ဘို့ထဲက ငန်းဆေး တခွက်စာယူသွား။ အိမ်ရောက်ယင် နင့်အဖေကို ကွမ်းရွက် ပြုတ်ရည်နဲ့တိုက်။ ကြားလား။ ကဲ– မြန်မြန်ပြန်"

ကျွန်တော် အိမ်ပြန်ရောက်သောအခါ အဖေ၏ ငှက်ဖျားတက်သံကိုကြားရ၏။ အဖေကတဟင်းဟင်း ညည်း၍ တကိုယ်လုံး တုန်နေသည်။ ရေနံဆီများများ လောင်း၍ မီးမွှေးပြီး ရေနွေး တည်လိုက်သည်။ ရေနွေးဆူသောအခါ ပန်းကန်လုံးတလုံးထဲသို့ ကွမ်းရွက်များ ချေထည့်ပြီး ရေနွေးလောင်း၍ အုပ်ထားလိုက်သည်။ ပြီးနောက် ဒေါ်အုန်းလှ ပေးလိုက်သော ငန်းဆေးကို တိုက်၏။ အဖေသည် ဆေးသောက်ပြီး ကွမ်းရွက်ပြုတ်ရည်ကို မှုတ်၍ မှုတ်၍ သောက်နေ၏။ ခဏခြင်းပင် အဖေငှက်ဖျားကျသွားသည်။ အဖေငှက်ဖျားကျသွားသည်ကိုကျွန်တော် ဝမ်းသာ၏။သို့သော် ကျွန်တော်၏ မိုက်ပြစ်အတွက် ဝမ်းနည်းနေမိပါသည်။

"ကျနော် နင်းပေး ရအုံးမလားအဖေ"

"ကိစ္စ မရှိပါဘူးကွာ – နွားတွေသာတင်းကုပ်ထဲသွင်း။ နွားမီးထည့်ပေး။ပြီးယင် မင်းထမင်းစားတော့။ အဖေ မစားတော့ဘူး။ အေး–ငါ့သားကြီးလိမ်မာလို့ အဖေသက်သာတာ...."

ကျွန်တော် အဘယ်မှာ လူလိမ်မာဖြစ်ပါမည်နည်း။

× × × ×

## စာမေးပွဲကြီး နီးလာပြီ

စာကျက်ချိန်မှာ ပျင်းကာငေးလို့၊
ဟိုသည်မျှော်တွေး နေနဲ့ကွယ်။

တနေ့ကျက်စာ တနေ့ကျက်မှ၊
စာတွေကျေညက် ရနိုင်မယ်။

တနေ့တလံ အမှန်လျှောက်တော့၊
ပုဂံအရောက် သွားနိုင်တယ်။

ဆရာပေးလာ စာမှန်သမျှ၊
မကျန်ရအောင် ကျက်ယင်ကွယ်။

နောက်ဆုံးနှစ်ကုန် စာမေးပွဲကို၊
အမှန်မလွဲ အောင်မြင်မယ့်။

စာဖြေရက်ကို လက်ချိုးတွက်တော့၊
တရက်ထက်တရက် နီးလာတယ်။

ကစားချိန်ကို လျှော့ကာထားလို့၊
စာကိုကြိုးစား ကျက်မှတ်ကွယ်။

ကျက်ကွယ် မှတ်ကွယ်။ ။

လွမ်းနိုင်ဦး (ဇေယျဝတီ)



R. 517

# ဗွတ်ကလုံ



ဗွတ်ကလုံသည် ဗွတ်ဖင်နီ ငှက်မျိုးတွင် ပါဝင်သည်။ ဗွတ်ကုလုံတွင် နှုတ်ခမ်းမွေး အနီရှိသည်။ ဥယျာဉ်များထဲတွင် အများအားဖြင့် တွေ့ရသည်။ ပျံသန်းသည့်အခါ သန်သန်မာမာနှင့် ကြာရှည် ပျံသန်းနိုင်သော်လည်း နှေးကွေးလေသည်။

အော်သံမှာ ကြည်နူးဖွယ် ကောင်းသည်။ ဗွတ်ကလုံသည် အအုပ်အသင်းဖွဲ့၍ နေတတ်လေသည်။ လူသူနီးသော ဥယျာဉ်များ၊ စိုက်ပျိုးခင်းများ၊တောစပ်ကလေးများ၊ရွာနီးချုပ်စပ်များတွင် နေလေ့ရှိသည်။ မြေပြင်သို့ အစာထိုးသုတ်ရန် ဆင်းသက်သော်လည်း ကောင်းစွာ လမ်းမလျှောက်တတ်ချေ။ရှင်ရှင်လန်းလန်း ဖျတ်ဖျတ်လတ်လတ် နေတတ်ပြီး လူကို မကြောက်ချေ။ ပိုးမွှားနှင့် သစ်သီးဝလံများကို စားသည်။



ဖေဖော်ဝါရီလမှ မေလအထိ သားပေါက်ချိန် ဖြစ်သည်။ အသိုက်ကို ခြောက်ပေခန့် အမြင့်ရှိသော ချုံဖုတ်များတွင် ပြုလုပ်လေ့ ရှိသည်။ သစ်ရွက်ခြောက်ကို အောက်ခံထား၍ မြက်၊ သစ်မြစ်၊ အမျှင်များဖြင့် ပြုလုပ်သည်။ တကြိမ်လျှင် နှစ်ဥမှ လေးဥအထိ ဒုတတ်သည်။ ဥသည် ရှည်မျော့မျော့နှင့် ချောမွတ်သည်။ ပန်းရောင် သို့မဟုတ် အဖြူတွင် အနီစက်လေးများ ရှိသည်။ အလျား ၀.၈၅ လက်မနှင့် ပြက် ၀.၆၅ လက်မခန့် ရှိသည်။

ဗွတ်ကလုံကို အိန္ဒိယနှင့် တရုပ်နိုင်ငံတို့တွင်လည်း တွေ့ရသည်။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။


စနေနေ့တိုင်းထုတ်ဝေသည်
ရွှေသွေး ဂျာနယ်

# နွားကွဲ ကျားဆွဲ

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - တက္ကသိုလ် ကြည်မာ

အတွဲ ၂ အမှတ် ၁၁ ၁၄-၃-၇၀




ဟိုရှေ့ဖက်က
လယ်ကွင်းမှာ
ကောက်ရိုးမြတ်တွေ
များရုံမှာ
မိုးတွင်းစာ
မိုးတွင်းစာ
နို့တွေ
သွားယူမှာ
မဲလုံးသည်နေ့စဉ်နေ့တိုင်း နွားသားစားရရေးကိုသာ ကြံစည်နေ၏။ တနေ့သော် သစ်ပင်အောက်မှ သီချင်းသံ ကြား၍....
ငုံ့ကြည့်လိုက်သော် နွားကျား ဦးဆောင်ကာ နွားများ ချီတက်သွားကြသည်ကို တွေ့သဖြင့်
နွားထီးတွေ သွားကြဖို့- ....ဟဲဟဲ..... ဒီညတော့ အလုပ် ဖြစ်ပြီ........
အမ လေးတော့...... .. မဲလုံးကြီး လာနေပြီ---လုပ် ကြပါအုံး---
ထိုညတွင် မဲလုံးသည် နွားမ များကို သွားချောင်းရာ....
ချိုကုပ်တကောင် အစောင့်ကျန်ခဲ့သေး ရကား မဲလုံးသည် အခြေမလှ၍ တကြိုး တည်းလစ်ပြေးခဲ့ရ၏။
ကိုသံလုံးရယ်-ခုလို ချိန်းတွေ့နေတာ-နွား ကြီးတွေများသိသွား ယင်--
နွားအိုတွေပါ ကိုယ် ချင်းနဲ့မှမစါဘူး--- ဒီတော့-စာဖြူရယ် ငါတို့xxxxx xxx
တနေ့တွင် နွားမတမ်းမလေး ''စာဖြူ'' နှင့် နွားပေါက်ကလေး ''သံလုံး'' တို့သည် သဘောတူချိန်းဆိုကြပြီး
နွားအုပ်နှင့် ဝေးရာ ချောင်းနံဘေး၌ သွားရောက်တွေ့ဆုံကြလေ၏။


အမလေး - သေပါပြီတော့ - - -
ကိုသံလုံး - ကယ်ပါဦး - - -
ကျားကြီး
ကျား
မဲလုံး
မဲလုံး
များမကြာမီ ကျားဆိုးကြီး မဲလုံးရောက်လာပြီး စာဖြူကို ခုန်အုပ်ကာ ချီသွားတော့၏။
ဟင်
နင်တို့ - နွားကြီးတွေ စကားမှနားမထောင်ဘဲ - သေတော့တောင်နဲ့ သေးတယ်
တို့ - - - သံလုံးဆိုပြီး သတ္တိလဲမရှိဘူး
မိုက်မိပါတယ် - မှားပါပြီ
မိစာဖြူ - သေပြီ ဟုတ်လားမိုက်ချင်အုံးလေ - - -
နေရပ်ပြန်ရောက်သော် ငိုင်းကြိမ်းကြ၏။
မဲလုံးက နောက်ညတွင် ချောင်းပြန်သည်၊ သို့သော်—
သတိရှိနေသော ချိုထောင်၊ ချိုကုပ်တို့ကိုသာ တွေ့ရသည်။
ချမ်းသာပေးပါ - - နွားသား ကျွေးပါ့မယ် - ဟယ်
အမယ် - တယ်အာတဲ့ ကောင်ပါလား - - - နင်က နွားသား ဘယ်ကရမှာလဲ - - - - -
ကြံဆောင်ပေးပါ့မယ်
စိတ်ပျက်ပျက်နှင့်အပြန်တွင်မြေခွေးငစဉ်းလဲကို
တွေ့၍ ဖမ်းစားမည်ပြုရာ....
- - - ဟား - - - - - - -
ကင်းစောင့်ရတာ ရက်ကြာလါတော့ အိပ်ချင်လိုက်တာ - - -
ခင်များက အိပ်ပျက် - - - ခင်များ့ ခေါင်းဆောင်ကြီးကတော့ ဇိမ်နဲ့ အိပ် - - တယ်ကောင်း - - - - -
ခေါင်းဆောင်ဆိုတာ ငယ်သားတွေ အတွက် ကိုယ်တိုင်တာဝန်ယူရတယ် - - ဗျ -
မြေခွေးသည် ကင်းစောင့်နေသော ချိုထောင် ထံ သွား၍
အင့် ဟင် - သူပြောတာ ဟုတ်ပါရဲ့
ခင်များ ကို ခေါင်းဆောင်ကြီး နွားကျား က "အသုံးမကျဘူး - အလကားကောင်" လို့ ပြောနေပါလား
ဟုတ်လား - ဟင်


အင်း......ဒါ- ငါ့ကိုနှိမ်တာ ဘဲ---တနေ့ကျ သိကြရမှာပေါ့
ခင်လို့-သတိပေး ပါရစေ...ခင်များ လက်စွဲတော်တွေက ခင်များကို ဖြုတ်ချ ပြီးခေါင်းဆောင် လုပ်မလို့ တိုင်ပင်နေ ကြတယ်....
အင်း....... ဟုတ်မယ်..... ငါထင်သားဘဲ... ဒီကောင်တွေ နွားဝါးဝလို့.... ----တောက်--- နွားကျားဘဲကွာ- ငါက လက်ဦးအောင် ရှင်းပစ်မယ်-ဟင်း
ဒို-နွားထုကြီးခင်များ-ယနေ့ကျအချိန်မှစ၍-ချိုထောင်နဲ့ ချိုကုပ် တို့ကို လက်ထောက်ခေါင်းဆောင် အဖြစ်မှ ရပ်စဲပြီး-သူတို့ နေရာတွင်-ငညို နဲ့ ငဖြူ တို့အား ခန့်အပ်လိုက်သည်....
ဟာ
ဟင်
အလို
ဟ-ဟ
နောက်တနေ့တွင်နွားထုအစည်းအဝေးကြီးခေါ်ပြီးခေါင်းဆောင်နှာကျားကမိန့်ခွန်းပြော၏။
အဖယ်-ဘါဂရုစိုက် ရမှာလဲ-သီးခြားအုပ် ရဖွဲ့မယ်၊ ကျုပ်ကို သဘောကျ တဲ့နွားတွေ လိုက်ခဲ့ကြ လေ့!....
အထင်သေးတဲ့နွား တွေနေခဲ့ကြ-ငါ့ကို အားကိုးယင်လိုက်ခဲ့- အသက်နဲ့ လဲပြီး ကာ ကွယ်ပေး မယ်....
ဟိုဘက်-ဒီဘက်- မလိုက်ဘဲ-နှပ ရှင်းရှင်း-ကြားနေ အုပ်ရ အဖွဲ့ကြိုက် ယင် ဒီဘက် ကိုလါ
သို့ဖြင့်နွားထုကြီးမှာ ဟိုတစု သည်တစုနှင့် အကွဲကွဲ-အပြားပြား ဖြစ်သွားလေတော့ သည်---
ထိုနေ့မှစ၍မဲလုံးသည်ခေါင်းဆောင်လစ်တိုင်း
ဆရာ-မဲလုံး အတော်-ဝ-လါ တယ်နော်
-ဝ- မှာပေါ့ကွ နေ့တိုင်း အမဲသားစားနေ ရတာကိုးကွ
ဟား ဟား ဟား-ဟား
တညလျှင် နွားတကောင်ကျ ကိုက်၍ ကိုက်၍ ဆွဲစားသဖြင့် နွားအုပ်ကြီး ပျက်ပြုန်းလေတော့ သည်။

ယခင်အပတ်မှအဆက်

# စုန့်စုန့် စားစား

ပန်းချီ ဦးစိန်　　ဇာတ်လမ်း မြေရိုင်း





နောက်တနေ့တွင် သူတို့သည် ကျော်ကျော်၏ အကြံအတိုင်း လှေဖြင့် တဖက်ကမ်းသို့ကူးရန် ပြင်ဆင်ကြလေ၏။
လှေပေါ်တက်ကြ စားစရာတော့မမေ့နဲ့နော် မမ
မမလှ ရေကူးတတ်ရဲ့လား
မတတ်ဘူး
ရေနစ်မှာ သိပ်ကြောက်တယ်
အေးတို့တော့ မြစ်ထဲမှာအမြဲ ရေကူးတယ်
မကြာမီ လှေကလေးသည် ကမ်းစပ်တနေရာသို့ ဆိုက်ကပ်လေသည်။
ဟိုဟာ ကျွန်တော်ပြောတဲ့ ဦးဘိုးဇွဲ ခြံထဲက တိုက်ဝါကြီးဘဲ
တိုက်ကြီးကလဲ အိုလှပြီ ကြောက်စရာကြီး
အရိပ်ကောင်းတယ် ဒီမှာဘဲထိုင်ကြရအောင်


နင်တို့ ဒီမှာခဏနေကြအုံး ဒို့ ဟိုဖက်လိုက်ကြည့်အုံးမယ်
ဒို့ နှစ်ယောက်ထဲ ကြောက်တယ် မြန်မြန်ပြန်လာခဲ့ကြနော်
ခြံကြီးတွင် လူမနေသည်မှာ ကြာပြီဖြစ်သည်။ မာလကာပင်၊ သရက်ပင်များရှိသော်လည်း ချုံများတောထနေသည်။
ဒီခြံကြီး က တောကြီးလိုပဲ
ဒီအနားကိုတော့ ရောက်ဖူးတယ် တိုက်ကြီး အထဲကို တော့ မဝင်မိဘူး
ဒါဖြင့် တိုက်ကြီး ထဲ ဝင်ကြည့်ရအောင်
မသွားပါနဲ့ မမတို့ နှစ်ယောက် ထဲကျန်ခဲ့တယ် မဟုတ်လား
ကျော်ကျော် ကလဲ ကွာ သတ္တိနဲလိုက်တာ
ဒါဖြင့် ... သွားမယ်လေ

ဆက်ရန်

# မြေဆီမှ ရွှေရည်

ကာတွန်း




မြန်မာနိုင်ငံတွင် ပုဂံခေတ်စလေငခွေးမင်း၏လက်ထက်၌ ရေနံကို စတင်တွေ့ရှိသည်။

အနော်ရထာမင်းလက်ထက်သထုံပြည်မှရခဲ့သော ပိဋကတ်ကျမ်းတို့ကို ခြ၊ ပုရွက်ဆိတ် စသော ပိုးမွှားများ မဖျက်ဆီးနိုင်အောင် ရှင်အရဟံ၏ အကြံပေးချက်အရ ရေနံဖြင့် သုတ်လိမ်းရာမှ ရေနံကို စတင်သုံးစွဲခဲ့သည်။

နောင်သော် ရေနံကို အလင်းရောင် ရစေရန် အသုံးပြုလာကြသည်။

ရေနံကို အချို့နေရာများတွင် ပေ ၅၀ မှပေ ၁၀၀ အထိ ရေတွင်းတူးသကဲ့သို့ တူးယူနိုင်သည်။ ထိုတွင်းမျိုးကို လက်ယက်တွင်းဟုခေါ်သည်။

ရေနံကို အများအပြား ရရှိစေရန် ရေနံကြောရှိရာ မြေလွှာထဲသို့ မိုင်ဝက်မှ တမိုင်ကျော်အထိ နက်အောင် စက်ဖြင့်တူးရသည်။

ရေနေ သတ္တဝါကလေးများ၏ ရုပ်ကြွင်းများသည် မြေထဲတွင် ပါရှိသော ဓာတ်သတ္တုတို့၏ ဂုဏ်သတ္တိကြောင့် နှစ်များစွာကြာသောအခါ ရေနံဖြစ်လာသည်။

ရေနံသည် အဓိကအားဖြင့် ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်နှစ်မျိုးပါဝင်သောဒြပ်ပေါင်းများ ဖြစ်သည်။


ရေနံမှ လေယာဉ်ဓာတ်ဆီ၊ မော်တော်ယာဉ်ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ ဖယောင်း စသည်တို့ ထုတ်ယူရရှိသည်။


ရေနံမှ မင်၊ အလှကုန်၊ပလပ် စတစ်ပစ္စည်း၊ ရော်ဘာတု၊ပေါက်ကွဲစေတတ်သောပစ္စည်း စသည်များလည်း ထုတ်ယူရရှိသည်။


စက်ဆီနှင့် ကတ္တရာတို့ကိုလည်း ရေနံမှ ရရှိသည်။

သံလျင်ရေနံချက်စက်ရုံမှ တနေ့လျှင် ရေနံဂါလံပေါင်း ငါးသိန်းခန့် ချက်လုပ်လျက် ရှိသည်။








ပျင်းသော ငနီ
ကျော်ကျော်
ရွေးရွေးတုန်းက အလွန်ပျင်းတဲ့ ငနီဆိုတဲ့ ပုရွက်ဆိတ်ကလေးတကောင်ရှိတယ်။
ဟေ့.. ငနီထ ကွာ.. ဆန်စေ့တွေ ထမ်းရအောင်...
သွားကြစမ်းကွာ ငါတရေး အိပ်လိုက်ဦးမယ်
မခေါ်နဲ့ကွာ.. ပျင်းတဲ့ကောင် ငတ်မှာဘဲ...
ငနီအိပ်နေတဲ့အချိန်မှာ တခြားပုရွက်ဆိတ်တွေက အလုပ်လုပ်နေကြတယ်။
ဆန်စေ့တွေ သယ်လို့ပြီးတော့....
ဆန်စေ့တွေ ထဲ့ဖို့ အိမ်ကြီးတဆောင် ဆောက်ကြစို့...


ဒုံး ဒုံး ဒိုင်း
တယ်ဆူညံတာဘဲ တခြားမှာ... သွားအိပ်မယ်..
သူများတွေ အလုပ်လုပ် နေတုန်းမှာ ငနီကတော့အိပ်လို့ကောင်းတုန်းပေါ့။
ခေါ်.. ခေါ်..
အိပ်ရာကနိုးလာတော့....
အာလေကြာ..တယောက်ထဲ အစာရှာလို့ မဖြစ်ဘူး ဒီတော့...
ငနီဟာ အစာ လိုက် တောင်းတယ်။
ကျွန်တော်ဆာလို့ ဆန်တစေ့လောက် ပေးပါဦးလေး..
အလုပ်မလုပ်ယင် အစာမရနိုင်ဘူးကွ သွားမပေးဘူး



အစာလိုက်တောင်းလို့ မရတော့ ငနီဟာ တကောင်ထဲ အစာရှာထွက်လာတယ်။
မောလိုက်တာ.. အစာလဲမတွေ့သေးဘူး ဟောဟဲ..ဟောဟဲ..
တနေရာရောက်တော့
ဟာ ထညက်ခဲကြီးပါလား မွတာဘဲ ဟား..ဟား
ဝမ်းသာအားရနဲ့ ပြေးသွားပြီး
စားနေတုန်းမှာ...
ခွေးကြီးတကောင် ရောက်လာပြီး ထန်းလျက်ခဲကို စားလိုက်တယ်။
တော်ပါသေးရဲ့ သေတော့မလို့
အင်း..ငါ့အပျင်းကြီးလို့ ဒီလို ဒုက္ခရောက်တာဘဲ ဒီနေ့က စပြီး... အလုပ်လုပ်တော့မယ်




အမေရိကန်ကစားနည်းဖြစ်၍ ၁၈၃၉ ခုနှစ်တွင် အက်ဗနာဒူဗဃ်ဒေးဆိုသူကတီထွင်ခဲ့သည်။

လူကိုးဦးစီဖြင့် နှစ်သင်းယှဉ်ပြိုင်ကစားရသည်။အတွင်းကွင်းနှင့် အပြင်ကွင်းဟူ၍ ကစားကွင်းနှစ်ထပ် ပါဝင်သည်။

ဘောလုံးရိုက်တံမှာ သစ်မာသားဖြစ်ပြီး ၄၂ လက်မရှည်၏။ ဘောလုံးကို မြင်းသားရေဖြင့် ပတ် ချုပ် ထား ၍ အလေးချိန် ငါးအောင်စရှိသည်။


ကွင်းသည် ရာဇမတ်ကွက်ပုံရှိ၍ အနားတဖက်လျှင် ၇၂ ပေရှည်ပြီး ထောင့်လေးထောင့် ပါရှိသည်။ စတုတ္ထထောင့်မှာ ဗက်တံကိုင် ရိုက်သူနေရာ ဖြစ်၏။ ဘောလုံးပစ်သူနှင့် ဗက်တံကိုင်သည် ပေ ၅၀ ဝေးသည်။

ယှဉ်ပြိုင်ကစားရာတွင် တသင်းက ဘောလုံး ပစ်ပေးရ၍ ကျန်အသင်းက ရိုက် ရ သည်။ ပစ်ရမည့်အသင်းတွင် ဘောလုံးပစ်သူ၊ ဖမ်းသူနှင့် ထောင့်လူစသည်ဖြင့် နေရာယူ ကစားရ၏။

ဘောလုံးရိုက်မည့်အသင်းမှ လူများသည် တလှည့်စီ ရိုက်ကြရ၏။ ကစားသူများသည် မျက်နှာ၊ကိုယ်နှင့် ဒူးတို့ကို ကာကွယ်သော အစွပ်နှင့် လက်အိတ်များကို ဝတ်ဆင်ကြရသည်။

ဘောလုံးပစ်သူသည် သတ်မှတ်ထားသောနေရာကို ခြေဖဝါးဖြင့် နင်းထားပြီး ဗက်တံကိုင်သူ၏ ဒူးအောက်သို့လည်း မကျ၊ ပခုံးပေါ်လည်း မကျော်စေပဲ ပစ်ပေးရသည်။ ထောင့်တခုနှင့် တခုအကြား ပြေးသွားသောအခါ ဘောလုံးနှင့် မထိအောင် ရှောင်ရသည်။ ထိလျှင် ထွက်ပေးရမည်။ထောင့်များကို တပတ် ပြည့်အောင် ပြေးနိုင်ပါက တပတ်အောင်သည်။အပတ်ရေ များများ ပြေးနိုင်သော အသင်းက အနိုင်ရရှိသည်။

× × × ×






ယနေ့ ကျောင်းပိတ်သဖြင့် ကျွန်တော်သည် မေမေနှင့်အတူ ဈေးသို့ လိုက်ပါသွားပါသည်။ ဈေးတွင် ရောင်းသူ ဝယ်သူတို့ဖြင့် အလွန် စည်ကားပါသည်။ မေမေသည် ဟင်းချက်စရာများ ဝယ်ပြီးသောအခါ ဘုရားပန်းများ ဝယ်ရန်အတွက် ပန်းများ ရောင်း သည့် ဖက် သို့ သွား ပါသည်။ ကျွန်တော်သည် မေမေ သွားရာနောက်သို့ ဈေးခြင်းဆွဲ၍ တကောက်ကောက် လိုက်ရပါသည်။

"စပယ်ပန်းကလေးတွေမွှေးတယ်၊ တကုံးငါးပြား၊ဆယ်ပြား ဘိုးသုံးကုံး"

ထိုအသံကိုကြားသောအခါ ကျွန်တော် နားစွင့်မိပါသည်။ ကျွန်တော့်သူငယ်ချင်း ပါပု၏ အသံနှင့်တူ၍ ဖြစ်ပါသည်။ အသံလာရာဆီသို့ ရှာကြည့်သောအခါ ပါပုကို တွေ့ရပါသည်။

ပါပုသည် ကျွန်တော့်ကို မမြင်ပါ။ "စပယ်ပန်းတွေရမယ်" ဟူ၍သာ တစာစာ အော်ရင်း ပန်းဝယ်သူများကို ရောင်းနေပါသည်။

မေမေ ပန်းဝယ်ပြီးသောအခါ အိမ်သို့ပြန်ပါသည်။ ပါပုပန်းရောင်းသည်ကို ကျွန်တော်ယခုမှ သိပါသည်။ မနက်ဖြန်ကျောင်းတက်လျှင် ပါပုကို ပန်းသည်ကလေးဟု နောက်ပြောင်ရမည်ကို တွေးမိ၍ ပျော်မိပါသည်။

နောက်တနေ့ကျောင်းတက်သောအခါ ကျွန်တော်၏သူငယ်ချင်း တိုးနီအား ပါပုပန်းရောင်းကြောင်းကို ပြောပြပါသည်။

"ဒီလိုဆိုယင် ဒို့ပါပုကို ပန်းသယ်ကလေးလို့ စမယ်ဟေ့"

"အေး–ငါလဲ ဒီလိုဘဲ ကြံထားတယ်"

ကျွန်တော်တို့ နှစ်ယောက်သည် ပါပုအလာကို မျှော်နေကြပါသည်။ ကျောင်း တက် ခါနီးမှ ပါပုအပြေးအလွှားရောက်လာပါသည်။ အခန်းထဲသို့ ပါပုဝင် လာ လျှင် ကျွန် တော် က "ပန်းသယ်လေး ပါပု လာပါပြီခင်ဗျား" ဟု စ၍ နောက်လိုက်ပါသည်။

တိုးနီက "ပန်းသယ်ကလေး လာ အုံး" ဟု ထပ် ၍ နောက်လိုက်ပါသည်။

ပါပု၏နှုတ်ခမ်းတွေ စူလာပါသည်။ ဒေါပွသွားပုံရပါသည်။ ကျွန်တော်တို့အနားသို့လာပြီး

"မင်းတို့ ငါ့ကို နောက်သလား" ဟု မေးလေသည်။ တိုးနီက –

"မင်းကို ပန်းသယ်မို့လို့ ပန်းသယ်လို့ခေါ်တာ ဘာပြုသလဲ" ဟု မိုက်ကြည့်ကြည့်၍ ပြောပါသည်။ ပါပုက –

"ဆရာကိုတိုင်မယ်" ဟုပြောပြီး ထွက်သွားပါတော့သည်။

ကျောင်း တက် ၍ ဆ ရာ ရောက် လာ သော အ ခါ ကျွန်

တော် အနည်းငယ်တုန်သွားမိပါသည်။ ပါပုက ဆရာကိုသွားတိုင်ပါသည်။ အတန်းတက်စာရင်းနာမည် ခေါ်ပြီးသောအခါ ဆရာက –

"ဖိုးပေါက်နဲ့တိုးနီ မတ်တတ်ရပ်စမ်း" ဟုပြောပါတော့သည်။

ကျွန်တော်တို့ နှစ်ယောက်မတ်တတ် ရပ်လိုက်ကြပါသည်။ တတန်းလုံး ဝိုင်း၍ ကြည့်နေကြပါသည်။ ကျွန်တော်တို့ နှစ်ယောက်သည် ရှက်လည်း ရှက်ကြောက်လည်း ကြောက်သဖြင့် ခေါင်းငုံ့ထားကြပါသည်။

"မင်းတို့နှစ်ယောက် ပါပုကို ပန်းသည်ကလေးလို့ စတယ်ဆို" ဆရာကမေးပါသည်။ ဆရာ့အသံမှာ ဒေါသသံ မပါပါ။ အေးအေးဆေးဆေးပင် မေးခြင်းဖြစ်ပါသည်။

"ဒါနောက်စရာ မဟုတ်ဘူးကွ။ ပါပုမှာ အဖေမရှိဘူး။ အမေဘဲရှိတယ်။ ဆင်းရဲတယ်။ သူ့အမေဈေးရောင်းလို့ ရတဲ့ငွေက စားလောက်ရုံဘဲ ရှိတယ်။ ဒါကြောင့် ပါပုကကျောင်းနေချင်လွန်းလို့ သူကျောင်းနေနိုင်ဘို့အတွက် ပန်းရောင်းရတယ်။ မင်းတို့လို မုန့်ဘိုး၊ ခဲတံဘိုး၊ စာအုပ်ဘိုးကို သူ့အမေက ပေးနိုင်တာ မဟုတ်ဘူး။ သူရတဲ့ ပိုက်ဆံနဲ့သူ ဝယ်ရတာ။ ဒါကို ဒို့တတွေက အားပေးရမယ်။ မ နောက် ရဘူး။ မပြောင်ရဘူး။ ဖိုးပေါက်နဲ့တိုးနီက နောက်ကို ဒီလိုမစပါဘူး ဆိုတာ ဆရာ ကြားချင်တယ်"

"ကျနော် ပါပုအကြောင်းကို မသိလို့ စမိတာပါ ဆရာ။ နောက်မစတော့ပါဘူး" ဟု ကျွန်တော်က ပြောလိုက်ပါသည်။ တိုးနီက "ကျနော်လဲ မနောက်တော့ပါဘူး ဆရာ" ဟု ပြောပါသည်။

"အေး–ဒီလိုဆိုယင် ဆရာ မင်းတို့ကို မ ရိုက်တော့ ဘူး။ နောက်တခါစယင် ရိုက်မယ်။ ဒါ တတန်းလုံးကို ပြောတာ။ ပါပုလို မိဘကိုကူညီပြီး ကိုယ့်ဒူးကိုယ်ချွန်နေတဲ့ ကျောင်းသားလေးတွေကို မနောက်ရဘူး။ မပြောင်ရဘူး။ အတုယူရမယ်။ ချီးကျူး ရမယ်။ ကဲ–ပါပုကို ချီးကျူးတဲ့ အနေနဲ့ လက်ခုပ်တီးကြ"

ကျွန်တော်တို့အားလုံးလက်ခုပ်တီးကြပါသည်။ ပါပုကိုလှမ်း၍ကြည့်သောအခါ ပါပုက ပြုံးပြပါသည်။ စိတ်ဆိုးပြေသွားပြီထင်ပါသည်။

ဆရာပြောသလို ပါပုကဲ့သို့သော ကျောင်းသားများကို အတုယူပါမည်။ အားပေးပါတော့မည်။

ကျောင်းဆင်း၍ အိမ်ပြန်ရောက်လျှင် "စပယ်ပန်းဝယ်ယင် ပါပုဆီကဝယ်ပါ" ဟု မေမေကိုကို ပြောပါဦးမည်။

× × × ×

# ဥဩတွန်သံ

နွေဦးချိန်ခါ မြိုင်ညိုတောက၊
ဥဩ ဥဩ တွန်သံသာ။

သူ့ဆင်းပုံသွင် မဲပြာနက်လို့၊
ကျီးငှက်များနဲ့ တူလှပါ။

ဥဩနက်ပြာ မြည်တွန်ကြွေးတော့၊
လူလေးနားစိုက် ထောင်ကြည့်ပါ။

သူ့ရုပ်သွင်မှာ မလှငြားလဲ၊
သူ့နှုတ်ဖျားက လွန်ချိုသာ။

နှုတ်ဖျားလွင်လွင် ချိုသာလှသမို့၊
လူအများက မြတ်နိုးတာ။

နှုတ်ထွက်ချိုလျှင် သျှိတံပါးတဲ့၊
ဆိုစကားတောင် ရှိသေးတာ။


မှတ်ပါ – မှတ်ပါ။ ။

မောင်ဘုန်းဆွေ (ရေ



R. 517

# ဥဩ





ဥဩသည် လူသိများသော ငှက်ဖြစ်၏။ အလျား ၁၇ လက်မခန့်ရှိသည်။ ပန်းနုရောင်မျက်လုံး ရှိသည်။ ပျံသန်းသည့်အခါ ရှည်သော အမြီးနှင့် တို၍ဝိုင်းသော အတောင်များကို တွေ့ရသည်။

နွေဦးတွင် ဥဩတို့အော်မြည်သည်။ ဥဩ၏ သာယာချိုအေးသော တေးသံကို လူတိုင်းနှစ်သက်ကြသည်။ သို့ဖြစ်၍ ဥဩငှက်ငယ်ကို နွေဦး၏ ရွှေတော်ပြေးဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။

ဥဩသည် မြေပြင်သို့ ဆင်းသက်လေ့မရှိပေ။ အများအားဖြင့် ဥယျာဉ်များတွင် တွေ့ရသည်။ သစ်ကိုင်း သစ်ခက်များ အကြားတွင် ပုန်းလျှိုး ကွယ်လျှိုး နေလေ့ရှိသည်။ ညောင်သီး၊ သစ်သီးအမျိုးမျိုးနှင့် ပက်ကျိမျာကို စားသည်။

ကျီးကန်းများနှင့် တချိန်တည်းသားပေါက်သည်။ ကျီးကန်းသိုက်ထဲတွင် ဝင်အုလေ့ရှိပြီး အကောင်ပေါက်စေသည်။ ကျီးကန်းဥနှင့် ဆင်တူပြီး အနည်းငယ် သေးသည်။ တဥလျှင် အလျား ၁.၂၀ လက်မနှင့် ပြက် ၀.၉၀ လက်မခန့်ရှိသည်။



ဥဩကို အရှေ့တိုင်း နိုင်ငံအနှံ့အပြားတွင် တွေ့ရသည်။ ဒေသအလိုက်၊ ရာသီအလိုက် ပြောင်းရွှေ့နေတတ်သော်လည်း အတိအကျ မသိရသေးပေ။

ရဲမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# မိတ်ဆွေကောင်း

# ရွှေသွား ဂျာနယ်

ဇါတ်လမ်း- ဂကြီးသံချောင်း

သရုပ်ဖော်- ဂဆု

အတွဲ ၂ အမှတ် ၁၂ ၂၁-၃-၇၀




အမတ်ကြီးသည် အမွေများကို ထိန်းသိမ်းလာ၍ ကလေး နှစ်ယောက် လူလား မြောက်လာသောအခါ ....
ကျုပ်ကတိထားခဲ့တဲ့အတိုင်းအမွေခွဲပေးတော့မယ် ဒါပေမဲ့မောင်တို့မှာမိတ်ဆွေကောင်းမရှိယင် ဒီအမွေတွေဟာကုန်ခန်းသွားလိမ့်မယ်
ဒါကြောင့်မိတ်ဆွေကောင်းရအောင်အရင်ရှာကြရမယ်
မိတ်ဆွေကောင်းရှာဖို့အတွက် ကျုပ်ငွေပေးလိုက်မယ်
သူကြွယ်သား နှစ်ဦးသည် မိတ်ဆွေ ကောင်း ရရန် ပေးကမ်း၏။
ကော့မရှိယင်ယူပေါ့ဗျာ
ကျွေးမွေး၏။
လာပါ၊စားပါ၊သောက်ပါ အားမနာပါနဲ့ဗျ
ထိုအခါ သူတို့တွင် မိတ်ဆွေအလွန်ပေါလာလေ၏။


ငွေကုန်သွားသော အခါတွင်မူ
ကြည့်စမ်း၊ အခုတော့ ဒို့အနားကို ကပ်မယ့်လူတောင်မရှိတော့ဘူး
ဟုတ်တယ်ဗျ
ကျနော်တို့မိတ်ဆွေကောင်းမရခဲ့ကြပါဘူး၊ မိတ်ဆွေအတုတွေနဲ့ဘဲ တွေ့ခဲ့ရပါတယ်၊ ဒါပေမဲ့ ကျနော်တို့မှာငွေကုန်သွားပြီဖြစ်လို့၊ အမွေကိုသာခွဲပေးပါတော့ခင်ဗျာ
မိတ်ဆွေကောင်းရလာယင် ကျုပ်က ကတိအတိုင်းပေးမှာဘဲ၊ မိတ်ဆွေကောင်းရအောင်သာထပ်ပြီးရှာဖွေပါအုံးကွယ့်
ငါ့ညီအဲဒါ၊ ဒို့ရဲ့ အမွေတွေကိုအပိုင်စီးချင်လို့ လိမ်နေတာဘဲ ဖြစ်မယ်
အကိုတော့ မခံနိုင်ဘူး ဒီည အမတ်ကြီးကို သွားသတ်မှာဘဲ
ဟာ အကိုကလဲဗျာ၊ အမတ်ကြီးဟာကတိဖျက်မယ့်ပုဂ္ဂိုလ်ဟုတ်မယ်မထင်ပါဘူး၊ မလုပ်ပါနဲ့
ထိုညတွင် အကိုသည် အမတ်ကြီး၏ အိမ်ကို တိတ်တဆိတ်တက်ရာ -
အစောင့်များ မိသွား၍ အအသက်ဆုံးရှုံးရလေ၏။


ငါတော့ ငတ်မွတ်နေပြီ အရင်က ငါကျွေးမွေးခဲ့တဲ့ လူတွေဆီ အကူအညီ သွားတောင်းမှဘဲ
ဘာလဲသွား၊ မင်းကို ပေးဖို့ ဒီမှာမရှိဘူး
သူများတွေဆီမှာ၊ လက်ဖြန့်ပြီး အကူအညီတောင်းနေလို့ တော့မဖြစ်ဘူး၊ လူတွေဘယ် လိုနည်းနဲ့ ဝမ်းဝ ရှာကြတယ် ဆိုတာကို ငါလေ့လာမှဘဲ
လူတွေဟာ အတတ်ပညာ တခုခုနဲ့ အလုပ်လုပ်ပြီး အသက်မွေးမှုပြုနေကြ တာကိုး
ငါလဲ ပန်းထိမ်ဆရာကြီးဆီမှာ ပန်းထိမ်ပညာသင်ပြီး အလုပ် လုပ်တော့မယ်
ပန်းထိမ်တော်
အင်း အခုမှဘဲ ပန်းထိမ်အလုပ်က လုပ်ခရလို့ ဝမ်းရေး အတွက် စိတ်အေးရတော့ တယ်
ပန်းထိမ်ပညာဟာ ငါ့အတွက် မိတ်ဆွေကောင်းတဦးပါဘဲ
ဟာ ဟုတ်ပြီ အမတ် ကြီး ရှာခိုင်းတဲ့ မိတ် ဆွေကောင်း ဆိုတာ အတတ်ပညာ ကို ဆိုတာ အမှန်ဘဲကိုး
ဤတွင် အမတ်ကြီးသည် အသက်မွေး ဝမ်းကျောင်း အတတ် ပညာတခု တတ်မြောက်ပြီး ဖြစ်သော ညီငယ်အား အမွေ အားလုံးကို ပေးအပ် လိုက်လေတော့သည်။


ခွန့်ခွန့် တားတား
ပန်းချီ ဦးစိန်
ဇာတ်လမ်းမြေမြဒိုင်း
အထဲမှာ လူရှိချင်ရှိနေမှာ ချုံကွယ်ပြီးသွားမယ်
ဟုတ်တယ်
အာ! အာ!
ဟေ့ ကောင်လေးတွေ မင်းတို့ ဒီမှာ ဘာလုပ်နေတာလဲ
ကစားနေကြတာပါ
သွားသွား ဒီနားမှာ လာ မကစားကြနဲ့


အရူးကြီး နဲ့တူတယ် ဟော...ကားလမ်းဖက်ကို ထွက်သွားပြီ..ဟား ဟား
ထိုနောက် သူတို့သည် ချုံများကို တိုးဝှေ့၍ တိုက် နံရံနားသို့ ရောက်လာကြပြီး
ဟာ ချုံတွေ ကာနေတယ်ကွ
တိုက်ရဲ့နောက် ဖက်ကဝင်ကြည့် မယ်
အေးကွ-နောက်ဖက် ကဝင်ကြည့်မယ်
မိုးဟိန်း ဒီနေ့ရောက်မယ်ကွ
ရှိုး...စကားပြောသံ ကြားတယ် နားထောင်စမ်း
ထိုအခါတွင်
ဟား ဟား ဟား ခွေးကောင်လေးတွေ မပြေးနဲ့ မင်းတို့ဘာလာ လုပ်ထာလဲ


ကျွန်...ကျွန်တော်တို့ ဘာမှ မဟုတ်ပါဘူး လာကစား ကြတာပါ
မင်းတို့ကို ငါမသင့်က်ာဘူး ဘုတာရုံမှာတခါ ဗိုလ်ချုပ်ဈေးမှာတခါ ငါ့နောက်က လျှောက်လိုက်နေတာ မင်းတို့ဘဲ
ပြောစမ်း မင်းတို့ ဒီမှာ ဘာလာလုပ်တာလဲ
ညိုအေးနှင့် ကျော်ကျော်တို့သည် ထိုလူကြီးအား စူးစိုက်၍ ကြည့်နေကြစဉ်
ဟေ့ တုတ်ကြီးနဲ့ စိန်သောင်း ဘယ်သွားသေနေကြပြီလဲ
ဒီကောင်လေးနှစ်ယောက်ကို- ရှာစမ်း !

# တိရစ္ဆာန်တို့၏ နေအိမ်

ရေး - မောင်ညိုမြင့်

သရုပ်ဖော်ကာတွန်း - မောင်မေသောက်


တိရစ္ဆာန်တို့တွင် အများအားဖြင့် နေအိမ်မရှိပေ။ သင့်သလို လှည့်လည် နေထိုင်တတ်သည်။ သားပေါက်ချိန် ရောက်မှသာ နေအိမ်များ၊ အသိုက်များ ဆောက်လုပ်လေ့ ရှိသည်။

သစ်တောက်ငှက်၏ နေအိမ်သည် သစ်ပင်ကို နှုတ်သီးဖြင့် ထွင်းထားသည့် သစ်ထွင်းအိမ်ဖြစ်သည်။ အထဲသို့ ၁၀ လက်မခန့် နက်ဝင်နေပြီး ငှက်ကလေးများ နေသာရုံ ကျယ်ဝန်းသည်။





နံ့ပြည်စုတ်ငှက်၏ အသိုက်အိမ်မှာ ချုံနိမ့်နိမ့် သစ်ကိုင်းများ အကြားတွင် ရှိတတ်သည်။ သစ်ရွက်ကြီး နှစ်ရွက်ကို နှုတ်သီးဖြင့် ပေါက်ပြီး လျှော်ကြိုးများ၊ နွယ်စများဖြင့် သီချုပ်ထားသည်။



သစ်ပင်ထက်မှ တွဲလောင်းကျနေသော ရှည်မျောမျော အသိုက်ကလေးမှာ စာဗုဒ်တောင်းငှက်၏ နေအိမ်ဖြစ်သည်။ လျှော်ပင်များ၊နှီးစများဖြင့် ဆောက်လုပ်ထားသည်။ အိမ်ထဲသို့ အောက်ဖက်မှ ခေါင်းလျှိုဝင်ရသည်။




ဖလန်မင်ဂိုခေT ကြိုးကြာခြေတံနီ ငှက်တမျိုး၏ အသိုက်အိမ်မှာ ရွှံ့ပုံကြီး တပုံ ဖြစ်သည်။ အထက်တွင် ဥအုရန် ချိုင့်ခွက်ကလေး ပြုလုပ်ထားလေသည်။



ရေထဲမှ နှစ်ထပ်အိမ်ရှင်မှာ ဗီဗာဖြစ် သည်။ သွားဖြင့် ကိုက်ဖြတ်ထားသော သစ်ကိုင်းများကို ရွှံ့မံပြီး ရေထဲတွင် ဂူအိမ် ဆောက်သည်။ အောက်ထပ်တွင် သူနေပြီး အထက်ဖက်တွင် အစာ သိုလှောင်ထားလေသည်။

ပုရွက်နှင့်ခြတို့မှာ မြေအောက်မှ အိမ်ကြီးရှင်များဖြစ်သည်။ အသိုက်အအုံကို မြို့ကြီးတမြို့ပမာ ခမ်းနားစွာ တည်ဆောက်ထားသည်။ ကွေ့ကောက်သော လမ်းများ၊ တံခါးမကြီးများ၊ လေဝင်လမ်း၊ ရေစီးလမ်းများ ပါရှိသည်။ ထိုပြင် အိပ်ခန်း၊ ကလေးခန်း၊ အစာသိုလှောင်ခန်း စသည်ဖြင့် အခန်းများစွာ ဖွဲ့ထားသည်။ တခန်းနှင့်တခန်းကို ဂူလမ်းများဖြင့် ကူးနိုင်သည်။





နကျယ်သည်လည်းမြေကြီးထဲ၊သစ်ခေါင်းထဲတွင် အိမ်ဆောက်နေလေ့ရှိသည်။လက်သမားနကျယ်သည် တိုင်ဟောင်း၊သစ်ဆွေးများတွင်အပေါက်ဖောက်ပြီး အိမ်လုပ်နေတတ်သည်။ ပန်းရန် နကျယ်မှာ ပြတင်းပေါင် အကွဲထဲတွင် အိမ်ဝင်ဆောက်လေ့ရှိသည်။



ဖား၊ ကြွက်၊ ပွေး၊ ကနန်း စသည်တို့သည်လည်း မြေအောက်လိုဏ်ဂူရှင်များ ဖြစ်ကြသည်။


ဒီနေ့ သမီးတို့ကျောင်းကော - မေမေ့ရုံးကော ပိတ်တယ် - သမီးတို့ကို သဘာဝသမိုင်းပြတိုက် ကိုလိုက်ပို့မှာလား မေမေ -
ဟုတ် တယ်-
အေး - ဖေဖေနဲ့မေမေ ရဲ့ ဒီနေ့ အသုံးမလိုတဲ့ အလုပ်တွေ - ဆယ်နာရီ မထိုးခင် ပြီးအောင် လုပ်ကြ မယ်-
အေး - ဝမ်းသာ လိုက်တာ
ဟင် - ဆယ်နာရီ တောင်ကျော်သွား ပါတော့လား -
ဟုတ်တယ် မမ -
အချိန်မှီသွားရအောင်လို့ - ကျွန်တော်တို့ ဖေဖေနဲ့မေမေ ရဲ့ အလုပ်တွေကို ဝိုင်းပြီးကူညီ ကြရအောင် - မမ
အေး
ဖေဖေ့ရဲ့ အခန်းကို သားလဲ ကူရှင်း ပေးမယ်ဖေဖေ
ပန်းကန်တွေကို - သမီး ပဲ - ကူ ပြီးဆေးပေး မယ် မေမေ -
သားတို့သမီးတို့ရဲ့ စည်းလုံး မှုအားကြောင့် အချိန်မှီ အခုပဲသွားနိုင်တာပေါ့



ဝင်းဦး
ကျွမ်းကျင်ရာလိမ်မာ
သမီးရေ... မေမေ့ကို ပေါ်ဒိငရုတ်သီးလေး ကူထောင်း ပေးစမ်း ..
ဟုတ်ကဲ့ မေမေ
သားက ပဲ ထင်းမြှမ်းလေး.. လေးငါးမြှမ်း ခွဲပေးကွယ်
မေမေကလဲ.. မမကျတော့ သက်သာတာ ခိုင်းပြီး သားကျတော့ ပင်ပန်းတာ ခိုင်းတယ်
မဟုတ်ပါဘူး သားရဲ့.. သားက ငရုတ်သီး မှ မထောင်းတတ်တာ..
ငရုတ်သီး ထောင်းတာ ဘာခက်လို့လဲ မေမေ ထင်းခွဲရတာကမှ....
မေမေလည်း အကြောင်းသိရအောင် ထောင်းခိုင်း လိုက်စမ်းပါ
ရော့.. ရော့.. စမ်းကြည့်အုံး..
ဟော.. ဟော... မောလည်း ဆိုလည်း စင်ထွက်ကုန်ပြီ မဟုတ်လား
အမလေး.. မျက်စိထဲ ဝင်ကုန်ပြီ လုပ်ပါအုံး..
ရော့ ရေ..ရော
ဟဲ့.. ရေ.. ရေ!
ကိုင်း ...မေမေ မပြောလား?..
ကျွန်တော်က လွယ်တယ်ထင်တာကိုး
ပြီး



သမီးသင် မယ်မေမေ
ကြွက်ကြီး
ရွှေဝါ ကြွက်ဖမ်းရန် ထွက်သွားတယ်။
အမြီး တဖုတ်ဖုတ်ရိုက် နေတော့ ဘယ်ကြွက်မှ မလာ ဘူးပေါ့
ကြွက်တွေလဲ လာကြပါလား
အချိန်အတော်ကြာ တော့
ကြွက်ကြီးတကောင် တွေ့တယ်။
ကြွက်ကြီးကလဲ ခံကိုက်တာပေါ့။

# ဆော့ဖ်ဘော

ကျော်ညွှန့်ဦး



အမေရိကန် တို့၏ ရိုးရာ ဘောလုံးကစားနည်း တရပ်ဖြစ်၍ ဘေ့စ်ဘောကစားနည်းကို အခြေခံသည်။

အမေရိကန်နိုင်ငံမှ မီးသတ်သမား တဦးက တီထွင် ခဲ့၍ ၁၉၀၆ ခုနှစ်တွင် ကစားနည်း စည်းမျဉ်းများကို ထုတ်ပြန်ခဲ့သည်။

ဆော့ဖ် ဆိုသည်မှာ နူးညံ့သော၊ သက်သာသော ဟု အဓိပ္ပာယ်ရသော်လည်းကစားပုံမှာ သက်သက်သာသာမဟုတ်ပဲ အကြမ်းပတမ်း ပြေးလွှားခြင်း၊ ဘောလုံးကို ရိုက်ခြင်းတို့ဖြင့် ပြင်းထန်စွာ လှုပ်ရှား ကစားရသည်။

တဖက်လျှင် လူကိုးယောက်စီ ယှဉ်ပြိုင်ကစားရသည်။

ကစားကွင်းမှာ အတွင်းကွင်း၊ အပြင်ကွင်း နှစ်ခုဆက်စပ်ထားသည်။ အတွင်းကွင်းသည် ပေ ၆၀ ပတ်လည်ရှိ၍ ဂိုးတိုင်တခုနှင့်တခု ပေ ၆၀ ဝေးကွာလေသည်။ အမျိုးသမီးကစားကွင်းမှာ ၄၅ ပေရှိ၏။ ဘောလုံးပစ်သော နေရာ အကွာအဝေးမှာ အမျိုးသားများ အတွက် ၄၆ ပေ၊အမျိုးသမီးများအတွက် ၃၈ ပေ ဖြစ်သည်။

ဘောလုံး ရိုက်တံသည် အရှည် ၃၄ လက်မနှင့် ပြက် နှစ်လက်မ တမူးခန့်ရှိသော သစ်သားဘက်တံ ဖြစ်သည်။ သံသားရေဖြင့် ဖုံးအုပ်ကာ တင်းကျပ်စွာ စပ်ချုပ်ထားသည့် ဘောလုံးအဝန်းသည် ၁၁ လက်မကျော်ရှိ၍ အလေးချိန် ခြောက်အောင်စခန့် ရှိသည်။

ဆော့ဖ် ဘောကစားသူများသည် လက်အိတ်၊ ခြေသလုံးဖုံး၊ ရင်ဖုံး၊ မျက်နှာကာ စသည်များကို ဝတ်ဆင်ကြရသည်။

ရိုက်မည့်သူထံသို့ ဘောလုံးကို လက်ဖဝါး လှန်ကိုင်ပြီး တံတောင်ဆစ်အောက်လွှဲ၍ ပစ်ပေးရသည်။

## ရုပ်ပုံကလေး၏ ပည့်စားချက်



ကလေးတို့ရေ –

တဖက်ဖော်ပြပါပုံကို အတန်ကြာကြာ စိုက်ကြည့်ကြစမ်း။ ကြည့်နေရင်း မူလမြင်ရတဲ့ ပုံစံဟာ တမျိုး ပြောင်းသွားတာ တွေ့ရလိမ့်မယ်။



စပါးပိုမို အထွက်များစေရန် အတွက် လယ်များကို ဂရုတစိုက် ပြုစုပျိုးထောင်ရန်အချိန်ရောက် လာပါသည်။ ထို့ကြောင့် ကျွန် တော်တို့အိမ်ရှိ လူကုန်မအားကြ တော့ပါ။ အဖေနှင့် အမေက လယ်ထဲတွင် ဇောက်ချ၍ အ လုပ်လုပ်ကြရပါသည်။ မမက စားရေး သောက်ရေးကို စီစဉ်ရ လေသည်။စားရေး သောက်ရေး ဆိုရာ၌ ဆန်အိုးထဲမှဆန်ကိုယူ၍ ချက်ပါက ထမင်း ဖြစ်သော် လည်း ဟင်းလျာက အရေးကြီး သည်။ ကျွန်တော်တို့ တောရွာ များတွင် ဟင်းသီးဟင်းရွက်နှင့် သား ငါး ပုဇွန်စသည်တို့ကို ပိုက် ဆံပေးပြီး ဝယ်စား၍ မရပါ။ ကိုယ်တိုင် ရှာဖွေစားသောက်ရ ပါသည်။ ထို့ကြောင့် စားရေး သောက်ရေးကို တာဝန်တရပ်အ နေဖြင့် အိမ်ရှိ လူတဦးဦးက တာဝန် ယူရလေသည်။ ကျွန် တော်က နွားကျောင်းရမည်ဖြစ် ပါသည်။

ဤကဲ့သို့ မအားမလပ်ဖြင့် တအိမ်လုံး အလုပ် လုပ်ကြရ သည်မှာ ကျွန်တော်တို့ မိသားစု တဦးတည်း မဟုတ်ပါ။ ရွာထဲရှိ မိသားစုတိုင်း လိုလိုဖြစ်ပါသည်။

မည်သူ တဦး တယောက်က မျှ အရေးကြီးသည်ဟု မယူဆ သော်လည်း ထိုကိစ္စကို ကျွန် တော်တို့ သူငယ်ချင်းတသိုက်က မူ အထူးအရေးကြီးသော ကိစ္စ တရပ်အနေဖြင့် ပြောဆိုခဲ့ကြရ ပါသည်။ အဘယ်ကြောင့် ဆို သော် ဤကဲ့သို့ အိမ်ရှိလူကုန် အလုပ်များချိန်တွင် ကျွန်တော် တို့၏ အလုပ်သည် နွားကျောင်း သော အလုပ်ဖြစ်သဖြင့် ကျွန် တော်တို့ ကျောင်းပျက်ကြရပေ တော့မည်။ ထို့ကြောင့် ကျွန် တော်တို့ သူငယ်ချင်း တဖွဲ့လုံး စိတ်ညစ် နေကြရပါသည်။ သို့ သော်လည်း လုပ်ရိုးလုပ်စဉ်ဖြစ် ၍ မည်သို့မျှ မတတ်နိုင်ပါ။ ကျောင်းဆရာများကလည်း သိ ၍ ခွင့်ပြုထားပါသည်။

နွား ကျောင်း နေရသဖြင့် ကျောင်းပျက်ခဲ့သည်မှာ ငါး ရက်ခန့် ရှိသွားပေပြီ။ထို့ကြောင့် စောထူးက ကရင်သံဝဲဝဲကလေး ဖြင့်ဝမ်းနည်းစွာပြောလေသည်။

“ငါတို့ ဘယ်နှစ်ရက် ထိ အောင် ကျောင်းပျက်နေကြဦး မလဲ မသိဘူးနော်။ စာတွေ နောက်ကျပြီး စာမေးပွဲရှုံးမှာ ငါသိပ်ကြောက်တာဘဲ”

“ဘာကြောက်စရာ ရှိသလဲ ကွ။ ငါတို့လဲ မင်းလိုဘဲဥစ္စာ”ဟု ညိုမောင်က ဝင်ပြောလိုက်လေ သည်။

ထိုအချိန်တွင် စောထူးသည် သွားဘေးတွင်ရှိသော ကျွန်တော် ၏ ပခုံးကို လှမ်းဖက်လိုက်ရင်း—

“ငါတို့အားလုံးအတူတူပါဘဲ ကွာ။တို့မှာညီအကိုက မရှိတော့ ဆက်တိုက် ကျောင်းပျက် ကြရ မှာဘဲ။ ဟော ဇော်ဝင်းတို့ ညီ အကိုတွေကို ကြည့်စမ်း။ သူတို့ က ညီအကိုများတော့အလှည့်နဲ့ နွားကျောင်းပြီး ကျောင်းတက် ကြ တယ်။ ဘယ် လောက် ကောင်းသလဲ”

ထိုအချိန်တွင် စိန်လှိုင်က စိမ်းလန်းသော လယ်ကွင်းပြင်ကြီးကို ကြည့်ပြီးစဉ်းစားနေ၏။ သူသည် ကျွန်တော်တို့အထဲတွင် စာ အတော်ဆုံး၊ ဥာဏ် အကောင်းဆုံး ဖြစ်လေသည်။

"တို့အခုဒီမှာ နွားကျောင်းနေကြတာ ချက်ကြီးတို့ အောင်ဘုတို့ လူစုနဲ့ ပေါင်းလိုက်ယင် ဆယ့်လေးယောက် ရှိတယ်ထင်တယ်"ဟု စိန်လှိုင်က ပြောရင်း ကုန်းစီး၍ ထွေလိုက်နေသော ချက်ကြီးတို့ လူစုကို ကြည့်ပြီး ရေတွက်လိုက်လေသည်။ နောက် သူစကားကို ဆက်ပြန်သည်။

"တို့ ဒီလို လုပ်ကြစို့ကွာ။ အခု ဒီမှာလာပြီး အားလုံးအချိန်ဖြုန်းနေမဲ့အစား ဇော်ဝင်းတို့ ညီအကိုတွေလို အလှည့်နဲ့ နွားကျောင်းကြယင် မကောင်းဘူးလား။ ရွာထဲမှာ လူကြီးတွေ အလှည့်ကျကင်းစောင့်သလိုပေါ့ကွာ။ နွားကျောင်းတယ် ဆိုတာ တယောက်ထဲ ကျောင်း လဲပြီးတာဘဲ။ ကျောင်းတက်ယင်သာ တယောက်ထဲ တက်လို့မရတာ။ ဘယ့်နယ်လဲ သူငယ်ချင်းတို့"

ဇော်ထူးသည် ကျွန်တော်၏ လည်ပင်းကို ပိုမိုတင်းကျပ်စွာ ဖက်လိုက်ပြီး မျက်နှာကလေးမှာလည်း ရွှင်လန်းသွားကာ –

"အေး–ကောင်းတယ်၊ သိပ်ကောင်းတယ်"ဟု ဆိုလေသည်။

ကျွန်တော်တို့ အားလုံးကလည်း စိန်လှိုင် ၏ အကြံကို ထောက်ခံ လိုက်ပါသည်။

"ဒါဖြင့် ချက်ကြီးတို့ လူစုကိုခေါ်ပြီး တိုင်ပင်ကြရအောင်ကွာ။ ဒီကောင်တွေလဲ တို့လိုဘဲ ကျောင်းတက်ချင်ကြမှာဘဲ"ဟု ထွန်းရီက ဝင်ပြောလိုက်သဖြင့် ညိုမောင်က ချက်ကြီး တို့ကို လှမ်း၍ ခေါ် လိုက်၏။

"မင်းတို့ အကြံကို တို့လဲသဘောတူပါတယ်။ ဒါပေမဲ့ နွားတွေကို တယောက်ထဲ ရွာထဲကထုတ်လာပြီး အချိန်ကုန်လို့ ခြံသွင်းတော့ တယောက်ထဲ မလွယ်ဘူးကွ"

ထိုအခါ အောင်ဘုက –

"လွယ်ပါတယ် ကွာ။ တို့အားလုံး ကိုယ့်နွားကိုယ် ရွာထဲကထုတ်ပြီး စားကျက်ကိုသွားပို့မယ်။ ပြီးယင် ကျောင်းသွားတက်ကြမယ်။ အလှည့် ကျတဲ့လူက စောင့်နေရစ်ပေါ့။ ညနေကျတော့ ကျောင်းကဆင်းလာပြီး ကိုယ့်နွား ကိုယ်လာပြန်သိမ်းပြီး အိမ်ပြန်တာပေါ့"

"ကဲ – ဒီအတိုင်း ကောင်းတယ်။ မနက်ဖန်ကအစ လုပ်ကြမယ်ကွာ" ဟု တွန်းရီက ပြော၏။

နောက်တနေ့တွင် စိန်လှိုင်မှအပ ကျွန်တော်တို့ သူငယ်ချင်းအားလုံး ပျော်ရွှင်စွာဖြင့် စာသင်ခန်းထဲသို့ ရောက်ရှိနေပါတော့သည်။ စိန်လှိုင်သည်လည်း နွားစားကျက်ထဲမှ ကျောင်းတက်ခေါင်းလောင်းသံကို ပျော်ရွှင်စွာဖြင့် နားစွင့် နေပေလိမ့်မည်။

## သူ့ဆီလိုက်မလား

ကမ္ဘာ့မီးအိမ် ထိန်ထိန်ဖြာ၊
မိုးကောင်းကင်ထက်မှာ။

တလတခါ မှန်မှန်ငြိမ်း၊
မဲမဲမှောင်မှောင်ပိန်း။

ငြိမ်းပြီးတော့လဲ ပြန်လင်းလာ၊
မှိန်မှိန်ပျပျပါ။

ရောင်ခြည်ဝါ ထွန်းပဝင်း၊
တရက်တရက်တိုးလို့လင်း။

ဖိုးလမင်းတဲ့ သူ့နာမယ်၊
အများသိကြတယ်။

မီးအိမ်နှယ် လင်းပေမဲ့၊
အငှားလင်းရောင်ကွဲ။

ဒုံးပျံကြီးနဲ့ စီးကာရယ်၊
သွားလို့လည်ကြမယ်။

ညီညီငယ်နဲ့ ညီမများ၊
သူ့ဆီ လိုက်မလား။ ။

ကေတု–လင်းနိုင်



R. 517

# ဝံပို



ဝံပိုသည် အလျား ငါးပေခန့်ရှိသည့် ကြီးမားသော ငှက်ဖြစ်သည်။ အသံမှာ အာလုပ်သံပါပြီး စူးရှသည်။


ကုန်းတွင် ကြာရှည်မနေတတ်ပဲ၊ ရေ၌သာ ကျက်စား လေ့ရှိသည်။ ရေရှိရာ အရပ်များတွင် တကောင်တည်း သော်၎င်း၊ အအုပ်အသင်း ဖွဲ့၍သော်၎င်း တွေ့ရသည်။ အထူးသဖြင့် ငါးပေါသော ရေပြင်များတွင် တွေ့နိုင် သည်။ ငါးဖမ်းရာတွင် ရေထဲသို့ ငုပ်၍မဖမ်းပဲ၊ နှုတ်သီး ဖြင့်သာ ကော်၍ ဖမ်းသည်။



မြေပြင်မှ ပေ ၁၀၀ ခန့် မြင့်သော သစ်ပင်များပေါ်တွင် သစ်ကိုင်းငယ်များဖြင့် အသိုက်ဖွဲ့ထားသည်။ တသိုက်လျှင် ထိပ်နှစ်ဖက် ချွန်သော ဥသုံးလုံးရှိတတ်သည်။ တဥလျှင် ဗျမ်းမျှအလျား ၂.၆ လက်မမှ ၃.၃ လက်မအထိ၊ ပြက် ၂.၁ လက်မခန့်ရှိသည်။

အရှေ့တိုင်း နိုင်ငံများတွင် တွေ့ရ၍ မြန်မာနိုင်ငံတွင် စစ်တောင်းမြစ်ဝ၊ ဧရာဝတီမြစ်နှင့် ပင်လယ်ကမ်းခြေ တလျှောက်တို့တွင် တွေ့နိုင်သည်။

ရဲမြင့်






ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

စနေ နေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၂ အမှတ် ၁၃ ၂၈-၃-၇၀

မတ်လ ၂၇ ရက်နေ့သည် ဗမာ့တပ်မတော်က ပြည်သူတွေနဲ့ လက်တွဲပြီး အခက်အခဲအမျိုးမျိုးကြားထဲမှ အသက်စွန့်၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့သော "တော်လှန်ရေးနေ့"ဖြစ်သည်။



# အညာကြာ ရဲဘော်

ပန်းချီ-ဦးဘကြည်
ဇာတ်လမ်း-သာညွန့်




ဟုတ်တယ်
ဟုတ်တယ်
ဟုတ်ကဲ့
ဂျပန် တပ်စခန်းတွင် .....
မျှားမကြာမီ ကင်းထောက် စစ်သား တယောက် ဝင်လာပြီး သတင်းပို့တယ်။
ဂျပန်တပ် ချီတက်သွားပြီး တန်တားလေး ရောက်ခါနီးတော့ မြေမှာဝပ်ပြီးနေရာယူကြတယ်။ စစ်ဗိုလ်ကြီးက မှန်ပြောင်းနဲ့ ကြည့်ပြီး ဗမာ ကင်းကိုတွေ့လို့ အချက်လဲ ပေးလိုက်ရော –
ဒိုင်း
ဒိုင်း
ဆိန်း
ဆိန်း


ကရင်ရဲဘော်လေးဟာကျည်ဆံတွေကြားထဲမှာ
ဗမာ့တပ်က ပြန်ပစ်ပေမဲ့ ဂျပန် သေနတ်သံ တွေက တဖြေးဖြေး နီးလာတယ်၊ ရဲဘော် လေး ခုတ်ဖြတ်လို့ သစ်တုံးပြတ်လုဆဲ အချိန်မှာ
ဟာ
ဂျပန် အသေခံ တပ်သား တဦး တန်တားထိပ်မှာ ပေါ်လာတဲ့အတွက်
အချိန်မရတော့လို့ ခုန်ပြီး ဆောင့်ချလိုက်တာ-


ပန်းချီ ဦးစိန် - ဇာတ်လမ်းထွန်းမြိုင်
မင်းတို့နှစ်ယောက်ထဲကလား
တခြားဘယ်သူပါသေးလဲ
ညိုအေးက ကျော်ကျော်ကို ဘာမျှ မပြောရန် မျက်စိမှိတ်ပြလိုက်သည်။
ထိုအခွင်း
ကိုညိုအေး ရေ...
ကျော်ကျော်ရေ...
ကြားကြလား ဟေ့ အဲဒီ
ကောင်မလေးနှစ်ယောက်
အသံဘဲ- သူတို့ကိုပါ
ခေါ်လာခဲ့
ဟုတ်ကဲ့ဆရာ
လာ နင်တို့ပါ လိုက်ခဲ့
မအော်နဲ့
သူတို့ အားလုံးကို
တိုက်ထဲခေါ်ခဲ့
လှလှနှင့်အေးအေးတို့လည်းအဖမ်းခံရလေ၏။




အပေါ်ထပ်က အခန်းထဲကို ခေါ်သွား
ညိုအေးတို့အား တိုက်ကြီးအတွင်းသို့ ခေါ်သွားလေ၏။
ဟေ့ စိန်သောင်း အခန်းကို သော့ခတ်ပြီး စောင့်နေ တုတ်ကြီးငါနဲ့လိုက်ခဲ့
ညိုအေးသည် အခန်း၏အနေအထားကို သေချာစွာကြည့်၏။
အားလုံးငါနဲ့ လိုက်ခဲ့ကြ
ကြိုပ်ကောင်လေးတွေ ယောက်!


ဒီအခန်းထဲကို ဝင်ကြစမ်း
လူဆိုး စိန်သောင်းက တံခါးကို သော့ခတ် လိုက်၏။
ကျောက်!
ကြောက်တယ် သိပ် ကြောက်တာဘဲ
ဒို့ကိုသတ်ပစ် လိမ့်မယ်ထင်တယ်
ငိုနေလို့ မပြီးဘူး ထွက်ပြေး ဘို့ကြိုးစား ရအောင်

ဆက်ရန်

# ငါးမှရသော



ရေးသူ - အောင်ကိုမြင့်

ငါးမှ လူသုံးပစ္စည်းများ ထုတ်ယူနိုင်သည်ဟု ဆိုလျှင် သင်ယုံပါမည်လား။

အမှန်ပင် ငါးမှ လူသုံးပစ္စည်း အမျိုးမျိုး ထုတ်ယူနိုင်သည်။

ငါး၏ အကြေးခွံများကို ပုလဲတုအရောင်တင်ဆေး ဖော်စပ်နိုင်သည်။ ထိုဆေးရည်ထဲတွင် ပုလဲတုများကို အတော်ကြာကြာ စိမ်ထားလျှင် ပုလဲစစ်ကဲ့သို့ အရောင်ဝင်းပလာသည်။

ငါးအရေခွံမှာ အလွန်အသုံးဝင်သည်။ ငမန်းအရေခွံတွင် ဆူးမာကလေးများ ပါရှိသဖြင့် ကော်ပတ်စက္ကူအဖြစ် သုံးနိုင်သည်။ သားရေ အနုစား အဖြစ်လည်း ပြုပြင်ယူနိုင်သည်။ ထိုသားရေဖြင့် လွယ်အိတ်၊ လက်ကိုင်အိတ်နှင့် ဘိနပ်များ ချုပ်နိုင်သည်။

ငါးကြီးများ၏အရိုးကို ကြယ်သီး၊ လည်ဆွဲပုတီး၊ ရင်ထိုး၊ ဆံထိုး စသော အလှကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်နိုင်သည်။

ငါးကြီးများမှရသော မျိုးပွားရည်ကို ရေမွှေးဖော်စပ်ရာတွင် ထည့်သွင်း အသုံးပြုရသည်။

ငါးစည်ဖောင်းမှ အဖိုးတန်သော ကော်တမျိုး ချက်ယူနိုင်သည်။ ထိုကော်ကိုတံဆိပ်ခေါင်း၊ စာအုပ်နှင့် ဓာတ်ပုံလုပ်ငန်းများတွင် အသုံးပြုသည်။

ငါးကြီးဆီမှာ ငါးကြီးများ၏ အသည်းမှ

# လူသုံးပစ္စည်းများ

ပန်းချီ - ကျော်ကျော်




ထုတ် ယူထားခြင်းဖြစ်သည်။ လူ၏ ခန္ဓာကိုယ်၊ အရိုး၊ အရေနှင့် မျက်စိများကို အားကောင်း စေသော ဗီတာမင်ဓာတ်များ ပါရှိသည်။

ငါး၏အဆီမှာ အလွန် အဖိုးတန်သည်။ နာရီနှင့် စက်အနုစားတို့တွင် သုံးသော စက်ဆီမှာ ဝေလငါးကြီးများ၏ အဆီပင်ဖြစ်သည်။ ငါးအဆီကို ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ အရောင်တင်ဆီ စသည်များ ပြုလုပ်နိုင်သည်။ မီးထွန်း၍လည်း ရသည်။ ရေနံနှင့် ဓာတ်ဆီများ မပေါ်မီကာလက အသုံးများခဲ့သည်။

ငါး၏အသားမှာ လူကို အာဟာရဖြစ်စေသည်။ လူတွင်လိုအပ်သော အသားဓာတ်၊ အဆီဓာတ်၊ သတ္တုဓာတ်များကို ဖြည့်စွမ်းပေးသည်။ ထို့ပြင် ကြာကြာထား၍ စားနိုင်ရန် ငပိ၊ ငခြောက်၊ ငချဉ်၊ ငါးဆားနယ်၊ ငါးကျပ်တင်နှင့် ငါးသေတ္တာများ လုပ်နိုင်သေးသည်။

လူတို့မစားသုံးသော အရိုးအရေများကိုလည်း ငကြေများ ပြုလုပ်နိုင်သည်။ ငကြေသည် ကြက်၊ ဘဲ စသည့် မွေးမြူရေးတိရစ္ဆာန်တို့၏ အဓိက အစာဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ငကြေကို မြေသြဇာ အဖြစ် အသုံးပြုနိုင်သည်။

အမှန်ဆိုသော် ငါးသည် ခေါင်းမှ အမြီးအထိ တကောင်လုံး လွှင့်ပစ်စရာမရှိအောင် အသုံးဝင်လှပေသည်။


ကြိုးစားမှု
ဇါတ်လမ်း မောင်ထွန်းငြိ
စတုတ္ထတန်း ကျောင်းသား လေး မောင်လူချော သည် ဉာဏ်ကောင်း သူ ဖြစ်သည်။
ဟေ့.လူချော ဂဏန်းတွက် ပြပါအုံး ကျွန်တော် မရှင်းလို့ပါ
မင်းသိပ်ညံ့တဲ့ကောင် ကွာ. ဒါလေးတောင်မ သိဘူးလား ငါမအား ဘူးကွ ×××
ငါကြိုးစားပါ့မယ်
ကိုနီတို့နဲ့ငှက် ပစ်သွား မလို့ချိန်းထားတယ်ကွ သွားတော့— မယ်×××
လူချောသည် သူ့ကိုယ်သူ အထင်ကြီးကာ ကျောင်းပြေး တတ်လာသည်။
တနေ့တွင် မောင်လူချောအိမ်သို့ အတန်းပိုင်ဆရာမ ရောက်လာလေသည်။
ကြွပါ ကြွပါ
အော်ဆရာမပါလား××
ကြွပါ ဆရာမ—ဘာကိစ္စများ ရှိပါသလဲ ဆရာမ×××
ဟုတ်ကဲ့ရှင် ကိစ္စက တော့ မောင်လူချော ကျောင်းပျက်ရက်များ နေလို့လာ ဆွေးနွေးတာ ပါ-အစမ်းစာမေးပွဲလဲ နီးလာပါပြီ ဦး×××
ဟုတ်ကဲ့ဆရာမ ခုလိုလာသတိပေး တာကို ကျေးဇူးတင်ပါတယ်××
အဲဒါ အချိန်မှီ ထိန်းသိမ်း ပေးဖို့လိုပါတယ်
အခန်းထောင့် တနေ ရာမှ—
အလကားပါဆရာမ က ငါ့ကိုအထင် သေးလို့ပါကွာ-ငါ အကုန်ရသားပဲဟ


ဆရာမပြန်သွားမှ မောင်လူချော အခန်းထဲသို့ ဝင်လာသည်။
သို့သော် မောင်လူချောသည် အချိန်အားတိုင်း ကစား၍သာ နေလေသည်။
အစမ်းစာမေးပွဲ ဖြေသော နေ့၌
အောင်စာရင်း ကြေညာ သောအခါ


ဘာသာတိုင်းတွင်ကျသည့်မောင်လူချောမှာ ရှက်လည်းရှက် ဝမ်းလည်းနည်းသဖြင့် ငို၍ ပြန်ခဲ့လေသည်။ -
သားဘာဖြစ်လာလဲ ဘယ်သူနဲ့ရန်ဖြစ်လို့လဲ×××
ဟီးဟီး
သားစာမေးပွဲကျလို့ပါ×××
သူတို့အောင်ကြတယ် မေမေ××× မောင်မြပထမ မောင်လှဒုတိယရတယ်×××
အဲဒါကြောင့်သားကိုကျောင်းမပျက်နဲ့ စာကြိုးစားပါလို့ မေမေတို့ကပြောတာပေါ့- ဒီနေ့ကစပြီး ကျောင်းမှန်မှန်တက်စာကြိုးစား အချိန်ရှိပါသေးတယ်
ဟုတ်ကဲ့ကျွန်တော်ကြိုးစားပါတော့မယ်
သားဉာဏ်လဲကောင်းသား စာကြိုးစားလိုက်ယင် လူရည်ချွန်တောင်ဖြစ်နိုင်တယ်ကွ
ထိုနေ့မှစ၍ မောင်လူချောသည် ကျောင်း မှန်မှန်တက်ပြီး စာလည်းကြိုးစား လာခဲ့ရာ....
× × × × × × × × × × × × ×
စာမေးပွဲအောင်စာရင်း ထွက်သောအခါ မောင်လူချောသည် ပညာရည်ချွန်ဆု ရရှိလေသည်။
ပထမမောင်လူချောဆု ယူရန်လာပါ
ဖြောင်း×××ဖြောင်း ဖြောင်း××××
အော်-ဉာဏ်ကောင်းတာ မကောင်းတာထက် မှန်မှန်ကြိုးစားမှုကပိုအရေးကြီးပါလား××××
ပြီး



# စကော်တယ် ကစားခြင်း

ကျော်ညွန့်ဦး


သစ်သားတိုင် ကိုးတိုင်ကို ထောင်၍ အဝေးမှ ဘောလုံးဖြင့် လိမ့်ပစ်ပြီး တိုက်ချ ကစားရသည်။ တိုင်ကိုးတိုင် ကစားနည်းဟုလည်း ခေါ်သည်။ နှစ်ပေါင်း နှစ်ထောင်ခန့်အချိန်က ဂျာမနီ ပြည်၌ စတင် ပေါ်ပေါက်ခဲ့သည်။

စကာစ်တယ် ဟူသောအမည်မှာ ဒတ်ချ်လူမျိုးတို့၏ စကားဖြစ်သည်။ အမေရိကန်နိုင်ငံတွင်မူ ဘိုးလင်းဟုခေါ်သည်။

ဤကစားနည်းတွင် အချိန်အဆ ကောင်း ရန် လိုသည်။ ဘောလုံးလိမ့်ရန် လမ်းကြောင်း၏ ထိပ်တွင် သစ်သား တိုင်ကလေးများကို ထောင်၍ထားသည်။ ယင်းတိုင်ကလေးများကို ဘောလုံးမှန်လျှင် ကျဆင်းသွားရန်အတွက် အောက်ဖက်တွင် တွင်းတခုရှိ၏။ ဘောလုံးလိမ့်ရာ လမ်းကြောင်းမကြီးမှာ အရှည်ပေ ၆၀ အကျယ် သုံးပေခွဲ ရှိသည်။ ပြောင်ချော နေသော သစ်သားကြမ်းခင်းထား၏။ ဘေး တဖက် တချက်တွင် ကိုးလက်မကျယ်သော မြောင်းများရှိသည်။

သစ်သားတိုင်ကလေး ၁၀ တိုင်မှာ ၁၅ လက်မစီ ရှိသည်။

ကစားနည်းမှာ စည်းမှနေ၍ ဘောလုံးကို လမ်းကြောင်းအတိုင်း ထိန်းသိမ်း ချိန်ဆပြီး ထောင်ထားသော တိုင်ကလေး ၁၀ တိုင်ကို တချက်တည်းဖြင့် ပစ်လှဲရခြင်း ဖြစ်သည်။ တပွဲလျှင် အလှည့်ပေါင်း ၁၀ ကြိမ်ရှိပြီး တကြိမ်လျှင် နှစ်ခါ ဘောလုံးကို လိမ့်ခွင့်ရှိသည်။ အရှုံးအနိုင်မှာ သစ်သားတိုင်များကို လှဲချနိုင်သည့် အကြိမ်ပေါင်းပေါ်တွင် တည်လေသည်။



အနီ၊ လိမ်မော်၊ အညို၊ အပြာနု ဆေးရောင်များဖြင့် ခြယ်ပါ။

# ခင်သီတာ

မောင်ဆွေဖြတ်



စနေနေ့ ကျောင်းနားရက်ဖြစ်သည်။

ခင်သီတာသည် သူငယ်ချင်း မူမူထံ အလည်သွားလေသည်။

“မူမူရေ မင်းတို့အိမ်ဝင်းက အကျယ် သား ဘဲ နော်။ ခြံထဲ လျှောက်ကြည့် ရအောင်ကွယ်၊ လိုက်ပြပါအုံး” ဟု ခင်သီတာက ဆိုလေသည်။

မူမူက “မင်းတို့အိမ်လို စိုက်ပျိုးထားတာ ဘာမှ မရှိပါဘူးကွယ်။ တို့ဖေဖေက ရုံးက မိုးချုပ်မှ ပြန်လာရတော့ ဘာမှ မစိုက်အားဘူး” ဟု ပြန်ပြောသည်။

ခြံကျယ်မြေအား ရှိပါလျက် မစိုက်မပျိုးပဲ ထားသဖြင့် မြက်များ တောထနေသည်ကို ခင်သီတာ တွေ့ရ၏။

ခင်သီတာက

“တို့ဖေဖေလဲ မင်းဖေဖေလို ရုံးသွားရတာပါဘဲ သူငယ်ချင်းရဲ့။ တကယ်စိုက်ချင်ယင် ဘယ်သူလုပ်လုပ် ဖြစ်တာပါ။မင်းလုပ်လဲဖြစ်တာဘဲ။ ဗူးပင်ပျိုးရတာ လွယ်ပါတယ်။ မင်းကပျိုးထားပြီး မင်းဖေဖေအားတဲ့တနေ့မှာ စင်ကလေး ဆောက်ခိုင်း၊ မောင်နှမတွေ ရေလောင်း။ ဒါဆို မကြာခင် စားကြရမှာပေါ့။ အခုတော့ ဟင်းသီး ဟင်းရွက်ကို ဈေးက ဝယ်စားနေရတာပေါ့။ ဟုတ်လား”

“အေးကွယ်– ဘာဘဲ လိုလို ငြုတ်သီးစိမ်းနံ့နံ့ပင်ကအစ ဈေးကဝယ်ရတယ်။ မြို့ဈေးသွားယင် လမ်းစရိတ်နဲ့ ဈေး ဘိုး ဟာ တခေါက်တခေါက် အတော်ကုန်တယ်” ဟု မူမူက ပြောပြသည်။

ထိုနောက် မူမူ့မေမေက မုန့်စားရန် လှမ်းခေါ်သဖြင့် အိမ်ပေါ်သို့ ပြန်တက်ခဲ့ကြသည်။ မူမူ့ဖေဖေက ကလေးများ အားလုံးကို မုန့်တီလက်သုပ်သည်ခေါ်၍ ဝယ်ကျွေးသည်။ ကလေးများသဖြင့် မုန့်ဘိုးအတော် ကုန်ကျပေသည်။

ခင်သီတာက မိမိတို့အိမ်တွင် ဤကဲ့သို့ မုန့်သည်ထံမှ ဝယ်မစားပဲမုန့်တီကိုသာ ဝယ်ပြီး အိမ်တွင် သုပ်စားကြောင်း၊ ငွေကုန်သက်သာကာ ဝဝလင်လင် စားကြရကြောင်း သူငယ်ချင်းဖြစ် သူအား ပြော ပြ နေ လေသည်။

ထိုစဉ်တွင် မူမူ့ဖေဖေသည် ဧည့်သည်တဦးနှင့် အိမ်ရှေ့ခန်းတွင် စကား ပြော နေ သည် ကို ကြားရသည်။မူမူ့ဖေဖေက လခထုတ် ရက် များ တွင် ငွေ ကြေးပြဿနာများကို အမြဲရင်ဆိုင်နေရ၍ လကုန်မှာကိုပင် စိုးနေမိကြောင်းပြောဆိုနေသည်ကို ခင်သီတာ ကြားလိုက်ရပေသည်။

ဧည့်သည်လူကြီးက “နေ့စဉ်အသုံး စာရင်းထားပြီး ဝင်ငွေ၊ ထွက်ငွေ မျှတအောင်သုံး၊ အပိုသုံးငွေတွေလဲလျှော့ဗျ” ဟုပြောနေလေသည်။

ခင်သီတာ၏ ဖေဖေမှာလည်း မူမူ့ ဖေဖေကဲ့သို့ပင် လခစားမြေတိုင်းစာရေး တဦးသာဖြစ်သည်။ဖေဖေသည်လခထုတ်ပြန်လာတိုင်း မိမိတို့ဖို့ မုန့်များ၊ က

စားစရာများ အမြဲဝယ်လာလေ့ရှိပေသည်။ ခင်သီတာတို့မောင်နှမတတွေသည် ဖေဖေလခထုတ်သွားလျှင် အိမ်မှ ပျော်ရွှင်စွာစောင့်မျှော်နေလေ့ ရှိပေသည်။ လဆန်းရက်တိုင်း မေမေကလည်း အိမ်မှာမုန့်တခုခုလုပ်ကျွေးတတ်သဖြင့် မိသားစုပျော်ပျော်ရွှင်ရွှင် ဝိုင်းစားလေ့ရှိကြသည်။ ထို့ကြောင့် လခထုတ်ရက်ရောက်မှာ ကြောက်သည် ဆိုသောမှုမှု့ဖေဖေ၏စကားကို ခင်သီတာ နားမလည်နိုင် ဖြစ်ရသည်။

ထိုညနေ အိမ်ပြန်ရောက်သောအခါ ခင်သီတာသည် သူ့ဖေဖေကို ထိုအကြောင်းပြန်မေးသည်။ ဖေဖေက –

"အဲဒါ – ဖေဖေ ခဏခဏပြောတဲ့ ချွေတာစုဆောင်းခြင်းတန်ဘိုးဆိုတာပေါ့ သမီးရဲ့။ ချွေတာစုဆောင်းတတ်သူ အတွက်ငွေကြေးဟာ အေးမြခြင်း ဖြစ်စေပေမဲ့ စည်းကမ်းမဲ့သူ အသုံးကြီးသူအတွက် ပူလောင်ခြင်းကိုဖြစ်စေတယ်။ စိတ်ဆင်းရဲရတယ်ပေါ့။ မှုမှု့ဖေဖေက သားသမီးများတဲ့ပြင် ချွေတာစုဆောင်းဖို့လဲ မေ့လျော့နေတယ်။ ဆေးသောက် ကွမ်းစားစတဲ့ အပိုသုံးတွေလဲ များတာကိုး" ဟု ရှင်းပြလေသည်။

ထိုနေ့မှစ၍ ခင်သီတာသည် အိမ်မှ မုန့်ပါသော နေ့များတွင် ကျောင်းမှာ မုန့်ဝယ်မစားတော့ပဲ မုန့်ဘိုးကို စုသည်။ စာအုပ်ဟောင်းများ ရောင်းရငွေ၊ ဦးလေးအဒေါ်များ အလည်လာသောအခါ ပေးသော မုန့်ဘိုးစသည်တို့ကို စုဆောင်းသည်။ သူငယ်ချင်းများကိုလည်း စုဆောင်း ချွေတာကြရန် ပြောလေသည်။

ဤသို့ဖြင့် သီတင်းကျွတ်ကျောင်းပိတ်ရက် ရောက်လာသည်။ ဆရာကြီးက ပုပ္ပါးနှင့် ရေနံမြေတဝိုက်သို့ လေ့လာရေးခရီးထွက်မည်ဖြစ်၍ ကျောင်းသူကျောင်းသားများ ငွေတဆယ့်ငါးကျပ်စီ ထည့်ကြရန်နှင့် လိုသောငွေကို ကျောင်းဥယျာဉ်မှရသော ရံပုံငွေမှ ကျခံမည်ဖြစ်ကြောင်း ပြောသည်။ ခင်သီတာ၏ သူငယ်ချင်းများမှာ မိမိတို့အိမ်မှ ငွေတဆယ့်ငါးကျပ်တောင်း၍မှ ရပါ့မည်လားဟု စိုးရိမ်ပူပန်နေကြရသော်လည်း ခင်သီတာနှင့် ချွေတာ စုဆောင်းသော ကျောင်းသူတစုမှာမူ မိမိတို့အိမ်မှ ငွေတောင်းခံရန် မလိုပဲ မိမိတို့ စုဆောင်းထားသော ငွေကြေးဖြင့် လုံလောက်ကြပေသည်။

"ဖေဖေပြောတဲ့ စုဆောင်းချွေတာသူအတွက် ငွေကြေးဟာ အေးမြစေပြီး၊ စည်းကမ်းမဲ့သူ အသုံးကြီးသူအတွက် ငွေကြေးဟာ ပူလောင်စေတယ် ဆိုတဲ့ စကားဟာ တယ်မှန်တာဘဲ" ဟု ခင်သီတာ တွေးမိလေသည်။

# တော်လှန်ရေး

တပေါင်းနေ့မှန် ဥသြတွန်၊
မတ်လနှစ်ဆယ့်ခွန်။

တို့တော်လှန်တဲ့ နှစ်မှတ်သား၊
တစ်၊ ကိုး၊ လေး နှင့် ငါး။

အားမာန်တက်ကြွ စိတ်ထားညီ၊
ကြံဆောင်ခဲ့ကြသည်။

တို့တိုင်းပြည် ဘေးရန်ဝေး၊
ပြခဲ့ ဇာတိသွေး။

အသက်ပေးလို့ တို့တော်လှန်၊
ဂျပန်ဖက်ဆစ်ရန်။


ဇာတိမာန်နဲ့ တွန်းဖယ်ရှား၊
သတ္တိပြောင်တဲ့ တို့ပြည်သား။ ။

ဖိုးလမင်း



R. 517

# တစ်တီတူး



တစ်တီတူးကို တွေ့ဖူးမြင်ဖူးသူ များပေမည်။ အမည်း၊ အဖြူ၊ အညိုရောင်တို့ဖြင့် လှပသောငှက်မျိုးဖြစ်သည်။ ခြေထောက်မှာ ဝါလျက် နှုတ်သီး နီသည်။ တစ်-တစ်-တစ်-တီ-တူး ဟူ၍ ကျယ်လောင်စူးရှစွာ အော်တတ်သည်။

စုံတွဲလိုက် တွေ့ရတတ်သည်။ သဲထူထပ်သော မြစ်ချောင်းကမ်းများတွင် နေလေ့ရှိသည်။ စိုက်ပျိုးထားသောကွင်း၊ လယ်ပျက်နှင့် ရေအိုင်များတွင်လည်း တွေ့ရသည်။ မြေပြင်တွင် နားနေပါက ရုတ်တရက် မမြင်နိုင်ပေ။ နီးကပ်သွားပါမှ အော်၍ ထပျံတတ်သည်။ ထိုနေရာမှ လူထွက်မသွားမချင်း အော်ဟစ် ပျံဝဲနေတတ်သည်။ ညဉ့်အချိန်၌ ရွာအနီးတွင် တစ်တီတူး အော်မြည်နေပါက လူဆိုးဓားပြများ ချဉ်းကပ်လာနေပြီဟု အမှတ်ထားကြသည်။

ပိုးတုံးလုံး၊ တီကောင်နှင့် ပိုးမွှားများကို ရှာဖွေစားသောက်သည်။



နွေရာသီတွင် ဥအုရ၍ သားပေါက်သည်။ ပြောက်ကျားသောဥများကို မြေကြီးပေါ်ရှိ ချိုင့်ခွက်ထဲတွင် အုထားကြသည်။ ဥနှင့်မြေကြီး ခွဲမရ၍ တွေ့ရန် ခဲယဉ်းသည်။ ငှက်ပေါက် ကလေးများကိုလည်း မြေကြီးအရောင်နှင့် ရောနေ၍ ရုတ်တရက် မတွေ့နိုင်ပေ။ တသိုက်လျှင် လေးဥရှိပြီး တဥလျှင် အလျား ၁.၆၅ လက်မခန့်နှင့် ပြက် ၁.၂၀ လက်မခန့် ရှိသည်။

မြန်မာနိုင်ငံ အနှံ့အပြားရှိ ကွင်းပြင်များတွင် တွေ့နိုင်သည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးတင်ကြီး (မှတ်ပုံတင်အမှတ် ၀၃၇၈) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဆုံက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# စကား ရွှေသွား ဂျာနယ်

ပန်းချီ - ဦးဘကြည်

ဇာတ်လမ်း - ဟံသာဝတီ - ဦးဘခင် -

အတွဲ - ၂၊ အမှတ် - ၁၄၊ ၄-၄-၇၀




ဟာ . . . ဟုတ်မှ ဟုတ်ရဲ့လား မသိဘူး . . .
လူငယ်သည် မယုံတယုံဖြစ်နေစဥ် - - -
ငါ့တူက မဟုတ်ဘူးလို့ထင်သလား . . . . မင်း - ဓါတ်ပုံတွေထဲ တွေ့ဘူးပါလိမ့်မယ် . . . ရန်ကုန်မြို့မှာ . . . . . . . .
. . . . ရွှေတိဂုံ စေတီတော်ကြီးဆိုတာ . . . . . . တွေ့ဘူးမှာပေါ့
. . . . အဲဒီနားမှာရှိတဲ့ ကန်တော်ကြီး ဆိုတာလဲ ကြားဘူးမှာပေါ့ . . . . .
အဲ . . . . . . အဲဒီစေတီတော်ကြီး တည်ဆောက်တုန်းကအုတ်တွေလုပ်ဖို့ မြေတွေတူးလို့ ချိုင့်ကြီးတွေ ဖြစ်ပြီး မိုးတွင်းကျတော့ ရေတွေဝင်တာနဲ့ တစတစ ကန်တော်ကြီးရယ်လို့ဖြစ်လာတယ် . . ကွဲ


ငါ့တူ-- စကားဆိုတာ ..... .... ယုတ္တိရှိတယ် - သင့်တယ် - ဒါပေမဲ့ မဟုတ်တာလဲရှိတယ်--- ရှေ့ဝတီ မြစ်လိုပေါ့ ..... ယုတ္တိရှိတယ် - သင့်တယ် - ဟုတ်လဲဟုတ်တာလဲ ရှိတယ်--- ကန်တော်ကြီးလိုပေါ့ .... ကွဲ ...
စကားကို သင့်အောင် ပြောနိုင်လို့ - ပြနိုင်လို့ အနိုင်ရသွားတဲ့ .. ပုံတခု ပြောပြမယ် -
ဟာ - ကျောက်ဖျာကြီး ရေကူးနေပါလား
ရှေးတုန်းက မုဆိုးသားအဖဟာ တောထဲမှာ မျက်စိလည်ပြီး ကန်တခုရှိရာရောက်သွားတော့ ကန်ထဲမှာ ကျောက်ဖျာကြီးတွေ ရေကူးနေတာ တွေ့ရတယ်။
အဲဒါ ဆန္ဒါနိမိတ်လို့ ခေါ်တယ်--- ရေကူးတဲ့ ကျောက်ဖျာ ဒီတခေါက်ဘဲ မြင်ဘူးတယ်...... အိမ်ပြန်ရောက်ရင် ကျောက်ဖျာအကြောင်းဘယ်သူ့မှ မပြောနဲ့နော် - ငို့ကိုအရူးလို့ ဆိုလိမ့်မယ် - လိုက်ပြဘို့လဲ မဖြစ်နိုင်ဘူး ကွဲ
...... တောထဲမှာ ထမင်းအိုးတင်ချက်ထားတဲ့ သစ်တုံးကြီးရွေ့သွားလို့ ကြည့်လိုက်တော့ မြွေကြီးဖြစ်နေသတဲ့ ......
ဒါဘာဟုတ်သေးလဲ.... ကျောက်ဖျာ ရေကူးတာ ငါတွေ့ဘူးတယ်...
ဟား ဟား - ဟား ဟား ဒါတော့ လွန်လွန်းတယ်
မင်းရူးပြီ
နဲနဲကြီးပြီ တယ်
တနေ့ ရွာထဲမှာ လူငယ်ချင်း စကားနိုင်လုပြီး အထူးအဆန်းတွေ ပြိုင်ကြတော့....
ဟော့ - ငါ့မျက်စိ နဲ့ မြင်ခဲ့တာ - ကွ မယုံချင်လဲနေပေါ့
ဒီလိုဆို မင်းအဘ သွားမေးမယ်
မေး
မင်းရူးနေပြီ ထင်တယ် ..
လူကလေးတို့ရယ် --- ကျောက်ဖျာ ဘယ်ရေကူးပါမလဲကွယ် --- မဟုတ်တာ ---
မောင်ရွှေ ညာတယ်
ဒီမောင်ရွှေဟာ ကြံဖန်ဖန် ပြောတယ်


ဘာမှိုင်နေတာလဲ - သါး - - စိတ်ကောက်နေ ပြန်ပြီထင်တယ် - - - စကားဆိုတာ မှန်လျက်သားနဲ့ ယုတ္တိမရှိတော့လဲ - ရှုံးတယ်လို့တောင် အပြောခံရတယ်မဟုတ်လား ...... ဒါပေမဲ့ သူတို့ကိုနိုင်ချင်ယင် - တခုသွား ပြော ....
နောက်တနေ့မှာ
ဒို့များ အဘဟာ ယုန်တကောင်ရဲ့ နားရွက်နဲ့ နောက်ခြေထောက်ကိုမြားတစင်းထဲနဲ့ ထိအောင် ပစ်နိုင်တယ်ကွ
ဟား - ဟား
ဒါကြောင့် သူငယ်ချင်းများနဲ့ တွေ့ရာမှာ—
ဘကြီးရယ် - မောင်ရွှေက မဟုတ်တာတွေ ပြောနေပြန်ပြီ - - - - ဘကြီး မြားတစင်းထဲနဲ့ ....... ....... ဟဲဟဲ
ဒါနဲ့ သူငယ်ချင်းတွေက မယုံနိုင်လို့ သွားမေးကြတော့ မုဆိုးကြီးက ရှင်းပြတယ်။
အေး - ဟုတ်တယ် - တကယ်ဘဲထိတယ် - - - အဖြစ်က ဒီလိုကွဲ့ - - ဘကြီးက လေးတင်ပြီး မြားလွှတ်မယ့်ဆဲဆဲမှာ - ယုန်ကလေးက - - - -
နောက်ခြေထောက်နဲ့ နားရွက်ကို ကုတ်နေတုန်း မြားပစ်လိုက်တော့ တချက်ထဲနဲ့ သွားထိတာပေါ့ကွဲ—
ဒါကြောင့် - ငါ့တူ - စကားဆိုတာ - - - - (သင့်၏ - မဟုတ်၊ မသင့်သော်လည်း ဟုတ်၏) တဲ့ကွဲ ...... ဒီတော့ - (ယုတ္တိလည်းရှိ - သင့်၏) ဆိုတဲ့ အချက်ကို သတိထားသင့်တယ် - ငါ့တူ - - -


ဟော့ကောင်တွေ မိုးဟိန်းရောက်ပြီလား
ပန်းချီ ဦးခိန်
ဇာတ်လမ်း မြေ့ချိုင်း
ရောက်ပါပြီ ဆရာကြီး
ဆရာကြီးတဲ့ ခေါင်းဆောင်နဲ့တူတယ်
မင်းက ဒီမှာဘာလုပ်နေတာလဲ
ချာတိတ်တွေကို စောင့်နေတာပါ
ဘာ့ ချာတိတ်လဲကွ
စိန်သောင်းက အကြောင်းစုံပြောပြလိုက်သောအခါ
အိုး...ချာတိတ်တွေကိုတောင် ကြောက်နေရပါလားကွ ဒါနဲ့ မိုးဟိန်းဘယ်မှာလဲ
ခင်မောင်စိန်တို့ဆီသွားပြီး ဒီည ပစ္စည်းတွေလာယူဘို့ သွားပြောတယ်
အေး ကောင်းတယ် ငါလိုက်သွားမယ်


ငြိမ်ငြိမ် နေကြအုံး
ငါ ကြည့်စမ်းမယ်
ညိုအေးသည် နံရံများကို လှည့်လည်ကြည့်ရာ
ပြူတင်းပေါက်က ချက် ဟာ
သံချေးတက်ပြီး ကျပ်နေတယ်
တအားဆွဲဖွင့်ယင် အပြင်က
ကြားမလား မသိဘူး
ပြူတင်းပေါက်တခုကို တွေ့ရှိလေ၏။
ကျော်ကျော် ဟော့ဒီ အပေါက်
ကလေးက ချောင်း ကြည့်ပြီး
အခြေအနေ ကိုပြောနော်
ကျော်ကျော်သည် အပေါက်ကလေးမှ ချောင်း
ကြည့်ရာ အိပ်ငိုက်နေသော လူဆိုး စိန်သောင်းကို
တွေ့ရလေ၏။
အိပ်ငိုက်နေတယ်
ဖွင့်ပေတော့
ဂျောက်!



ဘယ်က
လာတဲ့အသံ
ပါလိမ့်
လူဆိုး စိန်သောင်းသည် အခန်းဖက်သို့ လှည့်ကြည့်လိုက်သည်။
ခဏနေအုံး အသံ
ကြားသွားတယ်ထင်တယ်
အသံကြားသွားယင်
ခက်မယ်
ဘာအသံလဲမသိပါဘူး
အေးအေးဆေးဆေး
ငိုက်နေတာဘဲ
ကောင်းတယ်
ဖွင့်တော့ လူကြီး
ပြန်အိပ်နေပြီ
တွန်းဖွင့်
လိုက်ရုံဘဲ
ဖွင့်သွားပြီ
ညိုအေးသည် ပြတင်းပေါက်ကို အသာဖွင့်လိုက်လေသည်။

ဆက်ရန်

# ထူးခြားသော နားရွက်ပိုင်ရှင်များ

ရေး - ဝေလောင်ဆိုဖြင့်
သရုပ်ဖော် ကာတွန်း မောင်မောင်ညက်


အချို့ တိရစ္ဆာန်တို့၏ နားရွက်သည် အရွယ်အစားတွင်၎င်း၊ နားအကြားတွင်၎င်း အများနှင့် မတူပဲ ထူးထူးခြားခြား ရှိတတ်သည်။



ဆင်သည် ထိုသို့ ထူးခြားသော နားရွက်ပိုင်ရှင် ဖြစ်သည်။ သူ့ နားရွက်သည် အရွယ်ကြီးသလောက် အပြန့်ကျယ်သည်။ ကမ္ဘာပေါ်တွင် နားရွက်အကြီးဆုံး ဖြစ်သည်။ အာဖရိကရှိ တောဆင်ထီးများ၏ နားရွက်သည် သုံးပေထိ ကျယ်ပြန့် ကြီးမားလှပေသည်။




အခြား နားရွက်ကြီးသူတဦးမှာ ဖင်းနက်ခေါ် သဲကန္တာရ မြေခွေးဖြစ်သည်။ သူ့ နားရွက်သည် ဆင့် နားရွက်လောက် မကြီးသော်လည်း အကောင် အရွယ်နှင့်စာလျှင် အလွန် ကြီးမားသည်။ မြည်း နားရွက်နှင့် ဆင်ဆင် တူသည်။ အလွန်နားပါးသည့် တိရစ္ဆာန်ဖြစ်သည်။



အခြား နားကြားပါးသည့် တိရစ္ဆာန်မှာ သားပိုက်ကြွက်ဖြစ်သည်။ မြေပေါ်မှ ရန်သူ၏ ခြေသံဖွဖွကို မြေအောက် ဂူအိမ်အတွင်းမှ ကြားနိုင်သည်အထိ နားပါးသူဖြစ်သည်။



တမျိုးထူးသည့် နားရွက်ပိုင်ရှင် တဦးမှာ လင်းနို့ဖြစ်သည်။ ညဥ့်အမှောင်ထဲတွင် အော်မြည် ပျံသန်းရင်း ရှေ့တွင် အဆီးအတား ရှိ မရှိကို မမြင်ရပဲ သူ သိနိုင်သည်။ သူ့မြည်သံ၏ ပဲ့တင်သံကို ပြန်ကြားရပါက ရှေ့တွင် အဆီးအတားရှိပြီကို သူသိသည်။ ထို ပဲ့တင်သံကို လူတို့ မကြားနိုင်သော်လည်း သူ ကြားနိုင်စွမ်းရှိသည်။ ထိုမျှ နားပါးသည့် တိရစ္ဆာန် ဖြစ်ပေသည်။




အချို့ တိရစ္ဆာန် တို့ ကား နားရွက်ကို မမြင်ရသောကြောင့် နားရွက်ရှိလျက်နှင့် မရှိဟု မှတ်ထင်ရသည်။

ထိုသို့သော တိရစ္ဆာန်မှာ မိကျောင်း ခေါင်းတို့ဖြစ်သည်။ သူ့နားရွက်သည် မမြင်ရသော်လည်း မျက်စိ နောက်ဖက်တွင် အရေထူဖြင့် ဖုံးအုပ်လျက် ရှိသည်။



ဝါးလရတ်ဖျံသည်လည်း နားရွက်မရှိဟု အထင်ခံရသူ ဖြစ်သည်။ သူ့နားရွက်သည် အပြင်ထွက်၍ မနေပဲ အတွင်းဝင်နေသည်။ အရေခွံနှင့် ကြွက်သားများက နားရွက်ကို ဖုံးကွယ်ထားလေသည်။ ထို မမြင်ရသော နားရွက်ဖြင့် သူ ကောင်းစွာ ကြားနိုင်လေသည်။




ပုရစ်သည်လည်း ထူးခြားသော နားရွက်ပိုင်ရှင်တဦး ဖြစ်သည်။ သူ့နားရွက်သည် အများနည်းတူ ခေါင်းပိုင်းတွင် မရှိပေ။ ရှေ့ခြေထောက်ပေါ်တွင် အလျားလိုက် တည်ရှိသည်။ ထို နားရွက်ဖြင့် သူသည် အသံများကို ကြားနိုင်လေသည်။ ။


ဖိုးပေါက်
ရေးသူ-ချစ်လှိုင်ဦး
သရုပ်ဖော်-
ဖိုးပေါက်သည် ရေချိုးရန် အလွန်ပျင်း၏။
ဟင်း-
နံလိုက်တာ
ရေမချိုးတဲ ကြာသော် တကိုယ်လုံး နံစော်ပြီး
အမယ်လေးယားလိုက်တာ
ယားယံလာကာ ဝဲများပေါက်လာတော့သည်။
ဒီနားမလာနဲ့ဟေ့
ဝဲကူးမည် ကြောက်၍ ဖိုးပေါက်ကို အကပ် မခံကြပေ။
ငါ့ကို ဘယ်သူမှလဲ လက်မခံကြဘူး
သို့ဖြစ်၍ ဖိုးပေါက်မှာ ကစားဖော်မရှိပဲ ဖြစ်နေရ၏။
ဝဲကျော်ကွ
ဝဲကျော်
ဖိုးပေါက်လာလျှင်လည်း ဝဲကျော် ဟူ၍ နောက်ပြောင်ကြ၏။
အပြင်ထွက်ယင်
ဝိုင်းနောက်ကြအုံး
မှာဘဲ
ဖိုးပေါက်မှာ ရှက်လှ၍ အိမ်ထဲမှ အိမ်ပြင်ပင် မထွက်ဝံ့
ဝဲတွေကလဲ ပျောက်ခဲ
လိုက်တာ
နော်
ဝဲ များ ကို သာ ပျောက် အောင် ကုသနေရ၏။
ဝဲပျောက်သောအခါ ဖိုးပေါက်မှာ ရေချိုးရန် မပျင်းတော့ပေ။



အောင်အောင်၏ အကြံ
သရုပ်ဖော်- ကြည်မင်းလေး
ဇာတ်လမ်း- မောင်ပုလဲ
အောင်ဆန်းဇာနည် ကမ္ဘာ ဘယ်သူရလဲ
ကျနော် ရတယ် ဆရာ
အောင်အောင်သည် အတန်းထဲတွင် စာတော်၏။
အိမ်ကျ ဂဏန်း တွက်ရ ဦးမယ်
အတန်းထဲက စာတော်ကြီး ပေါ့
ထိုကြောင့် ငတေတို့ လူစုမှာ သူ့ကို မနာလိုဖြစ်ကာ အမြဲရန်စကြသည်။
ဒီကောင့် စာအုပ်တွေ ခိုးပြီး ဖျောက် ပစ်လိုက် မယ်
သူ့ စာအုပ် များ ကို ခိုး၍ ဖျက်ဆီးပစ်ကြသည်။
စာအုပ်တွေကို ရိုရိုသေသေ မကိုင်ဘဲ ဖျောက်ပစ်အုံး ဟဲ့
စာအုပ် ပျောက်၍ အောင်အောင်ကို သူ့အမေ ရိုက်၏။
မှန်မှန် ပြောကြစမ်း အောင်အောင့် စာအုပ် တွေ ဘယ်သူ နောက် ပြီး ဖွက်ထားသလဲ
အောင်အောင်က ဆရာကြီးကို တိုင်သည်။
ဟော့ဒီမှာ ဖောင်တိန် အသစ်ကလေး ကွ
တနေ့တွင် အောင်အောင်က သူ့ ဖောင်တိန်အသစ်ကို ပြ၏။
အမယ် လေးဗျ
အလစ်တွင် ငတေက အောင်အောင်၏ လွယ်အိတ်ကို နှိုက်ရာ-
ဟုတ်လား ငတေ
ဟုတ်ကဲ့ ဆရာ
ကျနော် မှားပါပြီ ဆရာ အောင်အောင့် စာအုပ် တွေ ပေတံတွေကို လဲ ကျနော်ယူ မိ ပါတယ် နောင်ကို ကျနော် မလုပ်တော့ ပါဘူး ဆရာ
လွယ်အိတ်ထဲမှ ဂဏန်းအညှပ်ခံရပြီး မိသွားသည်။ ငတေမှာ သူ့အပြစ်အားလုံးကို ဝန်ခံလိုက်ရတော့၏။


နောင် မလုပ်တော့ပါဘူး
ဟော့ ညီလေး..မမ ကျောင်းကပြန်လာနေပြီ ပက်လက်ကုလားထိုင် မှာထိုင်ယင်ကျိုးကျအောင် ဒုတ်ကလေးဖြုတ်ထားကြစို့
ကောင်းတယ် ကိုကို
မေမေရေ...သမီးပြန်လာပြီ
လာအခန်းထဲဝင်ပုန်းနေမယ်
ဒုတ်ပါယူခဲ့
သားတို့ရေ မင်းတို့မမ ပြန်လာပြီဟေ့....
ဟင်းမေမေ
ဘာမယ်လေး
ဂျွတ် -ဂျွတ်နာလိုက်တာ..
ဘယ်နာသွားလဲ မေမေ
မှန်မှန်ပြောကြစမ်း ဒါဘယ်သူလုပ်တာလဲ
ကိုကို ပေါ့
မမပြန်လာတော့ ပြုံးလို့လုပ်ထားတာပါ..
ဟိုကြည့်စမ်း..မေမေနာသွားပြီ မယုတ်လိုး..ဘယ်ဒါလုပ်လိုက်ရ!
မလုပ်ပါနဲ့သမီးရယ်.. ခလေးဆိုတာမသိလို့ လုပ်တာကဲ..
သားတို့နောက်ကို ဒါမျိုးမလုပ်ကြနဲ့နော်- ကြားရဲ့လား...
ဟုတ်ကဲ့ မလုပ်တော့ပါဘူး မေမေ



# မြားပစ်

ကျော်ညွန့်မြိုင်

မြားနှင့်ဒူးလေးကို သေနတ်များ မပေါ်မီကပင် လူသားတို့ သုံးစွဲခဲ့ကြလေသည်။


ကမ္ဘာဦး လူတို့သည် အမဲလိုက်ရာ၌ အဆိပ်လူးသော မြားဖြင့် သားကောင်များကို ပစ်ခတ်ဖမ်းဆီးကြသည်။ ရောမနှင့် ဂရိတို့သည် စစ်ပွဲများတွင် လေးမြား လက်နက် စွဲကိုင်၍ တိုက်ခိုက်ခဲ့ကြသည်။ ကမ္ဘာ့သမိုင်း၌ ပါရှင်း လေးသည်တော်တို့သည် အလွန်ထင်ရှား၏။ အိန္ဒိယ ရှေးဟောင်း ပုံပြင်များတွင် လေးမြားအတတ် ကျွမ်းကျင်မှုကို အမွှမ်းတင်သော အဖွဲ့များ ပါရှိသည်။ အင်္ဂလန် နိုင်ငံတွင် ၁၆ ရာစုနှစ်များ အထိ လေးမြားသည် အဓိက လက်နက် အဖြစ် တွင်ကျယ်နေခဲ့သည်။

ခေတ်မီ သေနတ် လက်နက်များ ပေါ် ပေါက်လာသောအခါ လေးမြား အတတ်ကို အပျော်တမ်း လေ့ကျင့်လိုက်စားကြပြန်သည်။ ယခုအချိန်တွင် အမေရိကန်နှင့် ကနေဒါ နှစ်နိုင်ငံ၌ လေးသမား ဦးရေ ငါးသန်းခန့် ရှိသည်။

လေးမြားဖြင့် လက်တည့်ပြိုင် ပစ်ခတ်ကြသော ပြိုင်ပွဲကိုမူ အင်္ဂလိပ် – ပြင်သစ် တို့သည် ပထမ ကမ္ဘာစစ်ကြီး မဖြစ်မီက စ၍ ပြုလုပ်ခဲ့ကြသည်။ ၁၉၃၁ ခုနှစ်တွင် ကမ္ဘာ့ ဖိုလ်လုပွဲများ ကျင်းပရန် ရည်ရွယ်ပြီး နိုင်ငံတကာ မြားပစ်အသင်းချုပ်ကြီးကို ပြင်သစ်နိုင်ငံ၌ စတင် ဖွဲ့စည်းတည်ထောင်လိုက်ကြသည်။

ယခုအခါ ကိုယ်လက်အင်္ဂါ ချို့တဲ့၍ မသန်စွမ်းသူတို့အတွက်လည်း ဘီးတပ် လက်တွန်းလှည်းပေါ် ထိုင်ပြီးယှဉ်ပြိုင်ရသောမြားပစ် လက်ဖြောင့်ဖိုလ်လုပွဲများကို နှစ်စဉ် ကျင်းပပေးလေသည်။

# ရဟတ်ပျံ




ပုံ (၁) ကို စက္ကူထူပေါ် ကပ်ပြီး ညှပ်ထုတ်၊ အပေါက်နှစ်ပေါက်ဖောက်၊ အနားနှစ်ဖက်ကို ကော့ပြီးလိမ်ပါ။ အပ်ချည်ရစ်လုံးအူတိုင် ပေါက်ဝန်းဘေးတွင် သံရာပေးပြီး မီးခြစ်ဆံ ငုတ်များစိုက်ပါ။ထို့နောက် ကြိုးတပေခန့်ဖြင့် ရစ်ပတ်ပြီး ပုံ( ၄ )အတိုင်း ဆွဲလှည့်ပါ။

# စာမေးပွဲခန်းတွင်းမှအပြစ်

မောင်ညီညွန့်



ကျွန်တော်တို့ ကျောင်းတွင် ပဋ္ဌမ အစမ်းစာမေးပွဲ စစ်နေပြီ ဖြစ်၏။ ယနေ့ဆိုလျှင် စာမေးပွဲ နောက်ဆုံးနေ့ ဖြစ်၍ သင်္ချာ (၁)ကို ဖြေဆိုရမည်။ကျွန်တော်သည် ယခုအပတ် စာမေးပွဲတွင် ပဋ္ဌမရရန် အားခဲထားသူဖြစ်၏။ စာမေးပွဲတွင် ပဋ္ဌမ အဆင့်မှ အောင်သူအား ဖေါင်တိန် တချောင်း ဆုချီးမြှင့်မည်ဟု ဆရာမက ပြောထားသည်။ ကျွန်တော် ဆုကိုလည်း လိုချင်သည်၊ စာလည်း တော်ချင်သည်။ ထို့ကြောင့် ကျွန်တော်သည် ဘာသာတိုင်းကို ကြိုးကြိုးစားစားနှင့် ဖြေခဲ့သည်။ ဖြေပြီးသော ဘာသာတိုင်းတွင် ကျွန်တော့် စိတ်ကြိုက် ဖြေဆိုခွင့် ရခဲ့သဖြင့် အမှတ်ကောင်းကောင်း ရလိမ့်မည်ဟု မျှော်လင့်ထားသည်။

ကျွန်တော် တွေးနေဆဲမှာပင် စာမေးပွဲဖြေရန် မေးခွန်းလွှာကို ဆရာမ လာပေးသဖြင့် အတွေးပြတ်သွားပြီး မေးခွန်းကိုဖတ်၍ စတင် ဖြေဆိုပါတော့သည်။ ကျွန်တော်သည် မေးခွန်းများကို အားလုံးဖတ်ပြီးစာ ပုဒ်ပြီးတပုဒ်တွက်ပါသည်။ ဘေးပတ် ဝန်း ကျင် ကို ဂရု မထားတော့။ သင်္ချာလေးပုဒ်ပြီးဆုံး၍ နောက်ဆုံးနံပတ် ငါး အပုဒ်ကို တွက်ရာ ပြီးလုပါပြီ။ သို့သော် နောက်ဆုံး အဖြေအတွက် ၃၅ နှင့် ၂၀ ကို ပေါင်းသော အခါ ဆိုလျှင် ပေါင်းရမည်ဟု ကျွန်တော် ထင်သော်လည်း ကျွန်တော့်ခုံရှေ့မှ မောင်အေးစန်းက နုတ်ထားသဖြင့် အဖြေမှာ ၁၅ ရနေသည်။ ကျွန်တော့် အဖြေနှင့် မကိုက်သဖြင့် ကျွန်တော် စိတ်ဇဝေဇဝါဖြစ်ပြီး စိတ်ညစ်သွားမိသည်။ သူ့အဖြေကို ကျွန်တော် နောက်မှ ခေါင်းမော့ကြည့်လျှင် တွေ့နေရသည်။ ထို့ကြောင့် ကျွန်တော့် ညာဖက်ခုံမှ မြင့်စိုးကို ဆရာ မသိအောင် တိုးတိုးလှမ်းမေးလိုက်သည်။

"နံပတ်ငါး အဖြေ ဘယ်လောက်ရလဲကွ"

"၁၅ ရတယ်"

သူက တိုးတိုးလေးပြန်ပြောသည်။ သူလည်း နုတ်ထားပြန်သည်။ ကျွန်တော် မကျေနပ်နိုင်သေးသဖြင့် တဖက်မှ ညီညီထံ မျက်စောင်းထိုး၍ လှမ်းကြည့် လိုက်သည်။ သူလည်း နုတ်ထားသဖြင့် အဖြေ ၁၅ ပင် ရသည်။ ကျွန်တော်ပို၍ စိတ်ညစ်လာသည်။ ကျွန်တော့် အဖြေက ပေါင်းထားသဖြင့် ၅၅ ရနေသည်။ ကျွန်တော် ဘယ်အဖြေကို အမှန်ယူရမှန်းမသိ ဖြစ်နေသည်။

"အင်း – ငါ့ဘေးကလူတွေတောင် နုတ်ထားယင် ဒီပုစ္ဆာဟာ နုတ်ရမှာဘဲ။ ပေါင်းရမယ်ဆိုတာ ငါသက်သက် စိတ်စွဲနေလို့ပါ။ ဘာဘဲဖြစ်ဖြစ် နုတ်လိုက်တော့မယ်"

ကျွန်တော်လည်း ပုစ္ဆာ သဘောကို ပြန်မလေ့လာတော့ဘဲ နုတ်လိုက်တော့သည်။

စာမေးပွဲဖြေပြီး၍ အတန်းအပြင်သို့ ရောက် သော အ ခါ သည်အဖြေအတွက် စိတ်လေးနေမိသည်။ ပြီးမှ သူများတွေ

လည်း နုတ်ကြတာပဲဟု ကိုယ့်စိတ်ကိုပြန်ဖြေ၍ နေလိုက်တော့သည်။

သီတင်း ကျွတ် အတွက် ကျောင်းဆယ်ရက် ပိတ်ခဲ့ပါပြီ။

ကျောင်းပြန်ဖွင့်၍ အတန်းထဲရောက်သောအခါ ဆရာမက ပြောသည်။

"မင်းတို့ကို ဆရာမ ပြောထားတယ် မဟုတ်လား၊ ပဌမရတဲ့လူကို ဖောင်တိန် ချီးမြှင့်မယ်ဆိုတာ"

"ဟုတ်ကဲ့ ပြောထား ပါတယ် ဆရာမ"

ကျောင်းသူ ကျောင်းသားအား လုံး က ပြန် ပြော လိုက်သည်။

ကျွန် တော် လည်း အဆင့်တွေပြောမည်ဆိုမှ ပို၍ ရင်ခုန်လာပါတော့သည်။ ချွေးများပင် စို့လာသည်။ ထို့နောက် ဆရာမက စာအုပ်လှန်၍ ပြောပြတော့သည်။

"ကဲ ပြောမယ်၊ ပဌမ ဆင့် မယဉ်ကြည်"

"ဟာ - သွားပြီ၊ ဒီလိုဆို ငါ ဒုတိယနဲ့ တတိယတောင် ရမှ ရပါ့မလား" ဟု ကျွန်တော်က ကြောက်ရွံ့စွာ တွေးလိုက် မိပြန်သည်။

"ဒုတိယ မောင်ဌေးလွင်၊ တတိယ မတင်စိုး"

"အင်း - ငါ ဒုတိယ ရတာဘဲ" ကျွန်တော်သည် ယခုမှ ပြုံးလာနိုင် တော့သည်။ ပဌမ မရသော်လည်း ဒုတိယ နှင့်သာ ကျေနပ် ရတော့မည်။ နောက် ဆရာမက ပြောပြန်သည်။

"ပဌမဆင့်ကမောင်ဌေးလွင် ရဘို့ကောင်းတယ်။ မယဉ်ကြည်က သူ့ထက် နှစ်မှတ်ဘဲ များတယ်။ ဒါပေမဲ့ မောင်ဌေးလွင်က သင်္ချာနံပတ် ငါး အပုဒ်မှာ မှားသွားလို့ အမှတ် လျော့သွားတယ်။ ဒီပြင် ဘာသာတွေမှာ မောင်ဌေးလွင်က အမှတ် သာတာချည်းဘဲ။ နောက်ဆုံးဂဏန်း ၃၅ နဲ့ ၂၀ ကို ပေါင်းရမဲ့အစား သူက နုတ်ထားတော့ မှားသွားတာ ပေါ့။ ကျောင်း သား ကျောင်းသူတွေအားလုံးဘဲ အဲဒီပုစ္ဆာကို နုတ်ထား ကြတယ်။ ကဲ - ဆရာမ ပြန်ရှင်းပြမယ်" ဟု ပြောပြီး ဆရာမက ကျောက်သင်ပုန်းမှာပြန်တွက်ပြပါသည်။

ကျွန်တော် ဆရာမ တွက်ပြသည်ကို မကြည့်နိုင် တော့ပါ။ ရင်ထဲတွင် တဒိတ်ဒိတ်နှင့် ခုန်လာသည်။ ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်မိသည်။ "ကိုယ့်ကိုကိုယ် မယုံကြည်ဘဲ သူများ နှာခေါင်း အငှားတောင်းလို့ ဒီလိုဖြစ်ရတာ။ နို့မို့ဆို ငါ ပဌမရမှာ သေချာတယ်။ နောက်ဆို ဘယ်သူ့ဆီကမှ မကြည့်တော့ဘူး။ ငါ့စိတ်နဲ့ ငါ့ကိုယ် ဆုံးဖြတ်ပြီး ဖြေတော့မယ်" ကျွန်တော့်စိတ်ထဲမှ တယောက်တည်း တီးတိုးညည်းမိရင်း သူများဆီမှ ခိုးကြည့်သည့်အပြစ်ကို နောင်တကြီးစွာ ရမိပါတော့သည်။

× × ×

# ကျောင်းကြီးပိတ်ချိန်

ကျောင်းကြီးပိတ်ချိန်၊ ခါနွေမိန်၊
တည်ငြိမ် စိတ်ကိုထား။

ဆိုဆုံးမရာ၊ နာယူပါ၊
နှစ်ဖြာ မိဘအား။

ရပ်ရေးရွာမှု၊ ကောင်းစွာပြု၊
ပေါင်းစု စိတ်မြတ်ထား။

အကျင့်စရိုက်၊ လိမ်မာပိုက်၊
အမိုက် ရှောင်ဖယ်ရှား။

စကားချိုချို၊ ယဉ်ကျေးပို၊
အရိုအသေထား။

စာပေသိပ္ပ၊ ဆည်းပူးကြ၊
သုတ နှလုံးပွား။

ကိုယ်နှင့်သင့်တော်၊ ဉာဏ်ဖြင့်မြော်၊
အပျော်အရွှင်များ။

အသွားအလာ၊ ဆင်ခြင်ကာ၊
ပညာ ရင်ဝယ်ထား။

လူကြီးသူမ၊ ကောင်းရာပြ၊
ပြင်ကြ နောင်မမှား။


ကလေးတို့ရယ်၊ မှတ်သားကွယ်၊
ကျင့်ဘွယ် တာဝန်များ။ ။

ခင်မောင်ကြည် (ဓနုဖြူ)



R. 517

# ကြိုးကြာ



ကြိုးကြာ၏ အသံမှာ အလွန်သာယာသည်။ နားသည့်အခါ ဖြစ်စေ၊ ပျံသည့်အခါဖြစ်စေ အော်တတ်သည်။


ကိုယ်ထည်ကြီးပြီး အလျား ငါးပေခန့်ရှိသည်။ ရွံ့နွံ ထူထပ်သော၊မြက် ထူထပ်သော ကွင်းပြင်များတွင် စုံတွဲ တွေ့ရတတ်သည်။ တကောင်က သီဆိုလျှင် တကောင်က ခုန်ပျံကသည်။ တကောင်ကို သတ်ပစ်လျှင် ကျန်တကောင် သည်လည်း ရင်ကွဲနာကျ၍ သေသည်ဟု ဆိုသည်။ အသီး အရွက်၊ ပိုးမွှား၊ ခရုနှင့် မြွေများကို စားသည်။

နွေနှင့် မိုးဥတုများတွင် ရှစ်ကောင်မှ အကောင် ၆၀ အထိ ရှိသော ကြိုးကြာအုပ်များကို တွေ့ရတတ်သည်။ ရာသီအလိုက် အစာရေစာ ပေါများရာသို့ ရွှေ့ပြောင်းဟန်ရှိသည်။

သားပေါက်ချိန်မှာ မိုးဥတုအတွင်း ဖြစ်သည်။ ကိုင်းရိုး၊ ကျူရိုး၊ ကောက်ရိုးဖြင့် လယ်တော၊ ပွတ်တောတွင် အသိုက်လုပ်သည်။ တဥမှ သုံးဥအထိရှိသည်။ တဥလျှင် အလျား ၃.၅ မှ ၄.၅ လက်မ အထိ၊ ပြက် ၂.၄ မှ ၂.၈ လက်မ အထိ ရှိသည်။ ဥခွံသည် ပြောင်လဲ့မာချော၍ အစိမ်းနုတွင် အဝါပြောက်များရှိသည်။

မြန်မာနိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်းနှင့် ကမ္ဘာ့ အရှေ့ဖျား နိုင်ငံများတွင် တွေ့ရသည်။

ရဲမြင့်




၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ – ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ဝ၄၇ဝ) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ · ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ဝဝ၃၂) တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

# သင်္ကြန် ရွှေသွေး ဂျာနယ်

အတွဲ-၂၊ အမှတ်-၁၅၊ ၁၁-၄-၇၀

စနေနေ့တိုင်း ထုတ်ဝေသည်။




ကျန်းမာရေး
ပန်းချီ ဦးအောင်တင
ရှေးအခါက အလွန်ကြွယ်ဝချမ်းသာသော သူဌေးကြီးတယောက်သည် နေ့စဉ်နေ့တိုင်း စည်းစိမ်ရှိရှိနေထိုင်၏။
စားလို့လဲ မမြိန်ပါလား
အလွန်ကောင်းမွန်သော အစားများကို စားသောက်ရသော်လည်း
နေလို့လဲ မကောင်းဘူး
မကြာခဏ ဖျားနာကာ မအီမသာဖြစ်လျက်ရှိသည်။
ဒီဆေးကို သောက်ပါ
တတ်ကျွမ်းသော သမားတော်များနှင့် ကုသသော်လည်း ရောဂါမပျောက်ပဲ ရှိချေ၏။
ငါ့မှာ လူက ဝပေမဲ့ စားလို့လဲ မကောင်း အိပ်လို့လဲ မပျော် လူကလဲ မကျန်းမာ စိတ်ဆင်းရဲလှပါကလား


သူဌေးကြီး၏ အိမ်အနီး၌ နေသော ဆင်းရဲသား တယောက်သည် ညစဉ်ပင် ပျော်ရွှင်စွာဖြင့် သီချင်းသီဆိုနေလေ့ရှိရာ ....
အော် - ဟိုလူ မှာတော့ ပျော်ရွှင်လို့ နေတာဘဲ - ဘာကြောင့် ဆိုတာ - ခေါ် မေးကြည့်အုံးမှ
သင်ဘာ အလုပ် လုပ်လို့ ဒီလောက် ပျော်ရွှင်မှုကို ရ နေတာလဲ
တနေ့တွင် ထိုဆင်းရဲသားအား ခေါ်၍မေး၏။
ကျွန်ုပ်က ဆင်းရဲသား ဖြစ်တော့ စားသောက်ဖို့ အတွက် နေ့တိုင်း အလုပ် လုပ်ရပါတယ်
မနက်စောစောထပြီး လယ်တောကို သွားပြီးတနေ့ကုန် လယ်ထွန်ရပါတယ်
ညနေကျတော့ နွားစာ အတွက် မြက် ရိတ်ပြီး ထမ်းပိုး ယူလာရပါတယ်


အိမ်ရောက်တဲ့အခါ - ထင်းခွဲ-ရေခပ် နွားစာကျွေးစတဲ့အလုပ်တွေကိုလုပ်ကိုင်ရလို့
ပျင်းရိဘို့အချိန်မရှိပါဘူး ဒါကြောင့်အားလပ်တဲ့ညဦးမှာ သီချင်းဆိုပြီး ပျော်ရွှင်နေတာပါဘဲခင်ဗျာ
သင် စားသောက်လို့ ကောင်းရဲ့လား
ချွေးထွက်အောင် အလုပ်လုပ်တဲ့အတွက်- ဟင်းမကောင်းပေမဲ့ အလွန်စားကောင်းပြီး ကျန်းမာလှပါတယ်
အင်း- အခု မှ ငါ့ အတွက် ဆေးတွေ့ပြီ - အလုပ်လုပ်သူဟာ-ကျန်းမာတာဘဲ
သင့်ကိုကျေးဇူးတင်ပါတယ် သင့်ကြောင့် အဖြေမှန်ရလို့ ဟောဒီ ဝတ်လုံကို ချီးမြှင့်ပါရစေ
အလုပ်လုပ်ရင်း ကိုယ်လက်လှုပ်ရှားနေရတာဟာ ကျန်းမာစေတာပါဘဲ
ထိုအခါမှစ၍ သူဌေးကြီးသည် ခြံတွင်းဆင်း၍ သစ်ပင် ပန်းပင်စိုက်ခြင်း၊ တံမြက်လှည်းခြင်းစသည့် အလုပ်များလုပ်လျက် ကျန်းမာစွာရှိတော့သည်။


စွန့်စွန့်စားစား
ပန်းချီ ဦးစိန် ဇာတ်လမ်း ရွှေဦး
မြို့တင်းပေါက် ပွင့်သွားသဖြင့် သူတို့အားလုံး ထွက်၍ ကြည့်ကြသည်။
ရှူး.....တိုးတိုးပြော အပြင်က ကြားနိုင်တယ်
အပြင်ကြီးဘဲ ခုန်ချလို့ရမှာ မဟုတ်ဘူး
ချို့တွေနဲ့ ဆူးပင်တွေက လဲ ထူလိုက်တာ
ဒီအခန်းထဲမှာကြိုး တွေ ဘာတွေ ရှိချင် ရှိမယ် ရှာရအောင်
ဘာမှလဲ မတွေ့ဘူး ခက်တာဘဲ
ဟုတ်ပါရဲ့
ဟာ...နေကြဦး ငါ အကြံတခု ရပြီ


ငါ့လုံချည်ကို ဆုတ်ပြီး ကြိုးလုပ်မယ်
ခိုင်ပါ့မလား
ညိုအေး၏လုံချည်ကိုဆုတ်ပြီး ကြိုးသဖွယ် ပြုလုပ်၍ ဆက်လိုက်လေ၏။
ခိုင်တာပေါ့ကွ အသစ်ကြီးဘဲ
အခုမှသတိရတယ် ငါသွားလို့ မဖြစ်ဘူး ရဲစခန်းဘယ်မှာရှိ တယ်ဆိုတာ ငါမသိဘူး
ဒါဖြင့် ကျော်ကျော် သွားမယ်လေ
အေး-ကျော်ကျော်ဘဲ ရဲစခန်း ကိုသွား ပဲ့ရောက်ယင်အား လုံးပြောပြနော်-မြန်မြန် ရောက်အောင် ပြေးသွား
ဖြတ်လမ်းကို ကျနော် သိတယ် အဲဒီလမ်းက သွားမယ်
ကျော်ကျော် မင်း လုံချည် ငါ့ကိုပေးခဲ့အုံး သူတို့ ငါ့ကို မသင်္ကာဖြစ်နေလိမ့်မယ် အောက်ခံဘောင်းဘီပါရဲ့လား
ပါတယ်


အေးအေးက အပေါက်က ချောင်းကြည့်ပြီး လူလာယင်ပြောနော်...
ကြိုးတစ်စကို ခါးမှာချည်ထားမှဖြစ်မယ်
ကျနော် ဆင်းတော့မယ်
ဟုတ်ပြီ-လှလှက နောက်က ဆွဲထား
ကျော်ကျော်သည် မျောက်ကလေး တကောင်ကဲ့သို့ အောက်သို့ ဆင်းသွားလေ၏။
အောက်သို့ ရောက်သောအခါ တိုက်နံရံဘေး၌ ဝပ်၍နေပြီး ဟိုဟိုသည်သည် ကြည့်လိုက်သည်။
ဘယ်သူမှ မရှိဘူး မြန်မြန်ဆင်းမှဘဲ

# ပန်း ၁၀ မျိုး


သရုပ်ဖော်-ကျော်ဖြင်





ပန်းချီသည် မင်ဆေးတို့ဖြင့် အရုပ်များရေးဆွဲခြင်းအတတ်ဖြစ်သည်။




ပန်းပုသည် ပန်းကြွများ၊ ရုပ်လုံးကြွများ ထုလုပ်သည့်အတတ် ဖြစ်သည်။




ပန်းထိမ်သည် လက်ဝတ်ရတနာစသော ရွှေထည်၊ ငွေထည်ပစ္စည်းများ ပြုလုပ်သည့် အတတ် ဖြစ်သည်။




ပန်းပဲသည် ပေါက်တူး၊ ပေါက်ပြား၊ ဓား၊ လှံ စသော သံထည်ပစ္စည်းများ ပြုလုပ်သည့် အတတ် ဖြစ်သည်။





ပန်းတဉ်းသည် ကြေးစည်၊ ခေါင်းလောင်း စသော ကြေးထည်ပစ္စည်းများ သွန်းလုပ်သည့်အတတ် ဖြစ်သည်။




ပန်းတော့သည် အုတ်၊ အင်္ဂတေဖြင့် ရုပ်လုံးဖော်သည့်အတတ်ဖြစ်သည်။




ပန်းရန်သည် အုတ်ကျောက်စီ၍ အဆောက်အအုံ ဆောက်လုပ်သည့်အတတ် ဖြစ်သည်။




ပန်းပွတ်သည် သစ်ဝါး စသည်တို့ကို ပွတ်ခံသည့်အတတ်ဖြစ်သည်။




ပန်းယွန်းသည် ယွန်းထည်ပစ္စည်းများ ပြုလုပ်သည့်အတတ်ဖြစ်သည်။




ပန်းတမော့သည် ကျောက်ဆစ်၊ ကျောက်သွေး၊ ကျောက်ရုပ်ထုခြင်းအတတ် ဖြစ်သည်။



သရုပ်ဖော် ထွန်းသန်း
ဗိုက်နောင်တ
ဇာတ်လမ်း ။ အောင်လွမ်းနို
ယနေ့ တနင်္ဂနွေနေ့ဖြစ်သည် ။ ။ ။ ။
ဟဲ့ သား ။ ထတော့လေ ။ ။ ၊ ငါက ဆိုး နေဖြစ်အောက်မေ့တာ ။ ၊ မနက်ရှစ် နာရီ တောင်ထိုးနေပြီ ။ ထတော့ ။ ။
မေမေကလဲ ။ သိပ်သာ အောင့် အရက် ပေးတာဘဲ ။ ။ ၊ ကောင်း ကောင်းကို မအိပ်ရဘူး ။ ။ ။
မျက်နှာသစ် ။ ။ ရော့ ။ မုန့်ဘိုး
မုန့်သွားဝယ်စား ။ ၊ ပြီးရင်လဲ မြန်မြန်ပြန်လာ ။ ၊ သားကို မေမေ ခိုင်းစရာ ရှိလို့ ။ ။ ။
မေမေကလဲ အမြဲ ခိုင်းစရာ ရှိနေတာဘဲ ။
။ ။ ။ မုန့်ဆိုင်သို့ထွက်လာ ။ လမ်းတွင် ။ ။
ဟာ ။ ပုတို တို့ ဂေါက်ပန်း လှန်နေကြပါကလား ။ ။ ။ ။
မင်းတို့ကစားနေကြတာ ကြည့် ရတာ အားကျစရာဘဲ ။ ၊ ဒီတမှိ ပြီးရင် ငါလဲဝင်ကစားမယ်ကွာ ။
အေး
သို့ရှင့် ။ အတန်ကြာ ကစားမိသောအခါ ။
အရင်းတမတ်ကနေ တကျပ်တောင် ဖြစ်လာပြီ ။ ဘယ်အိုးလို့လဲ ။ ။ ၊ ဆက်က စားရင် ပိုပြီးနိုင်လာမှာသေချာတယ်




သို့သော် ။ နောက်ပွဲများတွင် ။ ဆက်တိုက် ရှုံးကာ၊ အဆုံး၌ ။
ရှုံးချင်တော့လဲ အမြတ်ရော အရင်းပါ ပြုတ်ပြုတ်ပြန်းတာဘဲ
ပုတိုဆီက ပိုက်ဆံချေးဖို့ ကစားယင် ဖြစ်နိုင်မှာပါ ။ ။ ။
ဟင်
မြန်မြန်ပြန်ခဲ့ပါလို့ပြောလိုက်ရဲ့ သားရဲ့ ကစားဝိုင်းဝင်ကြည့်နေ ရသလား ။ ၊ ကဲ ။ ။ လာစမ်း ။ မင်း ဒေါ်လေးဆီကို သွားပေးစမ်း
ဒေါ်လေးကို နေ့လယ်ကျယင် မေမေ ဆီခဏလာခဲ့ပါအုံး ။ ၊ ကိစ္စရှိလို့လို့ သွားပြောချေ ။ ၊ ကားလဲကြည့်သွား ။ ။
ဟုတ်ကဲ့ ။
မနက်က ။ မုန့်လုံးဝမစားရသေး သော မောင်သန်းဦး သည်၊ လွန်စွာဆာ လာသည် ။ ၊ စိတ်လည်း တိုလာသည် ။
တော်တော်ဆိုးတဲ့ မေမေဘဲ ။ ။ ။
ထို့နောက် ။ ဒေါ်လေးအိမ်အသွား ။ လမ်းတွင် ။
အင်း ။ ဒီအဖိုးကြီး တုန်တုန်ချိချိနဲ့ ။ လမ်းဖြတ်ကူးမလို့ ထင်တယ် ။ ။ ။ ။ တွဲခေါ်သွားယင်ကောင်းလေမလား ။


အိုး။ ရှုပ်ပါတယ်။ ကစားဝိုင်းပြီးသွားယင်၊ မကစားလိုက်ရဘဲ ဖြစ်နေမယ်။ မြန်မြန်သွားမှ။
မောင်သန်းဦးသည် အဖိုးအိုကြီးအား လုံးဝ လှည့်မကြည့်ပဲ၊ ရှေ့မှ တယောက်ထည်း လမ်းဖြတ်ကူးသွားလေ၏။ ထိုစဉ်။
ဝုန်း
ဟာ* ကားတိုက်ပြီ။
နောက်မှဖြတ်ကူးလာသော အဖိုးအိုကြီး ခမျာ ကားတိုက်ခံရသော ဒဏ်ရာနှင့် လဲနေလေတော့၏။
ဇက်ကောင်းလို့ မသေပေတာဘဲ။
သနားပါတယ်ဗျာ။
ငါသာ တွဲခေါ်လိုက်ယင် အခုလိုဖြစ်မှာ မဟုတ်ဘူး။ ငါမှားတယ်။ ငါ သိပ်မိုက်မဲ လိုက်တာပါကလား။



# ဖန်ခုန်

ကျော်ညွန့်မိုး



ဖန်ခုန်တမ်း ကစားနည်းကို အမျိုးသမီးများ တဖက်နှင့် တဖက် အသင်းဖွဲ့၍ ကစားကြသည်။ တသင်းလျှင် နှစ်ယောက် ပါဝင်သည်။

ဖန်ခုန် ဆိုသော စကား၏ အဓိပ္ပာယ်မှာ အမြင့်ခုန်ခြင်းပင် ဖြစ်သည်။

စတင် ခုန်ရန် အလှည့်ကို ခေါင်းပန်းလှန်၍ ဆုံးဖြတ်သည်။ ခုန်ခွင့်မရသော အသင်းမှ မိန်းကလေးနှစ်ယောက်သည် မျက်နှာချင်းဆိုင် ခြေဆင်း ထိုင်ပြီး ဖဝါးချင်း ကပ်ထားကြရသည်။ ကျန်အသင်းမှ မိန်းကလေး တယောက် သည် ထောင် ထား သောဖဝါးကို လွတ်အောင်ခုန်ရသည်။ မလွတ်ပါက ဘေးသို့ ထွက် နေ ရ သည်။ နောက် တယောက်အလှည့် ရောက်၍ ရှေးနည်းတူခုန်ကာ လွတ်လျှင် တဖန်ရသည်။

ထိုင်နေသော မိန်းကလေး နှစ်ယောက်သည် ခြေဖဝါးနှစ်ခုကို ဆင့်တင်လိုက်ကြသည်။ ထိုအမြင့်ကိုလွတ်လျှင် နှစ်ဖန်ရပြန်သည်။ ထို့နောက် ထိုင်နေသော မိန်းကလေးများသည်လက်သန်းကိုအောက်မှာ ထား၍ လက်မကို ထောင်ကာ ဆင့် တင် လိုက် ရသည်။ ထိုအမြင့်ကိုခုန်၍ လွတ်ပါက သုံးဖန်ရလေ၏။

အမြင့်ဆုံးအဆင့်မှာ ခြေဖဝါးနှစ်ပြန်၊ လက်ဖဝါးလေးပြန် အမြင့်ဖြစ်၏။ ခုန်သောအသင်းမှ လူကုန်သွားလျှင် ရရှိသောအဖန်ပေါင်းကို မှတ်သား ထားပြီး အခြားအသင်းက ခုန်လှည့်ကို ယူရသည်။ ဤနည်းဖြင့် အသင်းနှစ်သင်း ရရှိသော အဖန်ပေါင်းတွင် အဖန်သာသောအသင်းက အနိုင်ရရှိသည်။



ဝါ၊ နီ၊ ပြာ၊ စိမ်း ဆေးရောင်များဖြင့် ခြယ်ပါ။

# ဝါး ပလွေချင်း

သန်းဝင်းနိုင်



ဖိုးနီတို့ သူငယ်ချင်း တစုမှာ ဖက်စုံတော်သူများဖြစ်၏။ ဖိုးနီမှာ ရေကူးကျင်လည်၏။ မြစိန်မှာ အပြေးလျင်၏။ ကျောင်းက အားထားရသော အပြေးသမားလည်း ဖြစ်၏။ အတူးဆိုလျှင် သီချင်းအဆိုတော်၏။ ဦးရွှေရိုးအကဥ္စလည်း မြင်သူတိုင်း ရယ်ရသည်အထိ ကတတ်သည်။ ကျော်သူတယောက်သာ အလကားနေရင်း ပလွေတလက်နှင့် ဟိုမှုတ်သည်မှုတ် မှုတ်ရင်း အချိန်ဖြုန်းသည်။

ဖိုးနီက ကျော်သူအား ရေကူးသင်ရန် ပြော၏။ မြစိန်က အပြေးကျင့်ဖို့ တိုက်တွန်းသည်။ အတူးက အကသင်ပေးမည်ဟု ဆိုသည်။ ကျော်သူကမူဝါသနာမပါဟုဆိုကာ သူ့ပလွေနှင့်သူသာ ပျော်နေ တတ်သည်။ ထိုအခါ သူငယ်ချင်း များက သူ့အား "စလေအညာက ပြွေဆရာ" ဟု စသည်။ ကျော်သူမှာ စိတ်မဆိုးတတ်။

သို့နှင့် သီတင်းကျွတ်လသို့ ရောက်လာသည်။ ကျောင်း၌ ဆရာမိဘ ကန်တော့ပွဲ ကျင်းပမည့်အစီအစဉ်ကို ကြားရ၏။ ဖိုးနီတို့အကြံတခုရသည်။ ဝါကျွတ်ပွဲ ဆရာမိဘကန်တော့သည့် အခမ်းအနားတွင် ဒိုးပတ်ဝိုင်းလေးထည့်ဘို့ ဖြစ်သည်။ အတန်းပိုင်ဆရာကလည်း ခွင့်ပြုသည်။ ဖိုးနီတို့မှာ သံချပ်တိုက်ရ၊ ဒိုးပတ်တိုက်ရနှင့် မအားလပ်အောင်ရှိလှသည်။

"ကုသိုလ်ရေးမှိုကြိုးစားတာ၊ ကျွန်တော်တို့မှာ ချွေး တ လုံးလုံး...." စသည့် သံချပ်များကို တိုင်ရာ၌ မြစိန်မှာ ဟန်ပါလှသည်။

တဖက်က ယှဉ်ပြိုင်ဖက် အတန်းများ ရှိ၍ ဤမျှ ကြိုးစားကြခြင်းဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးကလည်း အကောင်းဆုံး ဒိုးပတ်ဝိုင်းကို ဆုပေးမည်ဆို၏။

ဤသို့ဖြင့် ဆရာ မိဘ ကန်တော့ပွဲနေ့သို့ ရောက်လာသည်။ ကျောင်းခန်းမကြီးထဲ၌ ကျောင်းသားကျောင်းသူ အားလုံးသည် မိဘဆရာများအား ကန်တော့ကြသည်။ မိဘဆရာများက သာခုခေါ်လျက် ဆုံးမစကားပြောသည်။ ကုသိုလ်မှု အတွက် ကျောင်းသား ကျောင်းသူများမှာ ပျော်မဆုံးကြ။ ကန်တော့ပွဲ အခမ်းအနား ပြီးသောအခါ ဒိုးပတ်ပြိုင်ပွဲ စတော့မည် ဖြစ်ကြောင်း အခမ်းအနားမှူး က ကြေညာသည်။ ဖိုးနီတို့အလှည့်မှာ တတိယအစီအစဉ်တွင် ဖြစ်သည်။

သို့သော် ဖိုးနီမှာ ပျာရာခတ်နေရချေပြီ။ နှဲဆရာရောက်မလာသေး။ နှဲမပါပဲ ဒိုးပတ်ဝိုင်းဖြစ်မည်မဟုတ်ချေ။

မြစိန်အား နဲ့ဆရာကြီးအိမ်သို့ အပြေးလွှတ်သည်။ နဲ့ဆရာကြီးကား မြစိန်နှင့်အတူ ပါမလာခဲ့။ ရုတ်တရက် နေမကောင်းဖြစ်နေသည်ဟု သိရသည်။ အဘယ်ပုံလုပ်ရမည်နည်း။ တဖက်မှ ဒိုးပတ်အသင်းတွင် နဲ့ရော ဒိုးပါ မြိုင်လှသည်။ ဖိုးနီတို့ အသင်းကား ဤပွဲ၌ ရှုံး ရ တော့ မည်လော။

အတူးက ရုတ်တရက်အကြံရသည်။ မကြာမီ အတူးတယောက် ကျော်သူကို ဆွဲခေါ်လာသည်။ ကျော်သူလက်ထဲ၌ သူ့အချစ်တော် ပလွေလေးနှင့်။

"ကျော်သူ နဲ့ဆရာကြီးမလာနိုင်တော့ဘူးကွ။ ဒို့ဒိုးပတ်ဝိုင်းမှာ မင်းဘဲ ပလွေမှုတ်ပေးတော့" ဟု အတူးကပြောသည်။

ဖိုးနီတို့က ရုတ်တရက် နားမလည်နိုင်ကြ။ ကျော်သူမှာ သူ ပလွေလေးကို ပါးစပ်နှင့်တေ့ပြီး ဒိုးပတ်သီချင်းတပုဒ်ကို အစမ်းမှုတ်ပြလိုက်သည်။ ဖိုးနီတို့ဒိုးပတ်ထေ့ကျင့်တိုင်း နဲ့ဆရာမှုတ်ပေးသမျှကို ကျော်သူ လေ့လာမှတ်သားခဲ့သည်။ အိမ်၌ အမှတ်ကျင့်ခဲ့သည်။ ယခုမူ ကျော်သူအား ဖိုးနီတို့ အားကိုးရလေပြီ။

"ဖိုး နီ ခေါင်း ဆောင် တဲ့ စတုတ္ထတန်း ဒိုးပတ်ဝိုင်း" ဟု အခမ်းအနားမှူးက ကျေညာလိုက်သည်။

ဒိုးပတ်ဝိုင်း စလေပြီ။ နဲ့မပါ၊ ပုလွေသံ လွင်လွင်နှင့် တမျိုး နားထောင် ကောင်းနေသည်။ ဝါး လက် ခုပ် က လည်း မြိုင်၏။ အတူး၏ ဦးရွှေရိုးအကကလည်း တဝေါဝေါနှင့် ပွဲကျ နေသည်။ ပရိသတ်က တဖြောင်းဖြောင်းနှင့် လက်ခုပ်တီးကြ၏။

ပထမ ရ သော အ သင်း ကို ကျေညာသောအခါ အပြင်မှ နဲ့ဆရာမပါပဲ ကိုယ့်အတီးအမှုတ်နှင့်ကိုယ် ဆင်နွှဲသော ဖိုးနီတို့အသင်းကို ကျေညာ၏။ ချွေတာရေးဒိုးပတ်ဟု နာမည်ကြီးသွားသည်။

ဖိုးနီတို့တတွေမှာ ပျော်မဆုံး။ အကျဉ်းအကျပ်ထဲတွင်မှ ကူညီပြသော ကျော်သူအား ကျေးဇူးတင်မဆုံးကြ။ ကျော်သူကမူ –

"ငါ့ပလွေသံ ကောင်းလို့သာ မဟုတ်ပါဘူး။ အားလုံး ညီညီညာညာ ကကြဆိုကြလို့ပါကွာ။ ဒါဟာ ညီညွတ်ခြင်း အကျိုးပေါ့" ဟု ဆိုလေသည်။

ထိုနေ့မှ၍ ကျော် သူ အား "ပလွေဆရာ" ဟု ဂုဏ်ပြုပြောကြရင်း ဖိုးနီတို့ သူငယ်ချင်းများက ကျော်သူအား ပလွေအသစ်တချောင်း လက်ဆောင် ပေးလိုက်ကြလေသည်။

× × × ×

## ခါသကြွန်

ရွှက်သစ်ဝေစီ၊ နေဝန်းနီ၊
မိုးပြာနွေပန်းချီ။

ရာသီကနွေး၊ ပန်းကမွှေး၊
ဥသြတွန်သံပေး။

ရှင်ကြည်အေးတဲ့၊ သည်ချိန်ခါ၊
ရေကစားစို့ကွာ။

ပိတောက်ဝါနဲ့၊ လတန်ခူး၊
ဗမာ့နှစ်သစ်ကူး။

ရှင်ရှင်မြူးမြူး၊ ရေသပ္ပာယ်၊
ဘုရားကျောင်းကန်ဝယ်။

အရွယ်အိုတဲ့၊ ဖိုးအဖွား၊
သန့်စင်ဒပ်းစို့လား။

ရေကစားတဲ့၊ ဒို့တတွေ၊
ကုသိုလ်ရပါစေ။

မေတ္တာရေနဲ့၊ အကျိုးပြု
ဗမာ့ယဉ်ကျေးမှု။ ။

ဖိုးလမင်း



R. 517

# သစ်တောက်ငှက်



သစ်တောက်ငှက်ကို ကမ္ဘာ့အနှံ့အပြားတွင် တွေ့ရသည်။ တောင်ပံရိုက်ခတ်၍ ဆူညံစွာ ပျံပြီး လေဟုန်စီးကာ ပျံ့ဝဲ ဆင်းသည်။ ငှက်ခါးကဲ့သို့ နိမ့်ချည်မြင့်ချည်နှင့် ပျံသန်းခြင်း ဖြစ်သည်။ တကောင်နောက် တကောင် လိုက်ကာ ဆူညံစွာ အော်တတ်သည်။

ချွန်ထက်သော ခြေသည်းများဖြင့် သစ်ပင်၏ အခေါက်တွင် တွယ်ကုပ်ကာ အတန်ငယ် ခုန်ခုန်သွားခြင်းဖြင့် အဆင်းအတက် ပြုသည်။ ထိုသို့ ဆင်းတက်ရင်း သစ်ခေါက် အကြိုအကြားမှ ပိုးမွှားများ ထွက်လာစေရန် နှုတ်သီးဖြင့် ခေါက်သည်။ ပိုးမွှားများထွက်လာလျှင် ဖမ်းယူစားသောက်သည်။

သစ်တောက်ကျား





သစ်ပင်၏ ပင်စည်တွင်ရင်း၊ အကိုင်းတွင်ရင်း အပေါက်ဖောက်၍ အသိုက်လုပ်သည်။ အပေါက်ကို အလျားလိုက် နက်နက် ဖောက်ထားသည်။ တခါတရံ သဘာဝ အလျောက် ရှိနေသော သစ်ခေါင်းပေါက်များကို အသုံးပြုတတ်သည်။ ဥမှာ ရှည်မျော ပြီး အဖြူဖြစ်သည်။ တဥလျှင် အလျား ၀.၇၃ လက်မ မှ ၁.၃၂ လက်မနှင့် ပြက် ၀.၅၇ လက်မမှ ၀.၉၈ လက်မအထိ ရှိသည်။

သစ်ပင်ဖျက် ပိုးမွှားများကို သုတ်သင် ပေးသဖြင့် သစ်တောများ အတွက် အသုံးဝင်လှပေသည်။ ရဲမြင့်



၂၅ ပြား

ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် ထုတ်ဝေရေးအဖွဲ့၊
ထုတ်ဝေရေးမှူး ဦးထင်ကြီး၊ (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ဆုံးက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ ၂၊ အမှတ် ၁၆၊ ၁၀-၄-၇၀








ကျော်ကျော် တို့တော့ ဒီသင်္ချိုင်းကုန်းနားမှာ ကစားနေကျဘဲ၊ မကြောက်ပါဘူး၊
အို-ခင်ကြီးကြောက်ရမနေစမ်းပါနဲ့၊ လာပါမြန်မြန်၊
အမယ်လေး-ဟိုမှာ ဘာကြီးလဲ မသိဘူး၊
အို-မမမော်ကလဲ၊ အဲဒါ သစ်ငုတ်တိုကြီးပါ၊ အလကားလန့်နေတာဘဲ၊
ဟေ့ ကျော်ကျော်၊ ဟိုအုတ်ဂူနားမှာ ဘာကြီးတွေလဲ မသိဘူး-ကြည့်စမ်း၊
ဟော-ဟော-ဟိုအုတ်ဂူနားမှာ ပျောက်သွားပြီ၊ သရဲကြီးတွေနဲ့ တူတယ်၊ လာဟေ့ ကျော်ကျော် ပြေးကြမယ်၊
မမမော်-ဒီနားမှာ ခဏစောင့်နေစမ်းပါ၊ ကျွန်တော်ဟိုနားကို သွားကြည့်ချင်တယ်၊
အို-အရေးထဲမှာ သရဲ ကြည့်ချင်နေပြန်ပြီ၊ ခပ်မြန်မြန်ပြန်လာခဲ့နော်၊
သရဲဆိုတာ မဖြစ်နိုင်ဘူး၊
ဆေးလိပ်မီးတွေ ထိုက်တယ်၊ သရဲဟာ ဆေးလိပ်မသောက်တတ်ပါဘူး၊



အင်း-စကားပြောသံကြား ရတယ်၊
ဟာ-
လာ မမမော်-အိမ်ကို မြန်မြန်ပြန်ကြရအောင်၊
ဘာလဲ-သင်္ချိုင်းမကြောက်ဘူးဆို၊ ခုတော့ ပြေးလိုက်တာ၊ တန်းနေပါလား ကျော်ကျော်၊
ဟဲ-မမမော်အိမ်ကို ပြန်နှင့်ပါ၊ ကျွန်တော် ဟိုနားကို သွားလိုက်ဦးမယ်၊
အိမ်မှာ ဖေဖေမေမေတို့ မရှိဘူး၊ ဘုရားကိုးဆူ သွားနေကြတယ်၊ ညဉ့်နက်မှ ပြန်လာလိမ့်မယ်၊ မြန်မြန် ပြန်လာခဲ့နော်၊
ထိုနေ့ည
အိမ်ထဲကို ဘာဖြစ်လို့ ရေပုံးကြီး သယ်လာတာလဲ ကျော်ကျော်၊
လုပ်စရာရှိလို့ပါ မမမော်၊
အချိန်နီးနေပြီ လုပ်စရာရှိတာ မြန်မြန် လုပ်မှဘဲ၊



ဟေ့ ကျော်ကျော် - မအိပ်သေးဘူးလား။
မအိပ်ချင်သေးလို့ပါ မမမော။
မကြာမီ
ဟေ့ -
ဟော -
ဟဲ့ - ဟဲ့ - ဘယ်လိုဖြစ်နေကြတာလဲ။
ဒီအိမ်ကိုဒီည ဓားပြတိုက်ကြမယ်ဆိုလို့၊ ဟောဒီကျော်ကျော်က သတင်းပို့ပေးလို့၊ ကျွန်တော်တို့ စောင့်ဖမ်းတာပါခင်ဗျာ။
ဟုတ်ကဲ့၊ ညနေလမ်းလျှောက်တုန်းက သင်္ချိုင်းကုန်းအုတ်ဂူကြားမှာ သူတို့ ကျွန်တော်တို့အိမ်ကို ဓားပြတိုက်မယ်ဆိုတာ တိုင်ပင်နေတာကြားလို့ ခုလို စောင့်ဖမ်းနိုင်တာပါ ဖေဖေ။
ထို့နောက်
ကျော်ကျော်သာ ကြိုမကြားလိုက်ရင် ခုလို ဓားပြတွေကို ဖမ်းမိတာကဲ
သကဲ့ဆိုတာ မရှိပါဘူး မမမော။



စွန့်စွန့်စားစား
ပန်းချီ ဦးစိန်
ဇါတ်လမ်း မြရိုင်း
ကျော်ကျော်သည် ချုံပင်များကို ကွယ်၍ ရေစပ်ဖက်သို့ ပြေးဆင်းခဲ့လေ၏။
ထို့အတွင်း
ဟေ့ ကောင် အိပ်ငိုက်နေသလား
အပြင်မှ စကားပြောသံကြားသဖြင့် ညိုအေးသည် လုံချည်စကို ဖက်ထားပြီး ပြတင်းပေါက်ကို ပြန်၍ပိတ်ထားလိုက်လေသည်။
ကြိုး ကိုဖက် ထားမှဘဲ
မငိုက်ပါဘူး ဆရာကြီး
ဒီကောင်ကလေးတွေကို ဒီအတိုင်းပြန်လွှတ်ယင် ကျွန်တော်တို့ အားလုံး ဒုက္ခရောက် ကုန်မှာဘဲ ဆရာကြီး
အေး ငါသိပါတယ် ဒါလေဖဲ့ ဘယ်လိုအစဖျောက်ရမယ် ဆိုတာကို ငါစဉ်းစားနေတယ်



လွယ်ပါတယ် ဆရာကြီးရဲ့ ကျွန်တော်တခု ကြံထားတယ်
ဆိုစမ်းပါဦး မိုးဟိန်းရဲ့
သူတို့ အခု ဆာနေရော့မယ် ကော်ဖီထဲ အိပ်ဆေးထည့်တိုက်ပြီး ငွေနဲ့ တင်လွှတ် - ရဲလယ်ရောက်တော့ ငွေကိုဖောက်ပစ်လိုက်ရုံပေါ့
အေး ဟုတ်ပြီ ဒါမှ သူတို့ငွေ စီးရင်းငွေဖောက် သာတယ်ပေါ့
လူဆိုးများ ပြောဆိုနေသံများကို ညိုအေးကြားလေသည်။
သူတို့ ဘာကျွေးကျွေး မစားကြနဲ့..နော် အဆိပ်ထည့်လိမ့်မယ်
လာကြပေါ့ မင်းတို့ကို ဒီက မြန်လွှတ်မယ် ဆာနေကြရော ပေါ့ ကော်ဖီသောက်ကြဦး


စောစောက ဆရာကြီးဆိုသူနှင့် ပါလာသော မိန်းမကြီးက ကော်ဖီသောက်ရန် လာ၍ ခေါ် လေသည်။
နေပါစေ ဒေါ်ဒေါ် ကျွန်တော်တို့မသော ဆို့ပါ
ညိုအေးက ငြင်းလိုက်သည်။ အမှန်မှာ သူတို့ အားလုံး အလွန်ဆာနေကြ၏။
သောက်ပါကွဲ့ ဒေါ်ဒေါ်က မင်း တို့ဆာနေမှာစိုးလို့ပါ ရော့ ရော့ !
ဟေ့ဟေ့ နေဦး မင်းတို့အားလုံး လေးယောက် မဟုတ်လား တ ယောက် ဘယ်မှာလဲ ပြောစမ်း
ထိုအတွင်း လူဆိုး မိုးဟိန်းသည် ရုတ်တရက် ထလာပြီး ညိုအေးကို မေးလိုက်၏။

# တောင်သူလယ်သမားတို့၏ ရန်သူများ



ရွက်လိပ်ပိုး



ဆစ်ပိုး

ဆစ်ပိုးသည် စပါးပင်၏ အဆစ်တို့ကို ဖောက်ထွင်း စားသောက်သည်။ ထိုအခါ စပါးနှံများဖြူပြီး စပါးသီးများမအောင်မြင် တော့ပေ။

ရွက်လိပ်ပိုးသည် စပါးပင် အရွက်များကို ကန့်လန့်ဖြတ် စားသောက်တတ်သဖြင့် စပါးရွက်များ အားလုံး ကန့်လန့်ဖြတ် ပျက်စီးကုန်ကြသည်။

ပိုးလောင်မီးသည် ဝါဆိုလတွင် လယ်ကွင်းထဲ ရောက်လာပြီး စပါးရွက်များ၏ အသားမျှင်တို့ကို တပတ်ခန့် ကိုက်ဖြတ်စား သောက်ကာ ပိုးတုံးလုံးဘဝသို့ ကူးပြောင်းသွားကြသည်။

နှံဖြတ်ပိုးသည် ညဥ့်အခါတွင် စပါးနှံများကို ကိုက်ဖြတ် ဖျက်ဆီး ကြပြီး၊ နေ့အခါ စပါးပင်ရင်းများ၌ ခိုအောင်းနေကြသည်။

ချိုး၊ ကြက်တူရွေး၊ စာကလေးတို့သည် စပါးနှံမှ စပါးစေ့ များကို နှုတ်သီးဖြင့် ဆိတ်ခြွေစားသောက်ကြသည်။

လယ်ပုစွန်လုံးသည် ကောက်ပင်နုကလေးများကို ကိုက်ဖြတ် စားသည်။ လယ်ပုစွန်လုံးမ တကောင်သည် တကြိမ်လျှင် သား ပေါင်း ၆၅၀ ခန့် ပေါက်ဖွားလေသည်။

လယ်ကြွက်သည် ပျိုးခင်း၌ ချထားသော မျိုးစေ့များ၊ ပျိုး ခင်းများ၊ စပါးနှံများကို ကိုက်ဖြတ်စားသောက်သည့် အပြင် စပါး ကျီထဲမှ စပါးစေ့များကိုပါ စားသောက်ဖျက်ဆီးကြသည်။


ဤသို့ လူတို့ စိုက်ပျိုးထားသော ကောက်ပဲသီးနှံများကို ပျက်စီး ဆုံးရှုံးစေသောကြောင့် ယင်းတို့သည် တောင်သူလယ်သမား တို့၏ ရန်သူများဖြစ်ကြသည်။




နှံဖြတ်ပိုး



ပိုးလောင်မီး



တာကလေး



ကြက်တူရွေး




ချိုး




လယ်ပုစွန်လုံး

လယ်ကြွက်

# တောင်သူလယ်သမားတို့၏ မိတ်ဆွေများ



ပုစဉ်း၊ နံ့ပေါင်၊ ငှက်တော်၊ ငှက်ခါး၊ တစ်တီတူး၊ ပျံလွှားတို့သည် လယ်ကွင်းထဲ ရှိကြသော ခြ၊ ပလူ၊ ပုရစ်၊ ပေါက်ဖတ်၊ ပိုးတုံးလုံးတို့ကို စားသောက် ဖျက်ဆီးကြသည်။


ဆက်ရက်သည် လယ်ထွက်များ ထွန်ယက်သည့်အခါ မြေထဲမှပေါ်ထွက်လာသောပိုးမွှားငယ်များကိုစားသောက် ရှင်းလင်းပေးသည်။

ဗျိုင်းသည် ပျိုးခင်းများထဲမှ လယ်ပုစွန်လုံးများနှင့် ပိုးမွှားများကို စားသောက်သည်။

ဇီးကွက်သည် နေ့အခါ သစ်ခေါင်းထဲ အောင်းနေပြီး၊ ညဉ့်အခါ အစာရှာထွက်လျှင် လယ်ကွင်းထဲမှ လယ်ကြွက်များကို ထိုးသုတ် ဖမ်းယူစားသောက်သည်။

ဖားသည် ယင်း၏ရှည်လျားသော လျှာဖြင့် စပါးပင်များတွင် တွယ်ကပ်နေသော ပိုးမွှားများကို ဖမ်းယူ စားသောက် ပစ်လေသည်။

သို့ဖြင့် ကောက်ပဲသီးနှံပင်များကို ဖျက်ဆီးကြမည့် ပိုးမွှား သတ္တဝါတို့ကို စားသောက်ကြသောကြောင့် ယင်းတို့သည် တောင်သူလယ်သမားတို့၏ မိတ်ဆွေများ ဖြစ်ကြလေသည်။










မောင်သန်းဦး
ပါဝင်သော
ဟာ။ ။ ဒီမှာ ငါးကြီးလေးတ ချောင်း ပါလား။
ဟား ဟား ဟား။ ဘာအ သုံးကျမှာမို့ ဒီငါးကြီးကို ကောက်နေရတာလဲကွ။
ဟာ။ ။ ဒီအတိုင်း ဆိုလဲအလကား ဖြစ်မယ့်ဟာ အခုလို ကောက်ထား တော့၊ တနေ့နေ့မှာ အသုံးကျလာ နိုင်တာပေါ့ကွ အောင်မျိုးမြင့်ရ။
မင်းက အတော် စိတ်ကူးယဉ်တဲ့ ကောင်ဘဲ ။ဟား ဟား ဟား ဟား
ဟာ။ ဆရာကြီးပါလား
ဆရာကြီး ဖိနပ်ပြတ်နေလို့ကြိုး။ ။ ဟန် ကျတာဘဲ။ ။ ဒီကြေးငါးကြီးနဲ့ သဲ ကြိုးကို ချည်လိုက်ပါလား ဆရာကြီး။ ။
ထို့နောက်
မောင်သန်းဦးရဲ့ ကြိုးကလေး ရပေလို့ ဆရာ အိမ်ပြန်မပျက်တာဘဲ။ ။ ကျေး ဇူးတင်လှသကွယ်။ ။ ကဲ။ ဆရာသွားမယ်။
ဒီလိုတော့လဲ တကယ်အသုံးဝင်ပါလား။ ။ ငါမှားတယ်ကွာ သူငယ်ချင်း။ ။ ငါ နောက်မိတာလဲ တောင်းပန်ပါတယ်ကွာ။
အေးပါကွာ။ ငါခွင့် လွှတ်ပါတယ်။ ။


အသိဉာဏ်
ကျွန်တော်သည် လမ်းမပေါ်ရှိ ခဲတလုံးကို လက်တည့်စမ်းလျက် ရှိရာ ထိမှန်တိုင်း အလွန်ပျော်မိသည်။
ကျွန်တော်ဒေါ်ပွမိပါသည်။
ထိုစဉ် ကားတစင်း ဖြတ်မောင်းသွားရာ
ကျွန်တော့်ထက် ငယ်သူက အသိဉာဏ် ရှိစွာဖြင့် ခဲများကိုဖယ်ပစ်လိုက်သဖြင့် ကျွန်တော်များစွာ ရှက်မိပါသည်။


ပန်းချီ
ကျော်သောင်း
ကျောင်းကအပြန်မှာဖိုးနီတယောက် အလွန် ပျော်လျက်ရှိသည်။
ဒီအပတ် စာစီ စာကုံးမှာ.. ငါ အမှတ် အများဆုံး ရမှာဘဲ
ထိုအချိန်တွင် -
ဂျစ်ကားတစီး အရှိန်ဖြင့် မောင်းလာရာ ....
ဟေ့ - ကားလာနေတယ်
လူကြီးတယောက်အော်သည်ကိုပင်မကြားချေ။
ကားသမားသည် သူ့ကို ရှောင် လိုက်သဖြင့် မီးပွိုင့်တိုင်နှင့် ဝင် တိုက်လေတော့၏။
လူအများ ဝိုင်းလာကြသည်။
ဒီကျောင်းသားလေး ကိုရှောင်လို့ ဒီလိုဖြစ်တာ ဗျ..
ကားဆရာ အကြောက်နာသွားတယ်.. သူ့ခမျာ အဖမ်းလဲ ခံရဦးမှာဘဲ..
ဒီလိုဖြစ်ရတာ..
ငါ့ကြောင့်ပါဘဲကလား
နောက်ကိုဆိုယင်ဘာဘဲလုပ်လုပ် သတိနဲ့လုပ်မှဘဲ...

# ကြက်ဖခွပ်

မောင်ညွန့်မိုး



ဤကစားနည်းကို မိန်းကလေးများ အထူးသဖြင့် နှစ်သက်ကြ၏။

ကြက်ဖ ခွပ်ပုံမှာ ဆောင့်ကြောင့် ထိုင်ပြီး ဘယ်ခြေနှင့် ညာခြေကို တလှည့်စီ ဘေးသို့ ထိုးထုတ်ခြင်းဖြစ်သည်။ ယင်းသို့ အချိန်ကြာဆုံး ပြုလုပ်နိုင်သူက အနိုင်ရသည်။

ကြက်ခွပ်နေစဉ် တယောက်နှင့်တယောက် ဒူးချင်းမတိုက်မိစေရ။ ယှဉ်ပြိုင်သူ နှစ်ဦးသည် လက်ကို ခါးတွင်ထောက်ထားရသည်။ မကြာခဏ ကြက်အတောင် ခတ်သကဲ့သို့ လက်မောင်းကို ဆန့်တန်းပြီး တင်ပါးကို အသံမြည်အောင် ပုတ်ရသည်။ ဤသို့ ပြုလုပ်ယှဉ်ပြိုင်နေစဉ် လဲလျှင်ဖြစ်စေ၊ မော၍ ခြေမထိုးနိုင်လျှင်ဖြစ်စေ ရှုံး၏။


ကြက်ဖခွပ် ယှဉ်ပြိုင်မှုတွင် အားမာန်တက်ကြွစေရန်အတွက် မခွပ်မီ ပဏာမ ကြွေးကြော်သံ လင်္ကာကို အောက်ပါ အတိုင်း သီဆိုရသည်။

"ကြက်ဖတိမ်ညင်၊ တောကိုဝင်၊ မောင်ရင်လာ၊ လေးနဲ့ပစ်လိုက်။
မပစ်ပါနဲ့ မောင် ရင် ရယ်၊
ကြက်တက်စူးပါ့မယ်။
ဘယ်ဘက်က စူးစူး၊ ညာဘက်က စူးစူး။
ခွပ်လိုက်ကြစို့ သူ ငယ် ချင်း၊
အောက်အီးအီးအွတ်"

ဤသို့ ယှဉ်ပြိုင်သူ နှစ်ဦးလုံး ရွတ်ဆိုပြီးလျှင် စ၍ ခွပ်ကြတော့သည်။ ဘေးမှ ကြည့်ရှု အားပေးသူတို့ကလည်း 'အောက်ပါ အတိုင်း ရွတ်ဆို အားပေးကြရသည်။

"ဒူးမတိုက်နဲ့၊ မခိုက်နဲ့၊
ငါတို့ကြက်ဖနိုင်နိုင်၊ ရွှေဖလားနဲ့ကြက်သားကိုင်၊
သူတို့ကြက်ဖရှုံးရှုံး၊ ကြေးဖလားနဲ့ ကြက်ချေးတုံး"





# ကျောက်ခဲတခဲ

မောင်ညွန့်သိန်း

"ဘယ်လိုဖြစ်တာလဲ မောင်လိမ်မာ၊ ခေါင်းမှာလဲပတ်တီးနဲ့"

"မေးသာ ကြည့်ပါတော့ကွယ်၊ မသေကောင်း မပျောက်ကောင်း၊ ဘယ်လို ပြုပြင်လို့မှ မရဘူး"

"ပြီးပါစေတော့ မမရာ၊ ကျွန်တော်မေးပါအုံးမယ်။ ကဲ–ဘယ်လိုဖြစ်လို့ ဒဏ်ရာရ...."

"နဲနဲပါ ဦးလေး။ ကျွန်တော်တို့မနက်က ကျောင်းမတက်ကြဘူး။ ရထားလမ်းကို ကျောက်ခဲကောက် သွား ကြ ပါ တ ယ်။ ကျောက်ခဲ ကောက်ရင်း လမ်းဘေးက မှတ်တိုင်ကို ခဲနဲ့လက်တဲ့ စမ်းပစ် ကြပါတယ်။ လက်တဲ့စမ်းရင်းက အဝေးပစ်ပြိုင်ဘို့ စိမ်ခေါ်ကြတယ်။အဲဒါနဲ့ကျွန်တော်တို့လဲ တအား ပစ်ကြ ပြန်ရော ဦးလေးရ"

"ဒီတော့...."

"အဝေးပစ်တာရော၊ လက်တဲ့စမ်းတာရော မောင်မောင်အေးက ဗိုလ်၊ တင်ထွန်းက ဒုတိယ။ မောင်မောင်အေးက သူနိုင်လို့ မခံချင်အောင် ကြွားတယ်၊ စတယ် ဦးလေး"

"မင်းနဲ့ မောင်မောင်အေး ရန်ဖြစ်ကြရောလား"

"ရန်မဖြစ်ပါဘူး။ တင်ထွန်း မိုက်ရူးရဲဆန်လို့သာ ခုလိုဖြစ်ရတာပါ။ သူက မခံချင်ဖြစ်ပြီး နှစ်ဖက်ခွဲ ခဲစစ်တိုက်ဘို့ ဆွယ်ပါ တယ်။ ကျွန် တော် တို့ က ကြောက်ပေမဲ့ အဆွယ်ကောင်းတာနဲ့ တဖက်သုံးယောက်စီခွဲပြီး ခဲစစ်တိုက်ကြတာဘဲ"

"မင်းတို့က စစ် တိုက် တာ ဘယ်မှာတွေ့ဘူးလို့လဲ"

"ရုပ်ရှင်ထဲမှာ စစ်တိုက်တာတွေ တွေ့ဘူးနေတာဘဲ ဦးလေးရ။ တင်ထွန်းက သူပုန်ဗိုလ်၊ မောင်မောင်အေးက စစ်ဗိုလ်။ တိုက်ပွဲ လုပ်ကြတာပေါ့။ သိပ်ပျော်တာဘဲဗျာ"

"အေး – အပျော်လွန်တော့ ဒဏ်ရာရတာပေါ့ကွ"

"ဟုတ်ပါတယ်။ သိပ်မကြာခင်ဘဲ ကျွန်တော့်ခေါင်းကို ရှပ်မှန်တာပါဘဲ"

"မနာဘူးလား"

"နာပါတယ်"

"ဒါကောင်းတဲ့အလုပ်လား"

"မကောင်းပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ အစကကစားရသလဲကွ"

"သူတို့က သူရဲဘောကြောင်တယ်ဆိုပြီး၊ ကြောက်ချေး ပန်းလို့ ခေါ် လို့ပါ"

"ကဲ–ရှိစေတော့၊ နောက် ဒီလို မလုပ်နဲ့"

"ဟုတ်ကဲ့"

"ဒါထက် မင်းတို့လွှင့်ပစ်ခဲ့တဲ့ ကျောက်ခဲတွေကို ဘယ်ကယူခဲ့သလဲကွ"

"မသိပါဘူး"

"ကျောက်ခဲကို ကျောက်တောင်ကရတယ်။ အလကားရဲ့တယ်လို့ မထင်ဘူးလား"

"ထင်စရာပါဘဲ။ အလကားရတာမဟုတ်ဘူးလား"

"ဦးလေးမငြင်းပါဘူး။ ဒါပေမဲ့ ဒီကျောက်တွေကို လမ်းခင်းနိုင်ဘို့ ဘယ်လိုဆောင်ရွက်ရတယ်ဆိုတာ မင်းမသိချင်ဘူးလား"

"သိချင်ပါတယ်"

"မှတ်ထားနော်။ လမ်းခင်းဘို့က တွေ့တဲ့ကျောက်တိုင်း မရဘူး။ ပညာရှင်တွေက ကျောက်ကိုရှာ၊ အနုအရင့်ရွေး၊ ကျောက်တောင်ကို လုပ်သားတွေကဖြို၊ စက်အား လူအင်အားနဲ့ အရွယ်အစားအမျိုးမျိုး ခွဲထုတ်၊ ရပြီဆိုတော့ မင်းတို့ လှင့်ပစ်ကြတဲ့ ကျောက်ခဲတွေကို ဒီကိုရောက်အောင် မီးရထား၊ ကား၊ သင်္ဘောတွေနဲ့ သယ်လာရတယ်။

"ရောက်လာတဲ့ ကျောက်တွေကို အလုပ်သမားတွေက စနစ်တကျ စီခင်းရတယ်။ သိပ်သွားအောင် ပြုပြင်ရတယ်။ သန့်ရှင်းနေစေရတယ်။ ပေါင်းပင် မြက်ပင် သုတ်သင် ပေးရတယ်။ စလီဖားတို့၊ သံလမ်းတို့ အရေးကြီးသလို အောက်ခံ ကျောက်ကလဲ အရေးကြီးတာဘဲကွ။

"ဒီတော့ ကျောက်ခဲက သဘာဝက ဖန်တီးထားလို့ အလကားရအုံးတော့ သူ့ကို အသုံးချနိုင်ဘို့ ချွေးနဲ့ သွေးနဲ့ လုပ်အားနဲ့ ရင်းပြီး ယူလာခဲ့ရတယ်။ အလကားနေရင်း ဘေး လှင့်ပစ်နေယင် နှမြောစရာရော မကောင်းဘူးလား။ မင်းရော အခုလှင့်ပစ်ချင်တုံးဘဲလား"

"မပစ်ချင်တော့ပါဘူး"

"ဒီလိုဘဲ မင်းသူငယ်ချင်းတွေကိုလဲ တဆင့်ပြောပြပေါ့ကွ နော်"

"ဟုတ်ကဲ့ ဦးလေး"

"ဒါနဲ့ ရထား လမ်းကို ကျောက်ခဲပေါ်မှာ ခင်းထားတာ သေသေချာချာ ကြည့်ဘူးရဲ့လား။ ရထားသွားနိုင်၊ ကွေ့နိုင်ဘို့ သံလမ်းတွေကို ပုံမှန်အောင် ပြုလုပ်ထားရတယ်။ အကွေ့တွေမှာဆိုယင် အတွင်းဘက်က သံလမ်းကို နှိမ့်ထားရတယ်။ ဒါကို ကျွမ်းကျင်တဲ့ ပညာရှင်တွေက တွက်ပြီး လုပ်ထားရတာ။ တကယ်လို့ အကွေ့မှာ သံလမ်းရဲ့ အနေအထား ပျက်သွားယင် ရထားတောင် မှောက်နိုင်တယ်"

"သံလမ်းအနေအထား ပျက်ဘို့က ကျောက်ခဲပေါ်မှာလဲ တည်မှာဘဲနော် ဦးလေး"

"တည်တာပေါ့ကွ။ မင်းတို့ ယူပြီး လှင့်ပစ်တဲ့ ကျောက်ခဲတွေဟာ အကွေ့က ကျောက်ခဲတွေဆိုယင်တော့ မိုပြီး အန္တရာယ်ဖြစ်နိုင်တာပေါ့ကွာ"

"ကျွန်တော်တို့ကြောင့် ရထားတောင် မှောက်နိုင်တာဘဲနော်"

"အေး–မရည်ရွယ်ဘဲနဲ့ ကိုယ်ပြုမိတဲ့ အပြုအမူကလေးတွေကြောင့် အပျက်အစီး အဆုံးအရှုံးဖြစ်နိုင်တယ်။ နေရာတကာမှာ တမင်သက်သက်ဖြစ်ဖြစ်၊ မသိလို့ဘဲဖြစ်ဖြစ် ဖျက်ဆီးသလို မလုပ်ဘို့ ဦးလေးမှာထားပါရစေကွာ"

"ဟုတ်ကဲ့ပါ ဦးလေး။ ကျွန်တော်တို့ နောက် အရမ်းမလုပ်တော့ပါဘူး၊ ကတိပေးပါတယ်"

"အေး– ဝမ်းသာတယ်ကွာ။ ဦးလေးပြန်ဦးမယ်"

## နှစ်ဆန်းတရက်

တနှစ်ကုန်လို့ တနှစ်ပြောင်း၊
နှစ်ဆန်းတရက် အခါကောင်း။

ဗုံမောင်းသံနဲ့ လာချေပြီ၊
ကကြခုန်ကြ မြူးကြသည်။

ရေအိုးကိုယ်စီ ပွေ့ကာသွား၊
ငါးလွှတ်ကြတဲ့ လုံမများ။

ရွာအဖျားက ကြားရပြန်၊
အိုးစည်ဝိုင်းသံ စီစီညံ။

ဘေးမဲ့လွှတ်ရန် နွားညိုလှ၊
ပန်းကုံးလေးနဲ့ ရှင်ပျပျ။


ရွာဦးကျောင်းက မြတ်စေတီ၊
ရေသပ္ပာယ်ဘို့ သွားဦးမည်။

ကြည်ကြည်ရွှင်ရွှင် စိတ်မှာမြူး၊
ကုသိုလ်ပြုတဲ့ နေ့ရက်ထူး။ ။

တက္ကသိုလ်ကြည်မာ



R. 517





# ငှက်တော်

ငှက်တော်သည် တကိုယ်လုံး မည်းနက်သော အမွေးများရှိပြီး၊ ခက်ရင်းခွနှင့် တူသော အမြီးရှိသည်။ ရှည်လျား၍ ညွှန့်ထွက်သော အတောင်များကြောင့် အလွယ်တကူ ပျံနိုင်သည်။



ငှက်တော်မြီးတိုမျိုးမှာ တောတွင်း၌အနေများသည်။ ငှက်တော်မြီးရှည်မျိုးကား ကွင်းပြင်များတွင် အနေများသည်။



အသံအမျိုးမျိုးလုပ်၍ အော်တတ်ကြသည်။ အချို့အသံမှာ ချိုအေး၍၊ အချို့အသံမှာ ကြမ်းတမ်းသည်။ တေးဆိုသကဲ့သို့ သာယာစွာ အော်မြည်တတ်ကြသည်။



လေထဲမှ ပလူများ၊ ပိုးမွှားများကို ထိုးသုတ်ဖမ်းယူစားသောက်သည်။ လယ်ယာသမားများ၏ မိတ်ဆွေ ဖြစ်သည်။ တကောင်တည်း သော်၎င်း၊ စုံတွဲသော်၎င်း နေတတ်သည်။

မတ်လမှ ဇွန်လအတွင်း သားပေါက်လေ့ရှိသည်။

တသိုက်လျှင် သုံးဥမှ လေးဥအထိ ရှိသည်။ ဥခွံမှာ ရှည်မျော၍ ပြီး ချောမွတ်သည်။ တဥလျှင်ပျမ်းမျှ အလျား ၁.၁၅ လက်မနှင့် ပြက် ၀.၈၂ လက်မ ရှိသည်။

ရဲမြင့်



ရန်ကုန်မြို့၊ ၃၂၉ – ၃၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က တာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်ထွန်းက ရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# အကြွားပိုသူ

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - သာညွန့်

အတွဲ ၂၊ အမှတ် ၁၇၊ ၂၅-၄-၇၀




သူငယ်ချင်း စားပါ - အားမနာပါနဲ့ - ဒီကတော့ တနေ့တနေ့ ဟင်းကိုးခွက် စားနေကျဘဲ ဟဲ - ဟဲ
တကယ့်ကို ဟင်းကိုးခွက်ပါဘဲလား မင်းတို့ တယ်ချမ်းသာတာဘဲ - ဟင်းတွေကလဲ အကောင်းကြီး ဘဲ---
အင်း ... ကိုကျား ..... ကိုကျား ...... ..သူ့အကြွားကောင်းတာနဲ့ မွဲပါလိမ့်မယ်... ဒုက္ခပါဘဲ......
နောက်တနေ့၌ ကိုကျားသည် ထိုသူငယ်ချင်းအား ဟင်းကိုးခွက်နှင့် ဧည့်ခံလေသည်။
ကျွတ် - ကျွတ် - ကျနော်သွား လိုက်ပါအုံးမယ်
ကောင်းပြီ--- ခင်ဗျား ရောဂါ... မငယ်အုံး--- နက်ဖြန်လာခဲ့ပါအုံး
ဟုတ်ကဲ့ ဆရာ
တခါသော် ဆေးရုံ၌ ဆေးထိုးပြီး အထွက်တွင် မိတ်ဆွေတယောက်နှင့် တွေ့ရာ....
ဟာလို - ကိုကျား - ဘာဖြစ်လို့လဲ---
အော် - ကိုယ့်တပည့်လေး ဒေါက်တာဖြစ်နေလို့ လါအါးပေးတာပါ ဟဲဟဲ
အမယ်... တယ်စားသာပါလား....
အထင်ကြီး ခံရလို၍ တမျိုးတဖုံ လှည့်ပတ်ကြွားလိုက်လေသည်။
ကိုကျား ရေ့ - ဓာန်ဘောင်ဖက် လမ်းလျှောက်သွားရအောင် ....
ကောင်းသားဘဲ ကျန်းမာရေးဟာ အရေးကြီးတယ်
ဟော့ - ငါ့လမ်းလျှောက် ဒုတ်ရယ် - ဆွယ်တာအသစ်ရယ် - ယူခဲ့စမ်း
နံနက် လမ်းလျှောက်ထွက်ရာတွင်လည်း အကြွားပိုလိုက်သေး၏။
ဒီမှာ - ဒေါ်လေး - ဒီနဝရတ် လက်စွပ်ကို ၁၂၀၀/- ရယင် ရောင်းချင်လို့.....
ဘယ်မလဲ..... မှန်းစမ်း..... ၉၀၀/- ပေးမယ်
၉၀၀/- တော့ မရဘူး ဒါမျိုးတရုပ်ခဲ့ဖူးတယ်။ ၁၀၀၀/- ရယင် ရောင်းမယ်.....
ကောင်းမှန်းတော့ သိတာပေါ့.... ငွေမလယ်တော့ ခက်သားဘဲ.....
တခါ၌လည်း ရွှေဆိုင် တဆိုင်တွင် ကိုကျား ရှိနေခိုက် —



သူတို့ပြောပုံတော့ -၁၀၀ဝိ/- တကယ်တန်ဖိုးရှိတယ်... ကဲလေ အထင်ကြီးခံရရောနဲ့တာမှ မဟုတ်ဘဲ
ကိုင်း-များ ကျုပ် ၁၀၀ဝိ/- ပေးမယ်- ငွေတော့ မလွယ်ဘူး - ချက်လက်မှတ်ပျူသွားပေါ့--ဟဲ-ဟဲ.
ကိုကျားသည် ကြွားလို၍ ဝယ်လိုက်လေ၏။
ကိုကြွားဆိုတာ သူပေါ့ ကွယ့်
ဟီ-ဟီ-ဟိ ဒီလိုလူမျိုး-နောက် တယောက်လောက်ရှိယင်-ကျုပ်တို့တော့ စားသောက်ဆိုင်မှာဘဲ. အကြွက်ထဲကို ဝင်လိုက်တာဘဲ-ဟဲ-ဟဲ
ကိုကျား ရင်ကော့၍ ထွက်သွားသော အခါ နှစ်ယောက်သား အကြီးအောင်၍ ဟားကြ၏။
အလို-မြတ်စွာဘုရား ---မတန်ပါဘူးတော် ---မတန်ပါဘူး
ကျောက် သံပတ္တမြားဆိုတာ-ကြိုက်ယင် ကြိုက်သလို ဈေးရတာ ဘဲ--- ဟန် ကိုယ့်ဘို့မဟုတ်လား
အိမ်သို့ရောက်၍ ဇနီးသည်အားပြသလေရာ
ကိုကျား-ချက်ဖြန် အမဲလိုက်သွားရအောင်--ပျော်ပျော်ပါးပါးပေါ့.
တလခန့် ကြာသော်
အင်း-ကောင်း သားဘဲ
ကျုပ်သေနတ် အသစ်စက်စက်လေးလဲ စမ်းရတာ ပေါ့.
ကိုကျား သေနတ်တိုက်ရင်း ကြွားနေစဉ်—
သေနတ်သမားတွေက ဒီဘက်မှာ-ကိုယ့်နေရာ ကိုယ်ယူ....
တောခြောက်ပေးမယ့်လူတွေက ဟိုဘက်...
ကိုင်း.... အသင့်ဖြင်
နောက်တနေ့တောထဲသို့ အမဲပစ်သွားကြ၏။ ခေါင်းဆောင် မုဆိုးက အစီအစဉ်ပြုလုပ်၍
ဟော့-ဟော့
ဟေး-ဟေး
ဟိုက်-ဟိုက်
ရှူး-ရှူး
ဟေး-ဟေး
လူစုခွဲပြီး အလုပ်စရာ မျှားမကြာမီ ဆတ်ကြီး တကောင် ထွက်လာသည်ကို တွေ့ရပြီး နောက်....



ထိသွားပြီ
ကျသွားပြီ
သေနတ်များဖြင့်ပိုင်းပစ်နေသည့် ကြားထဲမှ ဆတ်ကြီးမှာ ပျောက်သွားလေ၏။
ငါပစ်တာ - ကွ - ငါပစ်တာ...... ကျော်းတဲ့နော်... တကျွန်းထဲ ရှိတယ်ဟေ့ — သေနတ်ကလဲ အသစ်စက်စက်.. ငါပစ်တာ..... တချက်ထဲနဲ့ ထိတယ်ကွ...
ဟာ
ဟင်
ဆတ်မဟုတ်ဘူး ဗျ...
သို့သော် ဆတ်ပျောက်သွားသော နေရာသို့ သွားကြည့်ကြရာ သေနတ်ဒဏ်ရာနှင့် လဲနေသော လူတယောက်ကို တွေ့ရသဖြင့်
ဟင်အင်း . ဟင်အင်း ... ငါပစ်တာမဟုတ်ဘူး ...
မဟုတ်ဘူး ....
ကျနော်ပစ်တာမဟုတ်ဘူး ..
မဟုတ်ဘူး
နော် - နော်
ကိုကြွား အလွန်တုန်လှုပ် ချောက်ချားသွားလေသည်။
ကျနော်ပစ်တာ မဟုတ်ပါဘူး ဗျာ- ကျနော် .. ကျနော် .. ကြွားမိတာပါ.
ရုံးပေါ် ကျမှ ရှင်းပေါ့
မြို့သို့ ပြန်ရောက်လေသော်....
ကိုကြွားရေ ... ကြွားချင်အုံး တော့ .... ကိုကြွားကြီး ရဲ့ ---- ဟန်ကိုယ့်ဘို့ ဆို ...... အခုတော့ တတ်နိုင် သေးရဲ့လား ကိုကြွားရဲ့
လက်ထိပ်တန်းလန်းနှင့် အဖမ်းခံရသော ကိုကြွားဖြစ်ပုံကိုကြည့်ပြီး သူ့ဇနီးမှာ ချုံးပွဲချ၍ ငိုရလေ၏။



ပန်းချီ ဦးစိန်
ဇါတ်လမ်း မြေဒိုင်း
လေးယောက်မဟုတ်ပါဘူး ကျွန်တော်တို့ သုံးယောက်ထဲပါ.......!..
ငါမှတ်မိပါတယ်မင်းတို့လေးယောက်ကွ မညာပါနဲ့
စိန်သောင်း အသုံးမကျလို့ ဒို့လိုဖြစ်ထဲ့ကွ.. ကြားရဲ့လား ပေ့
လွတ်သွားတဲ့ကောင်လေးဟာ ကျွန်တော်တို့ကို အများကြီး ဒုက္ခပေးနိုင်တယ်
ထိုအတွင်း ညိုအေးသည် မိန်းမကြီး၏လက်ထဲမှ ကော်ဖီဗန်းကို မတော်တဆ တိုက်မိသလိုနှင့် တမင်ဝင်တိုက်လိုက်ရာ ပန်းကန်များ ကြမ်းပြင်ပေါ် သို့ ကျကွဲသွားလေ၏။
ဟာ!


ဟင်း ဒီကောင်လေး
သိပ်ဉာဏ်များတယ်
တုတ်ကြီး !
ဖိုးချက်ကိုသွား
ခေါ်ခဲ့စမ်း
ဟုတ်ကဲ့
မကြာမီ — ဖိုးချက်ဆိုသော အဖိုးကြီး တ
ယောက် ရောက်လာလေသည်။
ကောင်ကလေး တယောက်ခြံ
ထဲက ထွက်ပြေးသွားတာ
တွေ့လိုက်သလား
ကိုဖိုးချက်
မတွေ့မိပါဘူး ဆရာကြီး ရယ်...
ကျွန်တော်လဲ ခြံထဲက ဘယ်မှ
မသွားပါဘူး
မင်းတို့ အားလုံး ပေါ့
ရေ့လို့ အခု ဒုက္ခ တွေ့
တော့မယ် ကြားကြ
ရဲ့လား ဟေ့


ကျော်ကျော်သည် တိုက်ဝါကြီး အပေါ်ထပ်မှ ဆင်းခဲ့ပြီးနောက် သစ်ပင်များကို အကာအကွယ်ယူကာ ခြံဝသို့ ထွက်ခဲ့လေ၏။
ခြေသံတွေ ကြားနေရတယ် မြန်မြန်ပြေးမှဘဲ
ဒီသစ်ငုတ်တိုဘေးမှာ ခဏနားအုံးမယ်
ဟော. မြှုတွင်းပေါက်ပြန်ပိတ်သွားပြီ. ဂါဒင်းလာတာ သိသွားပြီထင်တယ်. ကိုညိုအေးတို့တော့ ဒုက္ခဘဲ ရဲစခန်းကို မြန်မြန်ပြေးမှဘဲ
ဒီချုံဘေးက ဖြတ်ပြေးမှဘဲ
အမလေး

# အလုပ်လုပ်သော ပန်းကလေးများ

ရေးသူ **တင်တင်**




ချစ်စရာ ပန်းကလေးများသည် အလှအပ ဆင်ယင်ရန် အတွက်သာအသုံးဝင်သည်မဟုတ်သေး။ အကျိုးပြု လုပ်ငန်းတခု အတွက်လည်း အရေးပါလှသည်။

လူတို့ရှေ့ခြားနစ်သောသက်ရှိများသည် အပင်များရှိမှသာ အသက်ရှင်နိုင်သည်။ အပင်များ မျိုးဆက်မပြတ် တည်တံ့ရန် ပန်းများက အလုပ်လုပ်ပေးရသည်။ ပန်းပွင့်မှ မျိုးစေ့ရသည်။ မျိုးစေ့မှ အပင်ပေါက်သည်။





ပန်းပွင့်တွင် အပင်မျိုးဆက်ရန် အင်္ဂါများပါသည်။ ပွင့်ဖတ်သည် ပန်းဖူးနေစဉ် အောင်မြင်သော အပွင့်ပွင့်ရန် ကာကွယ်ပေးသည်။ အပင်မျိုးဆက် လုပ်ငန်း၌ ကူညီမည့် ပျားပိတုန်းစသော ပိုးကောင်များက ပန်းပွင့်ကို မြင်နိုင်အောင် ပွင့်ညှာတံက ထူထောင်ပေးသည်။ ပန်းပွင့်၏ အရောင်အသွေးနှင့် ရနံ့တို့ကလည်း ပျားပိတုန်းတို့ကို ဆွဲဆောင်သည်။ ပွင့်ချပ်များသည် ပန်းပွင့်၏ အတွင်းပိုင်းကို ကာကွယ်သည်။




ပန်းတပွင့်၏ ပွင့်ချပ်အားလုံးကို ပွင့်ချပ်အုံဟု ခေါ်သည်။ ပွင့်ချပ်အုံ၏ အလယ်တွင် ဝတ်ဆံဖိုနှင့် ဝတ်ဆံမရှိသည်။ ဝတ်ဆံဖိုတွင် ဝတ်မှုန်အိမ်နှင့် ဝတ်ဆံတံဟု နှစ်ပိုင်းပါသည်။ ဝတ်မှုန်အိမ်တွင် အဝါရောင်ဝတ်မှုန်များပါသော ဝတ်မှုန်အိတ်ရှိသည်။

ဝတ်ဆံမတွင် အပိုင်း သုံးပိုင်းပါသည်။ ဝတ်ဆံမထိပ်သည် စေးကပ်ချွဲမြဲသော ဝတ်ရည်ဖြင့် လိမ်းကျံလျက်ရှိသည်။ အလယ်ပိုင်းသည် ပန်းကညစ်ဟု ခေါ်သည်။ အရင်းပိုင်းသည် အကြီး

ဆုံးဖြစ်၍ အစေ့အိမ်ဟု ခေါ်သည်။ အထဲတွင် အစေ့လောင်းများရှိသည်။




ဝတ်ဆံမ၏ အစေ့လောင်းများနှင့် ဝတ်ဆံဖို၏ ဝတ်မှုန်များ ထိတွေ့ခြင်းကို ဝတ်မှုန်ကူးခြင်း ခေါ်သည်။ ဝတ်မှုန်ကူးမှသာလျှင် မျိုးစေ့များ ဖြစ်ပေါ်လာနိုင်သည်။

အချို့ပန်းများသည် ဝတ်ဆံဖို၊ ဝတ်ဆံမ နှစ်မျိုးလုံးပါသည်၊ အချို့မှာမူ တမျိုးတည်းသာ ပါသည်။ ထို့ကြောင့် ဝတ်မှုန်ကူးခြင်း နှစ်မျိုးရှိသည်။





ဝတ်ဆံဖို၊ ဝတ်ဆံမ နှစ်မျိုးလုံးပါလျှင် ပိုးကောင်၏ အကူအညီမပါဘဲ ဝတ်မှုန် ကူး နိုင်သည်။ထိုပန်းမျိုး အပွင့်ရင့်လာလျှင် ဝတ်ဆံဖို၏ ဝတ်မှုန် အိတ်သည် ပေါက်ကွဲ၍ ဝတ်မှုန် များသည် ဝတ်ဆံမ ထိပ်ပေါ်သို့ ကျသည်။ လေတိုက်၍ အပင်လှုပ်ခါ၍လည်း ထွက်ကျသည်။ ထိုအခါဝတ်ဆံမ၏ အစေ့အိမ်အတွင်းရှိ အစေ့လောင်းများနှင့် ထိတွေ့၍ ဝတ်မှုန်ကူးကာ အောင်မြင်သော မျိုးစေ့ဖြစ်လာရန် မျိုးတည်သည်။

ဝတ်ဆံဖိုချည်း၊ ဝတ်ဆံမချည်းသာ တမျိုးတည်းရှိသော ပန်းပွင့်တို့သည် ပျားပိတုန်းတို့၏ အကူအညီဖြင့် ဝတ်မှုန်ကူးရသည်။ပျားပိတုန်းတို့သည် တပွင့်ပြီးတပွင့်၊ တပင်ပြီးတပင် ကူးပြောင်း၍ ဝတ်ရည်နှင့် ဝတ်မှုန်တို့ကို သောက်သုံးကြသည်။ ထိုအခါ သူတို့ကိုယ်တွင် ဝတ်ရည်ဝတ်မှုန်တို့ ကပ်ပါသွားသည်။ ထို့နောက် ဝတ်ဆံမရှိသော အပွင့်တွင် ဝတ်မှုန်တို့ ကပ်၍ကျန်ခဲ့ရာမှ ဝတ်မှုန်ကူးခြင်း ဖြစ်ပေါ်သည်။

မျိုးစေ့တည်ချိန်တွင် ပန်းပွင့်သည်လည်း ရင့်၍ ပွင့်ဖတ်များ ကြွေသည်။ ထိုနေရာတွင် မျိုးစေ့ကို ပံ့ထားမည့် အသီးကင်းတည်လာသည်။ အသီးကင်းနှင့်အတူ မျိုးစေ့သည်လည်း ရင့်လာသည်။ အသီးမှည့်ချိန်တွင် အပင်လောင်းကို ပေါက်ဖွားနိုင်မည့်မျိုးစေ့ဖြစ်လာလေပြီ။


မောင်တိုး
မောင်တိုးသည် သူငယ်ချင်း ဖိုးခွေးထံမှ ငှားခဲ့သော စာအုပ်ကို ယူလိုက်သည်။
မောင်တိုး သည် စာဖတ် ဝါသနာ ပါ သည်။ မည်သည့်စာကိုမဆို ဖတ်သည်။


စာမျက်နှာ အနည်းငယ် ဖတ်မိလျှင်ပင် မောင်တိုး ချွေးပြန်လာသည်။
တောက်တောက် ကြောက်စရာ ကောင်းပါလား
ဖတ်ရင်းနှင့် မောင်တိုးသည် စိတ်ငယ်လာ၏။
ထိုစဉ်-
ဒေါက်
ဒေါက်
ဟင်း-အပြင်မှာ မှောင်မဲနေပါလား-အသံသာ ကြားနေတယ် ဘာမှလဲမရှိဘူး
ဒေါက်
ဒေါက်
ဘုရား-ဘုရား
ဒေါက်
ဒေါက်
မေမေ-ရေ-
မေမေ-ရေ-
မောင်တိုးသည် အလွန်ကြောက်ရွံ့ထိတ်လန့်ကာ အသံကုန် အော်ဟစ်လိုက်သည်။


ဘာဖြစ်တာလဲ-သား
ဟိုမှာ- ခေါက်ခေါက် ခေါက်ခေါက်နဲ့ သံခေါက်နေတယ်
ဟုတ်ကဲ့-ဖေဖေ
မှန်မှန်ပြောစမ်း
ဟုတ်-ဟုတ်ပါတယ်-ဖေဖေ
ဟုတ်ကဲ့ ဖေဖေ

# ညောင်ပင်တစ္ဆေ

ကျော်ညွန့်ဦး



ညောင်ပင်တစ္ဆေ ကစားနည်းသည် ကလေးတို့အား ရဲရင့်စေရန် လေ့ကျင့်ပေး၏။ အကြောင်းမှာ တစ္ဆေကို ရယ်စရာအဖြစ် သဘောထား၍ ကစားခွင့်ရသောကြောင့် ဖြစ်သည်။ ကလေးတယောက်က တစ္ဆေအဖြစ် သရုပ်ဆောင်ရသည်။ ကျန်ကလေးများက အချင်း ၁၀ ပေခန့်ရှိသော စည်းဝိုင်းတခု အတွင်း၌ နေကြရသည်။ ထို့နောက် အောက်ပါအတိုင်း အမေးအဖြေ ပြုလုပ်ကြရသည်။

ကလေးများ။ ။ညောင်ပင်တစ္ဆေ
တစ္ဆေ။ ။ဝေလေလေ
ကလေးများ။ ။နင်ဘယ်ကိုင်းမှာနေ
တစ္ဆေ။ ။ညောင်ကိုင်းမှာနေ
ကလေးများ။ ။နင်ဘာရေသောက်
တစ္ဆေ။ ။ညောင်ရေသောက်
ကလေးများ။ ။နင်ဘာသီးစား
တစ္ဆေ။ ။ညောင်သီးစား
ကလေးများ။ ။နင်ဘာကွမ်းစား
တစ္ဆေ။ ။ညောင်ကွမ်းစား
ကလေးများ။ ။နင်ဘာထမင်းစား
တစ္ဆေ။ ။ညောင်ထမင်းစား
ကလေးများ။ ။နင်ဘာဟင်းစား
တစ္ဆေ။ ။ညောင်ဟင်းစား
ကလေးများ။ ။နင်ဘာကွမ်းသီးစား
တစ္ဆေ။ ။ညောင်ကွမ်းသီးစား
ကလေးများ။ ။ညောင်ပင်တစ္ဆေ နင်ထမင်းစားပြီးပြီလား
တစ္ဆေ။ ။မစားရသေးဘူး၊ ဘာဟင်းချက်သလဲ
ကလေးများ။ ။ကြက်သားဟင်းချက်တယ်
တစ္ဆေ။ ။ငါ့တခွက်ပေး
ကလေးများ။ ။ဘာလုပ်ဖို့လဲ
တစ္ဆေ။ ။ငါစားဖို့
ကလေးများ။ ။မပေးနိုင်ဘူး
တစ္ဆေ။ ။မပေးယင် ချောက်မယ်
ကလေးများ။ ။နင်ချောက်ပေမဲ့ ဒို့မကြောက်ဘူး
တစ္ဆေ။ ။အထဲလား၊ အပြင်လား

ကလေးများက (အထဲရော အပြင်ရော) ဟု ဖြေလိုက်လျှင် တစ္ဆေသည် စည်းဝိုင်း၏ အတွင်းအပြင် နှစ်ဖက်စလုံး လိုက်ဖမ်းနိုင်သည်။ သို့သော် သတ်မှတ်ထားသော ဝင်ပေါက်၊ ထွက်ပေါက်မှသာ ဝင်နိုင်ထွက်နိုင်သည်။ ကလေးများကမူ ကြိုက်ရာနေရာမှ ကျော်ဖြတ်ဝင်ထွက် ပြေးလွှားနိုင်ကြသည်။

ဤသို့မဟုတ်ပဲ တစ္ဆေ၏ အထဲလားအပြင်လားဟူသော အမေးကို ကလေးများက (အထဲ) ဟု ဖြေလျှင် တစ္ဆေသည် စည်းဝိုင်းအပြင်ဖက်မှနေ၍ စည်းဝိုင်းထဲမှ ကလေးတို့ကို လိုက်ဖမ်းရသည်။ အကယ်၍ ကလေးတို့က (အပြင်) ဟု ဖြေလျှင် တစ္ဆေသည် စည်းဝိုင်းထဲဝင်၍ လိုက်ဖမ်းနိုင်သည်။ သို့သော် စည်းဝိုင်းအပြင်သို့ကား ထွက်မလိုက်နိုင်ပေ။ ကလေးများကမူ စည်းဝိုင်းအပြင်ဖက်တွင် လှည့်ပတ်၍ ပြေးနေကြပေမည်။

အဖမ်းခံရသူသည် ညောင်ပင်တစ္ဆေ ဖြစ်သွားလေသည်။ ထို့နောက် ရှေးနည်းအတိုင်း ဆက်၍ ကစားကြရသည်။

ဤကစားနည်းသည် ပျော်ရွှင်ဘွယ်ကောင်းလှ၍ ကလေးများအား ဖြတ်လတ်စေသည်။ မျက်စိလည်းရှင်နစေသည်။




မောင်လတ်၏ မိဘများသည် ချမ်းသာသူများ မဟုတ်ကြပေ။ စားနိုင်သောက်နိုင်ရုံ လောက်သာ ရှိကြသည်။ သို့သော် တယောက်တည်းသောသား မောင်လတ်ကို ကြိုးစား၍ ကျောင်းထားကြသည်။

မောင်လတ်ကလည်း မိဘတို့၏ စကားကို တသွေမတိမ်း လိုက်နာသည်။ စာမေးပွဲလည်း တနှစ်တတန်း မှန်မှန် အောင်သည်။ မောင်လတ်အလွန်တော်ခြင်းကြောင့်မဟုတ်။ စာကို မှန်မှန် ကြိုးစား၍ ကျက်သောကြောင့် ဖြစ်လေသည်။

× × ×

မုံ့စားလွှတ်ချိန် ဖြစ်သဖြင့် ကျောင်းပြင်တွင် ကျောင်းသူကျောင်း သား များ နှင့် ဈေးသည်များ ရှုပ်ရှက်ခတ်နေသည်။ အချို့ကျောင်းသားတို့မှာ မုံ့ဝယ်စားပြီး၍ အတန်းထဲတွင် ထွေရာလေးပါးပြောကာ ဆူညံနေကြသည်။ မောင်လတ် တယောက်ကမူ မည်သူနှင့်မျှ စကားမပြော။ ဖောင်တိန်တလက်ဖြင့် စဉ်းစားလိုက်၊ ရေးလိုက်နှင့် အလုပ်များနေသည်။

ထိုအချိန်တွင် သူ့ထံသို့ သူ၏ သူငယ်ချင်း ကျော်ကျော်စိုး ရောက်လာသည်။ သူလည်း ရှစ်တန်းပင်ဖြစ်သည်။ သို့သော် မောင်လတ်နှင့် တခန်းတည်း မဟုတ်။ သူက (ဘီ) အတန်းခွဲမှ ဖြစ်သည်။

"မောင်လတ်–အပြင်မထွက်တော့ဘူးလားကွ" ကျော်ကျော်စိုးက မေးလိုက်သည်။

"မထွက်တော့ဘူးကွာ။ ခုနက ဆရာပြသွားတဲ့ပုစ္ဆာ ပြန်တွက်ကြည့်နေတယ်"

"အေးကွာ– ရှစ်တန်းကလဲ စာတွေသိပ်များတာဘဲ။ ငါအခု ကျူရှင်ယူမလို့ကွ။ ဒို့လမ်းထဲမှာ ကျူရှင် ပေးနေတဲ့ ဆရာကြီး တယောက်ရှိတယ်။ သူ့ဆီမှာ ကျောင်းသား တော်တော်များများ တက်နေကြတယ်။ အသင်အပြလဲကောင်းတယ်တဲ့ကွ။ အဲဒါ မင်းကိုလာပြောတာဘဲ။ မင်းကော တက်မယ် မဟုတ်လား။ ဒို့နှစ်ယောက်ဆို သိပ်ကောင်းမှာဘဲကွ"

မောင်လတ် ခေါင်းကိုကုတ်ကာ စဉ်းစားနေသည်။

သူ စဉ်းစားနေသည်မှာ အခြားမဟုတ်။ အကယ်၍ ကျူရှင် ယူမည်ဆိုပါက ပိုက်ဆံကုန်ပေအုံးတော့မည်။ ပိုက်ဆံသည် ကျော်ကျော်စိုးအတွက် အရေးမကြီးလှ။ ကျော်ကျော်စိုး၏ မိဘများသည် ချမ်းသာသူများ ဖြစ်ကြ၏။ သို့သော် မိမိအဖို့မှာ ဖြစ်နိုင်စရာ အကြောင်းမရှိပေ။

"ငါကျူရှင်မယူပါဘူး ကျော်ကျော်စိုးရာ၊ စာများတော့လဲ ခါတိုင်းထက် ပိုကျက်ရမှာပေါ့"

"ဒီလိုဆိုလဲ မင်းသဘောပေါ့။ ဒီနှစ်က အစိုးရစစ်ကွ။ ကျောင်းစစ်မဟုတ်ဘူး။ အောင်ဘို့ဆိုတာ သိပ်လွယ်တာ မှုတ်ဘူး။ ဘာဘဲဖြစ်ဖြစ် ငါကတော့ ကျူရှင်ယူဘို့ ဆုံးဖြတ်လိုက်ပြီ"

ထိုအချိန်တွင် ကျောင်းတက်ခေါင်းလောင်း တီးသဖြင့် ကျော်ကျော်စိုးလည်း သူ့အခန်းသို့ ပြန်သွားလေသည်။

ညနေကျောင်းလွှတ်၍ အိမ်

ပြန်ရောက်သောအခါ နေ့ခင်းက ကျော်ကျော်စိုး ပြောသွားသည်များကို မောင်လတ် ပြန်တွေးစားနေသည်။ သူသည်နှစ် ဖြေရမည့် စာမေးပွဲမှာအစိုးရစစ်ဖြစ်သည်။ အစိုးရစစ်သည် ကျောင်းစစ်ကဲ့သို့ မလွယ်ကူသည်ကိုလည်း သူသိသည်။ သို့သော် ကျော်ကျော်စိုးပြောသွားသကဲ့သို့ ကျူရှင်ယူမှ အောင်မည်ဟူသည့် ယူဆချက်ကိုမူ သူ လက်မခံနိုင်ပေ။ အကယ်၍ ကျူရှင်မယူဘဲ နေလျှင် ကျမည်လော။ သူသံသယဖြစ်မိသည်။

ထိုသို့တွေးနေရင်း တခါက သူ့အဖေ၏ ပြောစကားများကို ပြန်လည် ကြားယောင် လာသည်။

"ကျောင်းသားရယ်လို့ ဖြစ်လာယင် ကျောင်းကို မှန်မှန်တက်ရမယ်။ ဆရာသင်ပြတဲ့အခါ သေသေချာချာ နားစိုက်ထောင်ရမယ်။ အိမ်ကို ပြန်ရောက်တဲ့အခါ လေ့ကျင့်ခန်းတွေကို ပြန်လေ့လာရမယ်။ ဒီလိုမှမဟုတ်ဘဲ ပစ်ထားယင်တော့ ဘာမှ နားလည်မှာမှုတ်ဘူး။ ကျောင်းသားတယောက်ဟာ စာကိုသာမှန်မှန်ကြိုးစားယင် စာမေးပွဲဆိုတာ မခဲယဉ်းပါဘူးကွာ။ အဲဒီလိုဆိုယင် ကျူရှင်ယူဘို့ဆိုတာလဲ မလိုအပ်ဘူးပေါ့"

သူ့အဖေ၏ ဆုံးမစကားကို သတိရလာသော အခါ မောင်လတ် အားတက်လာသည်။

"ကျူရှင်ဟာ ငါ့အဖို့ မလိုအပ်တဲ့အရာဘဲ။ ခါတိုင်းထက် စာပိုကျက်လိုက်ယင် ငါ အောင်မှာဘဲ" မောင်လတ်သည် သူ့စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်သည်။

ထိုနေ့မှ စ၍ မောင်လတ်သည် နံနက်အိပ်ရာမှ ခါတိုင်းထက် စောစောထသည်။ စာကို တနာရီခန့် အချိန်ပိုယူပြီးဖတ်သည်။ စာဖတ်ပြီး မိဘတို့ကို အလုပ်ကူညီလုပ်ပေးသည်။ ထို့နောက် နံနက်စာစား၍ကျောင်းသွားသည်။ ကျောင်း၌လည်း အားလပ်သော အချိန်များ၌ မသိနားမလည်သော သခ်ိန်းစာများကို အတန်းသားများနှင့် ဆွေးနွေးလေ့လာသည်။ သူ့အဖို့ အားလပ်ချိန်ဆို၍ မရှိပေ။

မောင်လတ်သည် ခြောက်လပတ်နှင့် ကိုးလပတ်စာမေးပွဲများကို အမှတ်ကောင်းကောင်းဖြင့် အောင်မြင်သည်။ သို့တိုင်အောင် သူ၏ကြိုးစားမှုကို မလျှော့ပဲ ဆက်၍ ကြိုးစားသည်။

နောက်ဆုံး အတန်းတင်စာမေးပွဲကြီးကိုမူ မောင်လတ်သည် ဂုဏ်ထူး တဘာသာဖြင့် အောင်သွားသည်။ မောင်လတ်သည် အကျေနပ်ကြီး ကျေနပ်နေမိသည်။

ကျူရှင်မယူပဲ ကိုယ်ပိုင်ကြိုးစား အားထုတ်မှုဖြင့် အောင်မြင်နိုင်သည် ဟူသော အချက်ကို မောင်ဆော်က သက်သေထူလိုက်ခြင်းပင် ဖြစ်လေသည်။

× × ×

# မီးသတိပြု

နွေလရာသီ ရောက်ပြီမှုမို့၊
မီးသတိပြု ပြောကြတယ်။

မီးဆိုတာဟာ
မလောင်ခင်တားကွဲ့၊
သားသားအမြဲ မှတ်ရမယ်။

သတိရှိပါ မီးမဆော့နဲ့၊
ပေါ့လျော့မှုကို ရှောင်ရမယ်။

မီးဆိုတာဟာ
ကြောက်စရာကောင်းသမို့၊
စုပေါင်းသတိ ရှိရမယ်။

မီးလောင်ခဲ့လျှင် သတိပြုဘို့၊
ညီညွတ်မှုနဲ့ ငြိမ်းသတ်ကွယ်။

ရပ်ရွာကျိုးကို
ထမ်းဆောင်ရွက်လို့၊
မပျက်စိတ်ထား ရှိရမယ်။
ရှိရမယ် – သိရမယ်။ ။

မောင်ပုပြင် (ကျုံပျော်)



R. 517



# တင်ကျီး

တင်ကျီးငှက်သည် အမွေးအတောင် မည်းနက်၍ အလျား ၃၂ လက်မခန့် ရှိသည်။ သားပေါက်ချိန်တွင် ပါးနှစ်ဖက်နှင့် နံဘေးသည် ဖြူဖွေးနေသည်။


အသိုက်မှ ဝေးကွာသောနေရာတွင် အသံမပြုပဲ နေပြီး အသိုက်တွင်ကား လည်ချောင်းသံဖြင့် အော်တတ်သည်။

ရေချိုငှက်ဖြစ်သော ငါးကို ကျက်စားသည်။ ပုံသန်းရာတွင် လျင်မြန်၍ ရေငုပ်ငါးဖမ်းရာတွင် ကျင်လည်သည်။ ဦးခေါင်းကို မတ်ထောင်၍ ရေကူးလေ့ရှိသည်။ ရေပေါ်မှ ပြန်တက်ရာတွင် အတောင်ကို ပြင်းပြင်း ခတ်၍ တက်လေ့ရှိသည်။ ကုန်းပေါ်တွင် လမ်းမလျှောက်တတ်ပေ။

အောက်တိုဘာလ ခန့်တွင် သားပေါက်သည်။ အသိုက်ကို တုတ်ချောင်းများ၊ မြက်ပင်များ၊ ရေမှော်ပင်များဖြင့် ပြုလုပ်သည်။ တသိုက်လျှင် ဥသုံးလုံးမှ ခြောက်လုံးအထိ ရှိသည်၊ ဥစိမ်းဖြူသည်။ တဥလျှင် ပျမ်းမျှအလျား ၂.၃၉ လက်မနှင့် ပြက် ၁.၅၄ လက်မခန့် ရှိသည်။ တင်ကျီးကို ကမ္ဘာတဝှန်းလုံးတွင် တွေ့နိုင်သည်။

ရဲမြင့်





ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

အတွဲ–၂၊ အမှတ်–၁၈၊ ၂–၅–၇၀




အောင်မြင့်နှင့် လှဖေ သူငယ်ချင်း နှစ်ယောက်တို့သည် အလုပ်ရှာရန် တောမြို့ကလေးမှ ရန်ကုန်မြို့သို့ တက်လာကြ၏။
လှဖေရယ် .. ငါတော့ ထမင်းမစားတော့ဘူး ဗိုက်ဆာတာဘဲ၊ ရတဲ့ အလုပ် လုပ်မှာဘဲ ......
ဒီကွာ....ရန်ကုန် ရောက်နေမှဘဲ - ကြီးပွါး ရမှာပေါ့ - ရှိလောက် မတတ်တဲ့ လူတွေ တောင်×× ×× ×××
တလခန့်ကြာသော်
လှဖေရေ - ငါတော့ ပို့ဆောင်ရေးမှာ အလုပ်ရပြီကွ - မင်းလုပ် မလား၊ငါ ပြောပေးမယ်လေ
မင်းအလုပ်က - ဂျိ/-စား မဟုတ်လား .. ဟား ဟား - ဒါမျိုး တော့ မလုပ် သေး ဘူး
တဖြေးဖြေးတော့ တက်မှာပေါ့ကွ
ဥက္ကလာပတွင် သားမယားများနှင့် နေထိုင်ကြစဉ် အောင်မြင့်သည် အလုပ်ရလာသဖြင့်
တနေ့တွင်
အောင်မြင့်ရယ် - အလုပ် ထွက်ခဲ့စမ်းပါကွာ - ငါနဲ့ အတူသာ××××××
မင့်အလုပ်က ဖြတ်လမ်းဘဲဟာ.....
အေးလေ - ငါ့အလုပ်က ဖြတ်လမ်း မင့်အလုပ်က ဝေါ်လမ်းပေါ့ ဟား ဟား - ဟား ဟား
လှဖေရောက်လာပြီး....
ကဲလာ - မူရှုး တို့ - ပေတိုးတို့ - ရော့ - မုံ့ ဝယ်စားကြ - ရုပ်ရှင်ကြည့်ကြ -
ကလေးများကိုပင် မုံ့ဖိုးပေးပြီး
ကိုအောင်မြင့်....လှဖေ တို့ဟာရှိနေပုံရတယ်.... သူ့ မိန်းမလဲ လက်ကောက် တွေအပြည့်ဘဲ..... သူ့ခဲ့သာ တွဲမြီး××× ×××××
ဝေါ်စမ်းပါ — လှဖေရယ် လှဖေက အခု သူ့ ကိုယ်သူ - ဝေါ်ဖိုး - တဲ့ - တခါတခါ မိုလ်ဝေါ်ဖိုး - - တဲ့
လှဖေပြန်သွားသော် ဇနီးသည်က....


လှဖေလုပ်ငန်းတွင်ကား
ဒီလိုခင်များ လိုချင်တဲ့ စက္ကူထုပ်တွေ ဖယောင်းစက္ကူတွေ...
အါး.....အါးကီးကောင်း – ကျေးဇူး – အါးကီးတင်တယ် ရော့–ရော့.....လျှော့မ်းကောင်း ဖိုးစော်ဖို...
တခါတုံရံ
ဟောဒီစာနဲ့ – ဟိုဆိုင်ကိုသွား – မိုလ်ဖေါ်မိုးသွတ်လိုက်တယ်ပြော – ခင်များတို့ လိုတာ အားလုံးရမယ် – ထုတ်ယူခဲ့....
ဟုတ်ကဲ့ – မိုလ်မှူး
မိုလ်မှူးဟန်ဆောင်၍လည်း ခပ်တည်တည် လိမ်တတ်လေသည်။
ဟော့ – လှဖေ – ငါ့စံပြ လုပ်သား အရွေးခံရတယ်၊
ဟား...ဟားဟား... အောင်မြင့်ကြီးက – အ, တန်း.ခုတန်းဘဲကိုး.... ဆိုင်ပါအုံး ..... ဟော့ – ငွေရှိယင်လေ – ပေလီကို ဆယ်ခေါက်မက သွားနိုင်တယ်
အေးပေါ့ကွာ – ရိုးတယ် – အ, တယ် ဘဲထားပါတော့...
တနှစ်ခန့်ကြာသော်
ဟင် – ဟင်း.....မဆိုးဘူး...ငွေစက္ကူအစစ် လောက်မင်ကျ.မင်နဲ့ – မကောင်းလှသေးဘူး – စိတ်ရှေရှေထားပြီး ကြိုးစားယင်..ရပါတယ် –
လှဖေ၏လုပ်ငန်းကား တိုးတက်လျက်ရှိ၏။
ဟုတ်ကဲ့ ဆရာ
ကြည့်စမ်း – ကြည့်စမ်း – စစ်တပ်က တံဆိပ်တုံးတွေ – ကျောင်းက တံဆိပ်တုံးတွေ – စတါးတွေ – ဘါးတွေ – တုလဲ တုနိုင်တဲ့ကောင် ဘဲ...ဟင်း... သောင်းကျန်းလှချေ ကလား..
တနေ့တွင် စစ်စုံထောက်များနှင့် ရဲများ ရောက်လာပြီး ရှာဖွေမေးမြန်းကာ....
ဟော့ – နောက်ဘာတွေရှိသေးသလဲ..
မရှိတော့ ပါဘူး ခင်ဗျာ
လှဖေအား ဖမ်းသွားလေတော့၏။


ရက်တွေ၊ လတွေကြာညောင်းလာသော်
ကိုအောင်မြင့်ရယ် - ရှိတာတွေလဲ ကုန်ပါပြီ၊ သူကပေး ဆိုတဲ့ လူတွေကိုလဲ သွားပေးတာပါဘဲ.... ခုထက်ထိ ဘာမှမထူးဘူး --- အိမ်မှာ စားဘို့ ဆန်တောင်မရှိတော့ဘူးရှင် ... ကူညီပါအုံး ..........
အောင်မြင့်အိမ်သို့ လှဖေ၏ဇနီး ရောက်လာပြီး
မခင်ဒီ..........
ခုခေတ်မှာ ငွေများ တရားနိုင် ဆိုတာမရှိတော့ဘူး --- ကြားကညာစားသူတွေ ဟာ လှဖေလိုလူတွေဘဲဖြစ်မှာပေါ့... ဒို့တော့ ဂိုးဂိုးဘဲ ကြိုက်တယ် ... ဒါမှ ဘောဂကင်းတယ်.... အေးလေ - ဖြစ်မိမှတော့ မတတ်နိုင်ဘူးပေါ့ - ဒို့လဲ တတ်အားသရွေ့ ကူညီပါ့မယ်
ညီမရယ် - စားရေး သောက်ရေး ဘာမှ မပူနဲ့ -- ကိုအောင်မြင့်လဲ အလုပ်တိုးနေပါပြီ... ဒို့စားသလို စားရမှာပေါ့..
အောင်မြင့်၏ဇနီးက အားပေးရှာလေသည်။
အလုပ်သမား အရေး
ဒို့အရေး
ဒို့အရေး
ဖူးဂိုကရေစီစနစ်
တိုက်ဖျက်ပစ်
တိုက်ဖျက်ပစ်
အလုပ်သမား ပေါင်း
ရှုထောင် ရှုထောင်
အလုပ်သမားနေ့တွင် လုပ်သားထုကြီး ချီတက်လာစဉ် ---
စံပြလုပ်သားကြီး ဦးအောင်မြင့်ကား ထိပ်ဆုံးမှ ပြည်ထောင်စု အလံကြီးကို ခန့်ခန့်ညားညား လွှင့်ထူလျက်....
အင်း .........
ဖြတ်လမ်း...ဖြတ်လမ်း ...ဖြတ်လမ်းဆိုတာ ထောင်လမ်း ပါကလား.....
အချုပ်ခန်းတွင်းမှ စီရင်ချက် ချမည့်နေ့ကို စောင့်မျှော်နေသော လှဖေသည် ချီတက်လာသော လုပ်သားထုကြီးကိုကြည့်ရင်း နောင်တ ရလျက် ရှိလေ၏။


ခွန်းခွန်း
တားတား
ပန်းချီ — ဦးစိန်
ဇာတ်လမ်း — မြေမြိုင်း
ခွေးနက်ကြီးသည် ကျော်ကျော်ကိုမြင်သောအခါ မာန်ဖီပြီး ကြည့်နေ၏။
အိုး...အိုး...အိုး ကိုက်ယင် တော့ ဒုက္ခဘဲ
ပျော်ပွဲစားထွက် လာတုန်းက-ချော ကလက်တွေ အိတ် ထဲ-ထည့်ခဲ့ပါ တယ်
ရော့ စား စား
သွားတော့မယ် ခွေးနက်ကြီး ရေ့
ခြံစည်းရိုး က ထွက်ဖို့မလွယ် ဘူး သံဆူးကြိုး ကာထားတယ်
သံဆူးကြိုးအောက် က-ဝပ်ပြီးထွက် မှ ဖြစ်မယ်


ဒီအပေါက်ကလေး ရှိလို့တော်သေးတယ်
ဪ ဘောင်းဘီစကို ဘယ်သူများ ဆွဲထားပါလိမ့်
အဲဒီ အရေးထဲ သံဆူးကြိုးနဲ့ ငြိနေပြန်ပြီ
လမ်းကလေးအတိုင်း ပြေးဆင်းလာပြီး ကမ်းစပ်သို့ ရောက်သောအခါ....
လှာဝန်းက ထားခဲ့တဲ့လှေကလေး ရှိသေးတယ်
ကျော်ကျော်သည် လှေကလေးကို ကြိုးစား၍ လှော်ခဲ့၏။
မြန်မြန် လှော်မှဘဲ
ရဲစခန်းကို မြန်မြန် ရောက်အောင်ဖြတ် လမ်းကပြေးမယ်
ကားလမ်းအတိုင်း ပြေးယင် ရဲစခန်းကို ရောက်မှာဘဲ


ရဲစခန်းသို့ရောက်သောအခါ
ဟဲ့ကလေး ဘာဖြစ်လာတာလဲဟင်
ကျနော့်အကိုနဲ့ အမေတွေကိုလူဆိုးတွေ ဖမ်းထားလို့
ဆရာ ဒီကောင်လေးက သူ့အကိုနဲ့အမေတွေကို လူဆိုးတွေဖမ်းထားလို့တဲ့
နေဦး - မင်းက ဦးဘိုးမှိုင်ခြံထဲမှာ ကစားနေတဲ့ကောင်လေးမဟုတ်လား - ငါ့ကိုမှတ်မိရဲ့လား
မှတ်မိပါတယ် ဦးလေးကိုအရူးကြီးလို့တောင်ထင်မိသေးတယ်
ကျော်ကျော်သည် အဖြစ်အပျက် အားလုံးကို ပြောပြလိုက်လေ၏။
ကဲ - အချိန်သိပ်မရှိဘူး
အသင့်ပြင်




ဆက်ရန်


ကြံကြံဖန်ဖန်
ကာတွန်း
ဒီပူပေါင်းကိုသူ့ရဲ့ရုပ် ရေးပြီးလူတွေကိုခြောက် ဦးမယ်-
ဒီရေမြောင်းထဲက ပုန်းပြီးခြောက်မယ်
အမယ်လေး
ဟား..ဟား..ဟား
အမယ်လေးဗျ
ဒီကောင်လေး ကြံကြံဖန်ဖန်ကို ဆော့တယ်.


ဝုတ်-ဝုတ်---ဝုတ်
ဟာ-ခွေးလိုက်လာပြီ
ပြေးမှဘဲ-
ဖောင်း
ဝုတ်
ဝုတ်
ဟဲ့ ခွေး-ဟဲ့ ခွေး
အဲဒါသူများကိုဒုက္ခ
ရောက်အောင်လုပ်လို့
ကိုယ်လဲဒုက္ခရောက်
တာဘဲ-
နောက်သူများ
ဒုက္ခရောက်အောင်
မလုပ်တော့ပါဘူး
ခင်ဗျား


မီး
သတိပြုကြမယ်
ကလေးတို့ရယ်
RASU
မီးခြစ်ဖြင့် ဆော့ကစားခြင်းကို ရှောင်ပါ
မီးပူကိုအဝတ်ပေါ်တွင်တင်၍မေ့မထား ခဲ့ပါနှင့်။
အိမ်ထရံနှင့်ကပ်၍ မီးဖိုမပြုလုပ်ပါနှင့်။
အိမ်နှင့်ကပ်၍ အမှိုက် မီးမရှို့ပါနှင့်။
မီးကြောင့် မြန်မာပြည်မှာ နှစ်စဉ် သိန်းချီ ပြီးဆုံးရှုံးနေရလို့ ကလေးတို့ မီးကိုအထူး ဂရု စိုက်ကြတဲ့။


ချစ်ဦး(မန်းတက္ကသိုလ်)
မြန်မာ့စစ်သူရဲကောင်း
ပန်းချီ - ဦးအောင်တင
ရှေးခေတ် စစ်သည်တော်တွေထဲမှာ တချို့ဟာ ရန်သူ
တပ် အဝေးက ချီလာလို့ ဖုန်တွေထတာကို မြင်ရုံနဲ့
ကြောက်တတ်သူလဲ ရှိတယ်။
တချို့ကတော့ ရန်သူ့ရဲ့ စစ်တံခွန်
စစ်အလံတွေကိုမြင်တာနဲ့ကြောက်
တတ်သတဲ့။
လိုက်ဟ
ထိုးဟ
ခုတ်ဟ
ပိုင်းဟ
တချို့ကျတော့ ရန်သူ့ရဲ့ အော်ဟစ် ကြွေးကြော်
သံကိုကြားယင် ကြောက်လန့်တတ်သတဲ့။
ကြောက်ပါပြီ
ခင်ဗျာ
ဒါတွေကို မကြောက်တတ်ပေမဲ့ ရန်သူနဲ့
ရင်ဆိုင်တိုက်လို့ မိမိကို ထိရှသွားယင်
ကြောက်စိတ် ဝင်သူတွေလဲ ရှိတယ်။
စစ်ပွဲမှာအသက်ကို
နှမြောယင် သူရဲကောင်း
မပီသဘူး
ဟုတ်
တယ်
တကယ့် စစ်သူရဲကောင်းတွေကတော့ ဒါမျိုး
တွေကို လုံးဝမတုန်လှုပ်ဘဲ စစ်ပွဲမှာ အသက်စွန့်ရ
ယင် ဂုဏ်ယူချင့်တဲ့သူတွေ ဖြစ်ကြတယ်။
ရဲရင့်တဲ့ စစ်သူရဲကောင်းတွေကို ရှေး
မြန်မာဘုရင်များ လက်ထက်က လေးစား
နှစ်သက် ချီးမြှင့်ကြတယ်။


မြင့်မောင်လွင်
သွား အခုသွား မင်း ကိုင်ပါမခေါ်တော့ ဘူး
ဒီလိုဆိုလဲ သွားရတာပေါ့
ဟာ! ငါ့ဖော်ထိန်ကျန်ခဲ့လို့သွားယူပေးစမ်းပါကွာ .. ငါ မင်းနဲ့ ကျွေးပါ့မယ် ..
တကယ်နော်
ပေးစမ်း ဒါ အိုဖေ့ကို သုံးဖြယ် ဘာလဲ မကြေနပ်ဘူးလား ဟား ဟား
မလုပ်ပါနဲ့ဗျာ
ဟေ့ ဟေ့ - ဒါ လူသွား လမ်းကွ - သွား သွား - မကစားရ ဘူး
အဲဒီလို တော့ မရှောင်ရှက်နဲ့ ကွာ - - -
ထို့ကြောင့် အဖော်တစုက မိုးတေကို မကျေနပ်ကြချေ။
ဒီကောင်ဆိုလိုကွာတယ်ကွ
အမြဲလူလည်လုပ်တယ်
အေးကွ
သူ့ကိုဘယ်တော့မှမခေါ်ကြနဲ့ တော့ကွာ
တနေ့တွင်
မင်းတို့ဘာလုပ်ကြမလို့လဲ - ငါလဲ ပါမယ် ဟေ့ - -
ဟင့်အင်း - - မပါရဘူး
မင်းပါယင် နိုးမကစားဘူး
ဦး အားလုံး မင်းနဲ့ မကစားဖို့ ဆုံးဖြတ်ထားပြီ
သို့နှင့် မိုးတေစိတ်ပျက်စွာ ပြန်ခဲ့ရရှာလေသည်။
နောင်တွင် အားလုံးနှင့် သင့်မြတ်စွာ ကစားမည်ဟု ဆုံးဖြတ်လေတော့သည်။

# ကျည်းသားရိုက်

ကျော်ညွန့်ဦး



ကျည်းသားကို မန်ကျည်းသားဖြင့် ပြုလုပ်လေ့ရှိသည်။

ထို ကျည်းသားကို အရှည်နှစ်တောင်ခန့် ရှိသော တုတ်တချောင်းဖြင့် ရိုက်ကစားရသည်။

တယောက်ချင်း သော်၎င်း၊ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ သော်၎င်း ကစားနိုင်သည်။

ကစားပုံမှာ ကျည်းသားကို မြေတွင်းရှည်ရှည်ကလေး တခုပေါ်တွင် ကန့်လန့်ဖြတ် တင်ထားပြီးနောက် ကျည်းသားရိုက် တုတ် ဖြင့် က လော် တုတ်လိုက်ရသည်။ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းတွင် တဖက်အတွဲမှ ကစားသူများသည် အသင့်ရပ်စောင့်နေကြသည်။ မြောက်တက်လာသော ကျည်းသားကို မြေမကျမီ ဆီး၍ ဖမ်းကြသည်။ ဖမ်းမိပါက ရိုက်သူရှုံး၍ ထွက်ပေး ရ သည်။ ဖမ်း မ မိ ပါ က ကျည်းသားကျရာနေရာမှ လှမ်းပစ်ပေးရသည်။ ထိုအခါ ရိုက်သူက ပြန်ရိုက်ရသည်။ ယင်းကို "တာပြန်ခေါက်" သည်ဟု ခေါ်သည်။

အရှုံးအနိုင်မှာ ကျည်းသားကျရောက်ရာနေရာမှ တွင်းရှည်ကလေးအထိ တုတ်ဖြင့် တိုင်းကြည့်ရသည်။ အတိုင်းကို "တတို၊ နှစ်တို" စသည်ဖြင့် ရေတွက်ယူရသည်။ နောက်ဆုံး "အတို" များသူက အနိုင်ရရှိသည်။

ကျည်း သား ကို တာ ပြန် ခေါက်သူက မခေါက်မိပဲ လွှဲချော်သွားလျှင် ရှုံး၍ နောက်တယောက်အလှည့်ဝင်ရသည်။



ဝါ၊ ပြာ၊ စိမ်း၊ နီ ဆေးရောင်များဖြင့်ခြယ်ပါ။



# အဖေ့အလုပ်ကို ဂုဏ်ယူပါသည်

မောင်ငြေ့သား(အညာ)

ဂျင်မီ၏အဖေကိုတွေ့ရတိုင်း ကျွန်တော့်မှာ ကျွန်တော့်အဖေ အတွက် ရှက်မိပါသည်။ ဂျင်မီ ကျောင်းလာတိုင်း၊ကျောင်းပြန် တိုင်း သူ့အဖေက ကားကြီးနှင့် လာလာကြိုပါသည်။ကျွန်တော် တို့ကျောင်းတွင် ကားကြီး နှင့် ကျောင်းတက်နိုင်သူမှာ ဂျင်မီ တဦးတည်းသာ ရှိပါသည်။

"ဂျင်မီတို့ အဖေက သိပ် ချမ်းသာတာဘဲကွာ။ ကြည့်ပါ အုံး– ကျောင်းသွား ကျောင်း ပြန် ကားကြီးနဲ့ လာလာကြိုနေ တာဘဲ"

"အေးကွာ- ဒို့အဖေနဲ့မျှား ကွာပါ့ကွာ။ သူ့လိုကားကြီးစီး ဘို့ဝေးရော၊ မုံ့ဘိုးတောင် တနေ့ မှဆယ်ပြားတဲ့ကွာ"

နေ့လယ်မုံ့စားဆင်းချိန်ဝယ် ကျွန်တော်နှင့် ကျော်စိုးတို့ စ ကားပြောခဲ့ကြပါသည်။ ကျော် စိုးပြောသော စကားတို့ကို ကျွန် တော် ကောင်းကောင်းထောက် ခံပါသည်။ ကျွန်တော့်အဖေမှာ ဆိုက် ကား နင်း ပါ သည်။ ကျွန် တော်တို့ ညီအစ်ကိုသုံးယောက် ကို ဆိုက်ကားနင်းကာ ကျောင်း ထားပေးပါသည်။ဂျင်မီ၏အဖေ ကားကြီးနှင့် လာကြိုတိုင်းဆိုက် ကားနင်းစားနေသော အဖေ့အ တွက် ရှက်နေမိပါသည်။

"ဂျင်မီအဖေ ဘာလုပ်သလဲ မသိဘူးကွ။ ကားကြီးစီးနိုင်တာ ဆိုတော့ ဒို့အဖေဆိုက်ကားနင်း တာထက်တော့ ကောင်းမှာဘဲ ကွာ"

"အေးကွ၊ ကေန္တတော့ ဂျင် မီ့အ ဖေ ဟာ အ လုပ် အ ကိုင် ကောင်း ကောင်း လုပ်နေတဲ့သူ ဖြစ်ရမယ်ကွ"

အား အား ရှိ တိုင်း ကျွန် တော်နှင့် ကျော်စိုးတို့မှာ ဂျင်မီ့ အဖေကိုသာ အားကျနေကြပါ သည်။ ကျွန်တော်တို့၏ ဖခင်ကို မူ သိပ်ပြီး သတိမရကြပါ။

"ငါ တော့ ကွာ– ဒို့ အ ဖေ ဆိုက်ကားနင်းတာကို ပြောရ မှာ ရှက်ပါ့ကွာ"

ကျွန် တော် သာ မ က တ ကျောင်းလုံးကပါ ဂျင်မီကို အ ထင်ကြီးကြပါသည်။

ယခုတလောတွင် ဂျင်မီ့အ ဖေကျောင်းကြိုလာသည်ကို မ တွေ့ရပါ။ ဂျင်မီ၏ မျက်နှာမှာ လည်း ယခင်ကဲ့သို့ မရွှင်ပါ။ ကျောင်းလာရော ကျောင်းပြန် ပါ ကားကြီးနှင့်မလာတော့ပါ။ ဂျင်မီ့အဖေ မည်သို့ ဖြစ်နေပါ လိမ့်။

"ဟော့ကောင်–တွတ်နီ၊ မင်း သိပီးပလားကွ"

"ဘာလဲဟ ကျော်စိုးရ"

"ဟို-ဂျင်မီ့ အဖေလေကွာ။ သူကမှောင်ခိုလုပ်တာတဲ့ကွ။ အဲဒါ အခုမှောင်ခိုပစ္စည်း တသိန်းဘိုးလောက်မိလို့ ဖမ်းသွားပြီတဲ့ကွ။ ဒါကြောင့် ခုတလော ဂျင်မီငြိမ်တာပေါ့"

"ဟေ...."

ကျော်စိုး စကားကြောင့် ကျွန်တော် အံ့အားသင့်သွားပါသည်။ ပြီးတော့ ကျွန်တော့်ကိုယ်ကျွန်တော် ပို၍ ရှက်မိပါသည်။ ဘာလုပ်စားသည်ကိုပင် မသိဘဲနှင့် ကားကြီးစီးနိုင်သော ဂျင်မီ့ အဖေကို အားကျကာ ကျွန်တော့်အဖေကို အထင်သေးမိသော ကျွန်တော့်ကိုယ်ကို ကျွန်တော် ပြန်ရှက်မိပါသည်။


မတရားသော အလုပ်ဖြင့် ကြီးပွားကာ ကားကြီး စီးနိုင်သော ဂျင်မီ၏အဖေကို အထင်မကြီးတော့ပါ။

"အင်း– ကားကြီးစီးနိုင်တဲ့ မကောင်းတဲ့အလုပ်ထက် တနေ့မုံ့ဘိုးဆယ်ပြားသာ ပေးနိုင်တဲ့ ငါ့အဖေရဲ့ ဆိုက်ကားသမားဘဝက ဂုဏ်ယူစရာပါလား"

ကျွန်တော်သည် စိတ်ထဲမှ အဖေ့ကို ထပ်တလဲလဲကန်တော့နေမိပါသည်။



## ဆွဲချင်တာ မရှိလို့




## လုပ်သားရိပ်မြုံ

ဟိုဖက်ဖျားက စက်ခုတ်သံ၊
သည်ဖက်နားက တူထုသံ၊
ဒုံးဒုံး ဝီဝီညံ။

ပျံ့သူပျံ့ ဝဲသူဝဲ၊
အားနှင့်မာန်နှင့် သူတို့ငဲ့။

တဖြစ်လဲတဲ့ ပန်းဝတ်မှုန်၊
ချိုမြရသာစုံ။

ပြည်သူ့စက်ရုံ ညီညာဘိ၊
လုပ်သားရိပ်မြုံ သည်မှာရှိ၊
ပျားအုံထဲမှာကြည့်။ ။

မောင်သိရီ

R. 517



# နိုင်ပန်းစုံ

ရေးသူ ထင့်တင့်






မြန်မာနိုင်ငံတွင် တပေါင်းလမှစ၍ ပိတောက် သုံးကြိမ်ပွင့်ပြီးလျှင် မိုးကျ စမြဲ ဖြစ်သည်။ မိုးရာသီ၏ ရှေ့ပြေး


မိုးမကျမီ ပူပြင်းခြောက်သွေ့ နေချိန်တွင် ပိတောက် တကြိမ်ပွင့်လျှင် မိုးရာသီနှင့် တထစ် နီးလာပြီဟု လူအများ ဝမ်းသာကြသည်။ အလုအယက် ခူးကြခုတ်ကြ၍ အပင်များ အရုပ်ဆိုး ကျန်ခဲ့သည်။ ဘုရားပန်းအိုးစသည်များနှင့် အမျိုးသမီးများ၏ ဦးခေါင်းတွင် ပိတောက်ပန်းများ ဝေနေတော့သည်။




ပိတောက်ပန်းများသည် ရွှေဝါရောင်ရှိ၍ ရနံ့ကြိုင်သင်းသည်။ ထိပ်အ နည်း ငယ် ချွန်သော ဘဲဥပုံအရွက်များ အုပ်အုပ်ဆိုင်းဆိုင်း ရှိသည့်အကြားမှ အဆုပ်လိုက်၊ အခိုင်လိုက် ပင်လုံးကျွတ် ဖူးပွင့်ကြသည်။




ပိတောက်ပင်သည် အပင်ကြီးမျိုး ဖြစ်သည်။ အရိပ်ကောင်းသည်။ အသီးသည်ပြားဝိုင်း၍ ကျပ်ဒင်္ဂါး အရွယ်ခန့်ရှိသည်။





ပိတောက်သားသည် မာသည်။ အနီရောင် ဖျော့၍ အကွက်လှလှ ပါတတ်သည်။ ကြမ်းခင်းရန်၊ အိမ်ထောင် ပရိဘောဂ ပြုလုပ်ရန် သုံးကြသည်။ အိမ်တိုင်၊ လှည်းဘီး၊ လှေဘောင်၊ ထွန်၊ ထယ်၊ ဆီဆုံစသည်တို့ကို အချို့က ပိတောက်သားဖြင့် ပြုလုပ်ကြသည်။

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၈၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား


စနေနေ့တိုင်း ထုတ်ဝေသည်။


ဇါတ်လမ်း- မောင်ဖြူသား
သရုပ်ဖော်-
ရွှေသွား
ဂျာနယ်
အတွဲ ၂၊ အမှတ် ၁၉၊ ၉-၅-၇၀
တခါက ရွာတရွာတွင် ဦးကိုးကဆိုသူ တဦးသည် ကျယ်ဝန်းသော ခြံတခြံတွင် နေထိုင်၏။ ပန်းပင်၊ သစ်ပင်နှင့် အခြားသီးနှံပင်များကို စိုက်ပျိုးထားလေသည်။
ထို့အပြင် နွားများ၊ ကျွဲများ၊ ဝက်များ၊ ကြက်များ ကိုလည်း မွေးမြူထားလေသည်။
ဦးကိုးကသည် အလွန်ကပ်စေးနှဲပြီး၊ သူ့ခြံတွင်းသို့ မည်သူ့ကိုမျှ အဝင်မခံချေ။
အမယ်လေးဗျာ
ဟေ့-ဒီသရက်သီးတွေကို ကါမှုလို့ ကြည့်နေကြတာ လါခိုးမလို့ မှတ်လား၊ ကွာ၊
တရွာလုံးတွင်လည်း မည်သူ့ကိုမျှ အဝင်မဝင် အပေါင်းအသင်း မလုပ်သဖြင့် ရပ်ရွာကလည်း သူ့ကို ဝိုင်းပယ်ထားကြသည်။
ဟေ့-ဟိုမှာဦးကိုးကကြီး လာနေတယ်ဒါတို့ကို၊ ဆန်အိတ်သယ်ခိုင်းနေအုံးမယ်၊ မမြင်ချင်ယောင်ဆောင်နေကြဟေ့၊


ဦးကိုးကာခြံ၏ညာဘက်တွင်၊ ဒေါ်လုံးပုံဆိုသူ မုဆိုးမကြီးတဦးသည် ဖိုးလုံးနှင့် မအေးဆိုသူ သားသမီးနှစ်ဦးနှင့် အတူနေသည်။
တနေ့တွင်၊
ဘောလုံးကိုဖြေးဖြေးပစ်နော်ဖိုးလုံး၊ တော်တော်ကြာ ဟိုဘက်ခြံက ဦးကိုးကာကြီးကို ဘောလုံးမှန်လို့၊ ဒေါပွနေအုံးမယ်၊
ဟေ့-ကောင်လေးတွေ၊ ဘာဖြစ်လို့ ငါ့ပန်းပင်တွေကို ချိုးနေတာလဲ ဟင်-
ဦးကိုးကာကြီးက သိပ်ကပ်စေးနဲတာဘဲ၊
ဟုတ်တယ်-ဒါကြောင့် သူ့ခြံထဲကလူ မကြိုက်တာ၊ သူ့ကို သကြီးကလဲ သိပ်ကြောက်ကြ ကောင်းတာဘဲ၊
တနေ့တွင်
မိုးကလဲ အရမ်းရွာတာဘဲ၊ မိုးရေထဲ ပြေးကြရအောင်၊
မပြေးပါနဲ့ကွာ၊ ချော်လဲကျနေအုံးမယ်၊
ဟယ်-ဟိုမှာကြည့်စမ်းပါအုံးမမ၊ ဦးကိုးကာ ရဲ့နွားကြီး မဟုတ်လား၊ နွံထဲမှာနစ်နေတာ၊
ဝမ်းဘဲ
ဝမ်းဘဲ
အေး-အစစ်ပေါ့ ဦးကိုးကာ ရဲ့နွားကြီးဘဲ၊


ဦးဂိုးကြီးကို အကျိုးအကြောင်း သွားပြောကြရအောင်၊
သွားပြီးဆွဲတင် ကြရအောင်၊




စွန့်စွန့်စားစား
ပန်းချီ ဦးစိန် ဇာတ်လမ်း မြေမှိုင်း
တိုက်ဝါကြီးကို အနီးကပ်ဝိုင်းထား
ကျော်ကျော်နှင့် ရဲကြီးတို့သည် ကား တစီးဖြင့် ရှေ့မှ ထွက်သွားကြ၏။
လာဟေ့ဒို့က ဒီအနားက စောင့်မယ်
မင်း ဆင်းလာခဲ့တဲ့ ပြူတင်းပေါက်ကို ပြစမ်း
အဲဒီအပေါ်ထပ် မှာ ကျနော်တို့ကို ချုပ်ထားတာဗျ
ထိုအတွင်း တိုက်ဝါကြီးပေါ်၌ ....
မြန်မြန်ပြေးမှဖြစ်မယ် ရဲကားတွေ လာနေကြ ပြီ ဆရာကြီး
ဒါဖြင့်- ချာတိတ်တွေကိုထားခဲ့ ဒို့နောက်ဖေးဖက်ကဆင်းမယ် အားလုံး အသင့်ပြင်ဟေ့


ခြံကို ရဲတွေ ဝိုင်းထားပြီ ဆရာကြီး
ဆရာကြီးတို့က ကားပေါ် ကလိုက် ကျနော်က ဒီ ချာတိတ်တွေကိုဓါးစားခံ လုပ်ပြီး ရှေ့က ထွက်မယ်
ချာတိတ်တွေကို ဒို့ကား ရှေ့က ခေါ်လျှောက် သွားခိုင်းမယ် ဆိုပါတော့ - သိပ်ကောင်း ပေါ့
မိုးဟိန်း နောက်နားက ဖြေးဖြေး မောင်းပြီး ကပ်လိုက်
စိတ်ချပါ ဆရာကြီး
ရဲတွေနဲ့ အလှမ်းဝေး သွားယင် ကျနော် ကားပေါ်ကို ခုန် တက်မယ်
ကဲ အသင့် ပြင်-ထွက်မယ်
ပြေးမယ်တော့ မကြံကြနဲ့ သေ သွားမယ်
ကျော်ကျော် နဲ့ ရဲသားတွေ မြန်မြန်လာ ပါစေ....


ရဲအဖွဲ့ဝင်များသည် ခြံကြီးကို ဝိုင်းထား၏။
လူဆိုးတွေကားနဲ့ထွက်လာပြီ ဟေ့
ထွက်လမ်း ဟူသရွေ့ကိုလည်း ပိတ်ထား၏။
ဒီလမ်းကထွက်မယ်ထင်တယ်
ကားအတွင်းရှိ လူဆိုးများသည် ဂဏာမငြိမ် ဖြစ်နေ၏။
သတိမလစ်စေနဲ့ဟေ့
ကားရှေ့မှ ထွက်လာသော မိုးဟိန်းသည်လည်း တလှမ်းချင်း သတိနှင့် လာနေ၏။
ဟိုမှာလာနေကြပြီ
ရှူး...တိုးတိုး


ဆက်ရန်

# ကြက်ခြေနီ




စစ်ဘေး စစ်ဒဏ်ကြောင့် လူသားများ သေကြေရပုံ၊ ဒုက္ခရောက်ရပုံများကိုမြင်သူအများ သိရှိလာရာမှ ကြက်ခြေနီခေါ် အများအကျိုးဆောင် အသင်းများ ပေါ်ပေါက် လာရသည်ဟု ဆိုနိုင်ပေသည်။ အကြောင်းမှာ ၁၈၅၉ ခုနှစ်တွင် အီတလီနိုင်ငံ၌ ဖြစ်ပွားသော စစ်ပွဲကြီးတခုတွင် ကြီးစွာသော ဒုက္ခနှင့် တွေ့ကြုံခံစားကြရသော စစ်သားများ၏အဖြစ်ကို မမေ့ မပျောက်နိုင်သော ဆွစ်လူမျိုး ဂျင်းဟင်နရီဒျူးနန်း သည် "ဆော်လဖာရီးနိုးတိုက်ပွဲ၏ သတိရစာစောင်" ခေါ် စာအုပ်ငယ်တအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်ပါ အကြောင်း အချက်များမှာ စစ်ကြောင့် လူများဒုက္ခရောက်နေကြပုံများ၊ စစ်ပွဲတွင်ရန်သူ၊ မိတ်ဆွေဟူ၍ မခွဲခြားပဲ ဒဏ်ရာရသူများအား စာရေးသူကိုယ်တိုင် ဝင်ရောက် ကူညီခဲ့ပုံနှင့် စစ်ပွဲများတွင် ကူညီရန် အသင်းအဖွဲ့များကိုလည်း ဖွဲ့စည်းသင့်ကြောင်းများ ရေးသားထားသည်။

ထိုစာအုပ်၏ အကျိုးကျေးဇူးကြောင့်ပင် ၁၈၆၄ ခုနှစ်တွင် ဂျီနီးဗားမြို့၌ အပြည်ပြည်ဆိုင်ရာ အစည်းအဝေးတရပ် ကျင်းပပြီး ကြက်ခြေနီ စာချုပ်ကို ရေးဆွဲအတည်ပြုခဲ့ကြသည်။




ကြက်ခြေနီ လုပ်ငန်းကို စတင် ပျိုးထောင်သူဟု ခေါ်ဆိုရမည့် ဂျင်းဟင်နရီဒျူးနန်းအား ဂုဏ်ပြုသည့် အနေဖြင့် ကြက်ခြေနီ အသင်း၏ အလံကို ပြုလုပ်ရာ၌ ဆွစ်ဇာလန် နိုင်ငံ၏ အလံကို အရောင်များ ပြောင်းပြန် ပြုလုပ်၍ ရွေးချယ်ခဲ့ကြလေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ မွေးနေ့ဖြစ်သော မေလ ၈ ရက်နေ့ ကိုလည်း အပြည်ပြည် ဆိုင်ရာ ကြက်ခြေနီနေ့ အဖြစ် သတ်မှတ်ထားကြသည်။

ယခင်အခါများက နိုင်ငံအသီးသီးရှိ ကြက်ခြေနီ အသင်း တို့သည် စစ်ဖြစ်စဉ် အတောအတွင်း၌သာ စစ်တပ်မှ ဆေးနှင့် သူနာပြု တပ်ဖွဲ့များကို ကူညီခဲ့ကြသည်။ ယခုအခါ၌ကား စစ်တွင်းကာလ၌သာမက ငြိမ်းချမ်း နေချိန်တွင်လည်း၊ မီးဘေး၊ ရေဘေး စသည့် လူမှုရေးဆိုင်ရာ အကူအညီ အမျိုးမျိုးကို ပေးနေကြသည်။



အမှန်စင်စစ် ကြက်ခြေနီအသင်းသည် မွန်မြတ်သော စေတနာ၊ ရည်ရွယ်ချက်ဖြင့် ဒုက္ခရောက်နေသူ များအား ကူညီ စောင့်ရှောက် ပေးနေသော အများအကျိုးဆောင် လူမှုရေး အသင်းအဖွဲ့ တခုပင်ဖြစ်ပေသည်။

စိုးမြင့်


ပတ်ဝန်းကျင်
မောင်ထွေးသည် စာတော်၍ ရိုးသား ဖြောင့်မတ်သော ကျောင်းသား တယောက်ဖြစ်၏။
ဆရာမ မေးတာ မောင်ထွေး တယောက်ထဲ ဖြေနိုင်တယ် မင်းတို့လဲ စာကြိုးစားကြလေ
သို့သော် အပေါင်းအသင်းမထားတတ်။
တနေ့ ကျောင်းဆင်းချိန်
စာကျက်ရဦးမယ် မလုပ်နိုင်ဘူးကွ
ကျောင်းမှ လေ့လာရေးထွက်တိုင်း မောင်ထွေး မပါသည်က များ၏။
တစတစဖြင့် ပတ်ဝန်းကျင်နှင့် ကင်းကွာလာသည်။



သား - ပထမ ရတယ် ဖေဖေ
လစဉ် စာမေးပွဲများ၌ ပထမ ရသည်ကိုသာ သူ ကျေနပ် နေခဲ့၏။
ခြောက်လပတ် စာမေးပွဲပြီး၍ ဆုပေး ပွဲ ပြုလုပ်ရာ....
ဆုပေးပွဲ
မောင်စိုး ကွ
မောင်ထွေးမှာ ဒုတိယ ဆုသာရသည်။ ဖွံ့ဖြိုးရေး လုပ်ငန်းများ၌ ပါဝင်သော မောင်စိုးက ပထမရ၏။
မောင် ထွေး မှာ သူ့ကိုသူ မကျေ မနပ် ဖြစ်နေသည်
ငါ ကြိုးစား ရဲ့ သား နဲ့ ဘာဖြစ်လို့ ပထမ မ ရတာ လဲ မသိဘူး
မောင်ထွေး က စာသိပ် ကြိုးစားပြီး ဒုတိယ ဘဲ ရတယ် ကွ
ဆုပေးပွဲ၌ ကျောင်းပြဇာတ်အဖြစ် မဟောသဓာ၏ နွားတရား စီရင်ခန်းကပြရန် စီစဉ်ထား၏။ သို့ သော်....
နွားပိုင်ရှင် လုပ်ရမဲ့ ဖိုးအေး ဖျားနေတယ် တဲ့ ဆရာ
ဟိုက် ဒုက္ခ ဘဲကွ


မောင်ထွေးသည် ထိုအခက်အခဲကို ကူညီရန် ဆုံးဖြတ်လိုက်သည်။
ဆရာ ကျွန်တော် ကူညီပါရစေ
ဆရာသည် စိတ်တထင့်ထင့်ဖြင့် လက်ခံလိုက်ရ၏။
ကျွန်တော် ကြိုးစားပါ့မယ်
ဖြစ်ပါ့မလား ကွာ
ထိုနွားသည် ကျွန်ုပ်၏နွား စင်စစ်ဖြစ်ပါသည် အရှင်သား
သို့သော် ကျောင်းသုံးစာအုပ်မှ ဇာတ်လမ်းဖြစ်၍ မောင်ထွေး အဖို့ အခက်အခဲ မရှိပေ။
ပရိသတ်၏ ချီးကျူးခြင်းခံရပြီး
ဖြောင်း
ဖြောင်း ဖြောင်း
ဖြောင်း
စုပေါင်း ဆောင်ရွက်ခြင်း၏ အကျိုး ကို မောင်ထွေး နားလည်ခဲ့ လေ၏။
ထိုနေ့မှစ၍ စုပေါင်းလုပ်ငန်း မှန်သမျှတွင် မောင်ထွေး ကို အမြဲတွေ့ရလေတော့၏။




စွန်ငှက်သည် အလွန်အမြင်သန်၍ လျင်မြန်သည်။ မြေပြင်တွင် အစာကို တွေ့မြင်သည်နှင့် တပြိုင်နက် ကောင်းကင်အမြင့်၌ ပျံဝဲလျက် ရှိရာမှ အလွန် လျင်မြန်သော အရှိန်ဖြင့် ထိုးဆင်းလာပြီး နှုတ်သီးဖြင့် သုတ်ယူသွားလေ့ရှိသည်။

ဤကဲ့သို့ သဘာဝရှိသော စွန်ငှက်ကို အတုခိုး၍ မြန်မာ ကလေးသူငယ်များသည် ရှေးအခါကပင် ရွှေစွန်ညိုကစားနည်းကို တီထွင်ခဲ့ကြပေသည်။

ရွှေစွန်ညို ကစားနည်းကို များသောအားဖြင့် မိန်းကလေးများ ကစားလေ့ရှိသည်။

ရွှေစွန်ညိုအဖြစ် ကလေးတယောက်က လုပ်၍ ကျန်ကလေးများသည် ကြီးစဉ်ငယ်လိုက် တယောက်ခါး တယောက်ဖက်ပြီး တန်းစီရပ်ကြရသည်။ ထိုလူတန်းမှာ ညီအစ်မခုနစ်ဖော်ဖြစ်သည်။ နောက်ဆုံး မိန်းကလေးကို "မယ်ထွေး" ဟု ခေါ်သည်။ အတန်း၏ထိပ်ဆုံးမှ ကလေးသည် အသက်အရွယ်အားဖြင့်ရင်း၊ ကိုယ်ခန္ဓာ ဖွံ့ထွားမှုအားဖြင့်ရင်း အကြီးဆုံးဖြစ်ရသည်။ သို့မှသာ အတန်း၏ နောက်ဆုံးရှိ အငယ်ဆုံး "မယ်ထွေး" ကလေးကို စွန်၏ အန္တရာယ်မှ ရှောင်တိမ်း ကာကွယ်နိုင်ပေမည်။

ရွှေစွန်ညို လုပ်သူသည် သူ၏လက်နှစ်ဖက်ကို ပျံဝဲနေဟန် ဆန့်တန်း၍ စီတန်းနေသော ကလေးများရှေ့တွင် မျက်နှာချင်းဆိုင် ရပ်သည်။ ထို့နောက် ညီအစ်မခုနစ်ဖော်နှင့် အပြန်အလှန် အမေးအဖြေပြုလုပ်ရသည်။

ညီအစ်မခုနစ်ဖော်။ ။ရွှေစွန်ညို–ဘာကို လိုလို့ဝဲတယ်–ဝဲတယ်

ရွှေစွန်ညို ။ ။မယ်ထွေးလိုလို့ ဝဲတယ်–ဝဲတယ်

ညီအစ်မခုနစ်ဖော်။ ။မယ် ထွေး မ ပါ ဒို့ ချည်းသာ

ရွှေစွန်ညို ။ ။ပါ ပါရက်သား နောက်ကထား

ညီအစ်မခုနစ်ဖော်။ ။မယ်ထွေးအသား ခါးလှတယ်

ရွှေစွန်ညို ။ ။ပင် လယ် ရေ နဲ့ ဆေးပါ့မယ်

ညီအစ်မခုနစ်ဖော်။ ။ပင် လယ် ရေ နွေ မှာ ခန်းတယ်

ရွှေစွန်ညို ။ ။ပင်လယ်ရေ ဘယ်မခန်း–မယ်ထွေးအမိဖမ်း ဟုဆို

၍ ရွှေစွန်ညို လုပ်သူက နောက်ဆုံး ကလေးကို မိအောင်လိုက်ဖမ်းရလေသည်။ ရှေ့ဆုံးမှအစ်မကြီးလုပ်သူက စွန်ကို နောက်သို့ မဝင်နိုင်အောင် လက်ဖြင့် ကာဆီးရသည်။ နောက်လူတို့ကလည်း စွန်နှင့်ဝေးအောင် ရှောင်တိမ်းကြရသည်။ ထိုအခါ တဦးခါးကိုတဦး မြဲမြံစွာ ဆွဲထားကြရသည်။ အတွဲပြုတ်သွားလျှင် အမြန်လိုက်ဆက်ရသည်။

ဤသို့ စွန်နှင့် မယ်ထွေးတို့ အဖမ်း အရှောင်အတိမ်း ပြုလုပ်ကြရာမှ အကယ်၍ စွန်သည် မယ်ထွေးကို လက်နှင့်ပုတ်မိလျှင် အပုတ်ခံရသူမယ်ထွေး စွန်လုပ်ရသည်။ စွန်ဟောင်းက အတွဲရှေ့ဆုံးသို့ ဝင်၍ အစ်မကြီးလုပ်ရသည်။ ဤသို့ဖြင့် နောက်တပွဲဆက်၍ ကစားကြပြန်သည်။

× × ×

# သူငယ်ချင်းကောင်း

မောင်နေလ



ကျွန်တော်နှင့် မောင်မောင်သည် တကျောင်း တည်းတွင် ပဉ္စမတန်း ကျောင်းသားများ ဖြစ်ကြ ပါသည်။ မောင်မောင်သည် ကုလား ကပြားကလေး ဖြစ်၏။ ကျွန် တော် တို့ နှစ်ယောက်သည် အလွန်ချစ်ကြ၍ အတန်းထဲတွင် တခုံတည်း ထိုင်ကြပါသည်။ကျွန်တော်ကမောင်မောင်ကို အမြဲ နိုင်သည်။ သို့သော် ကျွန်တော်ယနေ့ကျောင်းပြေးမည်ဟု ပြောသောအခါ–

"ဘာလို့ ပြေးမှာလဲ၊ မပြေးပါနဲ့"ဟု မောင်မောင်ကမျက်နှာငယ်ဖြင့် ပြောရှာသည်။

"ငါ့ဟာ ငါ ကျောင်း ပြေးတာ၊ မင်းနဲ့ဘာဆိုင်သလဲ။ ဒီနေ့ ငါကျောင်းပြေးပြီး ရေသွားကူးမလို့"

"မင်းကို ငါဆရာနဲ့တိုင်ပြောမယ်။ မင်းအမေနဲ့လဲ တိုင်ပြောမယ်"

ကျွန်တော်၏ အတော်ပင်စိတ်ဆိုးသွား ပါသည်။ ထို့ကြောင့် သူ့ကျောကုန်းကို လက်သီးဖြင့် တချက်ထိုးလိုက်သည်။

"ကဲ-တိုင်ပြောအုံးမယ်ပြောအုံးကွာ၊ မှတ်ထား"ဟု စိတ်ဆိုးမာန်ဆိုး ဖြင့်လည်း ပြော လိုက်သေး၏။

မောင် မောင် သည် ကျွန်တော့်ကိုပြန်မထိုးပေ။ သို့သော် ပါးစပ် က "မင်း ထိုး ချင် သလောက်ထိုး၊ ငါကတော့ မင်း ပြေးယင် တိုင်ပြောမှာဘဲ" ဟု ဆိုကာ ထွက်သွားလေသည်။

ကျွန်တော်လည်း ကျောင်း မပြေးဖြစ်တော့ပါ။ သို့သော် မောင်မောင်နှင့် စကားမပြောဘဲ နေလိုက်သည်။ ညနေကျောင်းဆင်းသော် မောင်မောင်က –

"ငါက စေတနာနဲ့ပြောတာပါ တင်အောင်ရာ၊ မင်းကျောင်းပြေးလို့ စာ မလိုက်နိုင်ယင် စာမေးပွဲ ကျမယ်မဟုတ်လား" ဟု လာချော့သဖြင့် ကျွန်တော်တို့ ပြန်တည့် သွားပြန်သည်။

မေမေကလည်း ကျွန်တော့်ကို ရေမကူးရဟု တားမြစ်ထားသည်။ ကျောင်း ပိတ် ရက်တွင် အိမ်၌ မောင်မောင်နှင့်သာ ကစားစေ၏။ မေမေသည် ကျွန်တော့်ကို အမြဲ စောင့်ကြည့် ခဲ့သည်။ ယနေ့မေမေသည် သွားစရာရှိ၍ မောင် မောင် ကို မှာထားခဲ့၏။

"မောင်မောင် မင်းသူငယ်ချင်း ရေသွားကူးယင် ငါ့ကိုပြန်တိုင်၊ သားကလဲ ရေသွားမကူးရဘူးနော်"

အမေ ထွက်သွားသောအခါ ကျွန်တော်က မောင်မောင့်ကို အဖော်ညှိ၏။

"မောင်မောင် – ငါ တို့ ရေသွားကူးရအောင်ကွာ၊ အမေလာယင် တိုင်မပြောပါနဲ့"

"ရေသွား မကူးပါနဲ့ ကွာ၊ တော်ကြာ မင်းအမေက ငါ့ကို ပြောနေအုံးမယ်"

"မင်းမပြောယင် မေမေမသိပါဘူးကွာ"

"ဘာဘဲ ဖြစ်ဖြစ် မင်း ရေသွားကူးယင် ငါကတော့ တိုင်ပြောရမှာဘဲ"

ကျွန်တော်လည်း ဒေါသဖြစ်လာ၍ မောင်မောင်ကို မပြောတော့ဘဲ ထွက်လာခဲ့သည်။ မောင်မောင်သည် ကျွန်တော်နောက်က လိုက်လာသည်။

ကျွန်တော်သည် ချောင်းထဲ၌ ရေဆင်းကူးသည်။ ကမ်းပေါ်မှ ဒိုင်ဗင်ထိုးချသည်။ သို့သော် ကျွန်တော်သည် ရေကို ခွဲကူးမျှသာ ကူးတတ်သဖြင့် ရေ အနက်သို့ ရောက်သောအခါ နစ်ပါလေတော့သည်။

မောင်မောင်သည်ကမ်းပေါ်မှနေ၍ အော်ဟစ်ပြီးအကူအညီတောင်း၏။ ထိုအခါ လှေ ကလေး တစင်းက ကျွန်တော့်ကို ဆယ်ယူ လိုက်ပေသည်။ ကျွန်တော် ကမ်းပေါ်သို့ရောက်သောအခါ မောင်မောင်ကို ရှာမတွေ့ချေ။ သို့နှင့် အိမ်သို့ ပြန်လာခဲ့လေသည်။

အိမ်တွင် မေမေ ရောက်နေ၏။ လက်တွင်လည်း ကြိမ်လုံးကိုင်၍ဖြစ်သည်။ ကြိမ်လုံးကိုင်၍ စောင့် နေကတည်းက မောင်မောင် တိုင်သွားကြောင်းသိနေပြီ။

"မောင်တင်အောင် ခုဘယ်က ပြန်လာသလဲ၊ မှန်မှန်ပြောစမ်း"

"ကျွန်–ကျွန်တော် ချောင်းထဲမှာရေသွားကူးတာပါမေမေ"

"မင်းကို ရေမကူး ရဘူးလို့ ဘယ်နှစ်ခါပြောရမလဲ။ ခု ရေနစ်လာပြီ မဟုတ်လား။ ကံကောင်းလို့ မသေတယ်။ မင်း မောင်မောင်ကို စိတ်ဆိုး နေသလား။ ဟိုက မင်းကိုချစ်လို့လာတိုင်တာ"

မေမေသည် ကျွန်တော့်ကို ဆူပူကြိမ်းမောင်းပြီး ကြိမ်လုံးဖြင့် သုံးလေးချက် ရိုက်သည်။

နောက်တနေ့ကျောင်းတက်သောအခါ ကျွန် တော် သည် မောင်မောင်နှင့်တခုံတည်းမထိုင်တော့။ အခြား ကျောင်းသားတယောက်နှင့် နေရာလဲ ထိုင်သည်။

ကျောင်း မုန့်စားဆင်းသောအခါမောင်မောင်က ကျွန်တော့်ကို အတင်း လိုက်ခေါ်သည်။

"ဟေ့ကောင်– တင်အောင်၊ မင်းငါ့ကို စိတ်ဆိုးနေ သလား"

"အေး– စိတ်ဆိုးတယ်၊ ထိုးလဲ ထိုးချင်တယ်"

"မင်းကို ငါက ချစ်လို့ တိုင်တာပါ တင်အောင်ရာ"

"မင်းချစ်တာကငါအရိုက်ခံရတယ်ကွ။ မင်း နားလည်လား"

"မင်းအရိုက်ခံရတာ စိတ်မကောင်းပါဘူးကွာ။ဒါပေမဲ့ငါက မင်းကိုချစ်လို့ မင်းမသေအောင် တိုင်ပြောတာပါ။ မင်း နောက်တခါ ရေမကူး အောင်ပေါ့"

မောင် မောင် သည် ကျွန်တော့်ကိုချစ်၍ ယခုလိုတိုင်ပြောခြင်းဖြစ်သည်ကို နားလည်လာသည်။ ကျွန်တော်ယခုမှ နောင်တရမိပါသည်။

အမှန်မှာ မောင်မောင်သည် ကျွန် တော် ၏ သူငယ်ချင်း ကောင်းတယောက်ပေတကား။

## မိုးဆောင်းနွေ

မြောက်မှတောင်သို့
သွယ်တန်းရှည်
မောင်တို့ မြန်မာပြည်။
မိုးရာသီ ဝသန်လ
စပါးရွှေဝါ စိုက်ပျိုးကြ။
တိုင်းရင်းသားစုံ လက်တွဲညီ
မောင်တို့ မြန်မာပြည်။
ဆောင်းရာသီ စိုက်ကာပျိုး
နှမ်းပြောင်းလူးဆပ်
ပဲအမျိုးမျိုး။

အစဉ်တစိုက် ရွှေသို့ချီ
မောင်တို့ မြန်မာပြည်။
နွေရာသီ ကောက်ရိတ်သိမ်း
အောင်စည် သံသာဟိန်း။ ။

အင်းဝ–ညွန့်အေး



R. 517



# ခိုင်ပန်းစုံ


ရေးသူ တင့်တင်




ရွှေဝါရောင် ဝတ်ဆံ တိုကလေး အများ အပြားပါရှိ၍ ပန်းပွားကလေးနှင့် တူသော ဝတ်ဆံဖုံကို အဖြူရောင် ပွင့်ဖတ် လေးခုက ဝန်းရံထားသည်။ အဆင်း လှပသည့်အပြင် သင်းပျံ့သော ရနံ့လည်း ရှိသဖြင့် ကံ့ကော် ပန်းသည် အမျိုးသမီးကြိုက် ပန်းတမျိုးဖြစ် သည်။ အမြတ်တနိုးဖြင့် ဘုရားတင်ကြသည်။ ပန် ဆင် ကြ သည်။ တပို့တွဲလမှ တန်ခူးလတိုင်အောင် ပွင့်သည်။




ကံ့ကော်သည် အပင်ကြီးမျိုး ဖြစ်သည်။ လှံသွားပုံရှိသော အရွက်များ သိပ်သည်း ထူထပ်၍ အပင် အနေအထား လှသည်။ အရိပ်ကောင်း သည်။ သို့သော် အပင်ကြီးခဲသည်။ ဗုဒ္ဓဝါဒီများ က နောင်ပွင့်လတ္တံ့သော အရိမေတ္တယျ ဘုရား ရှင် အမှီပြု၍ ပွင့်မည့်အပင်ဟု အယူအဆရှိသည်။




ကံ့ကော်သီးသည် ရှည်လျား လျားနှင့် တ လက်မခန့် ရှိသည်။ အသီးဆံမှ ဆပ်ပြာ ချက်ရာ တွင် သုံးနိုင်သော ဆီတမျိုး ရနိုင်သည်။ ကံ့ကော် သားသည် နီညစ်ညစ် အရောင်ရှိ၍ လေးလံမာ ကျောသည်။ ကြာရှည်ခံသည်။ တန်တား၊ မီးရ ထား ဇလီဖားတုံး၊ ရေတွင်းဘောင်၊ လှည်းထမ်း ပိုးနှင့် ပုံတောင်းစသည်များ ပြုလုပ်နိုင်သည်။ ကံ့ ကော် ဝတ်ဆံ ခြောက်သည် သွေးဆေးအတွက် ဆေးဖက် ဝင်သည်။ အရွက်သည် မြွေဆိပ်နိုင် သည်ဟု ဆိုကြသည်။



၂၅ ပြား


ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၁၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - ရန်အောင်

အတွဲ-၂၊ အမှတ်-၂၀၊ ၁၆-၅-၇၀




...သိပ် ကြောက်စရာ ကောင်းတဲ့ စစ် ပါလား ......
အမေရေ ..... အဖေရဲ့ ......
... မရှိကြတော့ဘူးနော် ........
ဟီး .. ဟီး ....
ရန်သူလေယာဉ်ပျံများ ပြန်သွားပြီးနောက် နေအိမ်ပြန်ရောက်သော် အိမ်များမှာ ဗုံးထိ ပျက်စီးပြီး လူတွေလည်း ရှာမရ၊မေးမရနှင့် မိဘများပါ ပျောက်နေရကား မောင်အေးဖေခမျာ ဝမ်းနည်းပက်လက် ဖြစ်ရတော့၏။
ဘကြီး နေတဲ့ ဇရပ်မှာ ကျွန်တော့်ကို နေခွင့် ပြုနိုင်ပါသလား
နေနိုင်ပါတယ် လူကလေးရယ်... ဘကြီးက - မျက်မမြင် ဒုက္ခိတပါ
အင်း - ဒီအဘိုးကြီး တွေ့ရတာ - ငါ့မိဘ ပြန်တွေ့ရသလိုပဲ
မောင်အေးဖေသည် စိတ်ပျက်ပျက်နှင့် ခြေဦးတည့်ရာ လျှောက်သွားရင်း ညနေစောင်းတွင် ဗဟန်းဖက်ရှိ ဇရပ်အို တခုသို့ ရောက်သွား၏။
..... ဘကြီးက အာဖီးတိကုမ္ပဏီမှာ စာရေးကြီး လုပ်ခဲ့တယ်... မျက်စိကွယ်သွားတော့ အလုပ်ထွက်ရတယ်၊ ဘကြီး စုငွေတွေရလို့ မပျောက်မပျက်အောင် ရွှေဒင်္ဂါး တွေ ဝယ်ထားတယ်.....
ညဖက်၌ စကားစပ်မိရာ ဦးတင်က သူ့အဖြစ်အပျက်ကို ပြောပြလေသည်။
......စစ်ဖြစ်လါတော့ ဗုံးကင်းတဲ့ ဟော်ဒီဇရပ်ထဲ လါအနေမှာ - လူဆိုးတွေက ဘကြီး မှာရှိတဲ့ ရွှေဒင်္ဂါးထုပ်ကို ယူသွားကြတယ် -- ကွဲ ............
ဪ - ကျွတ်.ကျွတ်.ကျွတ် ဖြစ်မှဖြစ်ရလေဘကြီးရယ် ....... ဘကြီး.... ဘါမှ မပူနဲ့ - ဘကြီးကို ကျွန်တော် ရှာကျွေး မယ်.....
ဒီလိုဆို ကျေးဇူးတင် လိုက်တာကွယ် - လူကလေး ဘေးရန် ကင်းပါစေ .. ချမ်းသာပါစေ ........
မောင်အေးဖေမှာ စိတ်တသတ်သတ်နှင့် ကရုဏာသက်ကာဆုံးဖြတ်ချက်တခုချလိုက်၏။




သတင်းစာ
သတင်းစာ....
သတင်းထူးတယ်....
သတင်းဦးတယ်...
နောက်နေ့မှစ၍ မောင်အေးဖေသည် မျက်မမြင် ဒုက္ခိတကို သတင်းစာ လည်ရောင်း၍ကျွေး၏။
မောင်အေးဖေ - ရေ - ဒို့ဆိုင်ကို - ၅ - စောင်ထားခဲ့
ဟေ့ - သူငယ် ဒို့ကို-၂-စောင်ပေး
.၄-စောင်
သတင်းစာဆိုတာ ဒီလိုစောစော ရောင်းမှပေါ့ --- အေး.... ဒီမှာ-၃-စောင် ရောင်းပါဟေ့
ကျွန်မကို -၁-စောင် ပေးပါ
သတင်းစာ--လာပါအုံး
ကိုယ့်စေတနာ ကိုယ်အကျိုးပေးသည် ဟူသော စကားအတိုင်း မောင်အေးဖေသည် သူများထက် တွင်ကျယ်အောင် ရောင်းချရသည်။
ဟာ --- အဘကြီး..... ထမင်းမချက်ပါနဲ့..... မီးလောင်မှာစိုးရတယ်...
အဘကြီး တယောက်ထဲ နေတုန်းက - ကိုယ့်ဟာ ကိုယ်ချက်စားတာပါကွဲ လူကလေးရယ်... ကိစ္စမရှိပါဘူး
ဦးတင်သည် လက်ဖြင့် စမ်းကာ ထမင်းချက်နေသည်ကို မောင်အေးဖေ ပြန်အလာတွင် တွေ့သော်....
အဘကြီး ဝတ်မို့ လုံချည်ကန်တော့ပါတယ်. ဒါက - အဘကြီးအတွက် လေးချိုး ၁၀ - လျက်ဆား
သာဓု - ကွယ် သာဓု
ဦးတင်နှင့် မောင်အေးဖေမှာ အနေကြာသော် ပိုမို ရင်းနှီးလာပြီး သားအဖတမျှ ခင်ကြလေသည်။
မောင်အေးဖေ - ခုက်မန်က စ,ပြီး မင့်ကို တဦးတည်း ကိုယ်စားလှယ် ခန့်ဘို့ သဘော တူလိုက်ပြီ..... ရော့ ခန့်စာ.
မျက်မမြင် ဒုက္ခိတကြီးကို ရှာဖွေကျွေးမွေးနေသော မောင်အေးဖေ၏ သတင်းကို ကြားလေရာ စေတနာကို သဘောကျ၍....
အဘကြီး... အဘကြီးကို ကျွန်တော်ပြုစုတဲ့အတွက် အကျိုးထူးပေးတော့တဲ့ - ကျွန်တော် သတင်းစာ ကိုယ်စားလှယ်ဖြစ်ပြီ
ဝမ်းသာလိုက်တာ လူကလေးရယ်.... ချမ်းသာပါစေ ချမ်းသာပါစေ ချမ်းသာပါစေ....
ဇာရပ် ပြန်ရောက်သော်....



လူကလေး ကျေးဇူးကြီးလှပါသကွယ်.... သားအရင်းတောင် ဒီလိုပြုစုချင်မှပြုစုမှာ... သာရ....
သို့ဖြင့် စစ်ကြီး ပြီးသွားသော် မောင်အေး ဖေနှင့် ဦးတင်တို့သည် မြို့ထဲသို့ ပြောင်းရွှေ့ မည်ပြုစဉ် ဦးတင်ခမျာ ရုတ်တရက်အပြင်းဖျား တော့၏။
တနေ့တွင် ဦးတင်ရောဂါမှာ အပြင်းဖမ်း ကာ တစုံတခုကို ကြိုးစား ပြောလျက် မေ့တ ချက်၊ လျော့တချက်ဖြင့် သတိပြန်မလည်ပဲ....
ဒီ-ခေါ်ဟုံး-ခေါ်ဟုံး- ဆိုတာ ဘာပါလိမ့်... သူ့ခေါင်းအုံးလို့ ဆိုရအောင်လဲ အဓိပ္ပါယ်မရှိဘူး - လေဖြတ်ပြီး စကားမပြီတော့လဲ အခက်သားဘဲ
မကြာမီတွင်ပင် ဦးတင် အသက်ပျောက် သွားလေရာ မောင်အေးဖေသည် အလောင်း ကိုပြင်ထားပြီး နောက်ဆုံးပြောသော စကား ကိုတွေးနေ၏။
ဟင် - အင်. လေးလှချေလား.... မို့အစား ဘာတွေများထဲ ထိုးရှာပါလိမ့်
သို့ဖြင့် အမှတ်မ ထင် ဦးတင်၏ ခေါင်း အုံး ပေ ပေ လူး လူး လေးကို ဆွဲကြည့်မိရာ
အလွန်လေးသဖြင့် မသက်ာ ဖြစ်ပြီး ဖောက် ကြည့် သော် ရွှေဒင်္ဂါး ၂၀၀ တိတိ ထွက်လာ၏။
အင်း..လက်စသတ်တော့-ရွှေဒင်္ဂါးထုပ်ကို လျှို့ဝှက်ထားတယ်ဆိုတာ အေးကောင်းအောင် ပရိယာယ်နဲ့ ပြောတာကိုး....
သူတပါးအပေါ် စေတနာထားတာဟာ. တနေ့မှာ အကျိုးပေးတတ်တယ်--- အကျိုးပေးသည်ဖြစ်စေ မပေးသည်ဖြစ်စေ - သူတပါးအကျိုးကို ဆောင်ရွက်ရတာဟာ - စိတ်အချမ်းသာဆုံး လုပ်ငန်းတရပ်ဘဲ...... ဗျ
မောင်အေးဖေသည် ထိုနေ့မှစ၍ စားနိုင်၊ သောက်နိုင်သော ဦးအေးဖေ ဖြစ်လာပြီး စကားစပ်မိတိုင်း သူဖြစ်ရပ်ကို သာဓက တင်ပြပေလေသတည်း။


ဒိုင်းဒိုင်း ဒားဒား
ပန်းချီ ဦးစိန် - ဇါတ်လမ်း ဖေမြိုင်
ညိုအေးတို့သည် ကျော်ကျော်နှင့် ရဲကြီးတို့ပုန်းနေသော နေရာသို့ ရောက်လာသော် —
ချာဆုံးက ကောင်လေး ပြန်ပြန်သွားစမ်း
အား!
ဒိုင်း!
လက်ကို ထိသွားပြီ
မိုးဟိန်း ကားပေါ် ပြန်ပြန်တက်
မောင်း ဟေ့
ချုံထဲကိုတချက် နှစ်ချက် ပစ်ထည့် လိုက်မယ်
ဒိုင်း!


ညိုအေး၊ လှလှနှင့် အေးအေးတို့ သုံးယောက်
အံ့အားသင့်ကာကားလမ်းပေါ်၌ရပ်နေမိစဉ်
နောက်မှာ ကား-
ဘေးကိုခုန်လိုက်
ကလေးတွေ
ဝပ်နေကြပေါ့
ကားဘီး ကို
သေနတ်ထိသွား
ပြီ



ဘယ်သူ သေ သေ ဒါလွှတ်ဖို့အရေးကြီး တယ်
ပြေးမှာဘဲ
လူဆိုးနှစ်ယောက် ပြေးလာပြီတဲ့ဟေ့ အသင့်ပြင်ကြ
ဒီနေရာမှာဘဲ ခဏ နေကြအုံး နော်
ကျော်ကျော်၊ ညိုအေး လှလှနှင့် အေးအေးတို့ ကား လူဆိုးများအား လိုက်လံ ဖမ်းဆီးသည် ကို ကြည့်နေကြလေ သည်။


ဆက်ရန်

လူသုံးပစ္စည်းများအတွက်
အသုံးဝင်ပေါ

# တိရစ္ဆာန်များ

ကာတွန်း





လိပ်ခွံဖြင့် ပြုလုပ်ထားသော
လိပ်ခွံဘီး
ဆီချိုခွက်
လိပ်
ဆင်စွယ်ဖြင့် ပြုလုပ်ထားသော
စိပ်ပုတီး
ဘီး
ဆံထိုး
ဆေးတံ
စီးကရက်ဆွဲတံ
ဆင်
တူ
မိကျောင်း သားရေသေတ္တာ
မိကျောင်း
မြွေရေနှင့် ပိုက်ဆံအိတ်
ခါးပတ်
ဘိနပ်
မြွေ
အင်္ကျီ
ဦးထုပ်
ဝက်ဝံ
ဆိတ်သားရေဖြင့်
ပြုလုပ်ထားသော
ပုံ
တင်
ဘိနပ်
ဆိတ်


လုပ်အားခ
ပန်းချီ
ကျော်သောင်း
ဇာတ်လမ်း
အောင်ရှေး
သားရေ..ဘဘကြီးဆီကို ဒီသတင်းစာ သွားပေးကွယ်..
ဦးကြွပါဘာ ကစားလို့ ကောင်းနေ တုန်း
ညီမလေးကို အမေက-ဘဘကြီးဆီကို သတင်းစာသွား ပို့ခိုင်းလိုက်တယ်---
အောင်မယ်.. လာဖြီးမနေပါနဲ့.
အကို ခိုင်းတာ-အကို သွားပေးပါလား--
မယုံယင်-ဂမမေ့ သွားမေးကြည့်ပါလား..
ကဲ--ဒါဖြင့်သွားပေးမယ်..
အင်း--ညီမလေး တော့-ငါဖြီးတာကို ယုံပြီးသွားပေးပြီ--
ထို့နောက်
ဘဘကြီးက.. သိမ်မော်သီးတစ်လုံး ပေးလိုက်တယ်.
အကိုလဲ-တဝက် ပေးပါကွာ-နော် ညီမလေး....
ကိုယ့်လုပ်အားနဲ့ကိုယ်ရတာ.. ဘယ်ရမလဲ--လိုချင်ယင်- ကိုယ်တိုင်သွားပေးပေါ့.
နောက်ဆိုကိုယ့်အလုပ် ကို-ကိုယ်တိုင်လုပ် တော့မယ်----


ကျော်ကျော်
နုနု
သန့်သန့်ရှင်းရှင်း နေမယ်
အောင်စည်(ချောက်)
တကတဲ ကြွက်တွေက သောင်းကျန်းလိုက်တာ
အခန်းထဲမှာအမှိုက် ရှုပ်တော့ ကြွက်တွေ အောင်းတာပေါ့ကွဲ့…
သမီးလက်ထိပ်ကလေးတွေ မဲ့နေတယ်…ညက ဘာဖြစ်လဲမသိဘူး
သမီးကညစ်ပတ်တာကိုး လက်စင်စင်မဆေးတော့… ဟင်းနံ့ရမှီး ကြွက်ကိုက်တာပေါ့
စာမေးပွဲဖြေစဉ် -
လက်ထိပ်တွေနာလိုက်တာ… စာရေးလို့မရဘူး…ဒီအတိုင်းဆိုယင် ငါပထမရတော့မှာမဟုတ်ဘူး
ဒီနေ့ကစပြီး သန့်သန့်ရှင်းရှင်း နေတော့မယ်…


မကောင်းမှုဟူသည် –
ရေးဆွဲသူ – ကာတွန်းကြယ်မေ
ဇာတ်လမ်း မောင်အေးရှင် (သာကေတ)
ဒီနိုင်ငံသမိုင်း ဘာသာ ကျက်ရတာ သိပ်ပျင်းစရာကောင်းတာဘဲ စိတ်လဲမပါဘူး
ဒုက္ခဘဲ - ဒီနေ့ ခုခေါင်း စာမေးပွဲစစ်တော့မယ် ခုအထိ ဘာစာမှ မကျက်ရသေးပါလား
စာမေးပွဲခန်းတွင် -
ဆရာလစ်တုန်း၊ မြန်မြန်ကူးချမှ . . . . . .
ဟဲ ဟဲ ဟဲ - အောင်မှတ်တော့ ရမှာသေချာတယ်
အမှတ်စာရင်း ကြေညာသောနေ့
ဟော့ဖိုးတုတ် ထစမ်း ဒီစာရွက်ကလေး ပါ - မင်းစာမေးပွဲတုန်းက ကူးချတဲ့ စာရွက်မဟုတ်လား - မင်းအဖြေ စာအုပ်ကြားထဲ ကပါလာ တယ်-
ဒုက္ခဘဲ ဆရာမိသွားပြီ
အေးအမှန်ကို ဝန်ခံတာကောင်းတယ် နောက်ဒီမျိုးမလုပ်နဲ့.
ဟုတ်ကဲ့
ထိုအခါ ကျောင်းသားများအားလုံးက ရယ်မောကြ၏၊ ဖိုးတုတ်မှာ အလွန်ရှက်ပြီး နောင်တရလေတော့သတည်း။



# ဂျပ်ပစ်

အမျိုးသမီးတို့ အညောင်းပြေ ကစားကြရန်အတွက် ရှေးက ထွင်ခဲ့ဟန်တူသည်။

ဂျပ်ပစ် အဆင့်ပေါင်း ၃၇ ဆင့် ရှိသည်။ ရွှေကျူး ကစားနည်း၊ ရွှေကြည်တော်သည် ကစားနည်းဟုလည်း ခေါ်သည်။

တဦးချင်းဖြစ်စေ၊ လူလေးယောက်စီ အဖွဲ့လိုက် ဖြစ်စေ ယှဉ်ပြိုင်ကစားနိုင်သည်။

အချင်း လေးလက်မ၊ ထု တလက်မ၏ လေးပုံသုံးပုံရှိသော သစ်သားဂျပ်ဝိုင်းများကို စီတန်း၍ ထောင်ထားပြီး ပစ်ကစားခြင်း ဖြစ်သည်။ အနည်းဆုံး ၁၂ ပေ အများဆုံး ၁၈ ပေ ကွာသော နေရာမှ ဂျပ်ကိုပစ်ရသည်။ ဂျပ်ကို မထိမှန်လျှင်၊ ထိသော်လည်း ဂျပ် မလဲလျှင်၊ ပစ်သောဂျပ် မိုးကျူးလျှင် ပစ်သူ သေသည်။ "မိုးကျူး" ဆိုသည်မှာ လှိမ့်လိုက်သော ဂျပ်သည် စည်းကို ကျော်သွားခြင်းကို ခေါ်သည်။

မကူတမ်း ကစားလျှင် တယောက်သေက အဖွဲ့သားအားလုံးသေသည်။ ကူတမ်း ကစားလျှင်မူ သေသူအတွက် ပစ်ပေးခွင့် ရှိသည်။ ကူသူ သေလျှင် ကျန်လူအားလုံး သေလေသည်။

ကျန်အဆင့်များကို တခုပြီး တခုတက်ကစားသွားပြီး အဆင့် ၃၇ ဖြစ်သည့် "သုံးရှပ်ထိုး" အသွား အပြန်ကို စောစွာ ပြီးဆုံးသည့်ဖက်က အနိုင်ရသည်။




အဖြေ။ ။၁။ ပ ရ သ ဖ၊ ၂။ သွေးလှူရှင်၊ ၃။ ပလက၊ ၄။ ကြက်ခြေနီ၊ ၅။ ကုလသမဂ္ဂ၊ ၆။ ယုဘီအေ၊ ၇။ သစ်လုပ်ငန်းအဖွဲ့၊ ၈။ လူရည်ချွန်၊ ၉။ ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်။

# မှားမိပါသည်

ဗိုလ်ဗိုလ်မြင့်
(ကြည့်မြင်တိုင်)



ကျွန်တော်တို့ မိသားစု ပြန်တံဆိပ်မြို့မှ ကြည့်မြင်တိုင်ကို ပြောင်းလာ သည်မှာ မကြာသေးပါ။

ကျွန်တော်တို့ အိမ်ရှေ့တွင် ကလေးကစားကွင်း ရှိပါသည်။ ညနေတိုင်း ကျွန်တော်တို့ လမ်းထဲက ကောင်လေးတွေ ဘောလုံးကစားကြပါသည်။ ဖေဖေနှင့်ကျွန်တော်သည် ညနေတိုင်း ဘောလုံးပွဲကို အိမ်ပေါ်မှကြည့်ပါသည်။ ဖေဖေသည် ကောင်လေးများ၏ ကစားပုံကို သဘောကျသဖြင့် အမြဲ ချီးကျူးပါသည်။

"လူကြီးလေးတွေ ကျနေတာဘဲ။ ဘောလုံးကို ပိုင်ပိုင်နိုင်နိုင် ထိန်းနိုင်တယ်။ နေရာယူကစားတတ်တယ်။ အချိတ် အဆက်ရှိတယ်။ အလိမ်အခေါက်လဲ တတ်တယ်။ တဦးချင်းလဲ ကစားတတ်တယ်။ အသင်းလိုက်ကစားနည်းလဲ တတ်တယ်။ သိပ်တော်တဲ့ ကလေးတွေဘဲ"

"ဖေဖေ အဲဒီကောင်လေးတွေ ကျွန်တော်နဲ့တကျောင်းထဲ သားတွေဘဲ။ အားကစားရာသီ လမ်းပေါင်းစုံ ကလေး ဘောပွဲမှာ ပထမရထားတဲ့အသင်းပေါ့။ ကျွန်တော်လဲ သူတို့ အသင်းထဲဝင်ပြီး ကန်ပါရစေနော်"

နောက်နေ့တွင် ဖေဖေသည် ဘောလုံး တလုံး ဝယ်လာပါသည်။ ကျွန်တော်သည် ဘောလုံးအသစ်လေးကိုပိုက်ကာ သူတို့နှင့် ကစားရန် သွားပါသည်။ သူတို့က ဆီးကြိုကြပါသည်။

လူမစုံသေး သဖြင့် ဂိုးတိုင်တွင်းသို့ တယောက် တလှည့်စီ ကန်သွင်း ကစားနေကြပါသည်။

ကျွန်တော့်အလှည့် ရောက်သောအခါ ဘောလုံးကို သေသေချာချာတည်ကာ ညာခြေဖြင့်အားယူ၍ကန်လိုက်ပါသည်။ ဘောလုံးကို ချက်မှန်မှန် မထိသဖြင့်လိမ့်ရုံလောက်သာ ဘောလုံးက ထွက်သွားပါသည်။အားလုံးက ဝိုင်းရယ်ကြပါသည်။

"ဘောလုံးကို ပထမ ဖြေးဖြေးနဲ့ ချက်ကျကျ ကန်တတ်အောင် လေ့ကျင့်ရတယ် ဘတူရ။ မင်းတို့က မရယ်ကြပါနဲ့။ နောက်ကျယင် သူလဲ ကန်တတ်လာမှာပေါ့"ဟု အောင်ဝင်းက ပြောလိုက်ပါသည်။

လူအတော် များလာသောအခါ နှစ်ဖက်ခွဲ ကစားကြပါသည်။ အလွန်ပျော်ဘို့ ကောင်းပါသည်။

ညနေ အတော် စောင်းမှ ဘောပွဲပြီးပါသည်။ နောက်နေ့မှာ ကျောင်းပိတ်ရက်ဖြစ်သဖြင့် တခြားလမ်း အသင်းနှင့် ချိန်းထားကြောင်း အောင်ဝင်းက ပြောပါသည်။ သူတို့တွင် ဘောလုံး ပေါက်သွား သဖြင့် ကျွန်တော့် ဘောလုံးလေးကို ယူကာ စောစောလာဘို့ မှာလိုက် ပါသည်။

နောက်တနေ့ ကွင်းထဲတွင် ဘောလုံး သမားလေး များနှင့် အား ပေး မည့် ကောင် လေး၊ ကောင်မလေးများ ရောက်နေကြ ပါသည်။ တဖက်သင်းမှာ လမ်းပေါင်းစုံဘောပွဲ၌ ဒုတိယ

ဆွဲထားသောအသင်းဟု သိရပါ သည်။

ဘောလုံးကစားရန် လူရွေး သောအခါ ကျွန်တော်မပါရပါ။ ကျွန်တော့်ထံမှ ဘောလုံး လာ ငှားပါသည်။ ကျွန်တော်လည်း ပါဝင်ကစားလိုသဖြင့် –

"ငါလဲပါရမှ ဘောလုံးပေး မယ်"ဟု ပြောလိုက်ပါသည်။

"မင်းကသိပ်မှမကစားတတ် သေးတာဘဲ။ နောက်မှ ဝင်က စားပါကွယ် "

အောင်ဝင်းက တောင်းပန် သော်လည်း ကျွန်တော်ကဘော လုံး မပေးသဖြင့် ပြောမရသည့် အဆုံး၌ ဝင်ကစားခွင့် ပြုလိုက် ပါသည်။

ကျွန်တော်က နောက်တန်း လူအဖြစ် ကစားရပါသည်။

ဘောလုံးပွဲ စ၍ ကစား ပါ သည်။ ကျွန်တော့်ထံရောက်လာ သမျှဘောလုံးကို ဘာမျှ မလုပ် တတ်ပါ။ ရှေ့တွင် ဘောလုံးငြိမ် အောင်လည်း မ ဖမ်း တတ်ပါ။ တဖက်လူ ယူလာသော ဘော လုံးကိုလည်း မဖျက်နိုင်ပါ။ မ ကြာမီအချိန်အတွင်း လွတ်နေ သော ကျွန်တော့်နေရာမှ ဘော လုံးသယ်သွားကာ တဖက် အ သင်းမှ တဂိုး သွင်းယူ လိုက်ပါ သည်။ နောက်တဂိုးလည်း ကျွန် တော့်ဖက်မှပင် သွင်းသွား၏။

လမ်းထဲမှ ကောင်လေးများ နှင့်ကောင်မလေးများက "ဘတူ ထွက်ပေး" ဟု အော်နေကြပါ သည်။ ကျွန်တော်တို့ အသင်း သားများလည်း စိတ်ပါလက်ပါ မကစားကြတော့ပါ။ နှစ်ဂိုး ဂိုး မရှိနှင့်ပင် ပထမပိုင်း ပြီးသွားပါ သည်။

"ဘတူရယ် မင်းထွက် ပေး ပါကွာ။ ငါတို့အသင်းဟာ ဒီအ သင်းကို တခါမှ မရှုံးဘူးပါဘူး။ ငါတို့အသင်း နာမည် ပျက်ပါ့ မယ်"ဟု အောင်ဝင်းက လာ ပြောပါသည်။

သေသေချာချာ ကျွန်တော် စဉ်းစားမိပါသည်။ နှစ်ဂိုး အ သွင်း ခံရသည်မှာ ကျွန်တော့် ကြောင့် ဖြစ်ပါသည်။ ကျွန် တော်ဆက်ပြီး ပါဝင် ကစားပါ က ရှုံးမည်မှာ သေချာပါသည်။ ကျွန်တော်တို့ အသင်း နိုင်လျှင် ကျွန် တော် တို့ ဂုဏ် ယူ စ ရာ ကောင်းပါသည်။ ထို့ကြောင့် ဒုတိယပိုင်းကစားချိန်တွင် ကျွန် တော်ထွက်ပေးလိုက်ကာ ကစား တတ်သော အခြား တယောက် ကို ဝင်ကစားစေပါသည်။

ဒုတိယပိုင်းတွင် ဘောလုံး ပွဲမှာ အလွန် ကြည့်ကောင်းပါ သည်။ တဦးချင်းလည်းကောင်း ၏။ တသင်းလုံးလည်း အချိတ် အဆက်မိမိ ကစားနိုင် သဖြင့် အရှုံး နှစ်ဂိုးကို ပြန်ချေနိုင်ခဲ့ပါ သည်။

ဘောလုံးပွဲပြီးသွားသောအ ခါ ကျွန်တော်သည် အောင် ဝင်းတို့ထံ ပြေးသွားကာ ကျွန် တော်၏ တ ကိုယ် ကောင်း ဆံ မိသော အပြစ်ကို ခွင့်လွှတ်ရန် တောင်းပန်လိုက်ပါသည်။

# လမြတ်ကဆုန်

၁

မိုးညိုတိမ်တောင် မာန်ဝင်ကြွလို့
ဟန်ပြင်ကြပေါ့ မောင်တို့ရေ။

တဲဆောင်အိမ်တွေ လုံအောင်မိုးဖော့
မှန်ရောင်ပျိုးလို့ လာပြီလေ။

စိမ်းလန်းစိုပြေ စုံမြိုင်တွင်းက
ထုံကြိုင်သင်းတဲ့ စကားရွှေ။

လက်ဆုန်နွှေ အောင်စေညွှန်းလို့
ညောင်ရေသွန်းတဲ့ ပွဲတော်ပေ။

ဆိုင်းတွေပုံတွေ တီးဆိုကသမို့
ဆီးကြိုကြတော့ အပန်းပြေ။

အေးရိပ်ဝေဝေ စိန္တေဦးသို့
နှိမ့်ချဖူးလို့ ဆုထူးချွေ။
ဖူးမလေ၊ မြူးမလေ။ ။


ဗန္ဓုရဝင်း












# ငုရွှေဝါ

တပေါင်းလတွင် ရွက်ဟောင်းများကြွေ၍ ရွက်သစ်ထွက်သည်နှင့် မရှေးမနှောင်းပင် ငုရွှေဝါတို့ ပင်လုံးကျွတ် ဖူးပွင့်ကြသည်။ ဝါဝင်းသော ပွင့်ဖတ်ငါးခုအလယ်တွင် ဝတ်ဆံစိမ်းစိမ်းကောက်ကောက်ကလေးများရှိသည်။ အပွင့်ပေါင်း မြောက်မြားစွာပါရှိသော ပန်းခိုင်ကြီးတို့သည် အောက်သို့တွဲလောင်းကျကာ ဖူးပွင့်လေရာ အလွန်ကြည့်၍လှသည်။ တန်ခူး၊ ကဆုန်လတိုင်အောင် ပွင့်နေသေးသဖြင့် မြန်မာနှစ်သစ်ကူးချိန်တွင် သင်္ကြန်မဏ္ဍပ်များ၊ သင်္ကြန်မော်တော်ကားများကို ငုရွှေဝါပန်းများဖြင့် ဆင်ယင်ကြသည်။ ငုရွှေဝါသည် အပင်၌ ကြာရှည်ခံသော်လည်း ခူးလိုက်လျှင် နွမ်းလွယ်သည်။

ငုရွှေဝါပင်ကို ငုကြီးပင်ဟုလည်း ခေါ်သည်။ အပင်ကြီးမျိုးဖြစ်သည်။ သို့သော် အရွက်ကျဲ၍ အရိပ်မကောင်း။ အရွက်ကြီး၍ အရင်းပိုင်းပြီးလျှင် အဖျားအနည်းငယ်ချွန်သည်။ ရှည်လုံးသော အသီးတောင့်များသည် နှစ်ပေသုံးပေခန့် ရှိသည်။ မှည့်လျှင် မည်းနက်သွားသည်။ ငုသားသည် နီညစ်ညစ် အရောင်ရှိသည်။ သို့သော် အရောင်တင်၍ရသည်။ တာရှည်လည်းခံသဖြင့် အိမ်ဆောက်ရန်၊ လှည်းဘီး၊ ထွန်နှင့် ထယ် စသည်တို့ ပြုလုပ်ရန် သုံးနိုင်သည်။ ငုခေါက်ကို သားရေနယ်ရာ၌ သုံးကြသည်။ ငုသီးမှည့်၏အနှစ်နှင့် ငုမြစ်သည် ဝမ်းနုတ်ဆေးအတွက် ဆေးဖက်ဝင်သည်။

ရဲမြင့်

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း၊ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထောင်ကြီး၊ (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၁၁၂၈၀ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - မြို့ည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား

စနေနေ့တိုင်း ထုတ်ဝေသည်။

# ဂျမ်းတုတ်ပြောတာ ရှန်တယ်

ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - ကျောက်ဆည် - အောင်သိန်း

အတွဲ-၂၊ အမှတ်-၂၁၊ ၂၃-၅-၇၀




အမယ် - ဒီလိုဆိုတော့ ကိုဖြိုးက ရောမ ပညာရှိကြီး ကျနေတာဘဲ
ဟာ - လျှမ်းတုတ် ကလဲဟာ.......
အော် - ဒါထက် ကျုပ်လဲ လိုက် မယ်လေ - ဝတ်ထည့်ဖျင်စင်း တွေပေးယင် - တော် နားမ လည်ဘူး မှတ်လား .......
သို့ဖြင့် ညနေဖက်တွင် ရွာလယ် သစ်ပင်ကြီး အောက်၌ ရွာသားများစုရုံးကြပြီး မကြာမီပင်-
xxxxx ကျွန်တော်တို့ နိုင်ငံတော်ကို ဆိုရှယ်လစ်လူ့ ဘောင်သစ် တည်တဲ့နေရာမှာ - လူထုကြီးရဲ့ကုန်ထုတ် စွမ်းအားတိုးမြှင့်ဘို့လိုပါတယ် ... လူထုကြီးရဲ့ အသိ ဉာဏ် အမြော်အမြင် ကျယ်ပြန့်ပြီး မှန်ကန်တဲ့ အယူအဆ အတွေးအခေါ်တွေရှိရပါမယ် ... ဒါကြောင့် လူတိုင်း အရေး - အဖတ် - အတွက်ဆိုတဲ့ အ - သုံးလုံး ကြေအောင်တတ် ကြရပါမယ် ... လက်တွေ့စမ်း သပ်ပြီးတဲ့ နည်းသစ်နဲ့ သင်များဖို့ ခဏ လေးနဲ့ တတ်ကြမှာပါ ......
ရ-လ-က ကိုတုတ်ပေါက သဘာပတိလုပ်ပြီး ကျောက်ဆည်မြို့က ဆရာလေး ကိုမြင့်ထွန်းက ရှင်းပြတော့၏။
ဒါ မှော်ပစ်လိုက် စမ်းချင်တယ်ဟာ ...
ဟော့ - သဘာပတို မောင်တုပ်ပေါ ... ငါ စကားတခွန်း ပြောချင် လို့ဟေ့ ....
ပြောပါ - ပြောပါ
ကိုဖြိုး ရှယ် ထိုင်စမ်းပါ ...
ဆရာလေးအပြီးတွင် - - - ဦးလူဒင်က -
ဒီ ကျောက်ဆည်ခရိုင်မှာ စီမံကိန်းတွေ များလွန်းတယ်လို့ ငါထင်တယ် .... ရာကျော်စပါးစီမံကိန်း၊ ချည်မျှင်ရှည်ဝါ စီမံကိန်း၊ မျက်ခမ်းစပ်စီမံကိန်း၊ ဟော - အခုလဲ ပြန့်ပြီ အ - သုံးလုံး စီမံကိန်းတဲ့၊ လူတွေ ဘယ်ကလဲ အချိန် ရပါ့မလဲ --- ဘယ် အောင်မြင်နိုင်ပါ့မလဲ ... ---------
ထ၍ဆွေးနွေးသည်ကို - - -
xxxx ကျောက်ဆည်ခရိုင်မှာ စီမံကိန်းတွေ အထပ်ထပ် လုပ်တာ အင်မတန် ကောင်းပါတယ် ... လူမှုရေးရော - စီးပွားရေးရော - နိုင်ငံရေးရော .. ခရီးလမ်းပန်းဆက်သွယ်ရေးရော. မပါဘဲ ချက်ဖြစ်နေလို့ လုပ်တာလို့ ရှက်ယူပါတယ်..
ဦးဖြိုး၏သမီး အေးမေက အချက်ကျကျနှင့် အကွက်စေ့အောင် ဆက်လက်၍ ....


ရှင်းလင်းပြလေသော်....
ဒေါ်ဂျမ်းတုတ်သည် ဦးဖြိုး နှင့် ဦးလူဒင်တို့ တီးတိုး တိုင်ပင်နေသည်ကိုတွေ့၍-
ထိုနောက် ဦးဖြိုးထတဲ့ပြီး–
ထိုအခါဒေါ်ဂျမ်းတုတ်က


ပရိသတ်မှာ ပွဲကျနေသလောက် ဖိုးနီတိုးတို့ ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ ထိုနောက်–
ဦးဖြိုး၊ ဦးလူဒင်တို့ တိုင်ပင်ပြီး ထ၍ထောက်ခံသဖြင့် ပရိသတ်က ဩဘာပေးနေချိန်တွင်–
အသုံး
လူငယ်များ ဒိုးပတ်ဝိုင်းသည် တဟိုဟို တီးကာ မှုတ်ကာ ဝင်လာလေတော့သတည်း။



ဝှန်းဝှန်း တားတား
ပန်းချီ ဦးစိန် ဇါတ်လမ်းမြမှိုင်း
လူဆိုးနှစ်ဦးသည်ကား ဦးတည့်ရာသို့ကြောက်အားလန့်အားနှင့်ပြေးခဲ့ကြလေ၏။
ဆရာကြီး! ဆရာကြီး
ဆရာကြီး ကလဲ သတ္တိနည်းလိုက်တာ
ဘာပြောတယ်..
ဆရာကြီးလုပ်ပြီး ထွက်ပြေးဘို့ မကောင်းပါဘူး ဟား ဟား
လက်ကိုသေနတ် ထိထားပေမဲ့ ခြေထောက်ရှိပါသေးတယ်
ဟေ့-မိုးဟိန်း မင်း ဟာ-ငါ့တပည့်ပါကွ


လက်မြှောက်လိုက် ပြေးမယ်မကြံနဲ့
ခင်ဗျားတို့အပေါင်းအသင်း တွေ အားလုံးကိုလဲဖမ်း မိထားပြီ
ကဲ-အချုပ်ကား ရှိရာကိုသွား ပေတော့
လူဆိုးအားလုံးကို ရဲအဖွဲ့ကဖမ်းပြီး အချုပ် ကားဖြင့် ခေါ်သွားလေ၏။
လာပေါ့-ကလေးတွေ-မင်း တို့ မိဘတွေ မျှော်ကြရော့ မယ် -ပြန်ကြစို့


ကလေးတွေကိုလာ ပို့ပါတယ်ခင်ဗျာ
ရဲအရာရှိကြီးက အဖြစ်အပျက်အားလုံးကို ရှင်းပြလိုက်သည်။
ဒီမှော်ချိုင်ကိုက်ဒ်းကို-ဖမ်းမိတာ ကျော်ကျော်နဲ့ညီအေးဝင်းရဲ့ အကူအညီ အများကြီး ပါတယ်ခင်ဗျာ
ကလေးတွေက-အခုလို စွန့်စွန့်စားစား ကူညီတဲ့အတွက် ချီးကျူးပါတယ်ဗျာ
နောက်တနေ့
ဒီနေ့ ဘယ်နေရာမှာ ကစားကြမလဲ
ဟိုခြံကြီးထဲ သွားကစားမှာပေါ့
မသွားရဲတော့ပါ ဘူးဟယ်-လူဆိုး တွေနဲ့တွေ့နေပါ ဦးမယ်
လူဆိုးတွေမရှိတော့ပါဘူး အေးအေးဆေးဆေး ကစား နိုင်ပါပြီ မမရဲ့

ပြီးပါပြီ

# မီးပြတိုက်





ရေလမ်းခရီးသွားလာရသည်မှာ ကုန်းလမ်းခရီး သွားလာရခြင်းထက် ဘေးအန္တရာယ် ပိုမိုများပြား သည်။ ပင်လယ်ခရီး သွားလာသူတို့အား ကျောက် ဆောင် ကျောက်ကမ်းပါးများကို အဝေးမှ သိရှိ ရှောင်ရှားနိုင်စေရန် ရှေးကပင် မီးပြတိုက်များကို ဆောက်လုပ်ခဲ့ကြသည်။

ရှေးအခါက မီးပြရာတွင် ထင်းမီး၊ ကျောက်မီး သွေးမီး၊ ဆီမီး စသည်တို့ကို အသုံးပြုခဲ့ကြသည်။ ယခု အခါတွင် ရေနံဆီမီး၊ ဓာတ်ဆီမီး၊ လျှပ်စစ်မီး၊ ဓာတ် ငွေ့မီးစသည့် မီးအိမ်များကို အသုံးပြုရုံမက အဝေးက ပင် မီးရောင်ကိုမြင်နိုင်စေရန် မှန်ဘီလူးများ၊ မီး ရောင်များဖြင့် ထိုးပြနိုင်အောင် စီမံထားသည်။

ပင်လယ်ပြင်၌ ငါးဖမ်းသော လှေငယ်များ၊ သင်္ဘောပျက်၍ မျောနေသူများ၊ ရေကြောင်း အိမ် မြှောင်မပါသော လှေငယ်များသည် မီးပြတိုက်ကို အမှတ်အသားပြု၍ လိုရာသို့သွားနိုင်၏။




မီးပြတိုက် မျှော်စင်မြင့်ကြီးများကို ပင်လယ်ဝရှိ ကမ်းခြေများ၊ ကျောက်ဆောင်များ၊ ကျွန်းများပေါ်တွင် အုတ်ဖြင့် အခိုင်အမာ ဆောက်လုပ် ထားတတ်ကြသည်။




မီးပြတိုက်ဆောက်လုပ်၍ မရသောနေရာမျိုးတွင် မီးပြဗော်ယာများ၊ မီးပြသင်္ဘောများကို ရေပြင်ပေါ်၌ ရပ်တည်နေစေရန် ကျောက်ချထားလေ့ရှိသည်။

မီးပြတိုက်တခုတွင် အခန်းပေါင်းများစွာ ပါဝင်သည်။ အမှုထမ်း ၁၀ ဦးမှ ၂၀ ဦးအထိရှိပြီး မီးပြခြင်း၊ မီးစက်မောင်းခြင်း၊ မိုးလေဝသ သတင်းပေးပို့ခြင်းစသော လုပ်ငန်းများကို လုပ်ကိုင်ရသည်။

မြန်မာ့ပင်လယ်ကမ်းရိုးတန်းနှင့် မြစ်ဝများတွင် ထင်ရှားသော မီးပြတိုက်များမှာ စစ်တွေ မီးပြ၊ ကျောက်ဖြူမီးပြ၊ မာန်အောင်မီးပြ၊ သံတွဲမီးပြ၊ ပုသိမ် မီးပြ၊ ကျိုက္ခမိမီးပြ၊ သီလဝါမီးပြ၊ မြိတ်မီးပြတို့ ဖြစ်သည်။




မီးပြရေယာဉ်များမှာ သူရိယမီးပြ၊ စန္ဒာမီးပြ၊ ဒဂုံမီးပြ၊ အထက်မီးပြ၊ အောက်မီးပြ၊ မြေစွန်းမီးပြ တို့ ဖြစ်သည်။




မယ်အေးနှင့်မသူဇာ
ရွာတရွာတွင် မသူဇာနှင့် မယ်အေး ဟူသော မိန်းကလေးနှစ်ယောက် ရှိသည်။
သရုပ်ဖော်-ကျော်ကျော်
မသူဇာသည် အချိန်ရှိတိုင်း အလှပြင်ပြီး အားလျှင် ဝတ္ထုဖတ်နေတတ်၏။
မယ်အေးမှာမူ အလုပ်နှင့်လက် ပြတ်သည်ဟု မရှိပေ။
တနေ့တွင် မယ်အေးတယောက်မသူဇာထံ ရောက်လာသည်။
မသူဇာရေ ရွာထဲက အလှူကိုသွားပြီး အလုပ်ကူလုပ်ပေးရအောင်
အမေခိုင်းထားတာ ရှိသေးလို့ ငါနောက်မှ လိုက်ခဲ့မယ်


ဟော..မသူဇာရောက်လာပြီ လာဟေ့ ပန်းကန်တွေ ကူဆေးပေးပါအုံး
နင်တို့လို ပန်းကန်ဆေးဖို့ လာတာမှုတ်ဘူး...
မယ်အေးသည် မသူဇာထံသို့ မကြာခဏ ရောက်လာတတ်သည်။
ရွာထိပ်က တန်တားပြင်တာ သွားပြီး လုပ်အားပေးကြ ရအောင်ကွယ်
ဟာ..ရှုပ်လိုက်တာ ဝတ္ထုဖတ်နေတာ မပြီးဘူးဟ သွား မလိုက်ဘူး
တနေ့တွင်
မေမေ နေမကောင်းလို့ ကွယ် ထမင်း ချက်ပေးစမ်းပါ
အရေးထဲမှာ ခိုင်းပြီ
မသူဇာသည် ထမင်းချက်ရင်း ဝတ္ထုကို သဲသဲ မဲမဲဖတ်နေမိသည်။


မယ်အေး၏ အော်သံကြောင့် ရပ်ကွက်ကလူများ
ပိုင်းလာကြပြီး ငြိမ်းသတ်ကြသည်။



# ဖန်တို့ကစားနည်း

ကျော်ညွန့်ငြိမ်း

အမျိုးသမီး များအတွက် မြန်မာ့ရိုးရာ ကစားနည်း ဖြစ်သည်။ နှစ်သင်းခွဲ၍ ကစားရသည်။ သင့်လျော်သော အကွာအဝေးတွင် စည်းနှစ်စည်းထား၍ ထိုစည်း တဖက်တချက်တွင် ကစားမည့် အသင်း နှစ်သင်း နေရာယူရသည်။ အလယ်တွင် စည်းရှိသည်။

ပွဲစလျှင် တဖက်အသင်းမှ တယောက်ယောက်က ဖန် တို့ တက်ရမည်။ ဖန်တို့ တက်သူ သည် မပြုံးမရယ်ရ၊ အသံမပြုရ၊ ချောင်းလည်း မဆိုးရပဲ တဖက် အသင်းမှ တယောက်ယောက် ကို လက်ဖြင့် လှမ်းတို့ပြီး မိမိ စည်းဖက်သို့ ပြန်ပြေး ရသည်။ တဖက် အသင်းမှ အတို့ခံရသူ သည် ထိုသူ အလယ်စည်းကို မကျော်မီခင် နောက်မှလိုက်၍ တို့ရမည်။ အကယ်၍ တို့မိလျှင် ဖန်တို့တက်သူ သေ၍ ဘေးသို့ ထွက်နေရသည်။ မတို့မိပဲ လွတ် သွားလျှင်မူ ထိုသို့ လိုက်တို့သူ သေသဖြင့် ထွက်နေရသည်။

ဖန်တို့ တက်သူသည် ပြုံးမိ၊ ရယ်မိ၊ အသံပြုမိလျှင် ထိုသူ အလယ် စည်း ကို မ ကျော် ခင် အခံဖက်မှ တယောက်ယောက် က လိုက်တို့ရမည်။ တို့မိလျှင် ဖန်တို့တက်သူသေ၍ ဘေးသို့ ထွက်ပေးရသည်။ အကယ်၍ မတို့မိလျှင် မည်သည့် ဖက်မှ မသေဟု မှတ်သင့်သည်။

ထိုသို့ မ ပြုံး မ ရယ်၊ အသံ မထွက်၊ တဖက်သား ကိုလည်း မတို့မိပါပဲလျက် အ ခံ ဖက် က ဖန်တို့သူကို ယောင်၍တို့မိလျှင် ဖန်တို့သူသည် အလယ်စည်းကို ကျော်မီအောင် ပြေးရ လေ သည်။ အခံဖက်သားတဦးဦးက ထိုသူကို စည်းမကျော်နိုင်မီ တို့ မိလျှင် သေသည်။ မတို့မိပဲ လွတ်သွားလျှင် ယောင်တို့သူ သေ၍ ထွက်ပေးရသည်။

ဤကစားနည်းတွင် အသေ နည်း၍ လူ အများဆုံး ကျန် သည့် အသင်းက အနိုင်ရသည်။ ဖန်တို့ရန် တက်လာသူ အသံ ထွက်၍ ရယ်မိစေရန် သို့မဟုတ် ပြုံးမိစေရန် တဖက် လူများက အောက်ပါအတိုင်း ကဗျာဆို၍ နောက် ပြောင် ကြ ရ သည်။ နောက် ပြောင် သည့် အ ခါ အ ကြောင်းအရာနှင့် လျော်ညီစွာ အမူအရာဖြင့် သရုပ်ပါပါ ပြု လုပ်ပြရန်လိုသည်။

"ခွေးချေးတွေငုံငုံ"
"ယုန်ချေးတွေ စားစား—
အော့"
"အမယ်ဗလုံ-ဘယ်ကတုံ"
"အမယ့်မျက်နှာ-
မဲ့ခွက်ခွက်၊
ကုလားကြီးကနှက်"
"အမယ့်နှုတ်ခမ်း စူပါတယ်၊
ကြက်ဖင်ကြီးနဲ့ တူလှတယ်"
"အမယ့်မျက်စိ
စောင်းတောင်းတောင်း၊
ပါးတော်ကြီးက
ပူဖောင်းဖောင်း"
"အမယ့်ဆံထုံး မောက်စူစူ၊
ဆင်ချေးပုံနဲ့တူ"
"တကာမလေး ဖြူပြာပြာ၊
တို့ကျောင်းကို ဆွမ်းပို့လာ၊
ရောယိမ်းလိုက်"
"ပုစဉ်းနှစ်ကောင်
အိမ်ထောင်ကျလို့၊
မောင်နှံကောင်က မနာလို၊
ခဲနဲ့ပစ်လို့ဖြို"

ဤကစားနည်းမှာ ကလေး တို့အား ပျော်ရွှင်မှုကိုသာ ပေး သည်မဟုတ်။ စိတ်ခံတတ်ကြံ့ခိုင် မှုကိုလည်း အလေ့အကျင့် ဖြစ် စေသည်။

# လုပ်ခ



မောင်မောင့် လက်ထဲမှ ဓားကလေးကို ကျွန်တော် လိုချင်သည်။ မောင်မောင်က ရောင်းမည်ဟု ပြောသည်။

"နှစ်ကျပ်ခွဲ ပေးရတယ်ကွ။ ဦးဦးဝယ်ပေးတာ။ မင်းလိုချင်ယင် နှစ်ကျပ်နဲ့ ပြန်ရောင်းမယ်"

သို့သော် ကျွန်တော့်မှာဝယ်ဖို့ငွေမရှိပါ။ အမေ့ထံမှ တောင်းလျှင်လည်း အမေပေးဖို့ လမ်းမမြင်ပါ။ အခြား အကြောင်းပြချက်နှင့် ငွေတောင်း လျှင် မူ ရကောင်းရမည်။ သို့သော် အမေ့ကို ကျွန်တော် မညာချင်ပါ။

သို့ ဖြစ် လျှင် ငွေရအောင် ဘယ်လိုကြံရမည်နည်း။ ကျွန်တော်စဉ်းစားသည်။

ထို အ ချိန် တွင် အ မေ က ကျွန်တော့်ကို ခိုင်းသည်။

"အနောက်ပိုင်းက မြမေကို သိတယ် မဟုတ်လား။ နက်ဖန်မနက် ရေဖောက် လိုက် မလား လို့ သွားခေါ် ချေစမ်း"

"ခါတိုင်း မ ပု မ ကြီး ရေဖောက်နေကျ မဟုတ်လား အမေရဲ့"

"ပုမက ဖျားနေ တယ် ဟဲ့။ ငရုတ်ပင်တွေလဲ ရေငတ်လှပြီ။ မြမေမှ ရေဖောက် မလိုက်ယင် မဖြစ်ဘူး။ မရ ရအောင် ခေါ် ခဲ့ ကြားလား"

သို့သော် ဒေါ်မြမေကြီးက ရေဖောက်မလိုက်နိုင်ဟုငြင်း၏။ သူနေမကောင်းဟု ဆိုပါသည်။ စိတ်ပျက် လက်ပျက်နှင့် ကျွန်တော် ပြန်လာခဲ့ရ၏။

အမေကမူချူချူပါအောင် ညည်းတော့၏။

"အဲဒါမှဒုက္ခဘဲ။ ရေအငတ်လွန်လို့ ငရုတ်ပင်တွေ အ,သွားယင် အသီး သီးတော့မှာမဟုတ်ဘူး"

ချက်ချင်း ကျွန်တော်အကြံရလာ၏။ နှစ်နှစ်ချိုက်ချိုက်ပြုံးလိုက်၏။

"ရေဖောက်ခ ငါးမူးကို ကျနော့်ပေးလေ။ ကျနော် ရေဖောက်ပေးမယ်လေ"

အမေက ဟက်ဟက် ပက်ပက်ရယ်၏။

"တော်စမ်းပါဟယ်၊ အိရေးထဲ လာနှောက် မနေစမ်းပါနဲ့။ ယာ ခင်း ထဲ ကို တောင် မဆင်းချင်တဲ့ကောင်က"

"ဆင်း ပါ တယ် အမေရ။ မပုမကြီး ရေဖောက်တိုင်း ကျနော်ကူဖောက်ပေးနေကျဘဲ"

"နင် ရေ ဖောက် တတ် လို့ လား"

"ဖောက်တတ်ပါတယ် အမေရ။ ကျနော် ရေဖောက်တာ မဟုတ်ယင် အမေပိုက်ဆံမပေးနဲ့ပေါ့၊ ဟုတ်လား"

"အေး အေး၊ ဒီလိုဆိုယင် မနက်ကျတော့ ငါစောစောနှိုးမယ်၊ ကြားလား။ မနက်ကျမှ အိပ်ရာက မ ထ ချင် ဘူး လေး၊ အိပ်ရေးမဝသေးဘူးလေးနဲ့ ဂျီမကျနဲ့"

နံနက်ကျလျှင် ကျွန်တော် စောစောထမည်။ ယာ ခင်း ထဲ ဆင်းမည်။ ရေဖောက်မည်။ ရေဖောက်ခအတွက် ငါးမူးရမည်။ ကျွန် တော် တို့ ယာ ခင်း တွင်

ရေတ်မြောင်းမ ၁၀ ခုရှိသည်။ နက်ဖန် ငါးမြောင်းမ ပြီးမည်။ သဘက်ခါ ဆက် ဖောက် ရဦး မည်။ သဘက်ခါအတွက် ရေ ဖောက်ခ ငါးမူးရဦးမည်။

နံနက်တွင် အမေ မန္တီးမိမှာ ပင် ကျွန်တော် စောစောနိုးနေ ၏။ ယာခင်းထဲသို့ ငန်းပြားတ လက်ကိုင်၍ ကျွန်တော် ဆင်း လာ၏။ ယာခင်းထဲတွင် ရေ လောင်း သ မား ကြီး ကိုအေး ရောက်နေပြီ။

"အာ ပါး၊ ကနေ့ မင်းရေ ဖောက်မှာလားကွ"

"ဒါပေါ့ဗျ၊ ခင်ဗျားက ကျ နော် ရေမဖောက်တတ်ဘူး ထင် လို့လား"

"မ ထင် ပါ ဘူး ကွာ။ ဘာ အလုပ်မဆို လုပ်ချင်ယင် လုပ် တတ်တာချည်းဘဲ။ ရေဖောက် တဲ့ အလုပ်ဆိုတာကလဲ ခက်တဲ့ အလုပ်မှ မဟုတ်ဘဲ"

မှန်သည် မြောင်းမကြီးတွေ က သွယ် ထား ပြီး ဖြစ် ၏။ အကွက်တွေလည်း ရိုက်ထားပြီး ဖြစ်၏။ တကွက်ပြီးတကွက် ရေ လွှဲသွားရ၏။ တမြောင်းမ ပြီး လျှင် တမြောင်းရေဖောက်သွား ရ၏။ ပင်လည်းမပင်ပန်းပါ။

ကျွန်တော် ပျော် လာ ၏။ ကိုအေးကြီးမှာလည်း ပျော်နေ ဟန်တူ၏။ လေချွန်သည်။ သီ ချင်းညည်းသည်။ မောင်းငင်ပုံး ၏ ကျိုကနဲ တင်သံချသံသည် နှဲသံနှင့် အလွန်တူသည်။ ပက် အိုင်ထဲသို့ဝုန်းခနဲ ရေကျသံသည် ပုံတီးသံနှင့် အလွန်တူ၏။ ကျွန် တော်ပင် ရွှေဆောင် လူငယ် သီချင်းတွေ အားလုံး တပုဒ်ပြီး တပုဒ် ဆိုနေမိ၏။ သီချင်း သုံး ခေါက်လောက် ပြန်ကျော့ဆိုပြီး သောအခါတွင် နေကပူလာ၏။ ရေငါးမြောင်းမ ပြည့်ပြီ။ လုပ် ငန်းကို ရပ်နားလိုက်၏။ အမေ့ ထံမှ ပိုက်ဆံပြားငါးဆယ် ကျွန် တော်ရလိုက်၏။

"လူကလေးက ရေဖောက် တတ်သားဘဲ။ ဘယ်ဆိုးလို့လဲ"

အ မေ က ကျွန် တော့ ကို လှိုက်လှိုက်လှဲလှဲ ချီးကျူး၏။ အမေသည် ကျွန်တော့ကို ရေ ဖောက်သမားရာထူး ပေးလိုက် ပေပြီ။

ယခုဆိုလျှင် ကျွန်တော် ရေ ကောင်းကောင်း ဖောက်တတ် နေပြီ။လက်ထဲတွင် ငွေနှစ်ကျပ် ကျော်ကျော် စုမိလာပြီ။ မောင် မောင့်ထံမှ ဓားကလေးကို ဝယ် နိုင်ပြီ။

သို့သော် ဓား က လေး ကို ကျွန်တော် မဝယ်လိုတော့ပါ။ ဓား က လေး သည် ကျွန်တော့ အတွက် တန်ဖိုးရှိမည် မဟုတ် ပါ။ ကျွန်တော် စုဆောင်းထား သောငွေမှာ တန်ဖိုးရှိပါသည်။ ကျွန်တော့် အစွမ်းအစ၊ ကျွန် တော့်ချွေးနှင့် ရယူထားသော ငွေဖြစ်ပါသည်။

ထို့ကြောင့် တန်ဖိုးရှိသော ငွေဖြင့် တန်ဖိုးရှိသော ပစ္စည်းကို သာ ဝယ်ပါမည်။


## ရေပြင်တခွင် ခွန်အားရှင်

ရွှေစင်တုံးနှင့်၊ ပုံနှုန်းတူစွာ၊
ဆိုသင့်ရာတည့်၊ ရွှေဝါကျွန်းသစ်၊
တို့မွေးနှစ်ကို၊ ချည်ရစ်ဖွဲ့နှောင်၊
မျှော်ကာဆောင်သည့်၊
ရွှေဖောင်လုပ်သား– လူညိုထွား။


အင်အားကိုဆောင်၊
တို့ပြည်ထောင်ကို၊
ထွန်းပြောင်ဝင့်ကြွား၊ဝင်ငွေများဘို့၊
လုပ်အားမာန်ကြွ၊ သတ္တိပြသည်၊
အာဂယောကျ်ား-ဖောင်လုပ်သား။

ခွန်အားစွမ်းနှင့်၊ မြစ်လမ်းခရီး၊
ရေယဉ်စီး၍၊ ချွေးသီးယိုထွက်၊
စိတ်မပျက်တည့်၊ သူ့တွက်ဝန်တာ၊
ကျလေရာက၊ နောင်ခါတို့ပြည်၊
ကောင်းဘို့ရည်၍၊ အားချီခွန်ထုတ်၊
ဖောင်အလုပ်ဖြင့်၊
လှိုင်းပုတ်လေကြား၊
သူစွန့်စားသည်၊
ပြည့်သားပီစွ-ပီလေစွ။ ။

ဏီဏီသန်း



R. 517




## စိန်ပန်း



တပေါင်းလမှစ၍ ဖူးပွင့်စပြုရာ ကဆုန်နယုန်လတိုင်အောင်ပင် ပွင့်လျက်ရှိသည်။ အပင်ပေါ် ကော်ဇောနီကြီး လွှမ်းထားသကဲ့သို့ စိန်ပန်းများ တပင်လုံး ရဲရဲတောက်အောင် အပွင့်စုံပွင့်ချိန်တွင် မိုးဖြိုင်ဖြိုင်ရွာလေပြီ။ ထို့ကြောင့် ''စိန်ပန်းလည်းရဲ၊ မိုးလည်းသဲ''ဟု အချို့က ဆိုကြသည်။ စိန်ပန်းပွင့်သည် ကြီးသည်။ တောက်ပသော အနီရောင်ရှိသည်။ ပွင့်ဖတ် ငါးခု ပါရှိသည့်အနက် အပေါ်ပွင့်ပတ်၌ အနီနှင့်အဝါ အစင်းများရှိသည်။ ဝတ်ဆံများသည် အလယ်၌ထိုးထိုးထောင်ထောင် မညီမညာရှိနေသည်။ တပေမှ နှစ်ပေအထိ ရှည်၍ အပြားကြီးသော အသီးတောင့်များ သီးသည်။ အရွက်များသည်· မန်ကျည်းရွက်နှင့် ဆင်ဆင်တူသော်လည်း ပို၍သေးသည်။ ငှက်တောင်နှင့်တူသော ရွက်လက်များသည် ပို၍ကြီးသည်။

စိန်ပန်းပင်သည် အမြင့်ပေ ၃၀ ခန့်အထိ ရှိနိုင်သည်။ အရိပ်မကောင်းချေ။ နွေရာသီတွင် ရက်သတ္တပတ် အနည်းငယ်မျှ အရွက်ကင်းနေသည်။ မကြာမီ အဖူးအပွင့်များနှင့်အတူ ရွက်သစ်များ ပြန်ထွက်လာ၍ ဝေဝေဆာဆာ ပြန်ဖြစ်လာသည်။ သန်မာ၍ အကြီးမြန်သော အပင်မျိုး ဖြစ်သည်။ မြန်မာနိုင်ငံ၌ မူလပေါက်အပင်မျိုးမဟုတ်သော်လည်း ရှေးကပင် စိန်ပန်းကိုစိုက်ပျိုးခဲ့ကြသည်။ ပင်လုံးကျွတ် လှပစွာဖူးပွင့်သဖြင့် ခြံဥယျာဉ်များနှင့်လမ်းဘေးတွင်အလှစိုက်ပျိုးကြသည်။




ရန်ကုန်မြို့၊ ၁၂၈-၁၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးဆောင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၁) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၁၈ အံ့ရဟာ၀န်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၁ မြား

စနေနေ့တိုင်း ထုတ်ဝေသည်။

ကာတွန်းလေး

# မောင်ပဲချောင်း

# ရွှေသွေး ဂျာနယ်

အတွဲ-၂၊ အမှတ်-၂၂၊ ၃၀-၅-၇၀









ဆက်ရန်


ဇာတ်လမ်း-အောင်ဂုဏ်ရှင်
ယှိုးချီ- ကျော်သောင်း
မနီ နှင့် သူငယ်ချင်းများ
မနီတွင် ကစားစရာ
အမျိုးမျိုးရှိ၏။
နောက် တဆင့်
ဟုတ်ပြီ
မနီတွင်ကစားဖော်သူငယ်ချင်းများလည်း
ရှိသည်။
အောင်လှ
ဒီလိုစမ်းလို့
ဘာရမလဲ
မောတယ် ဟေ့
ခဏနားအုံးမယ်
သူသွားလေရာတွင် သူ၏ ကစားစရာများနှင့်
ကြိမ်ကုလားထိုင်တလုံး အမြဲပါ၏။
ကစားပြီးလျှင် ကုလားထိုင်ကို သူများမ
ထိုင်စေရန် အလျင်ဦး၍ထိုင်၏။
နင့်အရုပ်က
လှတယ်
နော်
ဂါဖေဖေ....
ဝယ်ပေးတာပေါ့
ခဏကိုင်ကြည့်
ရအောင်ဟယ်
ညည်းတို့ကြောင့်
ပျက်သွားယင်ဘယ့်
နှယ်လုပ်မလဲ
သူ့ပစ္စည်းကို သူ့သူငယ်ချင်းများ မကိုင်နိုင်စေ
ရန်လည်း သူက ယူထား၏။
တခါတရံ ငှားသော်လည်း မပေးချေ။


ထို့ကြောင့် သူ့မယ်ချင်းများက မုန်းလာပြီး သူ့ကို နှင်းပယ်ရန် ဆုံးဖြတ်လိုက်ကြ၏။
တနေ့ သူတို့ ကစားနေကြစဉ် မနီ ရောက်လာရာ–
မနီ့ကို သူတို့ လက်မခံကြသဖြင့် ဒေါသပွပြီး ပြန်လာခဲ့သည်။
အိမ်မှာတွင် တယောက်တည်း ကစားစရာများနှင့် ကစားနေလေ၏။
ရက်ကြာလာသော် သူ တယောက်တည်း ကစားနေရခြင်းကို ငြီးငွေ့လာ၏။
သူသည် မိမိတို့ ပျော်ပျော်ပါးပါး ကစားနေသည်ကို အားကျပြီး ကစားချင်လာ၏။


တနေ့တွင် မိမြနှင့်တွေ့၍ သူနှင့် ကစားရန် ခေါ်၏။
မိမြက သူနှင့်မကစားနိုင်ကြောင်း ရှင်းပြသည်။
သူ့အပေါ် သူ့သူငယ်ချင်းများ ခွင့်မလွှတ်မည်ကို မနီ စိုးရိမ်နေမိ၏။
မိမြက သူတို့အားလုံး၏ သဘောထားကိုလည်း ရှင်းပြသည်။
မနီသည် အလွန်ဝမ်းသာသွားပြီး သူ့ပစ္စည်းများကို ယူ၍လာခဲ့သည်။ နောက်ဆုံးတွင်-
သူငယ်ချင်းများနှင့်အတူ ကစားရသည်မှာ အလွန် ပျော်ရွှင်ဖွယ်ကောင်းကြောင်း သဘောပေါက်လာသည်။


မိုင်
နှုန်း
များ
၀
၁၀
၂၀
၃၀
၄၀
၅၀
မညီသူ





လူအပါအဝင် ကုန်း-ရေ-လေ သတ္တဝါများကို အတူတကွ ယှဉ်ပြိုင်၍ အစွမ်းကုန်ပြေးခိုင်း၊ ရေကူးခိုင်း၊ ပျံခိုင်းပါက မည်သူသည် မည်မျှလောက် လျင်မြန်သည်ကို ပုံတွင်ပြထားသကဲ့သို့ တွေ့ရပေမည်။ အားလုံးအထဲတွင် အမြန်ဆုံးမှာ သိမ်းငှက်နှင့် အိန္ဒိယ ပျံလွှားငှက်တို့ ဖြစ်၏။ လေသတ္တဝါများအနက် အနှေးဆုံးမှာ ပျားဖြစ်သည်။

ကုန်းပေါ်၌ ကျားသစ်သည် ရှေ့ဆုံးမှပြေးသော်လည်း ရေရှည်တွင် သူ့နောက်မှကပ်လိုက်သော မွန်ဂိုလီယန်ဒရယ်လေးက သာသွားပေမည်။ ကုန်းသတ္တဝါတို့တွင် နောက်ဆုံးမှလိုက်သူမှာ လိပ်ဖြစ်သည်။

ရေထဲ၌ ငှက်တိုက်သည် အမြန်ဆုံးဖြစ်၍ ပုဇွန်မှာ အနှေးဆုံးဖြစ်၏။

လူ၏ တာတိုအပြေးနှင့် ရေကူးစံချိန်ကို အခြားသတ္တဝါများနှင့် နှိုင်းယှဉ်ကြည့်နိုင်ပေသည်။


ကိုယ်ကို အညွတ်မတ်စွာထိုင်ပေ။
မထိုင်က ခါးကုန်းတတ်၏။
ထမင်းစားပြီး အပြင်းအထန် မကစား
ပါနှင့်။ အနှင့် အစာအိမ်ကို အန္တရာယ်
ဖြစ်စေတတ်၏။
မီးနှင့် မျက်နှာချင်းဆိုင်၍ စာမကြည့်ပါနှင့်။
မျက်စိပျက်တတ်၏။
နံနက် အိပ်ရာထနှင့် ညအိပ်ရာ ဝင်ခါနီး
သွားတိုက်ပါ။ သွားပိုးစားခြင်းမှ ကာကွယ်
ပေး၏။
နေမြင့်အောင် မအိပ်ပါနှင့်။
ထိုင်းမှိုင်းစေတတ်၏။
RB


ကျောင်းသွားတိုင်း ထီးယူပါ
ဇော်ချီ ကျောင်းသွား မှာလို့လား ထီး ယူ သွား
ဟာ ဒီ ထီး ရှုပ်တယ် မယူချင်ဘူး ဗျာ
ကျောင်းဆင်းမှ အမှန်
ဟီး ဟူး ချမ်းတယ် ချမ်းတယ်
ကဲ ဇော်ချီ မေမေ မပြောဘူးလား ထီး မယူလို့ ဖျားပြီ မဟုတ်လား
ဇော်ချီ ကျောင်း သွားတိုင်း ထီး ယူပါတော့ မေ


ဗိုက်ဖေအူနှင့်ရန်သူ
ကာတွန်း
ဟိုကျီးသိုက်ထဲက ကျီးကလေးကို တက်ယူမလို့ မင်းလိုက်အုံးမလား
သူတပါးကိုမနှိပ်စက်ပါနဲ့ကွာ၊ ငါမလိုက်ချင်ဘူး
ဟား-ဟား-ဟား
ဆန်နီရေ ကယ်ပါအုံး ငါ့ကိုကျီးတွေဝိုင်းလိုက်နေပြီ၊
တိရစ္ဆာန်ပေမဲ့ သူတို့ကိုဘယ်သူက ချစ်တယ်၊ မုန်းတယ်ဆိုတာ သိတယ်ကွ၊ ငါ့ကိုတော့ ဘာမှမလုပ်ကြဘူး၊
အာ-အာ
နောက်ဆိုယင် သူတပါးကို ဘယ်တော့မှ မနှိပ်စက်တော့ပါဘူး-ကွာ-
ပြီး




ရှေးလသာသောညအခါတွင် အိမ်ပြင်ပ တလင်းပြောင်ပြောင်၌ မိန်းကလေး ယောကျ်ား ကလေးမရွေး ကစားနိုင်သော ကစားနည်းဖြစ်သည်။


အချို့ အရပ် ဒေသ တို့၌ "အင်းမနေ – မြေမနင်း" ဟုလည်း ခေါ်ကြသည်။


ဤကစားနည်းသည် ခွေးရူးလိုက်တမ်း ကစားပုံ တမျိုးပင်ဖြစ်သည်။ ကစားသူတယောက်က နောက်မှလိုက်ဖမ်းရ၍ ကျန်လူများက လွတ်အောင် ရှောင်တိမ်းပြေးကြရသည်။

ပြေးသူများသည် လိုက်သူက မိမိတို့အား ဖမ်းခါနီးတွင် "အင်္ဂတေမြေမနင်း" ဟု အော်၍ နီးရာသစ်တုံး၊ အုတ်ခဲ စသည် တခုခုပေါ်သို့ ခြေနှစ်ဖက် စုံရပ်ပြီး တက်နေလိုက်ရသည်။ ထိုအခါ လိုက်သူအနေဖြင့် ဖမ်းပိုင်ခွင့်မရှိတော့ပေ။ အခြားသူများကိုလှည့်၍ လိုက်ဖမ်း ရသည်။ တခုခုပေါ်သို့ တက်နေသောသူသည် မြေကြီးပေါ်သို့ ခြေချ၍ ဆင်းလာလျှင်မူ ထိုသူကို လိုက်ဖမ်းနိုင်ခွင့်ရှိသည်။

လိုက်ဖမ်းသူသည် ပြေးသူအား ဖမ်းမိလုမိခင်တွင် လှမ်း၍ ပုတ်နိုင်သည်။ မတော်တဆ ပြင်းထန်စွာ ပုတ်မိ၍ နာကျင်သွားလျှင် သည်းခံခွင့်လွှတ်ရ၏။ ထို့ကြောင့် ဤကစားနည်းသည် သည်းခံစိတ်ဓာတ်ကို မွေးမြူရန် အားပေးသည်။ အပြေးသန်စေရန်၊ အရှောင်အတိမ်း ကျွမ်းကျင်စေရန်လည်း လေ့ကျင့်ပေးသည်။

ပြေးသူသည် ပြေးမလွတ်၍ ပုတ်မိသွားသော် ထိုသူ ခွေးရူးလုပ်၍ ကျန် ကစားသူများကို လိုက်ဖမ်းကာ ဆက်လက်ကစားသွားနိုင်ကြလေသည်။





# ဖန်တီးယူသောရန်ပွဲ

[illegible]

ရုပ်ရှင်ပြီး၍ရုံမှထွက်သည်နှင့် "အိပ်ကောင်းတဲ့ကားကွာ" ဟု ခင်မောင်ဝင်းက ပြောပါသည်။

"ဇာတ်လိုက်နဲ့ လူဆိုး သုံးယောက်ထိုးတဲ့ နောက်ဆုံး အခန်း အကောင်းဆုံးဘဲကွ" ဟု တင်ထွန်းကပြောပါသည်။

"ပထမ ဦး ဆုံး အခန်းလဲ ကောင်းတာဘဲကွ။ ဟော်တယ်ထဲမှာ ဇာတ်လိုက်ကို လူဆိုးတွေ ကရန်ဖပြီး ထိုးတဲ့ အခန်း လေ ကွာ" ဟု ကျွန်တော်က ပြောပါသည်။

မှုတ်ပါသည်။ ဇာတ်ကားမှာ ကျွန်တော်တို့ စိတ်ကြိုက်အတွေ့ဆုံးဇာတ်ကား ဖြစ်ပါသည်။ တကားလုံး အစမှအဆုံး ဓားကိုင်သံများ၊ သေနတ်သံများ၊ မြင်းခွာသံများဖြင့် ဖုံးလွှမ်းနေပါသည်။ ဇာတ်လိုက်နှင့် လူဆိုးတို့ထိုးခန်းများမှာ ကျွန်တော်တို့ စိတ်ကြိုက် အတွေ့ဆုံးအခန်းများ ဖြစ်ပါသည်။ ကျွန်တော်ကိုယ်တိုင် ဇာတ်လိုက် နေရာသို့ ရောက်၍ လူဆိုးနှင့်ယှဉ်ပြိုင် ထိုးသတ်နေရသလို၊ အားမလိုအားမရနှင့် စိတ်ကို တမျိုးသွေးကြွစေခဲ့ပါသည်။

အပြန် တလမ်းလုံး ဇာတ်လိုက်လက်သီးပြင်းပုံ၊ သေနတ်ပစ် လျှင်မြန်ပုံ၊ မြင်းစီး ကျင်လည်ပုံတို့ကို ချီးမွမ်း လာကြပါသည်။ ထိုသို့ပြန်လာစဉ် ရှေ့နားလွတ်ရင်း နောက်ဆုတ် နောက်ဆုတ်နှင့်ပြေးလာသော ကျွန်တော်တို့အရွယ် အကျီအပြာဝတ်ထားသော လူငယ် တယောက်က ကျွန်တော့်ကို ဝင်တိုက်မိသည်။

"မတော်လို့ပါ ခင်ဗျာ" ဟု ထိုလူငယ်က ကျွန်တော့်ကို တောင်းပန်ပါသည်။

"ဘာ မတော်လို့လဲကွ။ ဒါ မင်းသက်သက် ရန်စတာဘဲ"

"မဟုတ်ပါဘူးဗျာ။ မတော်လို့ ဝင်တိုက်မိတာပါ၊ တောင်းပန်ပါတယ်" ဟု တခြား လူငယ်တယောက်ကပါ ဝင်၍ တောင်းပန်ပါသည်။

"မင်းတို့က ဘယ်လောက်မိုက်လို့လဲကွ" ဟု ပြောပြောဆိုဆို နှင့် ကျွန်တော်က ကျွန်တော့်ကို ဝင်တိုက်သော လူငယ်ကို စ၍ ထိုးလိုက်သည်။

ကျွန်တော်က ထိုးသည်နှင့် တင်ထွန်း ကလည်း ထိုလူငယ်ဖက်မှ ဝင်၍ တောင်းပန်ပြောဆိုသောလူငယ်ကို သွက်လက်စွာပင် ထိုးလိုက်ပါတော့သည်။

ထိုလူငယ်တို့ဖက်မှ ကူညီရန် ပြေးလာသော ဓာပ်ကျယ်နှင့် လူငယ်ကို ခင်မောင်ဝင်းက ဆီး၍ ထိုးလိုက်ပါသည်။ ထိုနောက် သူတပြန် ကိုယ်တပြန်နှင့် ရန်ပွဲလေးတခု ဖြစ်ပွားသွားပါတော့သည်။ သို့သော် ရန်ပွဲမှာ အိပ်မကြာလှပေ။ လမ်းသွား လမ်းလာများနှင့် အနီးအနားမှ လူကြီးများက ကျွန်တော်တို့ ရန်ပွဲကို ဖြန်ဖြေလိုက်ပါသည်။

လူအတော်များများ ကျွန်တော်တို့ကို ဝိုင်း၍ ကြည့်နေကြပါသည်။ အချို့ လူကြီးများက "ဘယ်လိုဖြစ်ကြတာလဲ" ဟုမေးကြပါသည်။

"မတော်လို့ ဝင်တိုက်မိတာ ကို သူတို့က သက်သက်စပြီးထိုး ကြတယ်"ဟု ကျွန်တော့်ကို ဝင် တိုက်မိသော အင်္ကျီ အပြာနှင့် လူငယ်က ပြောပါသည်။

"မတော်လို့ ဝင်တိုက်မိတာ ပဲကွာ၊ ဘာဖြစ်လို့ ရန်ပွဲ ဖြစ် အောင် ဖန်တီးရတာလဲ။ ကဲ ကဲ၊ ပြန်ကြ ပြန်ကြ"ဟု လူကြီး တယောက်က ပြောပါသည်။

ကျွန်တော်တို့ တိတ်ဆိတ် စွာ ပြန်လာကြပါသည်။ တ ယောက်နှင့်တယောက် စကား တလုံးမျှ မပြောမိကြတော့ပေ။ ကျွန်တော့် တကိုယ်လုံး ပေရေ နေသကဲ့သို့၊ ခင်မောင်ဝင်းနှင့် တင်ထွန်းတို့၏ အင်္ကျီများတွင် လည်း ပေရေနေပါသည်။

အိမ်သို့ ပြန်ရောက်၍ ကျွန် တော့် မျက်နှာကို မှန်ထဲတွင် ကြည့်မိသောအခါ ဖူးရောင်နေ သော နှုတ်ခမ်းများကိုတွေ့ရ၏။

"မတော်လို့ ဝင်တိုက်မိတာ ပဲကွာ၊ ဘာဖြစ်လို့ ရန်ပွဲဖြစ် အောင် ဖန်တီးရတာလဲ" ဆို သည့် လူကြီးတယောက် ပြော လိုက်သော စကားလုံးများမှာ ကျွန်တော့်နားထဲမှ မထွက်နိုင်ပဲ ထပ်တလဲလဲသာ ကြားယောင် နေမိပါသည်။

ဟုတ်ပါသည်။ မတော်တဆ ကိစ္စကလေးကို ရန်ပွဲဖြစ်အောင် ဖန်တီးလိုက်သည်မှာ ကျွန်တော် သာ ဖြစ်ပါသည်။

ထိုလူငယ် များနှင့် ကျွန် တော်တို့မှာ ယခင်က ရန်ငြိုး ရန်စလည်း မရှိခဲ့ဘူးပါ။ မတော် တဆ ဝင်တိုက်မိ၍ တောင်းပန် တောင်းပန်နေသည်ကို အဘယ် ကြောင့် ကျွန်တော်က ရန်ပွဲ ဖြစ်အောင် ဖန်တီးခဲ့သနည်း။

ထို မေးခွန်းကို ကျွန်တော် ခေါင်းထဲတွင် ဆင်ခြင် တလဲလဲ မေးနေမိပါသည်။

အဖြေ တွေ့ပါပြီ။

စောစောက ကျွန် တော် ကြည့်ခဲ့သော အင်္ဂလိပ်ကားမှ ဇာတ်လိုက်နှင့်လူဆိုးတို့ ထိုးခန်း များမှာ ကျွန်တော့် သွေးများ ကို ကြွစေခဲ့ပါသည်။ လျင်မြန် သွက်လက်ပြင်းထန်သော လက် သီး များဖြင့် ဇာတ်လိုက်က လူဆိုးကို ထိုးလိုက် သကဲ့သို့ ကျွန်တော် ကိုယ်တိုင်လည်း ထိုး သတ်လိုစိတ်များ ပေါ်ပေါက်ခဲ့ မိပေလိမ့်မည်။ ထို့ကြောင့် မ တော်တဆ ကိစ္စလေးကိုပင် ရန် ပွဲဖြစ်အောင် ဖန်တီး၍ ရင်ထဲ တွင် သွေးကြွ ပေါ်ပေါက်ခဲ့သည့် စိတ်များကို ဖြေဖျောက်ခဲ့ခြင်း ဖြစ် ပါ သည်။ တ ကယ် တော့ ကျွန်တော် အတုခိုး မှားခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော် စိတ် မကောင်း ပါ။ နောက်နောင် ဤကဲ့သို့ မှားယွင်းသော အတု ခိုးမှုမျိုး မဖြစ်မိအောင် ရှောင်ရှားရပေ မည်။ ကျွန်တော့် သူငယ်ချင်း များ အားလည်း ကျွန်တော် တွေး မိ သည့် အ ချက် များကို ပြောပြရပါဦးမည်။

× × ×

## အမှိုင်တေး

မိုးမင်းဒေဝါ၊
မွှေရွာလေခင်းယင်၊
ပြည်ရွာကျေးခင်းတော
မှိုင်းတော့တာ။

မိုးမြိမ်းသံမြည်၊
ကျိုးကျိမ့်ချောင်းက၊
ခေါင်းလောင်းကြီးနဲ့
သံပြိုင်ညာ။

မုရစ်သံစုံ၊ ဒိုးညံကြေးကြ၊
ဓာအံ့တေးနဲ့ ယှဉ်ပြိုင်ကာ။

သစ်ရွက်သစ်မင်၊ မြရည်လိမ်းလို့၊
ဖက်ခိုစိမ်းနဲ့ သည်အခါ။

နိုက်ကိုယှဉ်ပြိုင်၊ မိုနိုင်မိုးလာ။
သံပြိုင်ကြိုးစား ကျက်မှတ်မှာ။
က = ကာ :::: ခ = ခါ::::။ ။

မစန္ဒာ



R. 517






# သော်ကကြီး

သော်ကပန်းတို့ ဖူးပွင့်ပုံသည် ထူးခြား၍ လှပခန့်ညားသည်။ ဟသ်ပြဒါး အနီရောင်တွင် အဝါရောင် ရောနေသော ပန်းခိုင်ကြီးများသည် ရွှေပန်းဆိုင်း၊ ရွှေပန်းခြိုင်းများ ဆွဲထားသည့်နှယ် အကိုင်းအခက်များအကြားမှ တွဲလောင်းကျနေကြသည်။ အပင်တွင် ကြာရှည်ခံသော ပန်းများဖြစ်ကြသည်။ ပန်းသစ်ပင်များတွင် အလှဘုရင်ဆိုလောက်သည်ဟု သစ်ပင်၊ ပန်းပင်ပညာရှင်များက ဆိုကြသည်။ မြန်မာနိုင်ငံ၌ မူလပေါက်သော ပန်းသစ်ပင်ပေတည်း။



သော်ကကြီးကို မြန်မာသော်ကဟုလည်း ခေါ်ကြသည်။ မိုးရာသီမှ လွဲလျှင် တနှစ်ပတ်လုံး ဖူးပွင့်သည်။ အပင်အလတ်စားမျိုးဖြစ်၍ ပေ ၅၀ - ၆၀ အထိ မြင့်နိုင်သည်။ ၁၂ ရာသီ စိမ်းလန်းနေသော အကိုင်း အခက်များမှာ သေးသွယ်သည်။ အညိုရောင်ဖျော့ဖျော့ ရွက်နုများဖြင့် ထူထပ်သိပ်သည်းနေသည့်အကိုင်းနုများ တွဲလျား ကျ၍ ထွက်ပုံသည်လည်း သော်ကပင်၏ ထူးခြားချက်တရပ် ဖြစ်သည်။ ခြောက်လက်မမှ ရှစ်လက်မခန့်ရှိသော အညိုရောင် အသီးတောင့် ပြားပြားမျိုး သီးသော်လည်း အသီးတင်ခဲသည်။ အစေ့ပျိုး၍ စိုက်လျှင်လည်း အောင်မြင်ခဲလှသည်။ ထို့ကြောင့် မြေနှင့်နီးသော အကိုင်းတကိုင်းကို မြေထုပ်ဆွဲ၍ ကိုင်းစည်းနည်းဖြင့် အပင်ပွားရလေသည်။






၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

စနေနေ့တိုင်း ထုတ်ဝေသည်။

# ငွေမက်သော အမတ်

ပန်းချီ - ဦးဘကြည်
ဇာတ်လမ်း - အောင်ရဲညွန့်

ရွှေသွေး ဂျာနယ်
အတွဲ - ၂။ အမှတ် - ၂၃။ ၆-၆-၇၀




xxxxxxxxxx xxxxxxxxxxxxx xxxxxxxxx
ဟင်!
ဒါပေမယ့် တနေ့ကျတော့ ဘုရင့် ထောက်လှမ်းရေးကသိသွားပြီး ရွှေနားတော် ပေါက်သွားသဖြင့် -
.....အမတ်ငယ်နဲ့ အမတ်ကတော်အား ရှေ့တော်မှောက်သို့ သွင်းစေ.... သင်းတို့ အိမ်ဂေဟာကို အမိုးမှ ကြမ်းပြင်အောက် မကျန် ရှာဖွေလို့ ရသမျှ ငွေများကို ဆက်သစေ..... အမိန့်တော်.......
နောက်တနေ့တွင် ဘုရင်ကြီးသည် အမိန့်တော် တရပ် ထုတ်ဆင့်လိုက်သတဲ့။
အလို...... ငွေတွေ အဆမတန် များလှချေကလား...
ငါတို့ရွာမှာတော့ ငွေကျပ်တည်း ပါတယ် ဆိုပြီး ....
ငွေတွေဒီလောက် များများ ဘယ်လို ရပါလိမ့်.
လပ်စား တာဘဲဖြစ်ရ မယ်....
ရွှေတော်မှောက်သို့ ငွေများနှင့်တကွ အမတ်ငယ်နှင့်ဇနီးပါ ရောက်ရှိလာသောအခါ....
ဒီလောက်ငွေတွေရှိယင် မောင်မင်း လပ်စားတာဘဲ ဖြစ်ရမယ်...ဘာ့ကြောင့် ဒီလိုလပ်စား ရသလဲ ... လျှောက်တင်စေ မောင်မင်း
မှန်လှပါ . သတ်ယင်လဲ သေရမယ်- ထားယင် လဲနေရပါမယ်ဘုရား ... ကျွန်တော်မျိုးကြီး က (လောကမှာငွေရှိယင် - လူရာဝင်တယ်) လို့ ယူဆပြီး လပ်စားမိ ကြောင်းပါ ဘုရား


ထိုကြောင့် လည်ပင်းတွင် ငွေဆွဲ စာချိတ်ပြီး နန်းရပ်မြေမှ နှင်ထုတ်လိုက်သဖြင့် -
အရှက်ကြီးရကာ နန်းမြို့မှ ထွက်လာရသတဲ့။
နန်းအပြင်ဖက် မြို့လယ်ရောက်သော် လူထုက -
မြို့စွန်ရောက်၍ ရေတောင်းသောက်၍ပင်မရ-
နေပူလှ၍ ခေတ္တနားနေသည်ကိုပင် - - -
ရော့-ငွေ မက်တဲ့ ကောင်တွေ- - ငွေ -
အချို့သော သူများကလည်း သူတောင်းစား ပမာ လှောင်ကြသေးသတဲ့။



စိတ်ပျက်ပျက်နှင့် ခရီးဆက်၍ မြို့အလွန်တွင် ဆာလှသဖြင့်မုံ့စားလာသောကလေးငယ်အား
ထိုကြောင့် ဆွဲထားသောစာနှင့်ငွေပေါက်များကို ဖယ်ရှားပြီး အသက်စွန့်၍တနယ်ရပ်ခြားသို့ သွားလေတော့သတဲ့။
ခရီးသုံးရက်မြောက်၍ တောထဲတွင်မောမော နှင့် အိပ်ပျော်နေကြစဉ် အမဲလိုက် ခွေးများ ဝိုင်းဟောင်၍—
လွန်ခဲ့သော ခုနစ်ရက်ခန့်က တောကစားထွက်နေသော အိမ်ရှေ့စံမင်းသားက တွေ့သဖြင့်—
အကြောင်းစုံလျှောက်ပြီး ဘုရင်ကြီးထံ အသနားခံပေးရန် တောင်းပန်လေတော့သတဲ့။
နောက် သုံးလခန့်ကြာသော် သားတော် အိမ်ရှေ့မင်းသား၏ ဖျောင်းဖျမှုကြောင့် ဘုရင်ကြီး စိတ်ပြေကာ အမတ်ငယ်တို့ကို ပြန်ခေါ်ပြီး သင့်တော်သောရာထူး ချီးမြှင့်၍ထားလေသည်။


ယခင်အပတ်မှအဆက်
ဇာတ်လမ်း - မြင့်ဦး
သရုပ်ဖော် -
ဟုတ်ပါ့မလားဆရာကြီး။ တော်ကြာမိနေဦးမယ်
ဦးလေး၊ ဟိုမှာချာတိတ်နဲ့ ချာတိတ်မလေး၊
တွေ့လား - လှည့်ကြည့်စမ်း - လေ -
ခြေသံမကြားစေနဲ့နော် -
ဟေ့ - မပြေးနဲ့ - သေသွားမယ်၊
လာ - လိုက်ခဲ့ကြ -
ကျွန်မတို့ကို ချမ်းသာပေးပါ ဦးကြီးရယ်၊
ဟား - ဟား -


ကျမမောင်လေးကိုလွှတ်ပေးပါ
ဟီး-ဟီး-ဟီး-
အောင်မာ-ဆွဲကြိုးလေးနဲ့ပါလား၊
ပေးစမ်း၊


ကိုင်း - ဒို့သွားမယ် - ဟေ့ကောင်မလေး - ဒီစာကို နင့်အဖေပေးလိုက်၊
ဦးကြီးတို့ရယ်၊ ကျွန်မမောင်လေးကိုမခေါ် သွားပါနဲ့၊
ဒီချာတိတ် တော်တော်သတ္တိရှိတယ်၊ ကဲကွာ -
ဖြန်း
အချိန်မရှိဘူး - မြန်မြန်သွားကြစို့ -
ကိုကိုရေ - မောင်လေးကိုကိုရေ -
ဟာ - ဟိုလူကြီးတွေ၊ ဘယ်ရောက်သွား ကြလဲမသိဘူး၊ ပျောက်ချေပျောက်သွားပြီ၊

ဆက်ရန်

သရုပ်ဖော်-ကျော်ကျော်

# မီးသတ်

မျိုးသန့်ခိုင်



မီးသည် လူတို့အဖို့ ရန်သူလည်းဖြစ်၏။ မိတ်ဆွေလည်းဖြစ်သည်။

လူတို့ နေ့စဉ် ချက်ပြုတ်ရာတွင်၎င်း၊ အလင်းရောင်အတွက်သော်၎င်း၊ အကျိုးပြုသလို တခဏအတွင်း မီးလောင်ပြာကျကာ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားအောင်လည်း ဖန်တီးနိုင်လေသည်။

သို့ဖြစ်၍ ကမ္ဘာတဝှမ်းလုံးမှာပင် မီးသတ်အဖွဲ့များ ဖွဲ့စည်းပြီးလျှင် လူတို့၏ အိုးအိမ်များကို မီးဘေးအန္တရာယ်မှ ကင်းဝေးအောင် ကာကွယ်ကြရလေသည်။

မြန်မာနိုင်ငံတွင် အနော်ရထာမင်း လက်ထက်မှစ၍ မီးသတ်အဖွဲ့များ ဖွဲ့စည်းခဲ့၏။ ထိုအခါက မီးသတ်သမားတို့ကို ''မီးကပ်သား''ဟူ၍ ခေါ်လေသည်။ တိုင်းပြည်အေးချမ်းချိန်တွင် မီးကပ်သားတို့သည် နိုင်ငံအတွင်း မီးဘေးအန္တရာယ်တို့ကို ကာကွယ်ရသည်။ စစ်မက်ဖြစ်ပွားချိန်တွင်မူ စစ်တပ်များနှင့်အတူ မီးလေး၊ မီးမြား၊ ရေနွေးပူ၊ ခဲပူယမ်း စသည့် စစ်အသုံးအဆောင်များကို ယူဆောင်လိုက်ပါရသည်။

အလောင်းဘုရား လက်ထက်တွင်လည်း မီးသတ်အဖွဲ့များကို ဖွဲ့စည်းပြီး မီးဘေးအန္တရာယ်ကို စံနစ်တကျ ကာကွယ်စောင့်ရှောက်ခဲ့လေသည်။

လူတို့ ချက်ပြုတ်စားသောက်ပြီးသောအခါ မီးဖိုတွင် မီးငြိမ်းမငြိမ်းကို မီးဖိုတွင်းရှိ ပြာထဲသို့ ကြက်တောင်မွှေးဖြင့် ထိုးဆွ၍ စစ်ဆေး ကြည့်ရှုလေသည်။ ကြက် တောင်မွှေးတွင် မီး စွဲလောင်ပါက အိမ်ရှင်ကို

ထိုက် သင့်သော အပြစ် ဒဏ်ပေးလေ၏။ ချက်ပြုတ် စားသောက်သော အချိန်များကိုလည်း သတ်မှတ်ပေးထားလေသည်။




ယခုအခါ လူတဦးတယောက်၏ ပေါ့လျော့မှုကြောင့်မီးလောင်မှု ဖြစ်ပွားလျှင် မီးမရှိသေမှုပုဒ်မ (၂၀၅) ဖြင့် ထောင်ဒဏ်သော်၎င်း၊ ငွေဒဏ်သော်၎င်း၊ သို့တည်းမဟုတ် အပြစ်ဒဏ် နှစ်ရပ်ပေါင်းကိုသော်၎င်း အပြစ်ပေးနိုင်လေသည်။

မီးလောင်မှု အများဆုံးဖြစ်ပွားရသည်မှာ မီးဖိုရှိ မီးကြွင်းမီးကျန်နှင့် ပေါ့ဆမှု တို့ကြောင့် ဖြစ်ကြောင်းကို မီးသတ် ဌာနမှ စစ်ဆေး တွေ့ရှိရလေသည်။ ရေးမြို့၌ ကျပ်သိန်း ၅၀၀ ဖိုး မီးလောင်ခြင်းမှာ ဘဲဥကြော်ရာမှ စတင်ခြင်း ဖြစ်၏။

မီးဖိုတွင် ချက်ပြုတ် ကြော်လှော်ရာမှ မတော်တဆ မီးထလောင်ပါက ဂုံနီအိတ်ကို ဖြစ်စေ အပေါ်မှ လေလုံအောင် အုပ်လိုက်ပါက မီးငြိမ်းသွားပေမည်။ အကယ်၍အကြောက်လွန်ပြီး လက်လွှတ် ထွက်ပြေးပါက မိမိကြောင့် တရွာလုံး၊ တမြို့လုံး မီးလောင်ဆုံးရှုံးသွားနိုင်ပေသည်။

မြန်မာနိုင်ငံတွင် ၁၉၆၉ ခုနှစ်-တနှစ်အတွင်း၌ မီးအကြိမ်ပေါင်း ၂,၅၄၆ ကြိမ်လောင်ခဲ့၍စုစုပေါင်း တန်ဖိုးကျပ် ၇၄၂ သိန်းနီးပါး ဆုံးရှုံးခဲ့လေသည်။

အထူးသတိပြုရန်မှာ မီးလောင်မှု ဖြစ်ပွားပါက စကားပြောကြေးနန်း နံပတ် (၀၀၀) သို့ အကြောင်းကြားပါက မီးသတ်စက်များ ခဏချင်း ရောက်လာပြီး မီးကို ငြိမ်းသတ်ကာကွယ်ပေးနိုင်ပေမည်။



နိုးကြားကြိုးစား
ကောင်းကျိုးပွား
ဇာတ်လမ်း-အောင်ကျော်မင်း
သရုပ်ဖော် သုခမအုန်းခင်
ဝင်းဖေသည် ကျောင်းအားရက်များ၌ မိဘများ ခိုင်းစေသည့် အိမ်အလုပ်များကို ချက်ချင်းလုပ်ကိုင်ပေးလေ့မရှိပေ။
ဟေ့ သားအိမ်ရှေ့က မြက်တွေခုတ် တော့လေကွာ
ဟာ-ဖေဖေကလဲ ခုတ်မှာပေါ့ ကျနော် ဒီနေ့ မအားသေးလို့ပါ
ငါ့သားကဒီလိုအလုပ်ကိုအချိန်ဆွဲနေတော့ မင်းအဖိုးကြုံခဲ့ရဘူးတာကလေးကိုအဖေပြောပြချင်တယ်၊ သေသေချာချာ နားထောင်နော်လူကလေး
မင်းအဖိုးဟာ တနေ့မှာ မြို့တက်ပြီး ဈေးလျှောက်ဝယ်ရင်း အိမ်တအိမ်ရှေ့မှာ ""လူတိုင်းကို အကြံပေးနေသည် အကြံတခုလျှင် နှစ်ကျပ်"" လို့ စာဆွဲထားတာကို တွေ့ရသတဲ့။
ဒီတော့ မင်းအဖိုးက-
တယ်လဲ ထူးဆန်းပါလား၊ သူကဘာအကြံများပေးနေပါလိမ့်-ဘာဘဲဖြစ်ဖြစ် ငွေနှစ်ကျပ်ပေးပြီးအကြံတခုတော့ဝယ်သွားမှဘဲလေ
အကျိုးအကြောင်း ပြောပြကာ အကြံတခုကို ငွေနှစ်ကျပ်ပေးပြီး ဝယ်ခဲ့သတဲ့။
ဒီအကြံပေးစာကိုအိမ်ရောက်မှဖွင့်ကြည့်ပါ



အိမ်ရောက်လို့ ဖွင့်ကြည့်လိုက်တော့ -
ဒီရွှေအလုပ် ကိုမနက်ဖြန်မရွှေ့ နဲ့ ဆိုပါလား
မင်းအဖိုးဟာ အတော်ကို ရယ်ချင်သွားတာ ပေါ့။
အမယ်လေး ဒီဟာတော့ကတော့ သူပြောမှသူ့အကြံပေးမှလား ငါလဲသိတာပေါ့
အေးလေ-ဒါပေမဲ့ ဘာဘဲဖြစ်ဖြစ် လေသူ့စကားအတိုင်းတော့လုပ်အုံးမှဘဲ ငွေနှစ်ကျပ်ပေးပြီးတော့တောင်ဝယ်လာခဲ့ရတဲ့အကြံဆိုတော့၊ သူပေးထားတဲ့ အကြံအတိုင်းမလုပ်လို့မဖြစ် သေးပါဘူး
မင်းအဖိုးဟာ လယ်ကွင်းထဲဆင်းလို့ စပါးပုံကြီးကို တွေ့တော့ -
ဒီစပါးတွေကိုကျီထဲသွင်း လိုက်ယင်၊ ဒီနေ့ပြီးနိုင် တာဘဲ
စိတ်ကူးရပြီး တခါထဲ စပါးတွေကို ကျီထဲ သွင်းတော့တာဘဲတဲ့။
ဒီတော့ အနီးအနားက လယ်သမားတွေက ဝိုင်း ပြီးလှောင်ကြတာပေါ့။
ဘယ့်နှယ်နေ့ခေါင် ခေါင်ကြီးဆိုးရိပ်မဖြင့်လေကိုဝ် မဖြင့်နဲ့စပါးတွေကိုဘာ ဖြစ်လို့အရေးတကြီးသွင်း နေရတာလဲ


အဲ နောက်တနေ့ကျတော့ မိုးက မမြော်လင့်ဘဲ ရုတ်တရက် သဲသဲမဲမဲ ရွာချပါရောတဲ့။
ဒီတော့ အတိုချုံးပြောရယင် တခြားလယ်သမားတွေမှာ စပါးတွေ ရေစိုပြီး ပျက်စီးရသလောက် မင့်အဖိုးမှာ စပါးတွေ ဈေးကောင်းကောင်းနဲ့ ရောင်းရလို့ ငွေတွေ အများကြီး ရလိုက်တာပေါ့။
အဲဒါဟာ ဘာလဲဆိုတော့ အလုပ်ကို အချိန်မရွေးဘဲ လုံ့လဝီရိယနဲ့ ကြိုးစားလုပ်ကိုင်တဲ့ အကျိုးကျေးဇူးပေါ့၊ ခု လူကလေးလို ဟိုတော့မှ ဒီတော့မှနဲ့ အချိန်တွေ ရွှေ့ရွှေ့ပြီး အပျင်းထူမနေလို့ ခံစားရတဲ့ အမြတ်ပေါ့
ဒီတော့ လူကလေးလဲ ကိုယ့်ဟာကိုယ် စဉ်းစားကြည့်၊ ဒီနေ့ပြီးနိုင်ပါရက်နဲ့ နက်ဖြန်ရွှေ့ပြီး အပျင်းထူနေတာ ဆိုးဟာ ကောင်းသလား၊ မကောင်းဘူးလား ဆိုတာ
ပြီးတော့ အလုပ်ကို အဲဒီလို အချိန်ရွှေ့သလို ပညာသင်ရာမှာလဲ ဟိုအချိန်မှ ဒီအချိန်မှ ဆိုယင်၊ လူကလေးမှာ ပညာကို အချိန်မှီ အချိန်မှ တတ်ပါ့အုံးတော့မလား၊ အသက်က ကြီးကြီးလာ၊ ပညာက ဘာမှမဟုတ်သေးဆိုယင်......
ဝင်းဖေသည် သူ့အဖေ၏စကားကို နားစိုက်နေမိရင်း....
ဟုတ်တယ်၊ နောက်ဆိုယင် ငါ ဘာဘဲဖြစ်ဖြစ် အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး၊ ဒီနေ့ပြီးနိုင်တာကို ဒီနေ့ အမြတ်လုပ်မှာဘဲ

# ဆိမ်းခွက်ကယ် ပြောင်းပြန်

ကျော်ညွန့်မျိုး



တဖွဲ့လျှင် မိန်းကလေး သုံးယောက်စီဖြင့် နှစ်ဖွဲ့ဖြစ်စေ၊ နှစ်ဖွဲ့ထက်ပို၍ဖြစ်စေ ယှဉ်ပြိုင် ကစားနိုင်ကြသည်။

ရှေးဦးစွာ မိန်းကလေး သုံးယောက်သည် မျက်နှာချင်းဆိုင် လက်ချင်း ချိတ်တွဲထားရသည်။ ထို့နောက် လက်တွဲ မပြုတ်စေပဲ လက်အောက်မှ ခေါင်းငုံ့ဝင်ကာ နောက်ပြန် လှည့်လိုက်၍ တွဲထားသော လက်တစုံအပေါ် သို့ တယောက်၏ခြေကို နောက်ပြန် ချိတ် တင် ထား လိုက် ရ သည်။ ကျန်နှစ်ယောက်ကလည်း တယောက် ခြေ သ လုံး ပေါ် တယောက်ထပ်ပြီးချိတ်လိုက်သော အခါ ပုံသဏ္ဌာန်သည် ခြေထောက်ပါသော ဆိမ်းခွက် ကလေး ကို ပြောင်း ပြန် မှောက်ထားသည်နှင့် တူသွားလေ၏။

ထို့ကြောင့် ဤကစားနည်းကို "ဆိမ်းခွက်ကယ် ပြောင်းပြန်" ဟုခေါ်ခြင်းဖြစ်သည်။

ယခုအဆင့်တွင် ခြေအတွဲ သုံးတွဲကို မြဲမြဲချိတ်ထားရန် လိုသည်။ ထို့နောက် ယှဉ်ပြိုင်သော အဖွဲ့နှစ်ဖွဲ့သည် ခြေတပေါင်ကျိုးခုန်လျက် လက်ခုပ်တီးကာ —

"ဆိမ်းခွက်ကယ် ပြောင်းပြန်၊
ပိုးလိုးပက်လက်လန်၊
ဖလံပင် နားနား၊
ဖလံဖူး စားစား" ဟု သံပြိုင်ဟစ်ဆိုကြရင်း လက်ဝဲဖက်သို့ခုန်ပြီး လှည့်လိုက်ရမည်။ ထိုအခါ ခြေတွဲပြုတ်သောအသင်းက ရှုံး၍ ခြေတွဲမပြုတ်သော အသင်းက နိုင်သည်။

ဤကစားနည်းတွင် တဦးလျှင် ခြေထောက် တချောင်းစီသာ မြေတွင် ထောက်ထားရသောကြောင့် ကြံ့ခိုင်ရန် လိုသည်။ အချိန်အဆ အထိန်းအသိမ်းလည်း များစွာလို၏။

## ရွှေငါးကန်လေး လုပ်ကြမလား


(၁)



(၂)



ပုံ(၁)နှင့်(၂) ကို စက္ကူထူ တွင်ကပ်ပြီး ညှပ်ယူပါ။ ငါးရုပ်ချင်းကပ်ပြီးလျှင် ကျောက်ခက် ပုံ ထိပ်ပိုင်းများဖြင့် တဖက်တချက်မှ ကပ်၍ အောက် ပိုင်းမှ ခွာထားပါ။ ၁၀လိပ်ဝင်အုံးယားစီးကရက်ဘူးကို ပုံအတိုင်းဖေါက်၍ အတွင်းမှ ဆီစိမ်စက္ကူကပ်ပါ။ ငါးရုပ်ကလေးကို အောက်ခြေခွဲ၍ဘူးထဲ၌ ယောင်လိုက်ပါ။





# ကျေးဇူးတင်ပါတယ်ကိုကို

မောင်သက်ကြူ

ယနေ့ ခွေးပုကျောင်းသို့ ယူလာသော ကွန်ပါဗူး နီနီကလေးကို ကျွန်တော် အလွန် သဘောကျပါသည်။ ညနေ ကျောင်းလွှတ်ပြီး အိမ် ပြန်ရောက်သည့်တိုင်အောင် ထိုကွန်ပါဗူးကလေးကို မြင်ယောင်နေမိ၏။

"အမေတို့ ဝယ်ပေးချင်ပါတယ် လူကလေးရယ်။ ဒါပေမဲ့ ပိုက်ဆံက မလွယ်သေးဘူးကွဲ့" ဟူသော အမေ့စကားကိုသာ ကြားရမည် ဖြစ်ပါသည်။ ထိုကြောင့် စိတ်ကူးမိသော်လည်း ကျွန်တော်မပူဆာတော့ပါ။

စိတ် ပျက် ပျက် နှင့် ကျွန်တော်သည် အိမ်ရှေ့တွင် စိုက်ထားသော အုန်းပင်ကလေးခြေရင်းတွင် တယောက်တည်းသွားထိုင်နေမိ ပါသည်။ ထိုစဉ် ထိုအုန်းပင်ကလေးနှင့် ပတ်သက်၍ လွန်ခဲ့သည့် လေးနှစ်ခန့်က ကျွန်တော်နှင့် ကိုကို စကားများခဲ့ကြသည်ကို ပြန်၍ သတိရမိပါသည်။

ဥပုသ်နေ့တနေ့တွင် ဖြစ်ပါသည်။ ရွာဦးဘုန်းကြီးကျောင်းသို့ အမေ ဥပုသ် သွားစောင့်သည်။ ကျွန်တော်နှင့် ကိုကိုလည်း ကျောင်းကို အမေနှင့် လိုက်သွား၏။ ညနေ အိမ်ပြန်သောအခါ ဘုန်းကြီးက ကျွန်တော်တို့ညီအကိုစားဖို့ အုန်းသီးတလုံးပေးလိုက်ပါသည်။

အိမ်ရောက်သောအခါခွဲပေးရန် ကျွန်တော်က ပူဆာသည်။ ထိုအခါ ကိုကိုက –

"ညီလေးရာ အုန်းသီးကို ခွဲမစားပါနဲ့ကွာ၊ ဒို့ဒအပင်စိုက်ထားရအောင်၊ ဒီမှာ အစို့ကလေးတောင် ထွက်နေပြီ"

"အစို့ပေါက်နေယင်ဆံခြည်ထွေးရှိမှာပေါ့၊ ပိုကောင်းတာပေါ့၊ စားမယ်ကိုကိုရာ"

"အပင်စိုက်ထားပြီး ဒီအပင်ကသီးမှ မင်းကြိုက်သလောက်စားပါကွာ"

အမြဲတမ်း အလိုလိုက်သောကိုကိုသည် သည်တကြိမ် ကျွန်တော့်ကို အလိုမလိုက်တော့ပါ။ ထို့ကြောင့် ကျွန်တော်တို့ ညီအကိုနှစ်ယောက် စကားများကြပါသည်။

အဖေက ဝင်၍ ပြောပါသည်။

"ကဲ– ဒီလိုဆိုယင် မင်းခွဲတတ်ယင်စား။ မခွဲတတ်ယင် မင်းကိုကိုစိုက်ပါစေ"

ထို့ကြောင့် ကျွန်တော်သည် မကြေမချမ်းနှင့်ပင် အလျှော့ပေးလိုက်ရပါသည်။ ကိုကိုအနိုင်ရသဖြင့် အုန်းပင်ကလေးကို နေ့တိုင်း ရေလောင်း၍ စိုက်ခဲ့ခြင်းကြောင့် ယနေ့ အသီးများပင် သီးနေလေပြီ။

"ဟေ့ညီလေး လာလေကွာ၊ ထမင်းစားရအောင်"

ကိုကို၏ခေါ်သံကြောင့် ကျွန်တော်၏ အတွေးလည်း ပြတ်သွားလေသည်။

ထမင်းဝိုင်းသို့ ရောက်သောအခါ ထမင်းစားနေရင်း ကျွန်တော်သည် ခွေးပု၏ကွန်ပါဗူးနီကလေးကို ပြန်၍ သတိရလာမိသည်။ ကျွန်တော်သည် ထမင်း

ကိုပင် ဆက်မစားချင်တော့ပါ။ ထို့ကြောင့် ထမင်းကို အခါတိုင်းထက် လျော့စားပြီး ထမင်းဝိုင်းမှ အစောဆုံး ထလိုက်လေသည်။

အဖေ၊ အမေနှင့် ကိုကိုတို့သည် ကျွန်တော့်ကို အကဲခတ်နေဟန်တူပါသည်။

"သားငယ်နေမကောင်းဘူးလား"

"နေကောင်းပါတယ်အမေ။ ကျွန်တော်ဘာမှမဖြစ်ပါဘူး"

"ဘာမှသာ မဖြစ်ဘူး ဆိုတယ် ငါ့သားကြည့်ရတာ မျက်နှာလဲ မကောင်းပါလား။ လူလေး ဘာဖြစ်နေလဲ၊ ပြောစမ်း အမေ့ကို"

"ကျွန်တော် ခွေးပုလိုကွန်ပါဗူးအနီမျိုးလေး သိပ်လိုချင်တာဘဲ အမေရယ်။ ဒါကြောင့် ကျွန်တော်...."

"ဟား- ဟား- ဟား- ဒါမျိုး မင်းက မျက်နှာမကောင်းဖြစ်နေရလားကွ ညီလေးရ"

ကိုကိုသည် တအား ဟစ်၍ ရယ်လိုက်ပြီး ကျွန်တော့်ကိုပြောပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကိုကို့ကို စိတ်ဆိုးသွားမိသည်။

"ဘာရယ်တာလဲ၊ ကိုကိုက ဝယ်ပေးနိုင်လို့လား"

"ဟ-ဝယ်ပေးနိုင်တာပေါ့ကွ"

"ဘယ်မှာလဲပိုက်ဆံ"

"ဟား-ဟား-ဟား- ပိုက်ဆံဆိုတာ ရှာတတ်ယင် ရှိတာပေါ့ကွ"

"ကိုကို မနောက်ပါနဲ့ဗျာ။ ကျွန်တော် အကောင်းပြောနေတာ"

"လူလေးကလဲ ဒါသချည်းဘဲ။ မင်းအကိုပြောတာကို နားထောင်အုံးမှပေါ့ သားရဲ့"

တချိန်လုံး နားထောင်နေသော အဖေသည် ကျွန်တော့်ကို ဝင်၍ဟန့်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်က ကိုကို့ကို လှမ်းကြည့်မိပါသည်။

"ဟိုမှာကြည့်စမ်း ညီလေး၊ ဒါတွေဟာ ပိုက်ဆံတွေပေါ့ကွ"

ကိုကိုသည် ကျွန်တော်၏ လည်ပင်းကို ဖက်ရင်း အုန်းပင်ပေါ်ကို လက်ညှိုးထိုးပြပါသည်။

"ဟာ- ကိုကိုကလဲဗျာ၊ ဘယ်မှာ ပိုက်ဆံရှိလို့လဲ။ အုန်းသီးတွေဘဲဟာ"

"မိုက်ပါဘိညီလေးရယ်၊ အဲဒီ အုန်းသီးတွေကို ရောင်းလိုက်ယင် ပိုက်ဆံမရဘူးလား။ အဲဒီ ပိုက်ဆံနဲ့ မင်းဝယ်ချင်တဲ့ ကွန်ပါဗူး နီနီကလေး ဝယ်ပေါ့ကွ"

ကိုကို ရှင်းပြ လိုက်တော့မှ ကျွန်တော် ပျော်သွားမိပါတော့သည်။

ကျွန်တော်၏စိတ်ထဲတွင် ထိုအုန်းသီး ကလေးကို တချိန်က စားပစ်လိုက်ပါက ယခုအချိန်တွင် ကျွန်တော် ဝယ်ချင်သော ကွန်ပါဗူးအနီလည်း ဝယ်ရမည် မဟုတ်၊ အုန်းသီးလည်း စားရတော့မည် မဟုတ်ဟု တွေးနေမိပါတော့သည်။

× × ×

## ကျောင်းသားတာဝန်

စာသင်ချိန်မှာ အသံမထွက်နဲ့၊
ငြိမ်ငြိမ်သက်သက် နေကြကွယ်။

ဆရာပြယင် နားထောင်စိုက်ပေါ့၊
အိပ်မငိုက်နဲ့ မောင်တို့ရယ်။

စာမသိယင် ဆရာ့မေးဖို့၊
မနှေးကြနဲ့ မယ်တို့ရယ်။

ဂဏန်းတွက်ယင် သိပ်မလျှမ်းနဲ့၊
ဖြေးဖြေးမှန်တမ်း တွက်ရမယ်။

ကျောင်းတက်ချိန်ဝယ်
အစာ မစားနဲ့၊
ဆရာ့စကား နားထောင်ကွယ်။

အချင်းချင်းတွေ ရန်မဖြစ်နဲ့၊
ချစ်ချစ်ခင်ခင် နေရတယ်။

အမှိုက်တွေကို ဟိုဒီမကြဲနဲ့၊
အမှိုက်ခြင်းထဲ ထည့်ရမယ်။

ကျောင်းပိတ်ရက်မှာ
စာတွေကျက်လို့၊
သင်္ချာ အတွက် လေ့ကျင့်မယ်။
ကျက်ကွယ်.... တွက်ကွယ်။ ။

ကေတုလင်းနိုင်



K. ၂၅/




# သော်ကကလေး



ပုဏ္ဏာရိတ်ပန်းနှင့်ဆင်ဆင်တူသော အဖူးအပွင့်တို့သည် အကိုင်းအခက်များနှင့် ကပ်လျက် အဆုပ်ကြီးများ ပွင့်သည်။ ပွင့်စတွင် အဝါ၊ ထိုနောက် လိမ်မော်၊ ထိုနောက် အနီရောင်သို့ တဖြည်းဖြည်းပြောင်းသည်။ ရနံ့သင်းသည်။ ပုဏ္ဏာရိတ်ပွင့်ကဲ့သို့ပင် ပြွန်ချောင်းနှင့်တူသော လည်တံရှိ၍ ထိပ်တွင် ပွင့်ချပ်လေးခုပါသည်။ အဖြူတဝက် အနီတဝက် ဝတ်ဆံများသည် လည်တံပြွန်ပေါက်မှ ဖြာ၍ထွက်သည်။ တနှစ်ပတ်လုံး အဖူးအပွင့်မပြတ်လှ။ သို့သော် ဖေဖွာရီလမှ မေလအထိမူ တပင်လုံး ဝေဝေဆာဆာပွင့်သည်။

သော်ကကြီးပင်နှင့် ရွက်နုထွက်ပုံတူသော်လည်း အရောင်ကွဲသည်။ အရွက်ပုံပန်းလည်း အနည်းငယ်ကွာခြားသည်။ သော်ကကြီး လောက်လည်း မမြင့်လှ။ အရွက်များက ပို၍ ထူထပ် သိပ်သည်းသဖြင့် အရိပ် ကောင်းသည်။



မြန်မာ၊ အိန္ဒိယ၊ မလေးရှားနိုင်ငံတို့၌ မူလပေါက်သည်။

ဗြာဟ္မဏဝါဒီတို့ အလေးအမြတ် ထားသော အပင် တပင်ဖြစ်၍ အသောကပင်ဟုလည်း ခေါ်ကြသည်။ ကုလားသော်ကဟုလည်း ခေါ်ကြလေသည်။



ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ကင်းလွတ်ခွင့်
အမှတ် ၁၁၂၈၈ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

# ဦးနှောက်-၁၀၀

ပန်းချီ-ဦးဘကြည်

ဇါတ်လမ်း-မောင်မောင်ဟန်

စနေနေ့တိုင်းထုတ်ဝေသည်။


ရွှေသွေး ဂျာနယ်

အတွဲ-၂၊ အမှတ်-၂၄၊ ၁၃-၆-၇၀




တောနက်ကြီးထဲတွင် သားကောင်ငယ်လေးများကို လိုက်လံဖမ်းဆီးစားသောက်နေထိုင်ကြသော မြေခွေး တကောင်နှင့် တောကြောင် တကောင်တို့သည် အစာရှာထွက်ရင်းတွေ့ဆုံကြရာ-




ခင်များက - ဦးနှောက် -၁၀၀- ရှိတယ်လဲပြောသေး - ဗိုက်ကါးအောင် စားတယ်လဲ ပြောသေး - ဒါနဲ့များ ပိန်လို့ ပါလါး.....
ဟား ဟား ဟား ဟား
အေး - ဒါကြောင့် ခက်တာပေါ့ - မင်းတို့က ဉာဏ်မှမရှိဘဲကိုး - လူတွေတောင် လှအောင်လို့ ပိန်အောင် လုပ်တဲ့ခေတ် ရောက်နေပြီဘဲဟာ
ခရီးသွားရင်း လမ်းတွင်
.........အေးလေ - မင်းက ဦးနှောက် -၁၀၀ ဆိုတာ မယုံချင်ဘူးဟုတ်လား.... မင်းကြားဘူးမှာပေါ့... မြသော့တကောင်ကို ညာဖြီး ရေတွင်းထဲ ချုန်ချခိုင်းတဲ့ - နို အဘိုး.... ကွ
အလို
မြေခွေး ဆိုတာ ကောက်ကျစ်တယ် - စိတ်မချရဘူး - ဦးနှောက် -၁၀၀- တဲ့ - မဖြစ်နိုင်ပါ - ခုလဲ ဘယ်ထိ ခေါ်မလို့လဲ မသိဘူး - သတိထား ရမှါဘဲ...
တဖြည်းဖြည်းနှင့် ခရီး အတော် ပေါက်ပြီး
သတိ
စါးလိုက် မယ်ကွ
အား ထောင်စမ်း
ဟင်... ငှက်သံ - ကြက်သံ - ဘဲသံတွေ ပါလား
စားရ ချေသေး
ရေကန်ကြီး တခု အနီးသို့ ရောက်သော်....
ချွတ်
ချွတ်
ဟော - ဟော -
ထိုခဏ၌ "ချွတ်" ခနဲ အသံ ပေါ်လာ၍
တောလိုက်မုဆိုးတယောက်ကို တွေ့သဖြင့် -


ဝပ် — ဖြားနေအောင် ဝပ် —....
ဝပ် နေပြီး ဘာလုပ်ရမလဲ - ဟင်
ခင်ဗျား — ဦးနှောက် -၁၀၀- တောင်ရှိတာဘဲ.... ကျုပ်ကတော့ သစ်ပင်ကြီးပေါ်တက် ပြေးမှာဘဲ....
မုဆိုးမမြင်အောင် ရုတ်တရက် ဝပ်ချလိုက်ပြီး
ငါ့ကို - တကောင်ထဲတော့ ပစ် မထားပါနဲ့ကွာ...
ဒီလိုဆိုယင် ဦးနှောက် -၁၀၀ ကို သုံးပါ လား
လွတ်မြောက်ရေးအတွက်အကြံထုတ်ရတော့၏။
ကဲလေ - ဒီမြေတွင်းထဲဝင်နေ မယ်....
မြေခွေးသည် မြေတွင်းတခု တွေ့၍ ဝင်ပြေးစဉ်....
မုဆိုးကြီး ချောင်း ကြည့် နေသည်ကို သူတို့မသိကြချေ။
ဟိုက် — ဘာသံ ပါလိမ့်
ဒုတ်
ဒုတ်
မုဆိုးကြီး ဒီတွင်းကို ဖေါက်တာ ဖြစ်ရမယ်...
မကြာမီ သူတို့ခေါင်းပေါ်မှ တူးဆွသံကိုကြားရတော့၏။
ဒီတခါတော့ သေရတော့မှာဘဲ - ငါ့မှာ ဦးနှောက်-၁၀၀-လဲမရှိပါဘူး ...... ငါကြားဖူးတာ ပါကွာ.... ငါလဲမင့်လိုဘဲ ဘာမှမစားရလို့ ပိန်နေတာပါ — ငါက မင့်လို သစ်ပင်မတက်တတ်တော့ - ခက်တယ် ငါ့ကိုကယ် နိုင်ယင်ကယ်ပါကွာ ...
အဟီး - ဟီး ....
သေမင်းခေါ်သံကြား တဒုတ်ဒုတ်နဲ့ အဆက်မပြတ် ပါလားကွယ် ဟီး - အီး - ဟီး
xxxxx xxxxx xxxx နားလယ်လား
ဖြေး


ဟင် - တောကြောင် သေနေမှကိုး ...!
သို့ဖြင့် မုဆိုးသည် တွင်းထဲမှ သေဟန်ဆောင်နေသော တောကြောင်ကိုတွေ့ရာ-
အသာချထားပြီး ဆက်လက်တူးစဉ်....
ဟာ - ဒီတောကြောင် သေမှမသေဘဲကိုး
တောကြောင်သည် တလှုပ်လှုပ်နှင့် ထပြေးသည်ကို မြင်၍ မုဆိုးထလိုက်သော်....
စီစဉ်ထားသည့် အတိုင်း တောကြောင် ရော မြေခွေးပါ တအားကုန် ထွက်ပြေး လွတ်မြောက်သွားကြလေ၏။
တောင်
အား
နောက် တလခန့် ကြာသော် - မြေခွေးသည် တောထဲ၌ ဇိမ်နှင့် မှိန်းနေစဉ်....
ဟာ - မင်းတယ်နောက်တဲ့ကောင်ဘဲ — ဆင်းခဲ့ပါ
အုံး - ကိုတောကြောင်ရယ်- ကျွေးမွေးဧည့်ခံချင်လို့ပါ ... ဟဲဟဲ ....




မောင်သံချောင်း
ဇာတ်လမ်း-မြဖိုး
ထိုအချိန်တွင်၊ ရွာ ကျောင်းသားလေး မောင်သံချောင်းမှာ၊
အလို-ဟိုမှာက ခေါ်သံလိုလို ကြား ရပါလား။
ကိုကိုရေ - မောင်လေး ကိုကို ရေ-
ဟော ဒီမှာက ခေါ်သံ ကြားတယ်။
ဘာဖြစ်လို့ ဒီမှာလာငို နေပါသလဲ။
ဘာဖြစ်လို့လဲ ဟင်-
ကိုကိုရေ သူတို့ဖမ်း သွားလို့-အဟီး-ဟီး-
မှတ်မိတယ်၊ တ ယောက်က ဝဝ၊ တ ယောက်က ပိန်ပိန်၊ ဝဝ
ပိန်ပိန်လူက မျက်စိတဖက် ကန်းနေတယ်။
သူတို့ ဘယ်ဖက်ကို သွားကြသလဲ


မြို့ပိုင်ကြီးခင်ဗျား -
ခင်ဗျားသားအသက်ရှင်
ချင်ယင်ငွေတထောင်နဲ့
ရွှေတကျပ်သားမနက်ဖြန်
စောစော၊ ကျွန်းတော
ထိကိုလာပို့ပါ။
မိုက်ကြီး
လာ - ဒီဖက်လိုက်ကြည့်ရအောင်၊
သူတို့နောက်ကိုလိုက်လို့ ဖြစ်ပါ့မလား၊ ကြောက်တယ်၊
ဟိုး - ကြောက်စရာမလိုပါဘူးကျနော်ရှိပါတယ် လာပါ၊
မောင်လေးနောက်ကို လိုက်ရမယ်ဆိုရင်၊ ဘာဖြစ်ဖြစ် လိုက်ပါ့မယ်၊
အသံမကြားစေနဲ့နော်၊ တိတ်တိတ်လေး လိုက်ခဲ့-ကြားလား၊
လူဆိုးတွေဘယ်ဖက်ကိုထွက်သွားလဲ၊
အဲဒီဖက်ကိုသွားပြီး ပျောက်သွားတာဘဲ
အင်း - ဒီတခါပြန်ပေးဆွဲတာလဲ ကိုမိုက်ကြီးတို့လက်ချက်ဘဲ၊ ဟိုတခါ ရွှေပေါက်တန်းကလဲ သူတို့လက်ချက်ဘဲ၊ ငါ့ကိုအရှက်ခွဲ ခိုင်းလို့၊ သူတို့နေရာကိုဝင်ပြီးပေး ရတယ်၊ သူတို့နေရာကိုငါသိပေမဲ့ အရမ်းသွားလို့မဖြစ်ဘူး၊
လူဆိုးတွေရှိတဲ့နေရာကို ကျနော်သိပါတယ်၊ ဒါပေမဲ့ အရမ်းသွားလို့မဖြစ်ဘူး၊ ကျနော့်နောက်က ခြေသံမကြားအောင်လိုက်ခဲ့ပါ၊
အလို - ငါ့ကျောပေါ် ဘာကောင်ကြီး တက်နေပါလိမ့်၊
အမယ်လေး - ပုတ်သင်ညိုကြီး - ကယ်ပါအုံး -


ရှီး - ရှီး - မအော်ပါနဲ့ - သူတို့ ကြားသွားအုံးမယ်၊
သူတို့နေတဲ့နေရာကိုရောက်တော့မယ်၊ ဖြေးဖြေး လိုက်ခဲ့ပါ၊ အသံမကြားစေနဲ့နော်၊
ဟဲ-ဟဲ-မင်းဒီတညတော့၊ ဒီလိုဘဲနေ လိုက်အုံး ပေါ့ကွာ၊ မနက်ဖြန်မင်းအမေတို့ ပြန်လာမှ မင်းကိုပြန်လွှတ်မှာပါ- ဟား- ဟား- ဟား-
ဟော-ဟော-နားထောင်စမ်း-
တိုးတိုး - တိုးတိုး ကြားသွားမယ်၊
ဟဲ-ဟိ- ဟိ-...
ဟိုမှာကွ၊ အသံ လိုလို ကြားပါလား၊
ငှက်အော်သံနဲ့ တူပါတယ်ဆရာ၊
ကိုမိုက်ကြီး တို့တော့ အရက်သောက်နေကြပြီ၊ သူတို့လစ်မဲ့ အချိန်ကို စောင့်မှဘဲ၊

# ကျူပင်

ရေး/တင်တင်ကြီး
သရုပ်ဖော်
ကာတွန်း:မောင်မောင်သက်





ကျူပင်သည် အလိုအလျောက် ပေါက်သော အပင်တမျိုးဖြစ်သည်။ အသုံးဝင်သောအပင်ဖြစ်၍ လိုသည့်အနေအထားရအောင် စနစ်တကျ ပြုပြင်မွေးမြူထားကြသည်။

"ကျူပင်ခုတ် ကျူငုတ်မကျန်စေရ" ဟူသော မြန်မာစကားပုံအတိုင်း အငုတ်ပါမကျန်အောင် ခုတ်လျှင် ကျူပင် မျိုးပြုတ်သွားနိုင်သည်။ ထို့ကြောင့် ကျူခုတ်သည့်အခါ အငုတ်ကို ချန်ခဲ့ရသည်။



ချောင်းစပ်၊ ကမ်းစပ်နှင့် ရေမခန်းသော ရိုးချိုင့်များတွင် ပေါက်သည်။


ရေခန်းသော ကမ်းစပ်များတွင် ကျူပင်ကို ဓားဖြင့် ခုတ်ယူနိုင်သည်။ ရေမခန်းသော ရိုးများတွင် ပေါက်သောကျူကို ကိုက်(ဂိုက်)ဖြင့် ကျူပင်ရင်းကို စမ်းပြီး ထိုးယူရသည်။ (ကိုက်သည် တံစဉ်ပုံသဏ္ဌာန် ကွေး၍ အရိုးတပ်ထားသော ကရိယာဖြစ်၏။)



ကျူအမျိုးအစားထဲတွင် ဆေးဖက်ဝင်သော "အလိုကျူ" မြစ်ဝကျွန်းပေါ်ပိုင်းတွင် ပေါက်သော "ကွမ်းခြံကျူ"၊ "ထရံကျူ"၊ မြေရိုင်းစားကျက်များတွင် ပေါက်သော ပျော့နွဲ့ကြိုလှိုသည့် "ကျူညွှင်း" တို့ ပါဝင်သည်။

ကျူပွင့်ကို မြက်တံမြက်စည်းကဲ့သို့ တံမြက်စည်း ပြုလုပ်ရသည်။ ခေါင်းအုံးနှင့်မွေ့ရာတွင် အချို့က လဲမှို့အစား ကျူပွင့်ရင့်ရင့်ကို ထည့်သုံးကြသည်။ ကျူပွင့်ခါးစကို ပန်းအိုးတွင် အလှထိုးကြသည်။





အရှည်ဆုံးအကြီးဆုံး ''ခေါင်ကျူ'' မျိုးကို အိမ်အခြင်အတွက် ဝါးအစား အသုံးပြု၏။ တောင့်တောင့်ဖြောင့်ဖြောင့်ကျူမျိုးကို ကွမ်းပင်များနွယ်တက်ရန် ကွမ်းခြံတိုင်လုပ်သည်။



ကျူဖြင့် ကျူထရံ၊ ခြံစည်းရိုး၊ တံချူတံ၊ ပုတ်အမျိုးမျိုးအပြင် ကျူဆေးတံ (ဆေးတံအိုးနှင့် ဆေးတံရိုးကို သင့်သလိုတပ်ဆင်ပြီး ဘေးအဆက်မှ လေလုံရန် ဖယောင်းသို့မဟုတ် မန်ကျည်းသီးနှင့် ထုံးရောပြီး မံပေးရသည်။) ကျူဆစ်ရိုးဖြင့် ထိုးသော ကျူပန်းအိုး၊ နတ်အယုံအကြည်ရှိသူတို့ ကျူတိုင်ဖြင့်ပြုလုပ်သော ဦးရှင်ကြီး ကျောင်းဆောင်၊ မှူး၊ ဖရုံ၊ သခွါး၊ ကြက်ဟင်းခါး စသော အပင်များ နွယ်တက်ရန် ကျူကပ်၊ စားစရာ မှုံ့ကျူစသည်များလည်း ပြုလုပ်သုံးစွဲကြလေသည်။




ကျူထရံကို အကာ၊ အခင်း၊ အောက်ခံကျူဖျာအဖြစ်အသုံးများကြသည်။ အချို့ ကျူထရံကို အမည်း၊ အညိုအရောင်လိုက်ပြီး အကွက်ဖော်၍ ရက်ကြသည်။



ကျူထရံရက်ရန်အတွက် ပထမဦးဆုံး ကျူပင်အဆစ်မှ အမွေးအမျှင်များကို ဓားဖြင့်သပ်ရသည် (ကျူသပ်သည်)။ ထိုနောက် ကျူလုံးဟသွားစေရန် တဖက်မှ ဓားဖြင့်ခွဲရသည် (ကျူခွဲသည်)။ ထိုနောက် ကျူလုံးကျေအောင် ကျူထုမောင်း သို့မဟုတ် လက်ကိုင်တုတ်ဖြင့် ထုပေးရသည် (ကျူထုသည်)။ ထုပြီးသားကျူများကို အရွယ်တူရွေးပြီး ကျူထရံ၊ ပုတ် အစရှိသည်တို့ရက်လုပ်ကြလေသည်။







ဇာတ်လမ်း ကျော်သူ
ပန်းချီ ကျော်သောင်း

# ဦးကြက်ဖ ဒေါ်ကြက်မ ဦးဘဲ




တော်တော် ကိန်းခန်းကြီးတဲ့ဟာတွေ.
ထို့နောက်
ဂါလဲ မင်းလိုဘဲကွ
သူ့ကိုယ်က ပုပ် စော်ကိုနံနေ
တာဘဲ-ကျမဖြင့်သူ့နားမှာ
ကြာကြာဆက်နေယင်..
အသက်ရှူကျပ်ပြီး
သေမလား မသိ
ဘူး
နောက်တနေ့တွင် ဦးကြက်ဖတို့ ဇနီးမောင်နှံ အစာရှာထွက်လာရာဦးဘဲကြီးကိုတွေ့ပြန်သည်။
ဦးဘဲကြီး အစာငုံ့ရှာနေတယ်တော့
သူ့ကိုမမြင်ချင်ယောင်.
ဆောင်သွားရော်-
အေးပါဟ-သူ့ငို့ကိုမမြင်
ချင်ပါဘူး...
တော်တော်ဘဝင်
မြင့်တဲ့ ဟာတွေဘဲ
အင်း ဦးကြက်ဖတို့လှည်း
သံ ပါလား -ဘာတွေများသယ်
လာကြတယ် မသိဘူး..
ကျွီ- ကျွီ
သူတို့က မမြင်ဟန်ဆောင်သော်လည်း ဦးဘဲ
ကြီးက မြင်သည်။
ညနေ စောင်းသော် ဦးဘဲကြီးသည် ရေကန်
အနီး သစ်ပင်ရိပ်တွင် အနားယူနေစဉ် ....


ဦးကြက်ဖက မော်ကြီး ပန်းကြီး ရှန်းနေသည်။
ဒေါ်ကြက်မကလည်း အားကုန် တွန်းပေးနေသည်။
တွန်းပါကွ
တွန်းနေတာဘဲ တော့
အမယ် လေးတော် လုပ်ကြပါအုံး
ဒုက္ခဘဲ တော့-ငါမထိန်း နိုင်တော့ဘူး
စိတ် မပူပါနဲ့ ကျုပ်ကူညီ ပေးပါ့မယ်---
မနိုင်ယင်လဲ စောစောကလှမ်းပြော ရောပေါ့ မျာ- စပါး တွေတော်တော် ရှယာတာဘဲ--
ဦးဘဲကြီးရောက်လာပြီး ကူညီပေးသဖြင့် စပါးများကို ရေမစိုပဲ ပြန်ရလေသည်။
ဦးဘဲကြီး ကို ကျေးဇူး တင်ရမှာဘဲ ရှင်မရေ
ဦးဘဲကြီးရဲ့ စေတနာကိုယုံ ကြည်ပါဗျာ- ဦးဘဲကြီးသာကို စပါးတွေ လာပို့မယ်နော် မငြင်းရဘူး
ကျနော့်အာ နေ့ ကညာစ် ပတ်ပေမဲ့ ကျနော့် စိတ်ကမြူစင် ပါတယ်မျာ
မြိုး

# မြို့တံခါးကြီး ဖွင့်ပါအုံး

ကျော်ညွန့်ဆွေး



တံခါးမှူးလုပ်သူ ကလေးနှစ်ဦးက လက်ချင်းဆက်၍ တားဆီးကာ ကျန်ကလေးများက တယောက်ခါး တယောက်ဖက်၍ တန်းစီပြီး ဝင်လာကြရသည်။

လူတွဲ – မြို့တခါးကြီးဖွင့်ပါအုံး။

တံခါးမှူး – ဘယ်မင်းအိမ်ကတုံး။

လူတွဲ – ဆင်ထိန်းအိမ်ကဘဲ။

တံခါးမှူး – ဆင်ဆော်နံပြန်လိုက်အုံး။

လူတွဲသည် ပြန်သွားပြီး လှည့်လာကာ –

လူတွဲ – မြို့တံခါးကြီးဖွင့်ပါအုံး။

တံခါးမှူး – ဘယ်မင်းအိမ်ကတုံး။

လူတွဲ – မြင်းဝန်အိမ်ကပါဘဲ။

တံခါးမှူး – မြင်းစော်နံပြန်လိုက်အုံး။

လူတွဲသည် အထက်နည်းအတိုင်း လှည့်လာကာ –

လူတွဲ – မြို့တံခါးကြီးဖွင့်ပါအုံး။

တံခါးမှူး – ဘယ်မင်းအိမ်ကတုံး။

လူတွဲ – သူဌေးကြီးအိမ်ကဘဲ။

တံခါးမှူး – အေး – အေး၊ အီ – ဆို၍ လက်ကို မြှောက်ပေးရသည်။ (အီသည် တံခါးဖွင့်ပေးသံဖြစ်၏။)

ထိုအခါ လူတွဲက "ထင်းကလေး ခွေပါရစေအုံး" ဟု ဆိုကာ မိုးထားသော လက်အောက်မှ ခေါင်းငုံ့ပြီး ဝင်ကြရသည်။ တဖန် ကွေ့လာပြီး "ဟင်းရွက်ကလေး ခူးပါရစေအုံး"၊ "ရေကလေး ခပ်ပါရစေအုံး" စသည်ဖြင့် တပတ်စီပြန်ကျော့လာကြရသည်။ နောက်ဆုံးတွင်မှု "ကြိုက်ရာလူယူတော့" ဟု ရှေ့ဆုံးလူကပြောသည့်အတိုင်း တံခါးမှူးက ပြေးဝင်လာသော တယောက်ယောက်ကို လက်ကွင်းပိတ်ပြီး ဖမ်းလိုက်သည်။ ထိုအခါ လူတွဲသည် အတွဲဖြုတ်၍ တံခါးမှူးကို ဝိုင်းတိုင်ကြသည်။

လူစု – ဒို့လူဘယ်ကရပါတယ်။

ဖမ်းသူ – ထန်းပင်အောက်က ရပါတယ်။

လူစု – ထန်းသီးသီးချိန် ဒို့လှျူချိန်၊ ဒို့လူဘယ်က ရပါတယ်။

ဖမ်းသူ – အုန်းပင်အောက်က ရပါတယ်။


လူစု – အုန်းသီးသီးချိန် ဒို့လှျူချိန်.... စသည်ဖြင့် ဆီးပင်၊ သရက်ပင်၊ သဘောပင်၊ မာလကာပင်များကို ထည့်ပြောတတ်ကြသည်။

ထို့နောက် တံခါးမှူးက အဖမ်းခံကို "ရေတိမ်လား၊ ရေနက်လား" ဟု မေးသည်။ အဖမ်းခံက "ရေတိမ်" ဟု ဆိုလျှင် စုပ်ဖမ်းထားသော လက်ကွင်းကို နှိမ့်ပေးသဖြင့် ကျော်ထွက်ရသည်။ "ရေနက်" ဟုဆိုလျှင် လက်ကွင်းကို အနည်းငယ် မြှင့်ပေးသဖြင့် ခုန်ထွက်ရသည်။ ပြီးလျှင် နောက်တပွဲ ပြန်စနိုင်လေသည်။

ဤကစားနည်းတွင် အရှုံးအနိုင်ဟူ၍ မရှိပေ။

# ရှုပ်ရှဲချောင် ခံရပါပြီ

ဥက္ကလာ–ထွန်းငွေသန်း



ဒေါင်–ဒေါင်–ဒေါင်–ဒေါင် မုန့်စားလွှတ် ခေါင်းလောင်း ထိုးသံကြားရလေပြီ။ မောင်တိုးတို့ သူငယ်ချင်းတစုသည် ခြင်းလုံးကို ကိုင်၍ သူတို့ အတန်း နောက်ဖက်ရှိ လွတ်နေသော အခန်းသို့ အပြေးအလွှားသွားကြ၏။ သူတို့သည် နေ့တိုင်း ဤနေရာတွင် ခြင်းခတ်ကြသည်။


မောင်တိုး၊အောင်ဖေ၊မောင်စု၊ သောင်းဖေ၊ ခွေးပုစသည်တို့ လူစုမိကြပြီ။

ခြင်းလုံး ခတ်နေကြစဉ် မိုးသည်းထန်စွာ ရုတ်တရက် ရွာချလိုက်၏။ လေလည်း တဟူးဟူးတိုက်နေသည်။ ထို့ကြောင့် လေတိုက်ရာဖက်ကို ပြူတင်းများ ပြုလုပ် ထားသော အခန်းကလေး မိုးစိုရွှဲချေပြီ။

အောင်ဖေ– "ဟေ့– တံခါးတွေပိတ်ကြမယ်ကွာ။ မိုးစိုကုန်ပြီ"

သူတို့ကျောင်းရှိ ပြူတင်းတံခါးများမှာ မှန်များ တပ်ထားသည်။ မောင်တိုးသွားပိတ်မည့် တံခါးမှာ မင်းတုပ် မရှိသဖြင့် တုတ်တံလေး တချောင်းဖြင့် ထောက်ထားသည်။ မောင်တိုးသည် တံခါးရှိရာသို့ ရောက်သောအခါ သူ့သူငယ်ချင်းများအား–

"ဟေ့ကောင်တွေ– ငါမင်းတို့ကို ကရာတေးပညာပြမယ်ကွ ကြည့်နေ"ဟု ပြောပြောဆိုဆို တံခါးထောက်ထားသော တုတ်



တံလေးကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ရိုက်ချလိုက်သည်။ ထိုအခါ ထောက်ထားသော တုတ်တံလေး အောက်သို့ ပြုတ်ကျသွားသဖြင့် ပူတင်းတံခါးမှာ တံခါးပေါင်နှင့်ရိုက်မိပြီး "ချလွမ်"ဟူသော အသံနှင့် အတူ မှန်များကွဲသွားလေသည်။

သို့သော် မိုးသံလေသံများက လွှမ်းမိုးနေသဖြင့် မှန်ကွဲသံကို သူတို့ကလွဲပြီး အခြားမည်သူမျှ မကြားကြချေ။

မောင်တိုးလည်း အလွန်ကြောက်လန့်သွားသည်။ ဆရာမကြီး ဆူမှာကို သူ အလွန်ကြောက်မိသည်။ ဆရာမကြီးသည် အထူးပင် စည်းကမ်း ကြီးသောကြောင့်ဖြစ်၏။

ထို့ကြောင့် မောင်တိုးက သူ့သူငယ်ချင်းများအား –

"ဟေ့– ဒီမှန် ကွဲတာကို တို့ကလွဲပြီး ဘယ်သူမှမသိစေနဲ့ ကွနော်"

မောင်တိုးပြောသည်ကို အားလုံးက လက်ခံ သွားကြသည်။

ကျောင်းတက်ခေါင်းလောင်းသံကြားရလေပြီ။ မောင်တိုးတို့ လူစု အတန်းထဲသို့ ဝင်ကြ၏။

ဆရာစာသင်နေပေပြီ။ မိမိကြောင့် မှန်ကွဲသွားသဖြင့် စိတ်ထဲတွင် အံ့လွန်ကြောက်လန့်ကာ ဆရာပြောကြားသမျှကို မောင်တိုးဘာမျှမကြားတော့။ မှန်ကွဲမှုကို မိမိတို့အပြင် သိသူရှိနေမည်လားဟု တထိတ်ထိတ် ဖြစ်နေသည်။

"ငါ–ဆရာမကြီးကို ဖွင့်ပြောရ ကောင်းမလား၊ ငြိမ်နေရ ကောင်းမလား။ ဖွင့်ပြောယင် ဆရာမကြီးက ငါ့ကိုရိုက်နေအုံးမှာလား"ဟု မောင်တိုးစိတ်ထဲတွင် ဝေခွဲမရ ဖြစ်နေလေပြီ။ ထိုစဉ် တချိန်က သူ့အစ်ကိုကြီး ပြောခဲ့သောစကားများကို ပြန်လည်ကြားယောင်လာပါသည်။

"ညီလေး–မင်းတို့၊အကိုကြီးတို့ဟာ ယောကျ်ားတွေကွဲ။ ဒါကြောင့် ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမယ်။ မိမိအပြစ်ကို ဝန်ခံတတ်ရမယ်။ ဒီလိုမှမဟုတ်ယင် တို့ဟာ ယောကျ်ားတွေပါလို့ ဝန်ခံပေမယ့်လဲ သူရဲဘောကြောင်သူတွေ ဖြစ်နေမှာပေါ့"

အစ်ကိုကြီး ပြောဘူးသည့် လုပ်ရဲရင် ခံရဲရမယ်ဟူသော စိတ်ဓာတ်ကလေးသည် မောင်တိုး၏ ဦးနှောက်ထဲသို့ ဝင်စပြုလာချေပြီ။

"ဟုတ်ပြီ။ ငါကျောင်းဆင်းယင် ဆရာမကြီးကို အကျိုးအကြောင်း ပြောပြမယ်။ ဆရာမကြီးကလဲ မိမိအပြစ်ကို ဝန်ခံတတ်မှ သဘောကျတယ်လို့ ပြောဘူးသားဘဲ"

မောင်တိုး၏စိတ်သည် ရွှင်လန်းစပြုလာသည်။ စိုးရိမ်စိတ်ကလေးများသည်လည်း တစတစ လွင့်ပါးပျောက်ကွယ်သွားချေပြီ။ ထို့ကြောင့် စာသင်နေသော ဆရာ၏ ပြောစကားများကို မောင်တိုး ကောင်းစွာ ကြားနေရပေပြီ။

# ပြည်ထောင်စုတွက် ကြိုးစားမယ်

နေ့စဉ်မှန်မှန် ကျောင်းကိုသွားလို့၊
စာကိုကြိုးစား အားထုတ်မယ်။
ဆရာပြတာ အာရုံစိုက်လို့၊
သားသားလိုက်၍ မှတ်ပါတယ်။
အိမ်စာပေးတာ ရအောင်ကျက်လို့၊
အရေးအတွက် ကျင့်ပါမယ်။
မသိတာကို သိအောင်မေးလို့၊
ရွှေသွေး ကြိုးစား မှတ်ပါတယ်။
ကျောင်းဆင်းချိန်မှာ ပြေးခုန်လွှားလို့၊
သားတို့စုပေါင်း ကစားတယ်။
သားတို့တတွေ ညီညာဝိုင်းလို့၊
နေ့တိုင်းကျောင်းကို သန့်ရှင်းမယ်။
လူရည်ချွန်အောင် အားသွန်ကြိုးလို့၊
ဒို့မျိုးဒို့ပြည် သာစေမယ်။
ကျောင်းကိုမှန်မှန် နေ့စဉ်တက်လို့၊
ပြည်ထောင်စုတွက် ကြိုးစားမယ်။
ရွှေသို့ကွယ်၊ ရွှေသို့ကွယ်။ ။

အောင်မြတ်ကျော်



R. 517

# ခိုင်ပန်းစုံ

ရေးသူ တင့်တင့်



## ငုစပ်

ပန်းနုရောင်၊ ပန်းရင့်ရောင် ရောနှောနေသော အဖူးအပွင့်တို့က အကိုင်းများ ပတ်လည်တလျှောက်လုံးမှ ဝေဝေဆာဆာ ထွက်ပွင့်ကြရာ ပန်းသီးတံကြီးများ အပင်ထက်မှ ထိုးထွက်နေသည့်နှယ် ရှုမငြီးစရာဖြစ်သည်။ ထို့ကြောင့် ငုစပ်သည် ပန်းသစ်ပင်များတွင် အလှဘုရင်တဆူဟုဆိုကြသည်။ ရွက်ဟောင်းများ ကြွေသည့် နေရာမှ ထွက်၍ ဖူးပွင့်ကြရာ ထိုအချိန်တွင် ရွက်နုကလေးများကလည်း ဝေဝေစီနေကြသည်။ ငုစပ်ပွင့်ချိန်မှာ ဧပြီမှ မေလတိုင်အောင် ဖြစ်သည်။ ပွင့်ညှာတံတိုသော အပွင့်တို့သည် အချင်းနှစ်လက်မခန့်ရှိ၍ ရနံ့သင်းသည်။ ပွင့်ချပ်သည် ဘဲဥပုံဖြစ်၍ ရက်ကြာလေ အရောင်ဖျော့လေ ဖြစ်သည်။ ထိပ်စိမ်း၍ အောက်ပိုင်းဝါသော ဝတ်ဆံဖို ဆယ်ခုပါရှိရာ သုံးခုကောက်ကွေးနေ၍ ဝမ်းပူသည်။



အပင်အလတ်စားမျိုးဖြစ်၍ အမြင့် ၁၀ ပေမှ ပေ ၂၀ အထိသာရှိသည်။ အရွက်များသည် ဘဲဥပုံရှိ၍ ဒီဇင်ဘာလ အရွက်ကြွေချိန်တွင် တပေခန့်အသီးတောင့် မည်းမည်း လုံးလုံး ရှည်ရှည်များသာ အပင်ထက်တွင် ရှိနေသည်။ ငုစပ်သည် မြန်မာနိုင်ငံ၌ မူလပေါက်၍ ငုရွှေဝါနှင့် အမျိုးတူသည်။ ဖွားဖက်ဟုလည်းခေါ်၍ ရန်ကုန်ချယ်ရီဟုလည်းခေါ်တွင် နေသည်။ နိုင်ငံခြားကမူ မြန်မာငုပန်းရောင်ဟု ခေါ်ကြသည်။



ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား

စနေနေ့တိုင်းထုတ်ဝေသည်။

# အာတက်ပညာ

# ရွှေသွေး ဂျာနယ်

ပန်းချီ - ဦးဘကြည်
ဇါတ်လမ်း - ဖေသက်


အတွဲ-၂၊ အမှတ်-၂၅၊ ၂၀-၆-၇၀




တောကြီးထဲကရေကန်ကြီးတကန်မှာ ဘဲအုပ်တအုပ်ဟာ နေ့စဉ်နေ့တိုင်း အစာလာရှာစားကြပြီး ပျော်ပျော်ရွှင်ရွှင် နေထိုင်ကြသတဲ့။





ဘဲထီးကြီး တကောင်ဟာ မိတဆိုးသားလေးတွေကို ချစ်လွန်းလို့ အမြဲတန်း ကိုယ်တိုင်ရှာကျွေးသတဲ့။




ဒီနေ့ — ဘာစားရမလဲ အမေကြီး — သာလှပြီ
ဖြိုးဖြိုးနေကြစမ်း စားရမှာပေါ့ —
ဟား ဟား ဟား ဟား — ဖွီး — ဟား ဟား —
ခစ်ခစ် ခစ် ခစ်
ဒီဒီ —
သုံးကောင်သား သဘောကျနေတာကတော့...
အား........ အမေ့ – ပက်လက်ကြီး ဖြစ်နေပြီ – လုပ်ပါအုံး
ဒေါက်ထိုး ကြီးပါလား။
ရှိုးရှိုးမှ ရေကူးတတ်မှာ
အခြား ရွှယ်တူ ဘဲငယ်လေးတွေ ရေကူးသင်စဉ် အမျိုးမျိုးဖြစ်ပျက်နေတာကို တွေ့ရလို့ဘဲ။
ဘဲထီးကြီးဟာ ရေငုပ်ပြီး အစာရှာလိုက်။
ဟဲ – သားကြီး – ဟ လိုက်စမ်း – ဖင့်ဘို တိုကောင်
ဘွားခနဲပေါ်လာပြီး သားတကောင်ကိုကျွေးလိုက်၊


ဟင်း - ကောင်းလိုက်တဲ့ ပက်ကျီလေး
သူများ တော့ ပေးဘူး
အငယ်ဆုံး - နောက်ဆုံး အကောင်းဆုံး ရမယ်
တခါပေါ်လာပြီး တကောင်ကိုကျွေး လိုက်။
တနေ့တော့ ဘဲကြီးဟာ ကိစ္စတခုအရေးကြီးလို့ ထားတွေထားခဲ့ပြီး ခရီးထွက်သွားသတဲ့။
အာပါး - တယ် ဆော့ပါလား
ဟော - ဟဲ ဟော - ဟဲ
ညီလေး ကို စောင့်ဒေါ်နော်
အချိန်တန်လို့ပြန်မရောက်တော့ တခြားဘဲတွေနဲ့ အစာရှာလိုက်ထွက်ကြရတာပေါ့။
ဟားဟား
ဟဲဟဲ
ရေကူးကြည့်တော့ ရက်ကန်ရက်ကန်ဖြစ်နေလို့ အခြားဘဲငယ်တွေက ပိုင်းဟားကြသတဲ့။
ဟပ်လိုက် . . . .
ထို . . . . . . .
အလတ်ကောင်ကူးပြန်တော့လဲ ဟန်မကျ။



အကြီးကောင်က ခရုကိုဟပ်ကြည့်ပြန်လဲ –
မင်းက - တယ် လောဘကြီးတာကိုး ကွ . . .
အာကို ညှပ်ခံ သွား တာကို
တစ်နေ့လို့ ဘဲပျိုတကောင်က လာကူရသတဲ့။
အား
ဟာ — ဘဲက ခြေထောက် နဲ့ငါးဖမ်းတယ် ကွ - - - - - ဟား ဟား – ဟား ဟား –
နေပါအုံး မင်းတို့အမေ မတွေ့ပါလား . . . . . .
- - - ပြန်မလာသေးဘူး
သူတို့ဖြစ်ပုံကိုမြင်တော့ဘဲအိုကြီးတကောင်က–
အေး - မင်းတို့ အမေ ကလဲ မိတဆိုး လေးတွေ ဆိုပြီး အလို လိုက် --- သူ့ကိုယ်တိုင် ရှာကျွေး နေတာကိုး — တကယ် ဆိုတော့ - တောဘဲ ဆိုတာ လေကျင့်ပေးယင် ဒီအရွယ် မှာ - ရေကူး တတ်ရမယ် - အစာရှာ တတ်ရမယ် ကွဲ
ဟုတ်ကဲ့ - ဒီနေ့က စပြီး အချောင်မခိုဘဲ ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားကြမှာရို့ ကြပါ.....လို့
ကျပါတယ် မောင်တို့ရယ်


(ပြီးပါ)



ငါ့မောင်လေး ကိုကိုကို ဒီအတိုင်း ကြည့်နေတော့မှာလား။
သူတို့ အရက်သောက်ပါစေဦး။
ရှိပါတယ်ဆရာကြီး။ နှစ်ပုလင်းတောင်ယူ လာတယ်လေ။
ပေးစမ်း မင်းပုလင်း - သွားစမ်း ဒီပုလင်းအလွတ် -
အမယ်လေး - ကံကောင်းလို့ ထိပ်မကွဲ တယ်။


ကိုမိုက်ကြီးတို့တော့၊ အရက်မူးနေကြပြီ၊ လုပ်ငန်းစမှကွ၊
ဒေါင်
ငါ့ကိုကယ်ဖို့ ကိုနု့နောက်က ပါလိမ့်၊
ဟာ - ဒူက ကောင်လေးပါလား -
ဒီမှာခဏနေခဲ့အုံးနော်၊ ကျနော်ဟိုဖက်နားကိုသွားအုံးမယ်၊
ကိုမိုက်ကြီးတို့ မမြင်အောင်သွားမှ ဖြစ်မယ်၊
အနားတောင်ကပ်ပြီ၊ နောက်ကနေပြီး၊ တိတ်တိတ် ကြိုးကိုဖြုတ်မှကွ၊


ကြိုးတော့ပြေသွားပြီ သူတို့ လစ်တဲ့အချိန်ကို အသာလေး စောင့်မှကွ။
ဆရာကျနော်မိုက်နာ ပါတယ်၊
ဟဲ့-ဒီကောင် သွားကွာ-ဝေးဝေးကို၊
အင်း-တခေါက်တော့ ကော့သွားပြီ၊ ကော်တာကွ၊
ဟဲ့-ဒါတို့ဗလကို၊ ကိုမိုက်ကြီး လှမ်းကြည့်နေတယ်၊ ပြေသွား ရင်တော့ ခုမှကွ၊
လာ-လာ-ကိုမိုက်ကြီး လစ်တုန်း ပြေးကြ ရအောင်၊
မြန်မြန်လာ-ဟိုမှာ မင်းအမေ ပါလာတယ်၊

# လမ်းဖြတ်ကူးရာလိုက်နာရန်

ကာတွန်းမောင်မောင်သက်



★ လူကူးမျဉ်းကျား နေရာမှသာ ဖြတ်ကူးပါ။

★ မီးပွိုင့် လမ်းဆုံတွင် လေးဖက် လေးတန်၌ ရေးဆွဲ ထားသော မျဉ်းဝါ နှစ်ကြောင်း အတွင်းမှသာ ဖြတ်ကူးပါ။

★ လမ်းမကြီး ပေါ်၌ ယာဉ်ကြော လေးကြောဖြင့် ယာဉ်များ တဖက် တည်းသို့ ဦးတည် မောင်းနှင် ကြမည်ဖြစ်ရာ ယာဉ်၏ အမြန်နှုန်းကို ကြိုတင်တွက်ဆပြီးမှဖြတ်ကူးပါ။

★ ငယ်ရွယ်သူ များအား အုပ်ထိန်းသူ များက လက်ကို မြဲမြဲတွဲပြီးမှ ဖြတ်ကူးပါ။

★ လမ်းကို စီတန်း မကူးပဲ အတွဲ လိုက် ကူးပါ။

★ လမ်းကို တည့်တည့် ဖြတ်ကူးပါ။

★ ကားပေါ်သို့ တက်ရာ ဆင်းရာ၌ ကားအရှိန် သေ၍ ရပ်တန့်ပြီးမှသာ ဆင်းပါ။

★ ကိုယ်ပိုင်ယာဉ်များပေါ်မှ ဆင်းရာ တက်ရာ၌ လက်ဝဲမောင်း စနစ်တွင် လက်ဝဲတံခါးကို ဖွင့်လျက်၊ လက်ျာမောင်းစနစ်တွင် လက်ျာတံခါးကို ဖွင့်ပြီးမှသာ အဆင်းအတက် လုပ်ပါ။

★ ရပ်ထားသော ယာဉ်နှစ်စီးကြားမှဝင်း၊ မျက်ကွယ်ဒေသမှဝင်း ဖြတ်မကူးပဲ သွားလာနေသည့် ယာဉ်မှ ယာဉ်မောင်း မြင်နိုင်သော နေရာမှသာ ဖြတ်ကူးပါ။

★ လိုအပ်လျှင် ယာဉ်ထိန်းရဲ အကူ အညီ တောင်းပါ။

★ မီးပွိုင့်များတွင် ''လူကူးရပ်'' နီစဉ် ဖြတ်မကူးပါနှင့်၊ ''လူကူးရပ်'' စိမ်းမှဖြတ်ကူးပါ။

★ လမ်းထိပ်တခုကို ဖြတ်ကူးလျှင် လမ်းညွှန် မှတ်တိုင်ကို ကြည့်ပြီး ကားလာမည့်ဖက်ကို သတိပြုကူးပါ။



လမ်းညွှန် မှတ်တိုင်

# လမ်းဘေးအန္တရာယ်ကင်းရေး

ရေး-ဘိုးကြွယ်










- ★ ယာဉ်စီး သွားလာသည့်အခါ ယာဉ်ပေါ်မှ လက်သော်၎င်း၊ ဦးခေါင်းသော်၎င်းယာဉ်၏အပြင်သို့ ထုတ်မထားပါနှင့်။
- ★ မိုးရွာသွန်း နေချိန်တွင် ထီးဖြင့်သော်၎င်း၊ အခြားအရာဝတ္ထုတခုခုဖြင့်သော်၎င်း မျက်နှာကိုကွယ်၍ လမ်းဖြတ်မကူးပါနှင့်။
- ★ စက်ဘီးကို နှစ်ယောက် စီးခြင်း၊ အရွယ်မရောက်သူများစီးခြင်း မလုပ်ပါနှင့်။
- ★ ဗရိတ် မကောင်းသော စက်ဘီး၊ ပစ္စည်းအစိတ်အပိုင်း မပြည့်စုံသော စက်ဘီးကို မစီးပါနှင့်။
- ★ မော်တော်ယာဉ်၏နောက်ကို ခို၍ မစီးပါနှင့်။
- ★ စက်ဘီး လက်ကိုင်ကို လက်လွှတ်ပြီး မစီးပါနှင့်။
- ★ ရပ်ထားသည့် မော်တော်ယာဉ် အောက်၌ ဝင်၍ ကစားမနေပါနှင့်။
- ★ လမ်းပေါ်၌ စွန်လွှတ်ခြင်း၊ စွန်ပြတ်လိုက်ခြင်း၊ ဘောလုံးကစားခြင်း၊ ထုပ်ဆီးတိုး ကစားခြင်း မပြုပါနှင့်။
- ★ ညအချိန်လမ်းထွက်လျှင် တကိုယ်လုံး မည်းမှောင်နေအောင် မဝတ်ပါနှင့်။ အနည်းဆုံး အဖြူအနည်းငယ် ပါပါစေ။




သစ္စာသည်သာ
မွန်မြတ်စွာ
ဇာတ်လမ်း-အောင်ကျော်မင်း
သရုပ်ဖော်--ဘုရှမ-အုန်းခင်
တခါက အင်းဝ ဘုရင်မင်းခေါင်နှင့် ရာဇာဓိရာဇ် ဘုရင်တို့ စစ်ဖြစ်ကြစဉ် တဖက်နှင့်တဖက် မည်သူမျှ အပြတ်အသတ် မနိုင်၊ ရိက္ခာလည်း ပြတ်၊ စစ်သည် ရဲမက်များလည်း သေကျေပျက်စီးလျက်ရှိရာ –
ပညာရှိအမတ်ကြီးစစ် တိုက်ရတာနှစ်ဖက်စလုံး ပင်ပန်းလှပြီ၊ ငါတို့ဖက် ကအပြတ်နိုင်အောင် ဘယ်လိုလုပ်ရမလဲ၊ သံတော်ဦး တင်စမ်း
ရာဇာဓိရာဇ်မင်းက အမေး တော်ရှိရာတွင်---
မှန်လှပါ၊ ပဒိယာယ် ဖြင့်လှည့်စားပြီး၊ အောင် နိုင်ကြောင်းပါဘုရား
ဘယ်လိုလဲ၊ အမတ်ကြီး ဆက်ပြီး သံတော်ဦး တင်စမ်း ပါ
ကျွန်တော်မျိုးတို့နှင့် သူတို့ တဖက် လှျင်လူငါး ဆယ်စီ၊ ဘုရားမှာ စစ်ပြေ ငြိမ်းရေးသစ္စာ ဆိုကြမည့် အကြောင်း မှပြီး၊ လှည့်စားတိုက်ခိုက်ရ ပါ မည်
ကျွန်တော်မျိုးတို့က လက်နက်ဓါးလှံများ ကြိုတင် မြှုပ်ထားရပါမည်။ သူတို့ဖက်မှ လူများရောက်လာ သည့်အခါတွင်၊ ကျွန်တော်မျိုးတို့က သူတို့အားလုံး ကိုသုတ်သင် ပစ်ကြရပါမည်။ အရေးပါသူများ ပျက် စီးကုန်ကြလျှင်၊ ကျွန်တော်မျိုးတို့စစ် အောင်နိုင်ရန် အခွင့်ရှိပါသည် ဘုရား


ဟိုး-ကောင်းလှပြီ၊ အမတ်ကြီး၊ သည်အကြံ အကိုင်း အားလုံး စီစဉ်ပေတော့
အမတ်ကြီး၏ အစီအစဉ်ကို မင်းခေါင် ဖက်မှလည်း သဘောတူ၍ မှူးမတ်၊ စစ်သူကြီး၊ ရဲမက် စသည်ဖြင့် အရေးပါသူများသည် သစ္စာဆိုကြရန် ဘုရားသို့ သွားကြစဉ် ....
လမ်းခရီးတွင် မင်းခေါင်ဖက်မှ ရဲမက်တဦးက ရာဇာဓိရာဇ်ဖက်မှ ရဲမက်တဦးအား လှမ်း၍ မေးလိုက်သည်။
ဟေ့-သွေးသောက် ယခုပြုမည့်သစ္စာသည် အမှန်လော
ဟယ် - ငဖိုက်သား၊ စစ်အတွင်း၌ ဆိုသော သစ္စာဟူသည် မှန်မည်မမှန်မည်ကို အသင်လုံးဝ မစဉ်းစား မိသလော
ထိုအခါ တဖက်၏အကြံကိုရိပ်မိသဖြင့် မင်းခေါင်ဖက်မှ ရဲမက်ဗိုလ်ပါများသည် ဘုရားသို့ ရောက်အောင် မလိုက်တော့ပဲ၊ လမ်းတဝက်မှ ပြန်လှည့်ကြကုန်၏။
သစ္စာစကားအကြောင်း ဖွင့်ပြော လိုက်သူ ရဲမက်ငယ်အား ရာဇာဓိရာဇ် ဘုရင်က ချုပ်နှောင်စေပြီး ရှေ့တော်သို့ သွင်းစေသည်။


ဘုရင်ကြီးကအမေးတော်ရှိရာ -
ကျွန်တော်မျိုး သံတော်ဦးတင် ပါရစေဘုရား
ကောင်းပြီ တင်လော့
ကျွန်တော်မျိုးဖွင့်ပြောရခြင်းမှာအရှင်မင်းကြီး၏အကျိုးအတွက်ဖြစ်ပါသည်။ လှည့်စားလျှင်စစ်နိုင်မည်ဖြစ်သော်လည်း
ကျွန်တော်မျိုးတို့သည် ယောက်ျား ဖြစ်လျက်သားမျှ၊ ကောက်ကျစ်စဉ်းလဲသူများအဖြစ်ဖြင့် ရာဇဝင်တလျှောက် သတ်မှတ်ရပါတော့မည်။ ထို့ကြောင့်မှန်သည့်အတိုင်း ဖွင့်ဟပြောဆို လိုက်ရကြောင်းပါဘုရား
မင်းကြီးလည်း ရဲမက်ငယ်၏ စကားကို အတန်ကြာ တွေးဆပြီး -
ဟုတ်မှန်လှပေသည်။ ငါ့ရဲမက်ငယ်ကား ငါနှင့်တကွ တိုင်းပြည်အကျိုးကိုအမှန်ပင်လိုလားသူ ဖြစ်ချေတကား
ဘုရင်ကြီးသည် ရဲမက်ငယ်၏ အထက်ကို ချမ်းသာ ပေးရုံမက၊ ရာထူး အဆောင် အယောင် များပင် တိုးထက်၍ ချီးမြှင့် လိုက်လေသည်။





လိပ်ဥဝှက်တမ်းကို မိန်းကလေးငယ်များ ကစားကြသည်။


စည်းဝိုင်းကျယ်ကခုကို မြေပြင်တွင် ရေးဆွဲ၍ အတွင်း၌ မိန်းကလေးတယောက်က လိပ်မကြီးအဖြစ် ဆောင့်ကြောင့်ထိုင်နေရသည်။ သူ့ဒူးအောက်၌ ခဲလုံးဖြူဖြူခြောက်လုံးကို ထားရသည်။ စည်းဝိုင်းအပြင်မှ မိန်းကလေးများသည် လိပ်မကြီးအောက်မှလိပ်ဥကို ဝိုင်းဝန်းနှိုက်ယူကြရသည်။ လိပ်မကြီးက လက်နှစ်ဖက် မြေမှာ ထောက်ရင်း ခြေဖြင့် ဘယ်ညာ ဆန့်ကာ လိပ်ဥ နှိုက်သူတို့ကို ကန်ကျောက်ပစ်ရသည်။ တယောက်ယောက်ကို ကန်မိပါက ထိုသူ လိပ်မအလှည့်ယူရသည်။ ထိုသို့ မမိပဲ လိပ်ဥအားလုံး နှိုက်ယူအောင်မြင်ပါက လိပ်မကြီးလုပ်သူကို မျက်စိပိတ်ထားပြီး ဥများကို တနေရာရာတွင် ဝှက်ထားကာ ရှာယူစေသည်။ လိပ်မကြီးက လိပ်ဥများကို ရှာဖွေနေစဉ် ဝှက်ထားသူများက အောက်ပါ သံချပ်ကို ထိုးကြသည်။

အတိုင်သံ – လိပ်ဥ ပျောက်လို့
လိပ်မရှာ
အဖောက်သံ–သူ့ခမျာ ငိုမဲ့ငိုမဲ့


လိပ်မကြီး သူ့ဥများကို ရှာတွေ့သွားလျှင် ဝှက်သူကို လိပ်မလုပ်စေရမည်။ မတွေ့လျှင် ပန်းပေးရသည်။ ထိုအခါ ဝှက်ထားသူများက ဥများကို ပစ်ချကာ စည်းဝိုင်းရောက်အောင် ပြန်ပြေးလာကြသည်။ စည်းဝိုင်း မရောက်မီ လိပ်မကြီး က တယောက်ယောက်ကို မိအောင်ဖမ်းရသည်။ ဖမ်း၍မိသူ လိပ်မကြီးလုပ်၍ ဆက်ကစားရသည်။ မမိလျှင် သူပင် လိပ်မကြီးပြန်၍ လုပ်ရသည်။

## ဟယ်လီကော့ပတာ လုပ်ကြည့်ပါ



အလျား ခြောက်လက်မ အနံ တလက်မခန့်ရှိ စက္ကူ မာချပ်ချပ် တစကို အလျားလိုက် အလယ်မှ နေ၍ ၃½ လက်မခန့် ညှပ်ပါ (ပုံ-၁)။ ကျန်အပိုင်းကို (ပုံ-၂) အတိုင်း လိပ်၍ စက္ကူညှပ် ကလစ်တခုဖြင့် ညှပ်ထားပြီးလေထဲတွင် မြှောက်ပစ်၍ ဟယ်လီကော့ပတာလုပ်တမ်းကစားပါ။






တနင်္ဂနွေနေ့ဖြစ်၏။ နီနီအေး သည် ဆရာမ ပေးလိုက်သည့် အိမ်စာများ ပြီးသွားသောအခါ ကာတွန်းစာအုပ်များကို တအုပ် ပြီးတအုပ် ဖတ်နေ၏။ ကာတွန်း စာအုပ်များ ဖတ်၍ ငြီးငွေ့လာ သောအခါ ကစားဖို့ စိတ်ကူး သည်။ သို့သော် အိမ်တွင် အမေ က ကစားစရာ အရုပ်တရုပ်မျှ ဝယ်ပေးမထားသဖြင့် စိတ်ညစ် ရသည်။

ထွေးထွေးတို့အိမ် အလည် သွားစဉ်က တွေ့ဘူးခဲ့သည့် မင်း သမီးရုပ်၊ မင်းသားရုပ်ကလေး များကို နီနီအေး မြင်ယောင် လာ၏။

"ငါ့မှာ မင်းသမီးရုပ်ကလေး တ ရုပ် လောက် ရှိ ယင် သိပ် ကောင်းမှာဘဲ"

နီနီအေးသည် ထိုကဲ့သို့တွေး လိုက်၏။ သို့သော် မင်းသမီးရုပ် ဝယ်ဖို့ ပိုက်ဆံကမရှိ။ထမင်းချက် နေသော အမေ့ကိုလည်း သွား မပူဆာလိုပေ။အကယ်၍ ထမင်း ချက်နေစဉ် "အရုပ်ဝယ်ပေးပါ" ဟု သွားရောက်ပူဆာလျှင် အ မေအလုပ်ပျက်မည်၊ သို့မဟုတ် အော်ငေါက်လွှတ်လိမ့်မည်။

နီနီအေးသည် မင်းသမီးရုပ် ကလေးနှင့် ကစားလိုစိတ် ပြင်း ပြစွာဖြင့် အိမ်ရှေ့တွင် ငေးနေမိ သည်။ စိတ် ကူး ထဲ တွင် ကား ထွေးထွေး၏မင်းသမီးရုပ်ကလေး ကိုသာ မြင်ယောင်နေမိ၏။

"မိုးပေါက်တွေ ကျလာပြီ သမီးရေ– အိမ်ရှေ့ကအဝတ်တွေ ရုပ်လိုက်စမ်း"

အမေသတိပေးမှပင် မိုးရွာ နေသည်ကို သတိပြုမိလေသည်။ နီနီ အေး သည် နေ လှန်း ထား သော အဝတ်များကိုရုပ်ရန် အိမ် ရှေ့သို့ သွက်လက်စွာ ပြေးထွက် ခဲ့သည်။ လူကြီးတယောက်သည် လွယ်အိတ်ကြီးကို မနိုင့်တနိုင် လွယ်၍ မိုးရွာထဲတွင် လျှောက် နေသည်။ မိုးရေများစိုနေသော ထိုလူကြီးကို မြင်ရသောအခါ နီနီ အေးသည် သနားသွား၏။

"ဦးလေးကြီး–ဦးလေးကြီး– ဒီမှာ မိုးခိုလှဲ့ပါ"

နီနီအေးသည် ရည်မွန်စွာ ဖိတ်ခေါ် လိုက်၏။

ထိုလူကြီးသည် ကျေးဇူးတင် စွာဖြင့် နီနီအေးအား ပြုံးပြပြီး လျှင် အိမ်ထဲသို့ဝင်လာ၏။ မိုးက သဲသဲမဲမဲပင် ရွာနေသည်။

"ငါ့တူမက လိမ်မာလိုက်တာ ကွယ်။ ဦးလေးတော့ ငါ့တူမသာ မခေါ် ယင် ရွှဲကုန်တော့မှာ" ဟု ပြောပြောဆိုဆို ပခုံးပေါ် မှလွယ် အိတ်ကြီးကို ချလိုက်သည်။

ထိုလူကြီးသည် ကိုယ်ပေါ် မှ မိုးရေစက်များကို သုတ်လိုက်ပြီး ကြမ်းပြင်ပေါ် တွင်ထိုင်၍ အနား ယူလေသည်။

"ဦးလေးက ဘယ်သွားမလို့ လဲ"

"ဈေးထဲမှာ အရုပ်တွေသွား ပို့မလို့ ငါ့တူမရဲ့။ အိမ်မှာထီး တော့အရှိသားဘဲ။ လွယ်အိတ်

လဲထမ်းရ၊ ထီးလဲ ဆောင်းရဆို မနိုင်မနင်း ဖြစ်မှာစိုးတာနဲ့ ထီး မယူလာခဲ့တော့ဘူး"

အိမ်ရှေ့က စကားပြောသံများကိုကြားသဖြင့် အမေသည် မီးဖိုချောင်မှ ထွက်လာ၏။ အမေ့ကို နီနီအေးက အကြောင်းစုံ ရှင်းပြလိုက်သည်။

အမေသည် သူတပါးကို ကူညီတတ်သည့် သမီးအား ကျေနပ်သောအပြုံးဖြင့် နှစ်သိမ့်နေလေသည်။


အတန်ကြာသောအခါ မိုးတိတ်သွား၏။

"ကဲ-ငါ့တူမရေ-ဦးလေးလဲ သွားဦးမယ်။ ရော့-ငါ့တူမ ကစားဖို့ အရုပ်ကလေးတခုယူထားလိုက်နော်"ဟု ပြောကာ လွယ်အိတ်ထဲမှ အရုပ်ကလေး တရုပ်ကို ထုတ်ပေး၏။ ထွေးထွေးတို့အိမ်တွင် တွေ့ခဲ့ဘူးသော နီနီအေးကြိုက်သည့် မင်းသမီးရုပ်ကလေးမျိုးပင် ဖြစ်ပေတော့သည်။

ထိုစဉ် အမေက "အို-ကိစ္စမရှိပါဘူးရှင်၊ ကျမသမီးက သူတပါးကို ကူညီတတ်တဲ့စိတ်ရှိလို့ ကူညီတာပါ။ မပေးပါနဲ့။ အရုပ်တရုပ်ရဲ့ တန်ကြေးကလဲ နဲမှာမဟုတ်ပါဘူး"ဟု ငြင်းဆန်နေ၏။

"ယူလိုက်ပါဗျာ- ဒါကျွန်တော်တို့ဟာ ကျွန်တော်တို့လုပ်တာပါ။ အရင်းအနှီး သိပ်မရှိပါဘူး၊ အတတ်ပညာ တန်ကြေးလောက်ဘဲရှိပါတယ်"ဟု ပြောကာ အရုပ်ကို ဇွတ်ပေး၍ ထွက်သွားလေသည်။

နီနီအေးသည် မင်းသမီးရုပ်ကလေးနှင့် ကစားရ၍ ရွှင်မြူးနေလေတော့သတည်း။






## ကျောင်းဖွင့်ရက်များ

မိုးရေမိုးပေါက် တဖြောက်ဖြောက်
လမ်းမပေါ် မှာလျှောက်။

ခမောက်တချို့ ထီးတချို့
ကိုယ်စီယူပါလို့။

ကျောင်းချိန်နီးလျှင် လွယ်အိတ်တွင်
စာအုပ်မျိုးစုံလင်။

နေ့စဉ်မှတ်သား ချိန်ဇယား
ခွဲခြားယူလို့သွား။

ရေး-မှတ်-ကျက်စာ တွက်သင်္ချာ
အခါမလပ်ပါ။

လိုရာမနှေး ကြံဆတွေး
ဆွေးနွေး တိုင်ပင်သေး။

ကျောင်းသွားကျောင်းပြန် အချိန်မှန်
လုံ့လစိတ်ထက်သန်။

အားမာန်ပြည့်နှက် ဇွဲနှင့်ဖက်
ကျောင်းသွား ရက်မပျက်။ ။

ကြည်မွေ့ (ဟံသာဝတီ)

R. 517



# ခိုင်ပန်းစုံ

ရေးသူ တင့်တင့်



## ငုသိမ်

ငုစပ်ကဲ့သို့ပင် ပန်းရောင်အပွင့်များ ပွင့်သည်။ သို့သော် ငုစပ်ကဲ့သို့ အကိုင်းများ ပတ်လည် တလျှောက်လုံးမှ ထွက်၍ ဖူးပွင့်သည် မဟုတ်ပေ။ အရွက်အလက်များ အကြားမှ ပန်းစည်းကြီးများသဖွယ် အဆုပ်လိုက်၊ အခိုင်လိုက် ပွင့်သည်။

အနီရောင် အရိုးတံကို ခရုပတ်၍ အဖူးအပွင့်များ ထွက်သည်။ ပွင့်ညှာတံတို၍ အနီရောင်ပင် ဖြစ်သည်။ ပွင့်ချပ်သည် ထိပ်ချွန်သည်။ ပွင့်ဖတ်အုံသည် စိမ်း၍ အမွေးနုများရှိသည်။ ငုစပ်၏ပွင့်ဖတ်အုံမှာ အပြင်က နီမှိုင်းမှိုင်း၊ အတွင်းက အစိမ်းဖျော့ဖျော့ ဖြစ်သည်။ ထိပ်ပိုင်း ညိုသော အဝါရောင် ဝတ်ဆံဖို ၁၀ ခုပါသည့်အနက် သုံးခုက ဝမ်းပူသည်။



ငုသိမ်သည် အပင်ကြီးမျိုးဖြစ်သည်။ ပင်စည်၌ အဖုအထစ်များ ရှိသည်။ အပင်အနေအထားမှာ ထိပ်ပြန့်ကားသည်။ အရွက်များသည် ထိပ်ချွန်၍ငုစပ်ရွက်ထက် ပို၍ မာကျောသည်။ မတ်လမှ ဇူလိုင်လအထိ ဖူးပွင့်သည်။ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဒေသနှင့် မလေးကျွန်းဆွယ်တို့တွင် မူလ ပေါက်ရောက်သည်။

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉ - ၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁ - ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။


စနေနေ့တိုင်းထုတ်ဝေသည်
ရွှေသွေး
ဂျာနယ်
စိတ်ကူးယဉ်
ပန်းချီ ဦးစိန် ဇါတ်လမ်း ခင်ဝင်းဦး
အတွဲ-၂၊ အမှတ်-၂၆၊ ၂၇-၆-၇၀
ကျောင်းဆင်းခါနီးတွင် ဆရာမက ကျွန်တော်တို့ အားလုံးကို ဗိုလ်ချုပ်အောင်ဆန်းကဗျာကျက်ခဲ့ရန် မှာလိုက်သည်။
ဗိုလ်ချုပ်အောင်ဆန်း ကဗျာကို နက်ဖြန် ကျက်လာကြ - မရယင် ဒဏ်ပေး ခံရမယ်
အတန်းထဲ၌ ဥာဏ်ကောင်းသူဟု အမြဲချီးကျူးခံရသော ကျွန်တော်သည် အေးအေးဆေးဆေးပင် အိမ်သို့ပြန်ခဲ့၏။
ဒီကဗျာလောက်တော့ တခေါက်ဖတ်လိုက်ယင် ရမှာဘဲ
ထိုနေ့ညတွင် ဖေဖေနှင့် ဦးလေးတို့သည် လပေါ်သို့ လူဆင်းသည့်အကြောင်းကို ပြောဆိုနေကြသဖြင့် ကျွန်တော် စိတ်ဝင်စားမိသည်။
လပေါ်မှာ ချိုင့်ဝှမ်းကြီး တွေဖြစ်နေပြီး ရောင်စုံ ကျောက်ခဲတွေလဲ ရှိ နေသတဲ့
လပေါ်တွင် ဆန်ဖွပ်သည့် အဖိုးအိုနှင့် ယုန် တကောင် ရှိသည်ဟု ကျွန်တော် ထင်နေခဲ့သည်။


ယခု ထိုသို့မဟုတ်၊ လပေါ်တွင် မီးတောင်ကြီးများ၊ ချိုင့်ဝှမ်းကြီးများနှင့် ရောင်စုံကျောက်ခဲများ ရှိသည်ဟု ကျွန်တော်ကြားသိရပြီ။ ဤထူးဆန်းသော အရာများကို မြင်လိုသဖြင့် -
နိုင်ငံခြားသို့သွား၍ အာကာသ သူရဲကောင်း လုပ်ချင်စိတ် ပေါက်လာသည်။
လပေါ်ကို သွားနိုင်အောင် နိုင်ငံခြားမှာ သွားနေမယ်
လပေါ်တက်ဖို့ လေ့ကျင့်မှုတွေ လုပ်ရသေးတယ်
ဟုတ်ပြီ... မင်း အာကာသသူရဲကောင်း ဖြစ်နိုင်ပါပြီ
လပေါ်သွားဖို့ ဒုံးပျံကြီး လဲ အဆင်သင့် ဖြစ်နေပြီ


ဟော! လပေါ်ကို ရောက်နေပြီ
ဆင်းပြီး လမ်းလျှောက် ကြည့်အုံး မှဘဲ- ဟာ.. ပျော်စရာကြီးပါလား
လပေါ်မှာစီးဘို့ မော်တော်ကားလဲ ယူခဲ့တယ်
နေဘို့ အိမ်လှလှ ကလေးလဲရှိနေပြီ
ရောင်စုံကျောက်ခဲကလေး တွေကိုယူပြီး ဂေါ်လီ ကစားအုံးမယ်
ဟင်...မုံ့ဆာလိုက်တာ လပေါ်မှာ ဘယ်ကမုံ့ ရမှာလဲ


ဤကဲ့သို့ စိတ်ကူးယဉ် တွေးရင်း အိပ်မက်ထဲ၌ အာကာသ သူရဲကောင်းကြီး ဖြစ်ခဲ့ပါသည်။ ကျောင်းတက်ချိန်နီး၍ -
မေမေကနှိုးမှ အိပ်ရာကအမြန်ထပြီး ကျောင်းသို့အမှီ ပြေးခဲ့ရလေသည်။
သား..ထတော့လေ ကျောင်းသွားရမယ်
ကျောင်းချိန် နီးနေပြီ
အတန်းထဲရောက်လျှင် ဆရာမက- ဗိုလ်ချုပ် အောင်ဆန်းကဗျာကိုမေးပါသည်။ ကဗျာကျက်ရန် ဆရာမမှာလိုက်သည်ကို ကျွန်တော် မေ့နေခဲ့ပါသည်။
ဗိုလ်ချုပ်အောင်ဆန်းကဗျာ ကို-ဆိုပြစမ်း -နီတွတ်
ကျနော် မကျက် ရသေးပါဘူး ဆရာမ
ဟဲ့ နီတွတ် - ခုံပေါ်တက် မတ်တတ် ရပ်နေ-စာမကျက်တဲ့ကျောင်းသား ကို ဒဏ်ပေးရမယ်
စာမကျက်ဘဲ - စိတ်ကူးယဉ်မိလို့ ဒဏ်ပေးခံရတယ်.. နိုင်ငံခြားမှာ နေဘို့ စိတ်ကူးယဉ်နေမဲ့အစား-
အကျိုးမရှိသော စိတ်ကူး ယဉ်မှုကြောင့် ကျွန်တော် ဒဏ်ပေးခံရပါသည်။ နောင်တွင် လုပ်နိုင်တာကိုသာ စိတ်ကူးပါတော့မည်။
ကိုယ့်တိုင်းပြည် တိုးတက် အောင်-ကြိုးစားမယ်-ကြီးလာ တော့ တိုင်းပြည်အတွက် အလုပ် လုပ်မယ် - - -


မောင်လေး-မောင်လေး
ဟုတ်ကဲ့ မမ။




ဟေ့-ဟုတ်လား-ကဲ-သူတို့
ရှိတဲ့နေရာကို
လိုက်ပြစမ်းဟေ့။
ဟေ့-မပြေးကြနဲ့။
ထိုနောက် မြို့ပိုင်ကြီးတို့ မြို့ပြန်သော
နေ့တွင်-
သွားပြီဟေ့
သံချောင်းရေ။

# ရေခဲမုန့်


ကြယ်ပြူ






ရေခဲမုန့်ကို မည်သူက စတင် ကြံဆခဲ့ကြောင်း အတိအကျ မသိနိုင်ပေ။ နှစ်ပေါင်း ၂,၃၀၀ ကျော်က အီဂျစ်တို့ကို အောင်နိုင်သော မဟာအလက်ဇန္ဒား ဘုရင်ကြီးသည် ပထမဆုံး ရေခဲမုန့်ကို စားသုံးခဲ့သူ ဖြစ်နိုင်စရာရှိသည်။

အလက်ဇန္ဒား ဘုရင်သည် သူ၏ ကျေးကျွန်များကို မြင့်မားသော တောင်ကြီးများပေါ်မှ နှင်းခဲနှင့် ရေခဲများကို တက်ရောက် ဆောင်ယူစေသည်။ ကျေးကျွန်များသည် နှင်းခဲနှင့်ရေခဲများ မပျော်မီ စခန်းသို့ ရောက်အောင် ပူလောင်သော လွင်ပြင်များကို အလျင်အမြန် ဖြတ်ကျော်ခဲ့ကြ ရသည်။ အလက်ဇန္ဒား ဘုရင်သည် ပျားရည်၊ သစ်သီးရည်၊ နို့စသည်တို့ကို နှင်းခဲများနှင့် ရောပြီး ရေခဲမုန့်ကဲ့သို့ဖြစ်အောင် ပြုလုပ်ခဲ့ပေသည်။






အီတလီလူမျိုး ကမ္ဘာလှည့် ကုန်သည်ကြီး မာကိုပိုလိုသည် ၁၃ ရာစုနှစ်တွင် ရေခဲမုန့်ဝယ်စားသော လက်မှတ်များကို တရုပ်ပြည်မှ ယူလာခဲ့သည်။ ဘီစီ ၃၀၀၀ ခန့် ကတည်းက ရေနှင့်နို့ ရောသော ရေခဲမုန့်တမျိုးကို တရုပ်ပြည်၏ လမ်းများပေါ်တွင် ရောင်းချ နေကြသည်ဟု သူက ပြောပြသည်။ ဤသို့ဆိုလျှင် အလက်ဇန္ဒားဘုရင်ထက် နှစ်ပေါင်း ၂,၆၀၀ ကျော်စော၍ တရုပ်ပြည်၌ ရေခဲမုန့် ပေါ်ခဲ့သည်ဟု ဆိုရပေမည်။



# သကြားလုံး




ရှေးက သကြားလုံးကို အချိုစာဟု ခေါ်ကြသည်။ ရှေးခေတ် အိန္ဒိယလူမျိုးများ၊ တရုပ်လူမျိုးများနှင့် ပါရှင်း လူမျိုးများသည် အချိုစာများကို စတင်ကြံဆစားသုံးခဲ့ကြသည်။ ရောမတို့တွင်လည်း သကြားလုံးများ ရှိခဲ့သည်။ သူတို့သည် သစ်သီးများနှင့် ဘယ်ရီသီးများကို သစ်ရွက်များနှင့် ထုပ်ပြီး ပွဲတော်ရက်များတွင် ကမ်းလေ့ ရှိကြသည်။

ရှေးအခါက အစားအစာပစ္စည်းများချိုစေရန် ပျားရည်ကို အသုံးပြုခဲ့ကြသည်။ အချိုစာများဖြစ်အောင် သစ်သီးနှင့် ပျားရည်ကို ခုတ်စဉ်း ထားသော အသားများဖြင့် ရောကြသည်။ နောင်အခါ အသားမထည့်တော့ပဲ သစ်သီးများကို ပျားရည်နှင့် ကျိုချက်ကြသည်။

၁၈ ရာစုနှစ်ဦးပိုင်းသို့ ရောက်သောအခါ အနောက် အိန္ဒိယ ကျွန်းစုမှ သကြား ထွက်သဖြင့်၊ သကြားလုံးအမျိုးမျိုးကို သကြားဖြင့် ပြုလုပ်လာကြတော့သည်။ ကိုကိုးအမည်ရှိ အစားအစာ ပစ္စည်းတမျိုးရလာသောအခါ ချော့ကလက်များကို တီထွင်လာကြပြန်သည်။


သို့သော်သကြားလုံးများပြုလုပ်ရာတွင် အလွန်စျေးချိုသော သကြား ကိုသာ အသုံးပြုကြသည်။ သကြားဖြင့်ပင် တော်ဖီများကိုလည်း ပြုလုပ် ယူနိုင်သည်။







အကောင်းအဆိုး
ဇာတ်လမ်း ကျော်ထင်
သရုပ်ဖော် ကျော်မျိုးဝင်း
အခါတပါး၌ ဘုရင်ကြီး တပါးတွင် သားတော်လေး တပါး ထွန်းကားသည်။
သားတော်လေး ကြီးပြင်းလာသောအခါ-
တနေ့
မင်းတရားကြီး ခေါ်တော် မူတယ် အရှင့်သား
ကောင်းပါပြီ ဘိုးဘိုး
သားတော်၏ ဉာဏ်ပညာကို စူးစမ်းလို၍ –
ကမ္ဘာပေါ်တွင် အကောင်း မွန်ဆုံးနဲ့ အဆိုးအတန်ဆုံး အရာဝတ္ထုကို ရှာပြီး ခမည်းတော်အား ဆက်သရမည်
မှန်လှပါဘုရား
ရွှေတော်သို့ခေါ်ပြီး ---
အကောင်းမွန်ဆုံး?
သားတော်လေးသည် ခမည်းတော် အလိုရှိသောအရာကို ရှာဖွေရန် ခရီးထွက်ခဲ့လေသည်။


ခမည်းတော် အလိုရှိတာ ရခဲ့ပြီဘုရား
ဒါဖြင့် အဝတ်အစား လဲပြီး အခစားဝင် လိုက်ပါဦး အရှင်သား
ရက်, လ, အတန် ကြာသော် သားတော်လေး ပြန်လာပြီး -
ခမည်းတော် အလိုရှိတာ ရခဲ့ပြီလား သားတော်
ရခဲ့ကြောင်းပါဘုရား
ခမည်းတော်ထံ ဝင်ကာ မိမိ ရှာဖွေ ရရှိလာသော အရာကို သေတ္တာငယ်ဖြင့်ထည့်၍ ဆက်သလေ၏။
အလို.... ဒါ လူသားရဲ့ လျှာ ပါလားသားတော်
ခမည်းတော်သည် သိလိုဇောဖြင့် သေတ္တာငယ်ကို ဖွင့်ကြည့်ရာ -
ဘယ်လို အဓိပ္ပါယ် ဆိုတာ ရှင်း ပြစမ်းပါဦး
ထိုအရာ၏ အဓိပ္ပါယ်ကို မသိသဖြင့် ရှင်းပြစေသည်။
မှန်လှပါ - လျှာသည်သာလျှင် အကောင်း မွန်ဆုံးသော အရာ ဖြစ်ပါသည်။ ထိုလျှာဖြင့် ဘုရားတရားတော်များ ရွတ်ဆိုဆောင်းခဲ့ကြပါသည်။ ကြင်နာသော စကားများ ထွက်ဆိုနိုင်ကြသည့် အပြင် ကောင်းသော အကြံဉာဏ်များ ပေးခြင်း ဖြင့်လည်း သူတပါး တို့ အကျိုးအညီ ပေး နိုင်ခဲ့ကြပါသည် ခမည်းတော်
သားတော်လေးသည် ခမည်းတော် ကျေနပ် အောင် ရှင်းလင်း ဖြေကြားသည်။
ကောင်းလှပေပြီ - ဒီလိုဆိုယင် အယုတ်ညံ့ဆုံးနဲ့ အဆိုးဆုံး အရာ ထပ်မံရှာဖွေဦး သားတော်
မှန်လှပါဘုရား
ခမည်းတော်သည် အဆိုးဆုံး အယုတ်ညံ့ဆုံး အရာကို ထပ်မံ၍ ရှာခိုင်းပြန်သည်။



အဆိုးဆုံး အရာ ရခဲ့ ပြန်ပြီလား သားတော်
သေတ္တာငယ် အတွင်းရှုတော် မူပါဘုရား
သားတော်လေးသည် ခမည်းတော်၏စေခိုင်းချက်အရ အဆိုးဆုံးအရာကို ရှာဖွေပြီး လှပသော ကျောက်စီသေတ္တာငယ်ဖြင့် ထည့်၍ ဆက်သပြန်လေသည်။
အို:.... လျှာပြန်ပြီ ဒီလျှာ
အထဲတွင် လူ၏ လျှာပင် ပါလာပြန် သဖြင့် ခမည်းတော် အံ့ဩသွားလေသည်။
ဘယ်လိုလဲသားတော် ဒီတကြိမ်လဲ လျှာကိုယူလာ ပြန်ပြီလား-ရှင်းပြစမ်း ပါဦး
ထိုကြောင့် အဓိပ္ပါယ်ကိုရှင်းပြရန် အမိန့်ရှိပြန်ရာ
မှန်လှပါ - လျှာသည်သာကောင်းကျိုးကိုပေး စွမ်းနိုင်သလို ဆိုးကျိုးကိုလည်းပေးနိုင်ပါသည်၊ လူ့လျှာဖြင့်ပင် ပြောမှားဆိုမှားဖြစ် သဖြင့် ဒုက္ခတွေ့ကြုံကြရပါသည်၊ ကြမ်းကြုတ်ယုတ် ညံ့သောစကားဆဲရေးတိုင်းထွာသောစကားကြောင့် ခိုက်ရန်ဖြစ်ကြရပါသည်၊ လိမ်ညာကာမရှိမရှိကိုယ်ကို မိမိဖျက်ဆီးခဲ့သည်မှာလည်း လူ့လျှာသာလျှင်ဖြစ်ကြောင်း ပါဘုရား၊ ထို့ကြောင့် အယုတ် ညံ့ဆုံးနှင့် အဆိုးဆုံးသည် လူ့လျှာပင်ဖြစ်ကြောင်း ပါဘုရား —
သားတော်လေးက အကျယ်တဝင့် ရှင်းလင်းပြ၏။
သားတော်၏ အဖြေ စကားကို နှစ်သက် လှပေတယ်-ဒါကြောင့် ယနေ့မှစ၍ အမြော် မြင်ဉာဏ်ရှိသော သားတော်အား အိမ်ရှေ့အရာ အပ်နှင်းစေများ
ဘုရင်ကြီးလည်း ကျေနပ်ပြီး လျှင် သားတော်လေးအား ချီးကျူးကာ အိမ်ရှေ့အရာ အပ်နှင်းလိုက် လေ သတည်း။




ရွှေစွန်ညို ကစားနည်းကဲ့သို့ မိန်းကလေး များ သည် တယောက်ခါး တယောက် ဖက်၍ တန်းစီနေရသည်။ မိန်းကလေး တယောက်က ဘီးသည် အဖြစ် တုတ်တို ကလေးတခုကို ခေါင်း ပေါ်တင်ကာ "ဘီး–ဘီး–တော်ရှိ့"ဟု လမ်းလျှောက်ရင်း ဆိုလာရသည်။ ထိုအခါ –

ဝယ်သူ – ဘာဘီးလဲ

ဘီးသည် – ရွှေဘီး

ဝယ်သူ – ရွှေ စော် နံ ပြန် လိုက်အုံး

ထိုအခါဘီးသည် လှည့်ထွက်သွားပြီး တပတ်ကျော့ ပြန်လာရသည်။

ဘီးသည်–ဘီး–ဘီးတော်ရှိ့

ဝယ်သူ – ဘာဘီးလဲ

ဘီးသည် – ငွေဘီး

ဝယ်သူ – ငွေ စော် နံ ပြန် လိုက်အုံး

သည်တခါလည်းလှည့် သွားပြီး ပြန်လာရပါသည်။


ဘီးသည်–ဘီး–ဘီးတော်ရှိ့

ဝယ်သူ – ဘာဘီးလဲ

ဘီးသည် – သနပ်ခါးဘီး

ဝယ်သူ – ပြစမ်းပါ

ဘီး ကို ပြ လျှင် ရှေ့ ဆုံး မှ နောက်ဆုံးလူအထိ တယောက် တလှည့် နမ်း ကြည့် ရသည်။ နောက်ဆုံးလူသည် ဘီးကို နမ်း ပြီးလျှင် "ထွီ"ဟု တံတွေးထွေး လျက်လွှင့်ပစ် ရသည်။ ဘီးသည် က ဘီးဖိုးပေးဟု တောင်းသော အခါ "နောက်လူတောင်း" ဟု တယောက်ပြီးတယောက် လွှဲချ ရသည်။ နောက်ဆုံးလူက တဖန် "ရှေ့လူတောင်း" ဟု ပြော ရ သည်။ ရှေ့ဆုံးလူကို ပြန်တောင်း သည့်အခါ ဘီးဖိုးတော့ မပေး နိုင်၊ မယ်ထွေးရလျှင် အပိုင်ယူ ဟု ဆိုရသည်။ထိုအခါ ဘီးသည် က မယ်ထွေးကို လိုက်ဖမ်း ရ သည်။ ရှေ့ကလူများက ကာဆီး ထားရသည်။မယ်ထွေးကိုမိလျှင် ဘီးသည် လုပ်စေရသည်။



# အာမြှင်

သထုံ-မောင်လှိုင်းမြ



ကျွန်တော်တို့ သူငယ်ချင်းတစုက မောင်မြင့်ကို မှင်စာဟု ခေါ်ကြသည်။ ထိုနာမည်ကို ချက်ကြီးက ပေး၏။ ချက်ကြီးပေးသောနာမည်နှင့် မောင်မြင့်သည်လည်း လိုက်လျောညီထွေဖြစ်၏။ အဘယ်ကြောင့်ဆိုသော် မောင်မြင့်သည် ကျွန်တော်တို့နှင့် သက်တူရွယ်တူဖြစ်သော်လည်း ခန္ဓာကိုယ် သေးကွေး၍ ပိန်ခြောက်ခြောက်၊ အသားမည်းမည်းနှင့် အချိုးမကျသောကြောင့်ဖြစ်၏။

မောင်မြင့်၌ အဖေမရှိ။ အမေ မုဆိုးမနှင့် နေ၏။ အလွန်ဆင်းရဲသည်။ ကျောင်း မနေနိုင်။ သူ့အမေ အကြော်လည်ရောင်းလျှင် အိမ်၌ သူ့ညီမလေးနှင့် ညီလေးကို ထိန်းရ၏။ ထမင်းချက်ရ၏။ အဝတ်အစား ကောင်းကောင်းမရှိ။ ရှိသည့်အဝတ်အစားမှာလည်း ညစ်ပတ် ပေရေကာ ဖာရာထေးရာများနှင့် ပြည့်နှက်နေ၏။ သူ့အနားကပ်လျှင် နေနံ့၊ ချွေးနံ့များ နံနေတတ်၏။ ထို့ကြောင့်လည်း ကျွန်တော်တို့ သူငယ်ချင်းတစုက သူ့ကို အထင်သေး၏။ အပေါင်းအသင်း သိပ်မလုပ်ချေ။

မောင်မြင့်တို့သားအမိ ကျွန်တော်တို့ ရပ်ကွက်သို့ ပြောင်းရွှေ့လာသည်မှာ မကြာသေးပေ။ ရောက်ရောက်ချင်း မောင်မြင့်သည် ကျွန်တော်တို့ကို မိတ်ဖွဲ့၏။ သို့သော် အမြဲ ညစ်ပတ်ပေရေနေတတ်သောသူ့ကို ကျွန်တော်တို့က သိပ်အရေးမဝင်။ သူကမူ ကျွန်တော်တို့ကို ခင်မင်၏။ အနစ်နာခံ၍ ပေါင်း၏။ အပြောင်အနောက် အထုအရိုက်ခံ၍ ပေါင်း၏။ သို့သော် မောင်မြင့်၌ ထူးခြားသော အချက်ရှိ၏။ သူသည် ပေးတိုင်းမယူ၊ ကျွေးတိုင်းမစား၊ လိုချင်လျှင် တောင်း၏။ သို့သော် အလကားမယူ၊ တန်ရာ တန်ဖိုးကို ရှာကြံပေးတတ်၏။

တနေ့ ကျွန်တော် ကျောင်းမှအပြန်ဖြစ်၏။ မောင်မြင့်သည် ကျွန်တော်၏ အိမ်ဘေးတွင် ကနစိုထင်းခြမ်းများကို ခွဲနေ၏။ အဖေက ကျွန်တော့်ကို ခေါ်ပြ၏။ "မင်း မောင်မြင့်လို စိတ်ထားမျိုး ရှိယင် ကောင်းမယ်"ဟုလည်း အရင်းမရှိ အဖျားမရှိ ပြော၏။ ကျွန်တော် ဆတ်ဆတ်ခါ နာမိသည်။ အထူးသဖြင့် မောင်မြင့်လို စာမတတ် ပေမတတ်၊ အမြဲ ညစ်ပတ် ပေရေနေသူနှင့် နှိုင်းပြော၍လည်း ကျွန်တော် ပို၍ နာမိသည်။

"အဖေကလဲ၊ မောင်မြင့်က ကျွန်တော့်လို စာတတ်လို့လား။ ပြီးတော့ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ကော နေတတ်လို့လား" •

ထိုအခါ အဖေက အားရပါးရ ရယ်ပါသည်။ ကျွန်တော်သည် အဖေ့ကို ကြောင်၍ကြည့်နေမိသည်။

"မြဲမြဲမှတ်ထားငါ့သား။ လူတယောက်ကို သူ့ရဲ့ အဝတ် အစားနိမ့်ကျမှုကို ကြည့်ပြီး အကဲဖြတ်လို့မရဘူး၊ အခု မင်းတို့ မှင်စာလို့ ခေါ်တဲ့ မောင်မြင့်ကို ကြည့်လေ။ တကယ်လို့ သူ့မှာ မင်းလို အဖေ အမေ ပြည့်ပြည့်စုံစုံရှိယင် သူဒီလို နေရမလား။ မင်းလိုဘဲဇိမ်နဲ့ကျောင်းတက်နေမယ်၊ အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်နေမယ်ပေါ့။ ဒါပေမဲ့ ညညကျရင် ၂ လမ်းထဲကဆရာတင်အေးဆီမှာသွားပြီး စာသင်နေတယ်။ ဒါဟာ မောင်မြင့်ရဲ့ ပညာ လိုလားတဲ့ စိတ်ထားဘဲ ငါ့သား။ ပြီးတော့...."

အဖေသည်ပြောရင်း ထင်းခွဲနေသော မောင်မြင့်ကို လှမ်းကြည့်လိုက်၏။

"ကြည့်စမ်း ငါ့သား– နေ့ခင်းက သူ့အိမ်ရှေ့က ဖြတ်သွားလို့ခေါ်ပြီး မင်း မဝတ်ချင်တော့ဘူးဆိုတဲ့ ဟိုအင်္ကျီ အညိုလေးနဲ့ ကာကီ ဘောင်းဘီ လေးကို သူ့ဝတ်ဖို့ အဖေကပေးတယ်။ သူက ဘာပြောသလဲသိလား"

"ကျေးဇူး တင်ပါတယ် ဦးတဲ့။ ကျွန်တော်ဒီပစ္စည်းကို အလကား မယူပါဘူး။ တတ်နိုင်သလောက် အဖိုးအခ ပေးချင်ပါတယ်။ ကျွန်တော်ရေခပ်ပေးပါ့မယ်၊ ထင်းခွဲပေးပါ့မယ်ဆိုပြီး ပြောလို့ကို မရဘူး၊ မင်းမြင်တဲ့အတိုင်းဘဲ၊ အခု ရေခပ်ပြီးလို့ ထင်းခွဲနေပြန်ပြီ။ ဒါဟာ မွန်မြတ်တဲ့စိတ်ဘဲ။ ကိုယ့်လုပ်အားကို တန်ဖိုးထားပြီး ချစ်မြတ်နိုးတဲ့စိတ်ထားဘဲကွ။ ဒီလိုစိတ်မျိုးရှိတဲ့လူဟာ ဘယ်တော့မှ ဒီ အခြေအနေအတိုင်း မနေဘူး။ တနေ့ကြီးပွားမှာ အမှန်ဘဲ"

အဖေသည် စိတ်ဝင်စားစွာ အားရ ပါးရ ပြောနေ လေ၏။ ကျွန် တော် လည်း ယ ခု မှပင် မောင်မြင့်ကို အမှန်အတိုင်း မြင်လာ၏။ လေးလည်း လေးစားလာ၏။ မောင်မြင့် အပေါ် လွဲမှားသောအမြင်ဖြင့် အနိုင်ကျင့်ခဲ့ နှိမ်ခဲ့သည့် အမှားများကိုလည်း နောင်တ ရလာသည်။ ကျွန်တော့် အတွက်လည်း သင်ခန်းစာတခု တိုးလာ ပါသည်။ "လူတယောက်ကိုအပေါ်ယံ အသွင် သဏ္ဍာန် ကြည့်၍ ဘယ်တော့မှ အထင်မသေးရန်" ဖြစ်ပါသည်။

ကျွန်တော့်သူငယ်ချင်းများအားလည်း မောင်မြင့် အပေါ် အမြင်လွဲမှားနေပုံကို ရှင်းပြ ရပေမည်။ ပြီး– မောင်မြင့်ကိုလည်း မှင်စာဟု ကျွန်တော် ဘယ်တော့မှ ခေါ်တော့မည် မဟုတ်ပါ။ ယနေ့ကစ၍ မောင်မြင့်သည် ကျွန်တော်၏အရင်းနှီးဆုံး သူငယ်ချင်းတယောက် ဖြစ်ပါတော့မည်။

× × ×

## မနက်အဆာပြေ

အိပ်ရာထမှာ ဆာလှတယ်
ဘာကိုစားကြမယ်။

အကြော်မဝယ် ထမင်းချမ်း
ပဲပြုတ်ဆီနဲ့ဆမ်း။

ဒိုဝမ်းဆာပြေ စားကြမယ်
လာဟေ့မောင်လေးရယ်။

မုန့်သယ်ခေါ်ယင် အကုန်များ
ရှိတာစားစို့လား။

ခွန်အားပြည့်ဖို့ စားပါယင်
ကောင်းတာချည်းဘဲပင်။

မခုံမမင် ချွေတာစား
ဖွံ့ဖြိုးကြစို့လား။ ။

ခင်မောင်သန်းဦး




R. 517



# ခိုင်ပန်းစုံ

ရေးသူ - တင့်တင့်



## ပျဉ်းမပန်း

ပျဉ်းမတို့သည် တန်ခူးလမှ စတင်၍ ရွက်သစ်များနှင့် အတူ အဖူး အပွင့်များ ထွက်စပြုရာ နယုန်ဝါဆိုတိုင်အောင် ဖူးပွင့်သည်။ အကိုင်းအခက်များ အဖျားမှ ပန်းခိုင်ကြီးများသည် ထိုးထိုး ထောင်ထောင်ထွက်၍ ဖူးပွင့်ကြရာ၊ တမျိုးတဖုံလှပတင့်တယ်သည်။ အပွင့်များသည် ခရမ်းပြာ၊ ပန်းခရမ်း၊ မရမ်းစေ့ရောင်အနုအရင့် စသည်ဖြင့် အသွေးအရောင် မတိမ်းမယိမ်း ရှိကြသည်။ ရက်ကြာလာလျှင် အရောင်ဖျော့လာသည်။ လှိုင်းတွန့်ထနေသော ပွင့်ချပ် ခြောက်ခု ပါရှိတတ်သည်။ ပွင့်ချပ်များ၏ အရင်းတွင် ကြယ်ပုံသဏ္ဍာန်စိမ်းဖျော့ဖျော့ပွင့်ဖတ်အုံရှိသည်။ ယင်း၏အလယ်တွင် အဝါပြောက်ဝတ်ဆံတိုများရှိလေသည်။



အပွင့်များကြွေလျှင် အသီးလုံးလုံးများ အမြောက်အမြား သီးသည်။ ရင့်လျှင် မည်းနက်လာ၍ အပင်ပေါ်တွင် ကြာမြင့်စွာ ရှိနေတတ်သည်။ အရွက်များသည် အဖျားချွန်သော ဘဲဥပုံသဏ္ဍာန်ရှိသည်။ နွေရာသီတွင် အရွက်ကြွေသည်။

ပျဉ်းမပင်တို့သည် မြန်မာနိုင်ငံ၊ အာသံပြည်နယ်၊ အိန္ဒိယနိုင်ငံတောင်ပိုင်းနှင့် သီဟိုဠ်ကျွန်းတို့တွင် မူလပေါက်သည်။ ရေနှင့်နီးရာတွင် ပေါက်သော ရေပျဉ်းမနှင့် ကုန်းမြင့်ရာတွင် ပေါက်သော ကုန်းပျဉ်းမ ဟူ၍ရှိရာ ကုန်းပျဉ်းမက ရေပျဉ်းမထက် အပွင့်နှင့်အရွက် ပိုကြီးသည်။ ပျဉ်းမပင်မှ အသုံးဝင် အဖိုးတန်သော သစ်မာမျိုး ရနိုင်လေသည်။

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၇၀) က ကင်းလွတ်ခွင့်
အမှတ် ၀၁၂၀၇ အရတာဝန်ခံထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁-ပြည်လမ်း၊
စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂) တွင် ဦးကျော်အုံးကရိုက်နှိပ်သည်။

၂၅ ပြား




အတွဲ-၂၊ အမှတ် ၁ မှ-၂၆

Read more Shwe Thway Journals at




Click below link

https://www.facebook.com/shwethwayjournal/